www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကြွယ်

# စိတ်ညှို့စောင်းနှင့်မရဏပလ္လေ

(ပထမပိုင်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃-ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



## ကျိန်စာသင့်သော ရတနာ

သိုင်းလောကတွင် အဖိုးအနဂ္ဃထိုက်တန်သော ရတနာများ စွာ ရှိကြသည့်အနက် ရတနာနှစ်မျိုးကို ကျိန်စာသင့်သော ရတနာ ပစ္စည်းနှစ်မျိုးဟု သိုင်းလောကသားအားလုံးက တညီတညွတ်တည်း သတ်မှတ်ထားကြလေသည်။

ထိုရတနာပစ္စည်းနှစ်မျိုးအား ဖန်တီးခဲ့သူမှာ ထီးသုံးနန်းသုံး တော်ဝင်ပညာရှင် 'ကုန်းစွန်းစု' ဖြစ်သည်။

ကုန်းစွန်းစုသည် စာပေကျမ်းဂန်များနှင့် ပတ်သက်၍ ပြိုင် ဘက်ကင်းသော ပါရမီရှင်တစ်ဦး ဖြစ်လေသည်။

နန်းတွင်း၌ နှစ်ပေါင်းများစွာ ကြာအောင် အမှုတော်ထမ်း ရွက်ခဲ့ပြီး အသက်ခြောက်ဆယ်အရွယ် ရောက်သောအခါ အနားယူရန် ဆုံးဖြတ်ကာ ဘုရင်မင်းမြတ်ထံ ခွင့်ပန်ကာ နန်းတွင်းမှ ထွက်ခွာပြီး ဇာတိရပ်ရွာသို့ ပြန်ခဲ့လေသည်။

ကုန်းစွန်းစုသည် သာမန်ခရီးသွားတစ်ဦးအသွင်ဖြင့် တော လမ်းတစ်ခုမှ ခရီးနှင်ခဲ့ရာ လမ်းခရီး၌ လူဆိုးဓားပြများနှင့် ဆုံတွေ့မိ ကာ အန္တရာယ်ကြုံခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းစွန်းစု ကံကောင်းသွားသည်မှာ ထိုတောလမ်းခရီးမှ ဖြတ်သန်းလာသော သိုင်းသမားတစ်ယောက်က တွေ့ရှိပြီး လူဆိုးဓားပြများအား ဆုံးမမောင်းထုတ်ကာ ကုန်းစွန်းစုအား အသက်ကယ်ခဲ့ခြင်း ဖြစ်လေသည်။

ကုန်းစွန်းစုသည် အသက်ကယ်ခဲ့သည့် ကျေးဇူးကို ပြန်ဆပ်သည့် အနေဖြင့် သိုင်းလောကသားများအတွက် အထူးအသုံးဝင်မည့် ပစ္စည်းနှစ်မျိုးကို ဖန်တီးပြုလုပ်ကာ အသက်သခင်ကျေးဇူးရှင် သိုင်းသမားချိုဝူကျိုအား ပေးအပ်ခဲ့လေသည်။

ကုန်းစွန်းစုသည် ပါရမီရှင်ကြီး ဖြစ်ရကား ရှေးဟောင်းကျမ်းများမှ လက်နက်ယန္တရား အစီအရင် အမျိုးမျိုးကို နှစ်ပေါင်းကျမ်းကျင်ရကား သိုင်းလောကသားများအတွက် အဖိုးမဖြတ်နိုင်အောင် အသုံးဝင်မည့် ပစ္စည်းနှစ်မျိုးကို စီရင်ခဲ့ခြင်း ဖြစ်သည်။

ပစ္စည်းတစ်မျိုးမှာ ယန္တရားပညာကို အခြေခံ၍ 'မရဏပလွေ' လက်နက်ကို တီထွင်ထားခြင်း ဖြစ်သည်။

ဒုတိယပစ္စည်းကား ဆန္ဒမအာရုံစိတ်တန်ခိုးကို အခြေခံကာ စိတ်ညှို့နတ်စောင်းသံပညာကျမ်း ဖြစ်လေသည်။

'မရဏပလွေ'နှင့် 'စိတ်ညှို့နတ်စောင်းသံပညာကျမ်း'မှာ တုနှိုင်းမရသည့် 'လက်နက်နှင့် ကျမ်းတစ်ဆူ' ဖြစ်လာခဲ့လေသည်။

ကုန်းစွန်းစုသည် ထိုပစ္စည်းနှစ်မျိုးအား ပြုစုစီရင်ပြီး အသက်သခင်ကျေးဇူးရှင် ချိုဝူကျိုအား လက်ဆောင်ပေးခဲ့သည်။

သူစီရင်ခဲ့သော ပစ္စည်းနှစ်မျိုးဖြင့် ချိုဝူကျိုသည် သိုင်းလောကဌ် ယှဉ်ပြိုင်နိုင်မည့်သူ မရှိ ပြိုင်ဘက်ကင်းသိုင်းပါရဂူ ဖြစ်လာလိမ့်မည်ဟု ယုံကြည်ခဲ့သည်။



ကုန်းစွန်းစု ယုံကြည်ထားသည့်အတိုင်း အမှန်ပင် ဖြစ်မြောက်ခဲ့သည်။

ချိုဝူကျိုသည် မရဏပလွေနှင့် စိတ်ညှို့နတ်စောင်းသံပညာဖြင့် သိုင်းလောကဌ် ပြိုင်ဘက်မရှိ သိုင်းဧကရာဇ် ဖြစ်လာခဲ့လေသည်။

သို့သော်....

ကုန်းစွန်းစုသည် သူတီထွင်ပေးခဲ့သော ပစ္စည်းနှစ်ခုကြောင့် နောက်ပိုင်းတွင် ချိုဝူကျို ဒုက္ခရောက်ခဲ့ရပြီး သိုင်းလောကတစ်ခုလုံးအား အန္တရာယ်ကျရောက်မည့် ကြမ္မာဆိုးနှင့် ရင်ဆိုင်ခဲ့ရကြောင်းကိုမူ သိရှိမသွားနိုင်ခဲ့ပေ။

ကုန်းစွန်းစုက ရတနာပစ္စည်းနှစ်မျိုး ဖန်တီးကာ ချိုဝူကျိုကို ပေးအပ်ပြီးနောက် တစ်နှစ်မှာပင် ကွယ်လွန်သွားခဲ့ခြင်းကြောင့် ဖြစ်သည်။

ကုန်းစွန်းစု ဖန်တီးခဲ့သော ပစ္စည်းနှစ်မျိုးသည် ကျိန်စာသင့်သော ရတနာပစ္စည်းများအဖြစ် နှစ်ပေါင်းများစွာ ကြာအောင် ဆက်လက်တည်တံ့နေခဲ့ပြီး သိုင်းလောကအား သွေးချောင်းစီးစေခဲ့တော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကေရာဇ်...။

ချို့ဝှက်ျိမှာ 'စိတ်ညှို့နတ်စောင်းသံပညာ'နှင့် 'မရဏာပလွေ' တို့ကြောင့် ဖြိုင်ဘက်ကင်းကာ သိုင်းကေရာဇ်ဘွဲ့ထူး ရရှိခဲ့လေသည်။

သိုင်းသမားတစ်ယောက်အတွက် 'ဖြိုင်ဘက်ကင်း'ဘွဲ့ထူး ပိုင်ဆိုင်ရသည်မှာ အလွန်ဂုဏ်ယူဖွယ်ကောင်းသော ကိစ္စ ဖြစ်သည်။

သို့သော်...

ထိုဘွဲ့ထူးက လူတစ်ယောက်အတွက် အရေးပါလှသော အခွင့်အရေးကြီးနှစ်ရပ်ကို ဆုံးရှုံးစေခဲ့ကြောင်း နောက်ပိုင်းတွင် ချို့ဝှက်ျိ နားလည်ခံစားခဲ့ရလေသည်။

ပထမတစ်ချက်မှာ လက်ရည်မြင့်မားသူ မဆိုထားနှင့် လက်ရည်တူသူပင် မရှိရကား ရန်းကန်လှုပ်ရှား သိုင်းသမားဘဝ ခံယူထားခြင်းမှာ အဓိပ္ပါယ်ကင်းမဲ့သွားခြင်း ဖြစ်သည်။

ဒုတိယအချက်မှာ လူတိုင်းက 'စိတ်ညှို့နတ်စောင်းသံပညာ'နှင့် 'မရဏာပလွေ'ကို လိုချင်မက်မောနေကြပြီး ရရှိပိုင်ဆိုင်နိုင်မည်ဆိုပါက ဘာမဆိုလုပ်ဖို့ ဝန်မလေးကြသဖြင့် အလွန်အန္တရာယ်ကြီးမားကြောင်း ပေါ်လွင်ထင်ရှားနေခြင်း ဖြစ်သည်။

ဖြိုင်ဘက်မရှိ အထီးကျန်ကာ ဘဝခြောက်သွေ့ အဓိပ္ပါယ်ကင်းမဲ့ခြင်းနှင့် မမှန်းဆနိုင်အောင် အန္တရာယ်ကြီးမားခြင်းတို့၏ သဘောကို နားလည်လိုက်သော ချို့ဝှက်ျိသည် မည်သူမျှ မမြော်လင့်ထားသည့်အချိန်၌ သိုင်းလောကမှ အနားယူသွားလေသည်။

♠ ♠ ♠



သိုင်းကေရာဇ်ဘွဲ့ထူးရ ချို့ဝှက်ျိသည် ဖြုန်းစားကြီး သိုင်းလောကမှ အနားယူသွားခြင်းကြောင့် သိုင်းလောကတစ်ခုလုံး အံ့အားသင့်ခဲ့ရလေသည်။

အံ့သြကြသည်နှင့်အတူ ချို့ဝှက်ျိအတွက် မလိုအပ်တော့ဟု ဆိုနိုင်သော စိတ်ညှို့နတ်စောင်းသံကျမ်းနှင့် မရဏာပလွေကို ရလျှင်ကောင်းမည်ဟူသော လိုချင်မက်မောစိတ်များ ဖြစ်ပေါ်လာကြတော့သည်။

ထိုလိုချင်မက်မောစိတ်များသည် ပို၍ အားကောင်းကာ လောဘစိတ်များ ဖြစ်လာတော့သည်။

လောဘစိတ်က စဉ်းစားဆင်ခြင်ဉာဏ်ကင်းမဲ့စေပြီး ထင်ရာစိုင်းဖို့ တိုက်တွန်းလှုံ့ဆော်လေတော့သည်။

သို့ဖြင့် သိုင်းလောကသားများသည် စိတ်ညှို့နတ်စောင်းသံပညာနှင့် မရဏာပလွေရရှိရန် ကြိုးစားကြတော့သည်။

အနားယူလိုက်သော ချို့ဝှက်ျိ အေးချမ်းစွာ မနေရတော့ချေ။

♠ ♠ ♠

သစ်ပင်ပန်းပင်များဖြင့် စိမ်းလန်းစိုပြည်နေသော တောင်ကုန်းလေး ခြေရင်း၌ အိမ်ကလေးတစ်လုံး ရှိနေ၏။

သေးငယ်သော်လည်း သန့်ရှင်းသပ်ရပ်သော အိမ်ကလေး ဖြစ်သည်။ ထိုအိမ်ကလေး၌ အဘိုးအိုတစ်ယောက်က အဖော်မဲ့ အထီးကျန် နေထိုင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဘိုးအိုမှာ သိုင်းကေရာဇ် ချိုဝှက်ျို ဖြစ်လေသည်။

ချိုဝှက်ျိုမှာ သိုင်းလောကမှ အနားယူလိုက်ပြီ ဖြစ်ရကား ယခုအချိန်တွင် အညတရအဘိုးအိုတစ်ယောက်ပမာ ရှိနေပြီ ဖြစ်သည်။

နေမွန်းတည့်တော့မည် ဖြစ်သည်။

သို့သော် နေဝန်းကို ကောင်းကောင်းမတွေ့ရပါ။

ကောင်းကင်ပေါ်၌ မိုးသားတိမ်လိပ်များ ဖုံးလွှမ်းနေခြင်းကြောင့် ဖြစ်သည်။

ပတ်ဝန်းကျင်မှာ အလိုလိုနေရင်း အေးမြနေသည့် လေပြင်းများကလည်း တစ်ချက်တစ်ချက် တိုက်ခတ်နေ၏။

ပြတင်းပေါက်အနီး၌ ထိုင်နေသော ချိုဝှက်ျိုက ဝါးခနဲ သမ်းဝေလိုက်သည်။

"အတော့်ကို ပျင်းစရာကောင်းတဲ့ အခြေအနေပဲ၊ အင်း... ကြောခင် မိုးရွာမယ် ထင်ပါရဲ့"

ဟုလည်း မှတ်ချက်ချလိုက်လေသည်။

တိုက်ခတ်လာသော လေအေးထဲ၌ မိုးနံ့များ ပါဝင်လာသည် မဟုတ်ပါလား။

ချိုဝှက်ျို၏မှတ်ချက်စကားသံနှင့် မရှေးမနှောင်းမှာပင် မိုးဖွဲကလေးများ ကျဆင်းလာတော့သည်။

မိုးအေးအေး၌ ရေနွေးကြမ်းခါးခါး သောက်ရသည့် အရသာကို ချိုဝှက်ျို အလွန်သဘောတွေ့မိလေသည်။

သို့သော် ယနေ့တော့ ရေနွေးကြမ်း သောက်ရသည်မှာ



လည်း အရသာ မတွေ့နိုင်အောင် ဖြစ်နေ၏။

ပါးစပ်ထဲ ပေါ့ပျက်ပျက်နှင့် ဘာအရသာမျှ မတွေ့ပါ။

ချိုဝှက်ျိုက သူပိုင်ဆိုင်ထားသော သိုင်းလောက ရတနာပစ္စည်းနှစ်မျိုးအကြောင်း တွေးတောစဉ်းစားနေမိပြီး စိုးရိမ်ပူပန်စိတ်များ ဖြစ်ပေါ်လာခြင်းကြောင့်လည်း ဖြစ်လေသည်။

ယခင်က ရတနာပစ္စည်းနှစ်မျိုးနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှုမျိုး တစ်ကြိမ်တစ်ခါမျှ ဖြစ်ပေါ်ခဲ့ဖူးခြင်း မရှိပါ။

ယခုမှ ဖြစ်ပေါ်လာရသည်မှာ မျက်ပြူးကြောင့် ဖြစ်သည်။

မျက်ပြူး...။

မျက်ပြူးသည် ချိုဝှက်ျို၏အိမ်ဖော် ဖြစ်လေသည်။

♠ ♠ ♠

ချိုဝှက်ျိုသည် သိုင်းလောကမှ အနားယူပြီးနောက် ဇာတိရပ်ရွာသို့ ပြန်လာခဲ့သော်လည်း ချိုမျိုးနွယ်ကျေးရွာတွင် နေထိုင်ခြင်းမပြုဘဲ ကျေးရွာအပြင်ဘက် တောင်ကုန်းလေးတစ်ခု အနီး၌ အိမ်ကလေးတစ်လုံး ဆောက်လုပ်နေထိုင်ခဲ့သည်။

သူ၏ဝေယျာဝစ္စများကို ကူညီဆောင်ရွက်ပေးရန် ရွာထဲမှ မျက်ပြူးဆိုသော လူငယ်တစ်ဦးကို အခကြေးငွေပေးကာ ငှားရမ်းထားခဲ့သည်။

မျက်ပြူးမှာ အလွန်သွက်လက်ပေါ့ပါးသော လူငယ်တစ်ဦး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုဝူကျို အားကိုးရလေသည်။

သို့ဖြင့် မျက်ပြူးကို ယုံကြည်စိတ်ချ အားထားနေခဲ့ရာ တစ်ညတွင် မျက်ပြူး၏သစ္စာဖျက်ယွင်းမှုကို မျက်မြင်တွေ့ခဲ့ရတော့သည်။

ထိုညက ချိုဝူကျို စောစောအိပ်ရာဝင်ခဲ့လေသည်။

ညဦးပိုင်း၌ နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့သော်လည်း ညသန်းခေါင်ကျော်သောအခါ အိပ်ရေးဝသကဲ့သို့ ဖြစ်သွားပြီး ဆက်အိပ်၍ မရတော့ပေ။

ချိုဝူကျို အိပ်ရာထဲ လှဲလျောင်းမနေလိုတော့သဖြင့် အိပ်ရာမှထကာ အခန်းအပြင်ဘက် ထွက်ခဲ့လေသည်။

လပြည့်ညဖြစ်၍ အိမ်အပြင်ဘက်၌ လဝန်းထိန်ထိန်သာနေပါသည်။

လရောင်သည် ကြိုကြိုကြားကြားမှ ထိုးဖောက်ဝင်လာခြင်းကြောင့် အိမ်ထဲ၌ မှိုင်းဝါးဝါး အလင်းရောင် ရှိနေသည်။

ချိုဝူကျို အိမ်ရှေ့သို့ ထွက်လာရင်း ချိုးချိုးချွတ်ချွတ်အသံတစ်မျိုး ကြားလိုက်မိသည်။

"ဘာသံပါလိမ့်"

ချိုဝူကျို သတိထားပြီး နားစွင့်လိုက်သောအခါ သူ၏စာဖတ်ခန်းထဲမှ ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း သိလိုက်ရလေသည်။

"ဘာဖြစ်တာပါလိမ့်"

စာဖတ်ခန်းဆီသို့ လှမ်းသွားလိုက်သည်။

စာဖတ်ခန်း တံခါး ပွင့်နေပါသည်။



"ဟင်"

ချိုဝူကျို ပိုပြီး အံ့ဩသွားသည်။

အလျင်အမြန်သွားလိုက်ပြီး အခန်းထဲသို့ စောင်းငုံ့ကြည့်လိုက်ရာ မျက်ပြူးက စာအုပ်စင်များအား မွှေနှောက်ရှာဖွေနေသည်ကို တွေ့လိုက်ရလေသည်။

ချိုဝူကျိုက…

"မျက်ပြူး၊ မင်း ဘာလုပ်နေတာလဲ"

ဟု မေးလိုက်သည်။

တိတ်ဆိတ်နေသော ညဥ့်ယံတွင် ရုတ်တရက် ထွက်ပေါ်လာသော သူ၏အသံက ကျယ်လောင်လွန်းလှသည်ဟု ထင်ရလေသည်။

"ဟာ"

မျက်ပြူး အလန့်တကြား ဖြစ်သွားလေသည်။

ကပျာကယာ လှည့်ကြည့်လိုက်ပြီး ချိုဝူကျိုကို တွေ့လိုက်ရလျှင် ကြက်သေသေသွားလေသည်။ ချိုဝူကျိုက…

"မင်း ဘာလုပ်နေတာလဲ"

ဟု ထပ်မေးလိုက်သည်။

"ကျွန်…ကျွန်တော်"

မျက်ပြူး ထစ်ထစ်ငေါ့ငေါ့ဖြင့် နောက်ဆုတ်လိုက်ရာ…

"ဖုတ်…ဖုတ်"

အထုပ်ကလေးနှစ်ထုပ် ကြမ်းပြင်ပေါ် လွတ်ကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနီရောင်ဖိုးပဝါဖြင့် ထုပ်ထားသော အထုပ်ကလေးများ ဖြစ်လေသည်။ ထိုအထုပ်ကလေးနှစ်ထုပ်ကို တွေ့လိုက်ရလျှင်…

"ဟင်"

ချိုဝူကျိ မျက်လုံးပြူးသွားတော့သည်။

ထိုအထုပ်ကလေးများမှာ စိတ်ညို့နတ်စောင်းနှင့် မရဏာပလွေ၊ အဖိုးထိုက် သိုင်းလောက ရတနာပစ္စည်းနှစ်မျိုး ထုပ်ထားသော အထုပ်ကလေးများ ဖြစ်နေသည် မဟုတ်ပါလား။

ထိုအထုပ်ကလေးများမှာ မျက်ပြူးနှင့် လားလားမျှ သက်ဆိုင်လိမ့်မည် မဟုတ်ပါချေ။ ချိုဝူကျိက…

"မျက်ပြူး၊ မင်း ဘာလုပ်တာလဲ"

ဟု ငေါက်လိုက်သည်။

ညအချိန်မတော် မျက်ပြူး၏လုပ်ရပ်ကို သူနားလည်လိုက်ပြီ ဖြစ်လေသည်။

မျက်ပြူးက ချက်ချင်းဒူးထောက်ချလိုက်လေသည်။

"ကျွန်…ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာကြီး"

ချိုဝူကျိက…

"ခွင့်လွှတ်ရမယ် ဟုတ်လား။ မင်းက ငါ့ရဲ့ရတနာပစ္စည်းနှစ်မျိုးကို ခိုးယူဖို့ ကြိုးစားခဲ့တာကို ငါက ခွင့်လွှတ်ရမှာလား"

"ကျွန်…ကျွန်တော် မှားပါတယ် ဆရာကြီး"

မျက်ပြူးက ကြောက်လန့်တကြား တောင်းပန်နေ၏။

ချိုဝူကျိက…

"မင်းက ငါနဲ့ နေလာတာ နှစ်နှစ်ကျော်နေပါပြီ၊ အစစအရာ



ရာ ယုံကြည်စိတ်ချခဲ့ရတာပဲ၊ ခုမှ ဘာကြောင့် မဟုတ်တာ လုပ်ချင်ရတာလဲ၊ မှန်မှန်ပြောစမ်း။ ငါ့ရဲ့ ရတနာပစ္စည်းနှစ်မျိုးကို ခိုးယူဖို့ ဘယ်သူက မြှောက်ပင့်ပေးခဲ့တာလဲ"

"ဟို…ဟို"

မျက်ပြူးသည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ မပြောဘဲ ခေါင်းငုံ့ထားလိုက်လေသည်။ ချိုဝူကျိ စိတ်လှုပ်ရှားလာသည်။

မျက်ပြူး ယခုကဲ့သို့ မဖွယ်မရာ ပြုကျင့်ခဲ့သည်မှာ တစ်စုံတစ်ယောက်၏ ပယောဂကြောင့် ဖြစ်ရမည်ဟု တွေးမိသည်မှာ မှန်ကန်နေပြီဟု နားလည်လိုက်သည်။

အန္တရာယ်က အစပျိုးလာပြီ ဖြစ်သည်။

သူ သိုင်းလောကမှ အနားယူလိုက်သည်နှင့် ရတနာပစ္စည်းနှစ်မျိုးနှင့် ပတ်သက်ပြီး အမျိုးမျိုးသော ဝေဖန်ပြောဆိုမှုများ ကြားခဲ့ရလေသည်။

သိုင်းလောကအား ကျောခိုင်းလိုက်ပြီဖြစ်ရာ အသုံးပြုဖို့ မလိုတော့သည့် ရတနာပစ္စည်းနှစ်မျိုးမှာ အလဟဿ ဖြစ်သွား၍ နမြောစရာကောင်းသည်ဟူသော ဝေဖန်သံက အများဆုံး အရှည်ဆုံး ဖြစ်လေသည်။

ထိုရတနာပစ္စည်းနှစ်မျိုး အလဟဿ ဖြစ်ရမည့်အတူတူ တစ်ယောက်ယောက်က ရရှိပိုင်ဆိုင်ခြင်းက ပိုကောင်းသည်ဟု သဘောထားသူ များပြားလှသည် မဟုတ်ပါလား။

ယခု ရတနာပစ္စည်းနှစ်မျိုးအား လိုချင်မက်မောသူတစ်ယောက်ယောက်က မျက်ပြူးအား စည်းရုံးသိမ်းသွင်းခဲ့ပြီဖြစ် ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားပေါ်လွင်နေပြီ ဖြစ်လေသည်။

မည်သူ ဖြစ်ပါသနည်း။

ချိုဝှက်ျှ သိလိုလာတော့သည်။

"မျက်ပြူး အမှန်အတိုင်း ပြောစမ်း"

အသံမာမာဖြင့် ငေါက်လိုက်သည်။

"ကျွန်..ကျွန်တော်"

မျက်ပြူး ပိုပြီး ကြောက်ရွံ့သွားသည်။

ရိုးသားဖြူစင်သူတစ်ယောက်က အပြစ်တစ်ခုခု ကျူးလွန်မိလျှင် ဖုံးဖိမရ ဟန်မဆောင်နိုင်အောင် အိန္ဒြေပျက်နေတတ်ပေတော့သည်။

"ပြောစမ်း"

ချိုဝှက်က ငေါက်ရင်း ရှေ့တိုးလိုက်လေသည်။

မျက်ပြူး ပျာပျာသလဲ တောင်းပန်လေသည်။

"ကျွန်..ကျွန်တော့်ကို ချမ်းသာပေးပါခင်ဗျာ၊ ကျွန်တော် ပြောပါ့မယ်၊ ဟို..ဟို..ဖိုးသူတော်ကြီးကြောင့်ပါ"

"ဖိုးသူတော်ကြီး ဟုတ်လား"

"ဟုတ်ပါတယ်"

မျက်ပြူးသည် ဖိုးသူတော်ကြီးအကြောင်း ပြောပြလိုက်လေသည်။

♠ ♠ ♠



နံနက်စောစော အချိန်...

မျက်ပြူးက မြို့ထဲသို့ ဈေးဝယ်ဖို့ ထွက်လာခဲ့လေသည်။

တစ်လတစ်ကြိမ် စားနပ်ရိက္ခာ ဝယ်ဖို့ မြို့သို့ဈေးဝယ်ထွက်ရလေ့ရှိပြီး မျက်ပြူးကပင် တာဝန်ယူရလေသည်။

မျက်ပြူးသည် မြို့လယ်ဈေးသို့သွားကာ လိုအပ်သည့် ရိက္ခာပစ္စည်းများ ဝယ်ယူလိုက်သည်။

ထို့နောက် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ဝင်ကာ အနားယူလိုက်လေသည်။

ထိုစဉ် ဖိုးသူတော်ကြီးတစ်ယောက်က အနီးသို့ ရောက်ရှိလာလေသည်။ ဖိုးသူတော်ကြီးက...

"ကောင်လေး..မင်းဟာ ဆရာကြီးချိုဝှက်ရဲ့အိမ်က မဟုတ်လား"

ဟု မေးလာလေသည်။ မျက်ပြူးက...

"ဟုတ်ပါတယ်ခင်ဗျာ၊ ဖိုးသူတော်ကြီးက ကျွန်တော့်ကို သိပေမယ့် ကျွန်တော်ကတော့ ဖိုးသူတော်ကြီးကို မသိပါလား"

ရိုးသားသူပီပီ ပွင့်ပွင့်လင်းလင်း ပြောလိုက်လေသည်။

ဖိုးသူတော်ကြီး ရယ်မောလိုက်လေသည်။

"ငါ့ကို သိစရာမလိုပါဘူးကွာ၊ ငါကလည်း သည်အရပ်ဒေသကို အခုမှပဲ ရောက်လာတာလေ၊ မင်းမပြောနဲ့ တခြားဘယ်သူကမှ ငါ့ကိုသိကြတာမဟုတ်ဘူး"

မျက်ပြူးသည် ဖိုးသူတော်ကြီးမှာ ထူးခြားလှသည်ဟုတွေးပြီး အကဲခတ်နေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသူတော်ကြီးက...

"ကဲ..ငါတို့နှစ်ယောက် အခုတော့ သိသွားကြပြီပေါ့၊ ငါက မင်းကို ကူညီမယ့်လူဆိုတာ မင်းမှတ်ထားလိုက်ပေါ့"

မျက်ပြူးက...

"ကျွန်တော့်ကို ကူညီမယ့်လူ ဟုတ်လား"

"ဟုတ်တယ်လေ၊ မင်းက ဆင်းရဲနွမ်းပါးတာကြောင့် ချိုဂူကျိုရဲ့အိမ်မှာ ဝေယျာဝစ္စလုပ်နေရတာ မဟုတ်လား"

"ဒါက.."

"မင်း သူဌေးမဖြစ်ချင်ဘူးလား"

"ဗျာ"

မျက်ပြူးက ဖိုးသူတော်ကြီးအား နားမလည်နိုင်စွာ ကြည့်လိုက်မိလေသည်။

ဖိုးသူတော်ကြီးက အင်္ကျီရင်ဘတ်ကြားမှ အထုပ်ကလေးတစ်ထုပ် နှိုက်ယူပြီး မျက်ပြူးရှေ့၌ ဖွင့်ပြလိုက်လေသည်။

အထုပ်လေးထဲ၌ ရွှေတုံးကလေးများ ရှိနေသည်။

ဖိုးသူတော်ကြီးက....

"သည်ရွှေတုံးကလေးတွေကို ရရင် မင်းချမ်းသာပြီပေါ့"

မျက်ပြူး မည်သို့ပြောရမှန်းမသိ ဖြစ်နေပါတော့သည်။

ဖိုးသူတော်ကြီးက...

"ရော့..မင်းယူလိုက်"

ရွှေထုပ်ကလေးအား မျက်ပြူးလက်ထဲ ထည့်ပေးလိုက်လေသည်။



မျက်ပြူး အံ့ဩနေသည်။

"ဒါ..ဒါ..ကျွန်တော့်အတွက် ဟုတ်လား"

"အေးပေါ့"

"ဖိုးသူတော်ကြီးက ဘာကြောင့် ကျွန်တော့်ကိုပေးရတာလဲဟင်"

မျက်ပြူးက မေးသောအခါ ဖိုးသူတော်ကြီး ရယ်မောလိုက်လေသည်။

"မင်းက ငါ့အတွက် အလုပ်တစ်ခု လုပ်ပေးလိမ့်မယ်ဆိုတာ ငါသိထားလို့ပေါ့"

"ဗျာ"

"ငါက အထုပ်ကလေးနှစ်ထုပ်ကို လိုချင်နေတာ၊ အဲဒါ မင်း ယူပေးလိမ့်မယ်ဆိုတာ ငါသိတယ်လေ၊ ဒါကြောင့်မို့ပါကွာ"

မျက်ပြူးက...

"အထုပ်ကလေးနှစ်ထုပ်ကို ကျွန်တော် ယူပေးမယ် ဟုတ်လား"

"အေးလေ"

"ဘာအထုပ်ကလေးတွေလဲ၊ ကျွန်တော် ဘယ်ကယူပေးရမှာလဲဗျာ"

"ချိုဂူကျိုရဲ့ စာဖတ်ခန်းထဲက အနီရောင်ပိုးပဝါနဲ့ ထုပ်ထားတဲ့ အထုပ်ကလေးနှစ်ထုပ်ပေါ့၊ အဲဒါကို မင်းယူလာပေးရမှာလေ"

"ဟာ"

မျက်ပြူး ထိတ်လန့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ချို့ငူကျိရဲ့ပစ္စည်းကို ကျွန်တော် ခိုးဝှက်ပေးရမှာ ကိုး။ မဖြစ်ပါဘူးဗျာ၊ အဲသည်လို ကျွန်တော် မလုပ်ရဲဘူး"

ဖိုးသူတော်က...

"ချို့ငူကျိက အဲသည်အထုပ်ကလေးတွေကို ဘယ်တော့မှ အသုံးပြုတော့မှာ မဟုတ်ဘူးကွ၊ သူ့အတွက် ဘာမှအသုံးဝင်တော့ မှာလည်း မဟုတ်ဘူး။ သည်အတိုင်းထားရင် ကြာတော့ ဆွေးမြည့် ပျက်စီးသွားမှာဆိုတော့ သိပ်ကို နှမြောစရာကောင်းတာပေါ့ကွာ၊ ငါ့ကို ယူပေးလိုက်လို့လဲ ချို့ငူကျိအတွက် ဘာမှထိခိုက်သွားမှာ မဟုတ် ပါဘူးကွ"

မျက်ပြူး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် လုပ်လို့မဖြစ်ပါဘူး။ ကျွန်တော် မလုပ်ရဲပါဘူး ဗျာ"

"မင်း ဘာကြောက်နေတာလဲ၊ ချို့ငူကျိအတွက် ဘာမှထိ ခိုက်စရာမရှိဘူး၊ သည်ပစ္စည်းတွေ သူ့ဆီမှာရှိလို့လည်း ဘာမှမဖြစ် ဘူး။ မရှိလို့လည်း ဘာမှမဖြစ်ဘူးကွ"

မျက်ပြူးက တွင်တွင်ငြင်းနေသည်။

"ဟင့်အင်း၊ ကျွန်တော် မလုပ်ရဲဘူး"

ဖိုးသူတော်ကြီး၏မျက်နှာ ခက်ထန်သွားလေသည်။

"မင်း သူဌေး မဖြစ်ချင်တော့ဘူးလား"

"ကျွန်တော်.."

"ဘာလဲ၊ ငါပေးတာ နည်းလို့လား၊ ကောင်းပြီ"

ဖိုးသူတော်ကြီးက နောက်ထပ် ရွှေထုပ်တစ်ထုပ် ထုတ်



ပေးပြန်သည်။

"ကဲ..ဘယ်လိုလဲ"

မျက်ပြူးသည် ရွှေထုပ်နှစ်ထုပ်ကြောင့် ယူရခက် ငြင်းရခက် ဝေခွဲမရ ဖြစ်နေပါတော့သည်။

ရွှေများကြောင့် မျက်ပြူး တွေဝေသွားသည်ကို ဖိုးသူတော် ကြီး သတိပြုမိလိုက်လေသည်။

"ချို့ငူကျိအတွက်လည်း ဘာမှအသုံးဝင်တော့တာ မဟုတ် ဘူး။ မင်းလည်း ဆင်းရဲတွင်းက လွတ်ပြီး ချမ်းချမ်းသာသာ နေရမယ်၊ မင်း ဘာတွေ တွေးနေတာလဲ"

ခပ်ငေါက်ငေါက်ကလေး ပြောလိုက်သည်။

မျက်ပြူး ဘာမှမပြောပါ။ ဖိုးသူတော်ကြီးက...

"အေး..မင်းက ရွှေမလိုချင်ဘူး။ ငါခိုင်းတာ မလုပ်ပေးဘူး ဆိုရင်၊ ဟောသည်ပစ္စည်းပဲရမယ်"

ပြောရင်း ခါးမြှောင်တစ်ချောင်းကို စားပွဲပေါ် ပစ်တင်လိုက် လေသည်။ ခါးမြှောင်က အသွားထက်လှပြီး အရောင်တဖိတ်ဖိတ် တောက်ပြောင်နေလေသည်။

လှပသော ခါးမြှောင်တစ်လက်ဖြစ်သော်လည်း လူသတ် ပစ္စည်းတစ်ခုပင် ဖြစ်လာသည်။ ဖိုးသူတော်ကြီးက...

"မင်းက ရွှေတုံးကလေးတွေကို ရွေးမလား၊ ခါးမြှောင်ကို ရွေးမလား။ ကြိုက်တာရွေး"

"ကျွန်..ကျွန်တော်.."

မျက်ပြူး ကြောက်လန့်တကြား ထိုင်ရာမှထပြေးရန် ဟန်

www.burmeseclassic.com

www.burmeseclassic.com



[illegible]သည်။ ဖိုးသူတော်ကြီး ခေါင်းခါယမ်းလိုက်သည်။

"ဦးခ ရောက်နေပြီးမှ ပြေးလို့မရဘူးကွ"

"ကျွန်တော့်ကို ချမ်းသာပေးပါဗျာ"

"အဲဒီ ရွှေတုံးကလေးတွေယူပြီး ငါခိုင်းတာ လုပ်ပေးလိုက်ပေါ့"

ဖိုးသူတော်ကြီးက ဓားမြှောင်ကို ပြန်သိမ်းကာ ရွှေထုပ်နှစ်ထုပ်အား မျက်ပြူးလက်ထဲ ထည့်ပေးလိုက်သည်။

မျက်ပြူးလည်း ရွှေထုပ်နှစ်ထုပ်ကို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်မိလေတော့သည်။

♠ ♠ ♠

ချို့ဝှကျို၏ အထုပ်ကလေးနှစ်ထုပ်အား အချိန်မတော် ခိုးယူခံရသည့်အကြောင်းရင်းကို မျက်ပြူးက အမှန်အတိုင်း ဖွင့်ဟဝန်ခံလိုက်ပြီ ဖြစ်လေသည်။

ချို့ဝှကျို ပင့်သက်ရှိုက်မိလေသည်။

သူ့အား သိုင်းဧကရာဇ်ဖြစ်စေခဲ့သော ရတနာပစ္စည်းနှစ်ခုက သူ့အား အန္တရာယ်နှင့်ကြုံတွေ့စေရဖို့ စတင်အကြောင်းဖန်လာပြီ မဟုတ်ပါလား။

ရတနာပစ္စည်းနှစ်မျိုးအား မက်မောကြသူများသည် လက်တွေ့ရယူဖို့ ကြိုးစားလာကြပြီ ဖြစ်လေသည်။ ချို့ဝှကျိုက...

"မင်းက ဖိုးသူတော်ကြီးနဲ့ ဘယ်မှာချိန်းထားသလဲ"



ဟု မေးလိုက်သည်။ မျက်ပြူးက...

"မနက် မိုးမလင်းခင် အနောက်ဘက်က တောင်ကုန်းပေါ်မှာတွေ့ဖို့ ချိန်းထားပါတယ်ခင်ဗျာ"

"ရွှေတုံးကလေးတွေကော"

"ကျွန်တော့်ဆီမှာ ရှိပါတယ်"

"ကောင်းပြီ၊ အဲသည်ရွှေတုံးကလေးတွေကို ယူပြီး မင်းအိမ်ပြန်ပေတော့၊ ငါ့ဆီမှာဆက်ပြီး အလုပ်လုပ်ဖို့ မလိုတော့ဘူး"

မျက်ပြူး ကြောက်ရွံ့နေသည်။

"ကျွန်..ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာကြီး"

ချို့ဝှကျို ပြုံးလိုက်သည်။

"အေးပါ အပြစ်မယူပါဘူး၊ မင်းကိုငါ ခွင့်လွှတ်ပါတယ်၊ အထုပ်ကလေးနှစ်ထုပ်ကိုလည်း ငါကိုယ်တိုင်ပဲ ဖိုးသူတော်ကြီးကို သွားပေးလိုက်ပါ့မယ်၊ မင်းလည်း ရွှေတုံးကလေးတွေ ရထားပြီဆိုတော့ အဲဒါကို အရင်းအနှီးလုပ်ပြီး ချမ်းသာကြွယ်ဝအောင် ကြိုးစားပေါ့၊ ကဲ မင်းသွားပေတော့"

အပြစ်မှ ခွင့်လွှတ်လိုက်၍ မျက်ပြူး ဝမ်းသာသွားလေတော့သည်။

"ဆရာကြီးရဲ့ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူးခင်ဗျာ"

ဦးသုံးကြိမ်ချကာ ရှစ်ခိုးကန်တော့ပြီးနောက် အခန်းထဲမှ အပြေးတပိုင်း ထွက်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com



## အဆုံးသတ်ခရီး

တစ်ညတာအချိန်ကာလမှာ လျင်မြန်စွာ ကုန်ဆုံးသွားသည် ထင်ရလေသည်။

"အောက်...အီး..အီး...အွတ်"

ကြက်တွန်သံများ ဟိုမှသည်မှ ထွက်ပေါ်လာသည်။

အရှေ့ဘက်တွင် အာရုံဦး၏ ရောင်နီများလည်း ထွက်ပေါ်လာလေသည်။

ထိုအချိန်တွင် လူရိပ်တစ်ခုသည် လေ၏လျင်မြန်ခြင်းမျိုးဖြင့် သစ်ပင်ပန်းမာလ်များ ဖုံးလွှမ်းထားသော အနောက်ဘက်တောင်ကုန်းလေးပေါ်သို့ ရောက်ရှိလာလေသည်။

ထိုလူကား သိုင်းဧကရာဇ်ဘွဲ့ခံ ရှို့ဝူကျို ဖြစ်လေသည်။

ဖိုးသူတော်ကြီး စောင့်ဆိုင်းနေမည့်နေရာသို့ မျက်ပြူးကိုယ်စားလာခဲ့ခြင်းဖြစ်လေသည်။

ရှို့ဝူကျိုက တောင်ကုန်းပေါ်သို့ ခြေချမိလိုက်သည်နှင့်...

"မင်း ရောက်လာပြီလား"

အမှောင်ရိပ်ထဲမှ မေးမြန်းသံနှင့်အတူ လူတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရလေသည်။



ဖိုးသူတော်ကြီး ဖြစ်သည်။

"ဟုတ်တယ်၊ ရောက်လာပြီ၊ ဒါပေမယ့် ခင်ဗျားမျှော်နေတဲ့ မျက်ပြူးတော့ မဟုတ်ဘူးဗျ"

ရှို့ဝူကျို၏စကား ကြားရလျှင် ဖိုးသူတော်ကြီး ဟာခနဲ ဖြစ်သွားလေသည်။

ရှို့ဝူကျိုသည်လည်း ဖိုးသူတော်ကြီးဆိုသူအား တွေ့လိုက်ပြီ ဖြစ်လေသည်။

"ဖိုးသူတော်ကြီးဆိုလို့ ဘယ်သူများလဲ မှတ်တယ်၊ ဝူတန်းဂိုဏ်းက ရသေ့ချင်းဟုန်ကိုး"

ဝူတန်းဂိုဏ်းမှာ ထင်ရှားသော ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်သည်။

ချင်းဟုန်သည် ဝူတန်းဂိုဏ်း၌ အရေးပါသူတစ်ဦးဖြစ်ခဲ့ပြီး ဝူတန်းဂိုဏ်း၏ သိုင်းလောကနှင့်ဆက်ဆံရေး၌ ပြင်ပအရေးကိစ္စတာဝန်ခံအဖြစ် ဆောင်ရွက်ရသူဖြစ်သည်။

နောက်ပိုင်းတွင် ချင်းဟုန်သည် ကိုယ့်သဘောနှင့်ကိုယ် ဆုံးဖြတ်ဆောင်ရွက်မှုများကြောင့် ဝူတန်းဂိုဏ်းချုပ်၏ လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ စည်းကမ်းချိုးဖောက်သူအဖြစ် အရေးယူခံရကာ ဝူတန်းဂိုဏ်းမှ ထုတ်ပယ်ခံခဲ့ရသူဖြစ်သည်

ချင်းဟုန်က ဝူတန်းရသေ့ဝတ်ကို ချွတ်ကာ ဖိုးသူတော်ကြီးဘဝခံယူပြီး သိုင်းလာက၌ ဆက်လက် ကျင်လည်ကျက်စားနေခဲ့သည်။

ချင်းဟုန်မှာ ဝူတန်းဂိုဏ်းမှ ထုတ်ပယ်ခံခဲ့ရသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားဆိုး တစ်ယောက်တော့ မဟုတ်ခဲ့ချေ။

ဆိုယ်သဘောနှင့်ကိုယ် မှန်သည်ထင်ရာ လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်သည်။

အခြား သိုင်းလောကသားများကဲ့သို့ ချိုဂူကျို၏ ရတနာပစ္စည်းနှစ်မျိုးကို မက်မောနေသူလည်း ဖြစ်လေသည်။

ချင်းဟုန်က...

"ကျုပ်က မျက်ပြူးကို စည်းရုံးသိမ်းသွင်းမိခဲ့တယ်ဗျ"

သူ၏လုပ်ရပ်ကို ဝန်ခံလိုက်လေသည်။

ချိုဂူကျို မမေးဘဲ ဝန်ခံလိုက်ခြင်းဖြစ်လေသည်။

ချိုဂူကျို ပြုံးလိုက်သည်။

"မျက်ပြူးကလည်း ဝန်ခံပြီးပါပြီ၊ တကယ်တော့ ရတနာပစ္စည်းနှစ်မျိုးဟာ ကျုပ်အတွက် မလိုအပ်တော့ဘူးဆိုတာ အမှန်ပါပဲ"

ချင်းဟုန် ဝမ်းသာသွားလေသည်။

"ဒါဆိုရင် ရတနာပစ္စည်းနှစ်မျိုးနဲ့ ပတ်သက်ပြီး ဘယ်လိုဆုံးဖြတ်ထားသလဲဆိုတာ ပြောပါဦးဗျာ"

ချိုဂူကျိုက...

"သိုင်းလောကရဲ့ ရတနာပစ္စည်းလို့ သတ်မှတ်ခံထားရတဲ့ ပစ္စည်းဆိုရင် သိုင်းလောကထဲမှာပဲ ထာဝရရှိနေသင့်တာပေါ့လေ"

"ဒါ အမှန်ပဲ"

ချင်းဟုန်က ချက်ချင်း ထောက်ခံလိုက်သည်။

ချိုဂူကျိုက...



"သိုင်းလောက ရတနာပစ္စည်းဟာ သိုင်းလောကထဲမှာပဲ ရှိနေသင့်တာ မှန်ပေမယ့် ရှိသင့်ရှိထိုက်တဲ့ လူတစ်ယောက်ယောက်ရဲ့လက်ထဲမှာ ရှိနေတာက သဘာဝကျပါတယ်၊ ထိုက်တန်မှုမရှိတဲ့လူတွေရဲ့လက်ထဲရောက်နေရင်တော့ ဘယ်လိုမှ သဘာဝကျနိုင်မှာမဟုတ်ပါဘူးဗျာ"

ချင်းဟုန်က...

"ထိုက်ထန်မှုရှိတဲ့လူနဲ့ ထိုက်တန်မှုမရှိတဲ့လူဆိုတာ ဘယ်လိုခွဲခြားသတ်မှတ်မယ် ဆိုတာလေး သိပါရစေလား"

ချိုဂူကျိုက...

"မျိုးရိုးဂုဏ်သိက္ခာ၊ အကျင့်စာရိတ္တ၊ သိုင်းသမားပီသမှု၊ စသည်ဖြင့် အဖက်ဖက်က ပြီးပြည့်စုံနေတဲ့ လူတစ်ယောက်ကို ထိုက်တန်မှုရှိတဲ့လူလို့ သတ်မှတ်ရမှာပါ၊ မပြောပလောက်တဲ့ ချို့ယွင်းချက်လေးတစ်ခုရှိခဲ့ရင်တောင် အဲသည်လူဟာ ထိုက်တန်တဲ့လူ မဟုတ်နိုင်တော့ပါဘူး"

ချင်းဟုန် မျက်နှာပျက်သွားလေသည်။

ချိုဂူကျို၏ အယူအဆရအရဆိုလျှင် သူသည် သိုင်းလောက ရတနာပစ္စည်းနှစ်ခုနှင့် ထိုက်တန်မှု မရှိသူဟု ဆိုရတော့မည် မဟုတ်ပါလား။

ချင်းဟုန် အံကြိတ်လိုက်သည်။

"ကျုပ် အပင်ပန်းခံပြီး သည်နေရာကိုရောက်လာခဲ့ပြီးဗျ"

သူ၏စကားက သဘောထား တင်းမာမှုကို ဖော်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



**ချိုငှက်ကျိုက...**

"ခင်ဗျားဟာ ရတနာပစ္စည်းနှစ်ခုအပေါ်မှာ တန်ဖိုးထားပြီး အဝင်တန်းခံခဲ့တာကို လေးစားပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားနဲ့ ထိုက်တန်မှုမရှိတဲ့အတွက် ရနိုင်မှာမဟုတ်ဘူးလို့ ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါ့မယ်"

ဟု အားမနာတမ်း ပြတ်သားစွာ ပြောလိုက်လေသည်။

"ဟား..ဟား..ဟား"

ချင်းဟုန် ဟားတိုက် ရယ်မောလိုက်လေသည်။

ချိုငှက်ကျိုက...

"ခင်ဗျားက ဘာသဘောနဲ့ ရယ်တာလဲဗျ"

"သဘောကျလို့ပေါ့ဗျာ"

"ကျုပ်စကားထဲမှာ သဘောကျစရာ ဘာတစ်ခုမှ မပါဘူးထင်တယ်"

"ဟုတ်တယ်၊ မပါဘူး၊ ကျုပ်ဘာသာ သဘောကျစရာတွေး မိလို့ ရယ်လိုက်တာ"

"ခင်ဗျား ဘာတွေးမိတယ်ဆိုတာ ပြောစမ်းပါဦး"

ချင်းဟုန်က ရယ်မောခြင်းမပြုတော့ဘဲ မျက်နှာထား တင်းတင်းဖြင့် ပြောလိုက်လေသည်။

"ကျုပ်ဆီကို မျက်ပြူးရောက်မလာဘဲ ခင်ဗျားကိုယ်တိုင် ရောက်လာတာ သဘောကျစရာပေါ့ဗျာ၊ မျက်ပြူးနဲ့ဆက်ပြီး ပတ်သက်နေရရင် အလုပ်ပိုတွေ လုပ်နေရဦးမယ်၊ ခင်ဗျားရောက်လာတော့ မျက်နှာချင်းဆိုင် ဖြေရှင်းလို့ရတာပေါ့ဗျာ"



ချိုငှက်ကျိုက...

"ကျုပ်နဲ့ မျက်နှာချင်းဆိုင် ဘယ်လိုဖြေရှင်းချင်သလဲ၊ ပြောပါဦးဗျာ"

ဟု ထပ်မေးလိုက်သည်။ ချင်းဟုန်က...

"ရတနာပစ္စည်းနှစ်ခုကို ကျုပ်ယူသွားမယ်၊ ခင်ဗျားလက်ခံရလိမ့်မယ်"

ချိုငှက်ကျိုက...

"ကျုပ်က ပေးလိုက်ရမယ် ဟုတ်လား"

"သေချာတာပေါ့"

"ဘာကြောင့် ပေးရမှာလဲ"

"ရှင်းပါတယ်၊ ခင်ဗျားက သိုင်းလောကကို ကျောခိုင်းလိုက်ပြီလေ၊ ဒါကြောင့် ရတနာပစ္စည်းနှစ်ခုနဲ့ မသက်ဆိုင်တော့ဘူး။ ကျုပ်ယူသွားမယ်၊ ကျုပ်ကို ပေးရမယ်"

ချိုငှက်ကျို ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ မပေးနိုင်ပါဘူး"

ချင်းဟုန်က...

"ခင်ဗျား မှားနေပြီ၊ ခင်ဗျား ပေးကိုပေးရမယ်၊ ရတနာပစ္စည်းနှစ်ခုဟာ သည်ကနေ့ ကျုပ်လက်ထဲ ရောက်လာရမယ်"

ချိုငှက်ကျို မကျေမနပ်ဖြစ်သွားသည်။

"ခင်ဗျား သေချာလှချည်လား"

"သေချာတာပေါ့"

"ရတနာပစ္စည်းနှစ်ခု ကျုပ်လက်ထဲမှာ ရှိနေသေးတာ

www.burmeseclassic.com

www.burmeseclassic.com



တောင် ခင်ဗျား သည်လောက်သေချာနေတာ အံ့သြစရာပဲ"

ချင်းဟုန်က...

"စိတ်ချ ကျုပ်က မသေချာဘဲ မပြောဘူးဗျ"

စကားဆုံးလျှင် ရေ့တိုးကာ ချိုဝူကျိအား တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠

ချိုဝူကျိမှာ သိုင်းကေရာဇ်ဘွဲ့ထူး ရရှိခဲ့သူဖြစ်သည်။

ချင်းဟုန်၏သိုင်းပညာမှာ ချိုဝူကျိ၏ပညာကို မမီပါ။

သူတို့နှစ်ယောက်၏ အခြေအနေမှာ မိုးနှင့် မြေပမာ ကွာခြားနေပါတော့သည်။

အမှန်ဆိုလျှင် ချင်းဟုန်ကလည်း ချိုဝူကျိအား မယှဉ်နိုင်မှန်း သိရှိထားပေသည်။

သို့ပါလျက် အမှုမထားဘဲ မကြောက်မရွံ့ စတင်တိုက်ခိုက်လိုက်သည်မှာ အကြောင်းရှိ၍ ဖြစ်လေသည်။

ချိုဝူကျိက သိုင်းလောကမှ အနားယူလိုက်ပြီ ဖြစ်၍ သိုင်းပညာအသုံးပြုဖို့ မဖြစ်နိုင်တော့ခြင်းကြောင့်ပင် ဖြစ်လေသည်။

"ယား"

ချင်းဟုန်က ညာသံပေးကာ လက်ဝါးနှစ်ဘက် အသုံးပြုပြီး တရကြမ်း တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ချိုဝူကျိ ခံပြင်းသွားသည်။



သူ့အား မလေးစားမှု မရှိဘဲ စော်ကားမော်ကား တိုက်ခိုက်လာသည်ဟု ဒေါသထွက်ကာ ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်မိလေသည်။ ထိုအချိန်မှာပင်...

"ခင်ဗျားက အနားယူပြီးမှ ဆိုင်းပညာကို အသုံးပြုဦးမလို့လား"

ချင်းဟုန်က လျှပ်တပြက် မေးလိုက်လေသည်။

"ဟင်"

ချိုဝူကျိ ရင်ထိတ်သွား၏။

သိုင်းလောကမှ အနားယူလိုက်ပြီး သိုင်းပညာ အသုံးမပြုတော့ဟု သူ့ဘဝကို ခံယူထားခဲ့ပြီး ဖြစ်ကြောင်း ပြန်လည်သတိဝင်သွား၍ ဖြစ်သည်။

ချိုဝူကျိက ဂုဏ်သိက္ခာနှင့် ပတ်သက်၍ စောင့်ထိန်းရမည်ဟု ဖြစ်ပေါ်နေသော ဒေါသစိတ်ကို ထိန်းလိုက်သည်။

တဒင်္ဂအချိန်လေးမှာပင် ချင်းဟုန်က အခွင့်အရေးကို အမိအရ ဆုပ်ကိုင်ကာ မလွတ်တမ်း တိုက်ခိုက်လိုက်လေသည်။

သို့ဖြင့် ချင်းဟုန်၏ လက်ဝါးရိုက်ချက်သည် အတားအဆီးမရှိဘဲ ချိုဝူကျိ၏ရင်ဝသို့ တိုးဝင်ရိုက်ချမိလိုက်လေတော့သည်။

"ဝုန်း"

"အား"

ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် ချိုဝူကျိ ငါးရှစ်ဘွာ အော်ဟစ်ရင်း အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဟု မဆိုနိုင်သော တိုက်ပွဲမှာ မျက်စိတမှိတ် လျှပ်တပြက်အတွင်း ပြီးဆုံးသွားလေသည်။

ချင်းဟုန်က လက်ဝါးတစ်ချက်ရိုက်ပြီးနောက် ဆက်၍ တိုက်ခိုက်ခြင်းမပြုဘဲ နောက်ဆုတ်လိုက်လေသည်။

ဆက်၍ တိုက်ခိုက်ဖို့ မလိုအပ်တော့ဘဲ လက်ဝါးတစ်ချက်ထဲဖြင့် လုံလောက်ပြီဟူသော သဘောမျိုးလည်း ရှိနေ၏။

ချိုဝူကျိုမှာ အဝေးသို့ လွင့်စဉ်ကာ မြေပေါ်လဲကျသွား၏။

မြေပေါ်၌ သုံးလေးပတ်လိမ့်သွားပြီးမှ အရှိန်သပ်ရပ်ကာ ခုန်ထလိုက်လေသည်။

ချိုဝူကျို ဒယီးဒယိုင် ဖြစ်နေ၏။

နာကျင်ပြင်းပျသော ဝေဒနာကို အပြင်းအထန် ခံစားလိုက်ရသည့်အလား မျက်နှာကြီးရှုံ့မဲ့နေပြီး...

"ဝေါ့"

သွေးများ အန်ထုတ်လိုက်လေသည်။

ချင်းဟုန် သက်ပြင်းချလိုက်သည်။

"ကျုပ်က သည်လောက်အထိ ဖြစ်သွားဖို့ မရည်ရွယ်ပါဘူးဗျာ၊ ခင်ဗျားသာ အခြေအနေကို နားလည်ခဲ့ရင် ခုလို ဖြစ်လာမှာမဟုတ်ပါဘူး"

ချိုဝူကျို ဒေါသထွက်နေသည်။

"လူယုတ်မာ၊ ကျုပ်ရဲ့ ရတနာပစ္စည်းကို ရမယ် မထင်နဲ့"

အော်ဟစ်ရင်း အထုပ်ကလေးနှစ်ထုပ်အား တောင်ကုန်းတစ်ခုဆီ ချောက်ထဲပစ်ချလိုက်လေသည်။



"ဟာ"

ချိုဝူကျိုက ယခုကဲ့သို့ ပြုလုပ်လိမ့်မည် မထင်ခဲ့၍ ချင်းဟုန် အထိတ်တလန့် ဖြစ်သွားလေသည်။

ချက်ချင်း ရှေ့တိုးသွားပြီး ချိုဝူကျိုအား တိုက်ခိုက်လိုက်လေသည်။

ဒေါသကြောင့် သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

ဒဏ်ရာပြင်းစွာ ရထားသည့် ချိုဝူကျိုလည်း ရှောင်တိမ်းနိုင်ခြင်း မရှိခဲ့ပါချေ။

"ဝုန်း"

ချင်းဟုန်၏လက်ဝါးရိုက်ချက်ကြောင့် ချိုဝူကျို အော်ဟစ်ညည်းတွားခြင်းပင် မပြုနိုင်တော့ဘဲ ကြိုးပြတ်သွားသော စွန်တစ်ကောင်ကဲ့သို့ လွင့်စဉ်ကာ ချောက်ထဲ ထိုးကျသွားတော့သည်။

"ယား"

ချင်းဟုန်ကလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ချောက်ထဲ ခုန်ဆင်းလိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## သံသရာမဆုံးသရွေ့

ချိုငှက်ကို ရတနာပစ္စည်းနှစ်မျိုးအား ချောက်ထဲ ပစ်ချခဲ့သည်။

မကြာမီ သူကိုယ်တိုင်လည်း ချင်းဟုန်၏လက်ချက်မိကာ ချောက်ထဲကျသွားလေသည်။

ထို့အတူ ချင်းဟုန်ကလည်း ချောက်ထဲ ခုန်ချလိုက်သည်။

ရတနာပစ္စည်းနှစ်မျိုးက ချင်းဟုန်အား ရူးသွပ်သူတစ်ဦးကဲ့သို့ ဖြစ်သွားစေသည် မဟုတ်ပါလား။

"ဟူး..ဟူး"

အဝတ်အစား လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်နေသည်။

ချင်းဟုန်သည် လေထဲပျံဝဲကာ အောက်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားလေသည်။

အောက်ဘက်၌ ရေစီးသန်သော ချောင်းတစ်ခု ရှိနေပါသည်။



ချောင်း၏ဝဲယာ တစ်ဘက်တစ်ချက်၌ ကျောက်တုံးကျောက်ခဲများ ရှိနေသည်။

ချင်းဟုန်ကဲ့သို့ ချောက်ထဲကျသွားသော ချိုငှက်ကိုမှာ ချောင်းကမ်းပါးရှိ ကျောက်တုံးကျောက်ခဲများကြားသို့ ဝုန်းခနဲ ထိုးကျသွားလေသည်။

ကျောက်တုံးကျောက်ခဲများကြားသို့ ကျသွားပါက အရိုးအသားများ ကြေမွကာ ကေန်မုချ သေဆုံးသွားရလိမ့်မည် ဖြစ်လေသည်။

ချင်းဟုန်သည် လေထဲ၌ ခန္ဓာကိုယ် အရှိန်ထိန်းရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ချောင်း၏ဝဲယာ တစ်ဘက်တစ်ချက် ဘယ်ဘက်သို့ ကျသွားသွား သက်သာမည် မဟုတ်ပါ။

ကျောက်တုံးကျောက်ချွန်များနှင့် ထိခိုက်မိကာ အသက်မသေလျှင်ပင် တစ်သက်လုံး ဒုက္ခိတဘဝ ရောက်သွားရလောက်အောင် ပြင်းထန်သော ဒဏ်ရာများ ရရှိသွားမည် ဖြစ်ပေသည်။

အကျသက်သာဖို့ တစ်ခုတည်းသော နည်းလမ်းမှာ ချောင်းရေထဲ ရောက်သွားဖို့ပင် ဖြစ်လေသည်။

ချောင်းရေသည် ထိခိုက်ဒဏ်ရာရမှုကို အသက်သာဆုံး ဖြစ်အောင် ဖေးမပေးနိုင်လိမ့်မည် မဟုတ်ပါလား။

ချင်းဟုန်က ချောင်းရေထဲ ခုန်ဆင်းဖို့ ဆုံးဖြတ်လိုက်ချိန်မှာပင် ခပ်လှမ်းလှမ်းတွင် ရေစီးနှင့်အတူ မျောပါသွားသည့် အနီရောင်အထုပ်ကလေးနှစ်ထုပ်ကို အမှတ်မထင် တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ချင်းဟုန်၏ဆုံးဖြတ်ချက် ပိုမိုခိုင်မာသွားလေသည်။

လေထဲ၌ ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ချောင်းထဲ ခုန်ဆင်းလိုက်တော့သည်။

"ဗွမ်း"

ချောင်းထဲသို့ ကျောက်တုံးတစ်တုံး ပစ်ချလိုက်သည့်အလား ထိုးကျကာ ရေအောက်သို့ စုန်းစုန်းနစ်မြုပ်သွားလေသည်။

သို့သော် တခဏအတွင်းမှာပင် ရေပေါ်သို့ ပြန်ပေါ်လာပြီး အရှိန်ပြင်းလှသည့် ရေစီးနှင့်အတူ မြုပ်ချည်ပေါ်ချည်ဖြင့် မျောပါသွားလေတော့သည်။

♠ ♠ ♠

ချောင်းရေက ရေစီးသန်လှသည်။

သိုင်းပညာရှင်တစ်ဦး ဖြစ်သော ချင်းဟုန်သည် ချောင်းထဲ ကျသွားပြီး ရေစီးနှင့်အတူ မျောပါသွားခဲ့လေသည်။

အသက်အန္တရာယ်နှင့် ရင်ဆိုင်လိုက်ရသောအခါ ချင်းဟုန်မှာ ချိုဝူကျိ၏ ရတနာပဒ္မသည်းနှစ်မျိုးကို အမှုမထားနိုင်တော့ပါ။

အသက်ဘေးမှ လွတ်မြောက်နိုင်ရန် အစွမ်းကုန်ကြိုးစားရတော့သည်။

ချောင်းရေစီးနှင့် အတန်ကြာအောင် မျောပါသွားပြီးနောက် အတော်ဝေးဝေးသို့ ရောက်ရှိသွားတော့မှ ချင်းဟုန်သည် ချောင်းထဲ



မျောလာသည့် သစ်တုံးတစ်တုံးကို ရရှိဖက်တွယ်ကာ အလိုက်သင့် မျောခဲ့ပြီး ချောင်းကွေ့တစ်နေရာရောက်လျှင် ကမ်းပေါ်သို့ တက်နိုင်ရန် ကြိုးစားခဲ့လေသည်။

ချောင်းကွေ့ ဖြစ်ရာ ရေစီးအရှိန် အနည်းငယ် လျော့ကျသွားလေသည်။

ချင်းဟုန်က သစ်တုံးကို မှီခိုအားပြုကာ ကူးခတ်လိုက်ခြင်းဖြင့် များမကြာမီ ကမ်းစပ်ပေါ်သို့ ရောက်ရှိသွားတော့သည်။

ယခုမှ ချင်းဟုန် သက်ပြင်းချနိုင်တော့သည်။

ရတနာပဒ္မသည်းနှစ်မျိုးကြောင့် ချောက်ထဲသို့ မိုက်မိုက်မဲမဲ ခုန်ဆင်းမိခဲ့ပြီး ချောင်းရေထဲ မျောပါကာ ကံကောင်း၍သာ အသက်ဘေးမှ လွတ်မြောက်ခဲ့ခြင်း ဖြစ်ပေသည်။

ချင်းဟုန်က ကမ်းစပ်၌ ထိုင်ချရင်း ကိုယ်ပေါ်မှ ရေများကို လက်ဖြင့် သပ်ချလိုက်သည်။

သူက ကံကောင်းသည်ဟု မယူဆပါ။

ချိုဝူကျိ သိုင်းလောကမှ အနားယူခဲ့သည်ကို အခွင့်အရေး အဖြစ် အသုံးချကာ အိုက်ဖမ်း လုပ်ကြံနိုင်ခဲ့သဖြင့် သူ၏မျှော်လင့်ချက်များ ပြည့်ဝတော့မည်ဟု ယုံကြည်ခဲ့သည်။

သို့သော် ချိုဝူကျိက ရတနာပဒ္မသည်းနှစ်မျိုးအား ချောက်ထဲ ပစ်ချလိုက်၍ ဗျာများခဲ့ရတော့သည်။

ရတနာပဒ္မသည်းနှစ်မျိုးကို မရသည့်အပြင် စိတ်လိုက်မာန်ပါ လုပ်ခဲ့ခြင်းကြောင့် အသက်ဆုံးရှုံးရမလို ဖြစ်ခဲ့ရသည်။

ချင်းဟုန် တွေးရင်း ချိုဝူကျိကို မုန်းတီးလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောက်…သင်းကြောင့် ခုလိုဖြစ်ရတာ"

ချိုဝူကျိုကား သေဆုံးသွားခဲ့ချေပြီ။

ချင်းဟုန် အတန်ကြာအောင် မှိုင်တွေနေပြီးမှ ထိုင်ရာမှ ထရပ်လိုက်လေသည်။

ဘာတစ်ခုမျှ မရဘဲ လက်လွတ်ဆုံးရှုံးကာ လက်ဗလာဖြင့် အိမ်ပြန်ရတော့မည် မဟုတ်ပါလား။

ချင်းဟုန် ထွက်သွားရန် ဟန်ပြင်လိုက်စဉ် ချောင်းကမ်းစပ်တစ်နေရာ၌ ထူးခြားမှုတစ်ခု ရှိနေသည်ကို သတိပြုမိလိုက်လေသည်။

"ဘာပါလိမ့်"

ချင်းဟုန် သတိထားပြီး ကြည့်လိုက်၏။

ထိုအခါ ကမ်းစပ်တစ်နေရာ၌ အနီရောင်အထုပ်ကလေးနှစ်ထုပ် ရှိနေသည်ကို တွေ့ရလေသည်။

အထုပ်ကလေးများသည် ကမ်းပေါ်၌ တင်နေခြင်း မဟုတ်ဘဲ ရေလှိုင်းလေးများနှင့်အတူ ကမ်းစပ်ပေါ်သို့ တက်လာလိုက် ရေလှိုင်းလေးများနှင့်အတူ ရေထဲ ပြန်ကျသွားလိုက် နောက်ထပ် ရေလှိုင်းနှင့်အတူ ကမ်းပေါ် ပြန်တက်လာလိုက် တလှည့်စီ ဖြစ်နေသည်။

"ဟာ"

ချင်းဟုန် အော်ဟစ်လိုက်လေသည်။

ချိုဝူကျို၏ရတနာပစ္စည်းနှစ်ခု ဖြစ်နေသည် မဟုတ်ပါလား။

ရတနာပစ္စည်းနှစ်ခုသည် သူနှင့် မလှမ်းမကမ်း၌ ရှိနေရကား ဝမ်းသာမဆုံး ဖြစ်သွားလေတော့သည်။



"ငါနဲ့ ထိုက်လို့ ငါရတာပဲ"

ချင်းဟုန်က ကမ်းစပ်သို့ တဟုန်ထိုး ပြေးဆင်းသွားလိုက်လေသည်။

ရတနာပစ္စည်းနှစ်ခု အနီးသို့ လျှပ်တပြက် ရောက်ရှိသွားတော့သည်။

"ကဲ… ဘယ်ပြေးမလဲ"

ချင်းဟုန်က လက်ဆန့်တန်းကာ ရတနာပစ္စည်းတစ်ခုကို ဆွဲယူလိုက်လေသည်။ ရတနာပစ္စည်းတစ်ခုက ချင်းဟုန်၏လက်ထဲရောက်ရှိလာလေသည်။

ချင်းဟုန်က ကျန်ပစ္စည်းတစ်ခုကို ထပ်ယူရန် ဟန်ပြင်လိုက်စဉ် အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာလေသည်။

ဤနေရာသည် ချောင်းကွေ့တစ်နေရာ ဖြစ်ရကား ရေစီးအရှိန်လျော့ကျသွားသကဲ့သို့ အရှိန်ဖြင့် စီးလာသော ရေအလျဉ်ကကွေ့ကောက်နေသောနေရာ၌ ကမ်းစပ်ရှိ ကျောက်တုံးများအား ထိပ်တိုက်ဝင်တိုးပြီးမှ ကွေ့ဝိုက်ကာ ရှေ့ဆက်စီးဆင်းသွားရကား ထိုနေရာ၌ တည့်တည့်စီးလာသော ရေစီးနှင့် ကွေ့ဝိုက်လိုက်ရသော ရေစီးတို့ နှစ်ခု အချင်းချင်း ထိတွေ့ကာ ရေစီးအရှိန်ကို လျော့ကျစေသကဲ့သို့ ရေဝဲကတော့များ ဖြစ်ပေါ်လာလာစေခဲ့သည်။

ချင်းဟုန်က ကမ်းစပ်ရေထဲသို့ ပြေးဆင်းကာ ရတနာပစ္စည်းတစ်ခုအား ကောက်ယူလိုက်ရာ သူ၏လှုပ်ရှားမှုကြောင့် ကမ်းစပ်မှ ရေများ တဗွမ်းဗွမ်းနှင့် ဘောင်ဘင်ခတ်ကာ ဖြစ်ပေါ်လာသော ရေလှိုင်းကလေးများက ကျန်ရတနာပစ္စည်းတစ်ခုအား ရိုက်ပုတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ရှိသွားပြီး ထိုပစ္စည်းအား ကမ်းစပ်နှင့် ဝေးရာသို့ ရောက်သွားစေခဲ့ပြီး ရေစီးနှင့် ပေါင်းဆုံမိကာ လျင်မြန်စွာ မျောပါသွားတော့သည်။

"ဟင်"

ချင်းဟုန် အထိတ်တလန့် ဖြစ်သွားသည်။

ကျန်ရတနာပစ္စည်းတစ်ခုအား လက်လွှတ်ဆုံးရှုံးလိုက်ရပြီ မဟုတ်ပါလား။

ရတနာပစ္စည်းလေးသည် ရေစီးနှင့် မျောပါသွားပြီး ချောင်းကွေ့တစ်ဘက်သို့ ရောက်ကာ ချင်းဟုန်၏မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

"တောက်"

ချင်းဟုန် မချင့်မရဲဖြင့် တက်ခေါက်လိုက်လေသည်။

မည်သို့ဆိုစေ။ ရတနာပစ္စည်း နှစ်မျိုးထဲမှ တစ်မျိုးကို ရရှိလိုက်ခြင်းကပင် ကံကောင်းလှသည် မဟုတ်ပါလား။

ချင်းဟုန်က ချောင်းကလေးကို မျှော်ကြည့်လိုက်ပြီး...

"သည်ချောင်းရိုးအတိုင်း လိုက်သွားပြီး ရှာဖွေမယ်ဆိုရင် တစ်နေ့ တွေ့ကိုတွေ့ရမှာပဲ"

ဟု ရေရွတ်လိုက်လေသည်။

သို့သော် နှစ်ပေါင်းများစွာ အချိန်ကုန်ဆုံးသွားသော်လည်း ချင်းဟုန်မှာ ကျန်ရတနာပစ္စည်းတစ်ခုအား ရှာဖွေတွေ့ရှိနိုင်ခြင်း မရှိတော့ချေ။

♠ ♠ ♠



ချိုဝူကျိုက ရတနာပစ္စည်းနှစ်မျိုးဖြင့် 'သိုင်းကျေရာဇ်'ဘွဲ့ထူး ရရှိခဲ့လေသည်။

ထို့နောက် သိုင်းလောကမှ အနားယူခဲ့သည်။

ဇာတိရပ်ရွာသို့ ပြန်ကာ မထင်မရှား ဇာတ်မြှုပ်နေထိုင်ခဲ့သည်။

အချိန်ကာလ ကြာညောင်းလာသည်နှင့်အမျှ ချိုဝူကျိုအား မေ့မေ့လျော့လျော့ ဖြစ်ခဲ့ကြသည်။

ချိုဝူကျို၏ရတနာပစ္စည်းနှစ်မျိုးအား လိုချင်မက်မောကြသော်လည်း ရနိုင်သည့် အခြေအနေ မရှိသဖြင့် လက်လျော့ကာ မေ့ထားလိုက်ကြခြင်းလည်း ဖြစ်သည်။

ထို့ကြောင့်...

ချိုဝူကျိုမှာ ချင်းဟုန်၏အကောက်ကြံခံရကာ သေဆုံးသွားသည်ကို မည်သူမျှ မသိနိုင်ခဲ့ကြတော့ချေ။

ချင်းဟုန်သည်လည်း ရတနာပစ္စည်းတစ်မျိုးကိုသာ ရရှိပြီး ကျန်ပစ္စည်းတစ်မျိုးအား လက်လွှတ်ဆုံးရှုံးလိုက်ရသည်။

တဖန် သူကိုယ်တိုင်လည်း မမျှော်လင့်သော ဖြစ်ရပ်များနှင့် ကြုံတွေ့လိုက်ရသောအခါ...

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ဘီလူးနှစ်ယောက်

ချွေး...။

မိုး...။

ဆောင်း...။

ရာသီအလီလီ ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။

ရာသီ၊ အချိန်ကာလ၊ ပြောင်းလဲကာ နှစ်များ အလီလီ ကြာညောင်းသွားသကဲ့သို့ သိုင်းလောကမှာလည်း အခြေအနေ အမျိုးမျိုး ပြောင်းလဲသွားခဲ့လေသည်။

ယခင် အချိန်ကာလများက သိုင်းလောကသားများ စိတ်ဝင်စားခဲ့ကြသည့် ကိစ္စအမျိုးမျိုး ရှိခဲ့သော်လည်း ယခုအချိန်၌ အများစိတ်ဝင်စားနေကြသည်မှာ 'ခွန်လုံတောင်'ကိစ္စ ဖြစ်လေသည်။

ခွန်လုံတောင်...။

ခွန်လုံတောင်သည် ထင်ရှားသော တောင်တစ်လုံး ဖြစ်လေသည်။

သိုင်းလောကသားများသည် သိုင်းပညာအသုံးပြုကာ ဖြေရှင်းရမည့် ပြဿနာများ ရှိလာလျှင် ခွန်လုံတောင်၌ ချိန်းဆိုကာ ယှဉ်ပြိုင်ဖြေရှင်းလေ့ရှိ၍ ဖြစ်လေသည်။



မကြာသေးမီက...

ခွန်လုံတောင်၌ သိုင်းသမားနှစ်ယောက်က တွေ့ဆုံယှဉ်ပြိုင်ကြမည်ဟူသော သတင်းများ ထွက်ပေါ်လာလေသည်။

ထိုယှဉ်ပြိုင်ကြမည့် သိုင်းသမားနှစ်ယောက်မှာ ဘီလူးဖြူနှင့် ဘီလူးမည်းတို့ ဖြစ်လေသည်။

♠ ♠ ♠

ဘီလူးဖြူနှင့် ဘီလူးမည်း...။

ထိုသိုင်းသမားနှစ်ယောက်သည် အဖြူရောင်သိုင်းသမားသို့မဟုတ် အနက်ရောင်သိုင်းသမားဟူ၍ သတ်သတ်မှတ်မှတ် ပြောဆို၍မရနိုင်ဘဲ ကိုယ့်သဘောနှင့်ကိုယ် မှန်သည် ထင်ရာလုပ်ကိုင်ဆောင်ရွက်တတ်သော အဖြူမကျ အနက်မကျ သိုင်းသမားများ ဖြစ်လေသည်။

သူတို့သည် သိုင်းလောက၌ တစ်ဦးချင်း တစ်ယောက်ချင်း ပေါ်ပေါက်လာခဲ့ကြသည် မဟုတ်ပါ။

ဘီလူးဖြူ၊ ဘီလူးမည်း၊ ဘီလူးနှစ်ဖော်ဟူ၍ သိုင်းလောက၌ ထွက်ပေါ်လာခဲ့ကြခြင်း ဖြစ်လေသည်။

ဘီလူးနှစ်ဖော်သည် အမြဲမခွဲ တတွဲတွဲဖြင့် သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့ကြသည်။

သူတို့၏သိုင်းပညာရပ်များကလည်း ထူးခြားထက်မြက်လှသဖြင့် သိုင်းလောကတစ်ခွင်လုံး တုန်လှုပ်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးနှစ်ဖော်နှင့် ထိပ်တိုက်ရင်ဆိုင် မတွေ့ရလေအောင် ရှောင်ကွင်းကြလေသည်။

ဘီလူးညီနောင်သည် သိုင်းလောက၌ ထင်တိုင်းကျဲခဲ့ကြ ရင်း သူတို့၏သိုင်းပညာလည်း တိုးတက်သည်ထက် ပို၍တိုးတက်လာကြပြီး ပို၍ကြောက်မက်ဖွယ်ကောင်းသူများ ဖြစ်လာခဲ့ကြလေသည်။

ဘီဘူးမည်းသည် ကိုယ်ဖော့ပညာ ပြိုင်စံရှားသူ ဖြစ်လာပြီး ဘီလူးဖြူက အတွင်းအားနှင့် ပတ်သက်၍ ယှဉ်ပြိုင်နိုင်သူ မရှိသော သိုင်းလောက၏အတွင်းအား အကောင်းဆုံး သိုင်းသမား ဖြစ်လာလေသည်။

ဘီလူးဖြူနှင့် ဘီလူးမည်းတို့က သိုင်းလောကအား လွှမ်းမိုးလိုက်ကြတော့မည်ဟု အားလုံးယူဆကာ စိုးရိမ်ထိတ်လန့်နေကြချိန်မှာပင် ဘီလူးဖြူနှင့် ဘီလူးမည်းတို့သည် အချင်းချင်း ပြဿနာ ဖြစ်ပေါ်ကာ ယှဉ်ပြိုင်ရန် စိန်ခေါ်လိုက်ကြသဖြင့် သိုင်းလောကတစ်ခုလုံး တအံ့တဩ ဖြစ်ကြရလေတော့သည်။

♠ ♠ ♠

ဘီလူးဖြူနှင့် ဘီလူးမည်းတို့သည် သွေးသောက်ညီအစ်ကို ဖွဲ့ကာ အမြဲမခွဲ တတွဲတွဲဖြင့် သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့ကြလေသည်။

သူတို့နှစ်ယောက် ဘယ်တော့မှ စိတ်ဝမ်းမကွဲဘဲ တသွေး



ထဲ တသားထဲ ရှိနေကြလိမ့်မည်ဟု ယုံကြည်ရသည်အထိပင်။

သို့သော် ထူးခြားသော အကြောင်းကိစ္စတစ်ခုဖြင့် ဘီလူးဖြူ၊ ဘီလူးမည်းတို့ စိတ်ဝမ်းကွဲစရာ ဖြစ်သွားကြ၏။

နှစ်ယောက်သား မိမိတို့၏ဆန္ဒသဘောထားကို တရားသေဆုပ်ကိုင်ထားခဲ့ကြပြီး စေ့စပ်၍ မရနိုင်တော့အောင် စိတ်ဝမ်းကွဲသွားခဲ့ကြလေသည်။

ထို့အပြင် တစ်ယောက်ကိုတစ်ယောက် အသာစီးရနိုင်ဖို့ ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်သည်အထိ ဖြစ်လာခဲ့တော့သည်။

ခွန်လုံတောင် ချိန်းဆိုပွဲနှင့် ပတ်သက်၍ စိတ်ဝင်စားခဲ့ကြပြီး စုံစမ်းကြည့်ခဲ့ကြရာမှ ဘီလူးနှစ်ဖော်သည် သိုင်းကျောစ် ချူဂူကျိ၏ရတနာပစ္စည်းတစ်ခုနှင့် ပတ်သက်ခဲ့ကြောင်း သိလာကြလေသည်။

ထို့ကြောင့် ခွန်လုံတောင်ပြိုင်ပွဲအား သိုင်းလောကတစ်ခုလုံး စိတ်ဝင်စားခဲ့ကြခြင်း ဖြစ်ပေတော့သည်။

ဘီလူးနှစ်ဖော်သည် ချူဂူကျိ၏သိုင်းလောက ရတနာပစ္စည်းတစ်ခုနှင့် ပတ်သက်ခဲ့ကြသည်မှာ အမှန်ပင် ဖြစ်ပါသလော။

ထိုကိစ္စမှာ အမှန်ပင် ဖြစ်လေသည်။ ဘီလူးနှစ်ဖော်သည် ချူဂူကျိ၏ရတနာပစ္စည်းတစ်ခုနှင့် မမျှော်လင့်ဘဲ ပတ်သက်ခဲ့ရခြင်းလည်း ဖြစ်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ချင်းဟုန်...။

ချင်းဟုန်သည် ချို့ဂူကျီအား လုပ်ကြံကာ သိုင်းလောက ရတနာပစ္စည်းနှစ်မျိုး ရရှိနိုင်ဖို့ ကြိုးစားခဲ့သည်။

သို့သော်...

ကံမကောင်း အကြောင်းမလှဘဲ ရတနာပစ္စည်းတစ်ခုကို သာရရှိခဲ့ပြီး ကျန်ပစ္စည်းတစ်မျိုးအား လက်လွှတ်ဆုံးရှုံးလိုက်ရလေသည်။

လောဘကြီးသော ချင်းဟုန်သည် လက်လွှတ်လိုက်ရသော ပစ္စည်းတစ်ခုကို ရအောင် ရှာဖွေယူဖို့ ဆုံးဖြတ်ခဲ့လေသည်။

သူရရှိလိုက်သော ပစ္စည်းတစ်ခုကို လုံခြုံစွာ သိမ်းဆည်းပြီး နောက် ချောင်းရိုးအတိုင်း ချောင်းရေထဲ မျောပါသွားသော ကျန်ရတနာပစ္စည်းတစ်ခု နောက်သို့ လိုက်သွားလေသည်။

ထိုချောင်းကလေးသည် ကောက်ကျင်းနယ်ဘက်သို့ စီးဆင်းသွားခြင်း ဖြစ်သည်။

ကောက်ကျင်းနယ်နှင့် ထိစပ်နေသော နယ်မြေသည် ယဉ်ကျေးမှု နောက်ကျသော လူရိုင်းမျိုးနွယ်စုတို့၏ နယ်မြေဖြစ်သည်။

ချောင်းကလေးသည် ကောက်ကျင်းနယ် အနီးသို့ ရောက်မှ လူရိုင်းတို့၏ နယ်မြေဘက်သို့ ကွေ့ကောက်စီးဆင်းသွားခြင်း ဖြစ်လေသည်။

ချင်းဟုန် အခက်ကြုံသွားလေသည်။

လူရိုင်းနယ်မြေသည် အလွန်အန္တရာယ်များသော နယ်မြေတစ်ခု ဖြစ်ကြောင်း လူတိုင်း သိရှိထားကြ၏။



လူရိုင်းနယ်မြေ အတွင်းသို့ ဝင်ရောက်သွားမိသူတိုင်း ပြန်လမ်း မရှိကြပေ။

ချင်းဟုန် အခက်တွေ့နေပြီး မည်သို့ပြုလုပ်ရမည်ကို အကြံထုတ်နေစဉ် မြင်းစီးသမားတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုမြင်းစီးသမားကို မြင်လျှင် ချင်းဟုန် ဝမ်းသာသွားလေသည်။

မြင်းစီးသမားမှာ နာမည်ရှိသော သိုင်းသမားတစ်ယောက် မဟုတ်ပါလား။

လေဝဲစွန်သိုင်းသမား'ဝါးကျောက်လုံ'ဆိုလျှင် နယ်ခြားဒေသဘက်မှလာသော ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်ကြောင်း လူတိုင်း သိကြလေသည်။

ချင်းဟုန်နှင့် ခင်မင်ရင်းနှီးခြင်း မရှိသော်လည်း တစ်ယောက်နှင့်တစ်ယောက် တွေ့မြင်ဖူးထားကြလေသည်။

ချင်းဟုန်သည် လမ်းဘေးသစ်ပင်တစ်ပင်အောက်၌ ထိုင်ကာ မှိုင်တွေနေရာမှ ဝေါက်ခနဲထရပ်ပြီး လမ်းပေါ်ပြေးထွက်လိုက်လေသည်။

တောလမ်းအတိုင်း မြင်းစီးခရီးနှင်လာသည့် လေဝဲစွန်သိုင်းသမား'ဝါးကျောက်လုံ' ရင်ထိတ်သွားပြီး...

"ရပ်လိုက်စမ်း"

မြင်းဇက်ကြိုးတင်းတင်းဆွဲကာ မြင်းကို ရပ်တန့်လိုက်လေသည်။ မလှမ်းမကမ်းသို့ ရောက်လာသော ချင်းဟုန်အား အကဲခတ်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်သူလဲ၊ ကျုပ်ကို ဘာကြောင့် တားဆီးရတာလဲဗျ"

ဟု မေးလိုက်လေသည်။

ချင်းဟုန်က...

"ခင်ဗျားဟာ လေဝဲစွန် ဝါးကျောက်လုံ မဟုတ်လားဗျာ၊ ကျုပ်တို့ ဝူတန်းဂိုဏ်းမှာ တွေ့ခဲ့ကြဖူးပါတယ်၊ ကျုပ်က ချင်းဟုန်ပါ"

ဟု ကိုယ့်ကိုကိုယ် မိတ်ဆက်လိုက်လေသည်။

ဝါးကျောက်လုံ မှတ်မိသွားလေတော့သည်။

"ဪ..ဘယ်သူများလဲ မှတ်တယ်၊ ဝူတန်အကြီးအကဲ ချင်းဟုန်ကိုး"

"ဟုတ်ပါတယ်ဗျာ"

"အင်း..မိတ်ဆွေက သည်လောက် ဝေးလံသီခေါင်တဲ့ အရပ်ဒေသကို ဘာကြောင့် ရောက်လာရတာလဲ၊ အကြောင်းကိစ္စတစ်ခုခုများ ရှိနေလို့လား"

ချင်းဟုန်က...

"မှန်လိုက်လေဗျာ၊ ကျုပ်က သိုင်းကော်ရာ်ချိုဝူကျိရဲ့ ရတနာပစ္စည်းတစ်ခုဟာ ကောက်ကျင်းနယ်နဲ့ ထိစပ်နေတဲ့ လူရိုင်းနယ်ထဲမှာ ရှိနေတယ်ဆိုလို့ ရှာဖွေဖို့ လာခဲ့တာပဲဗျ၊ သည်ကိုရောက်မှ လူရိုင်းနယ်ထဲကို နယ်မြေမကျွမ်းကျင်ဘဲ တစ်ယောက်ထဲဝင်ဖို့ မလွယ်တာကြောင့် အခက်ကြုံနေရတာပေါ့ဗျာ"

လူရိုင်းနယ်မြေသို့ ပြင်ပမှ လူစိမ်းများ ဝင်ထွက်သွားလာဖို့ အလွန်ခက်ခဲမည် ဖြစ်သော်လည်း ကောက်ကျင်းနယ်မှ အချို့လူများ



အတွက်ကား ခြွင်းချက်တစ်ခု ဖြစ်လေသည်။

လူရိုင်းများသည် နယ်မြေချင်း ထိစပ်နေသည့် ကောက်ကျင်းနယ်မှ လူများနှင့်ကား လူသုံးကုန် လိုအပ်သည့် ပစ္စည်းများအတွက် ပတ်သက်ဆက်ဆံမှုများ ရှိပေသည်။

ကောက်ကျင်းနယ်သားများအတွက် လူရိုင်းနယ်မြေသည် အခြားအရပ်ဒေသမှ လူများလောက် ကြောက်ရွံ့ထိတ်လန့်စရာ နည်းပါးသောနယ်မြေ ဖြစ်လေသည်။

ထိုအချက်ကို သိထားသော ချင်းဟုန်က ဝါးကျောက်လုံအား အကူအညီတောင်းလိုက်ခြင်း ဖြစ်လေသည်။

ဝါးကျောက်လုံ စိတ်ဝင်စားသွားလေသည်။

"သိုင်းကော်ရာ် ချိုဝူကျိရဲ့ ရတနာပစ္စည်းတစ်မျိုး ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ချိုဝူကျိက အနားယူသွားပြီ မဟုတ်လား"

"ဟုတ်တယ်"

"သူ့ရဲ့ ရတနာပစ္စည်းတွေကို သူက သိမ်းဆည်းထားမှာပဲ မဟုတ်လား"

"သူက သိမ်းထားတယ်၊ ဒါပေမယ့် စောရတစ်ယောက်က တိတ်တဆိတ် ခိုးယူပြီး ထွက်ပြေးသွားတာ၊ သူက ကောက်ကျင်းနယ်နဲ့ ထိစပ်နေတဲ့ လူရိုင်းနယ်မြေထဲကို ရောက်သွားတယ်ဗျ"

"သည်လိုကိုး"

ဝါးကျောက်လုံ သဘောကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း...

"ကောင်းတယ်..ကောင်းတယ်၊ ကျုပ်ကူညီမယ်၊ ဒါပေမယ့် ချိုဝှက်ကိုရဲ့ ရတနာပစ္စည်းကိုရရင် ကျုပ်နဲ့လဲ သက်ဆိုင်တယ်၊ ကဲ.. ခင်ဗျား ဘယ်လိုသဘောရသလဲ"

ဟု မေးလေသည်။

ချင်းဟုန် ဘဝင်မကျ ဖြစ်သွားလေသည်။

သို့သော် လူရိုင်းနယ်မြေထဲ၌ ရောက်ရှိနေသော ရတနာပစ္စည်းအား ရှာဖွေရယူနိုင်ဖို့ အကူအညီ လိုအပ်နေသည် ဖြစ်ရကား သဘောတူလိုက်ရလေသည်။

"ဟာ..မိတ်ဆွေက ကူညီမယ်ဆိုရင် အကျိုးရှိလာတဲ့အခါ နှစ်ယောက်စလုံး ညီတူမျှတူ အကျိုးခံစားခွင့် ရှိတာပေါ့ဗျာ"

ဝါးကျောက်လုံက...

"ဒါဖြင့် သွားကြမယ်၊ ကျုပ်ရဲ့ မြင်းပေါ်တက်ပါ၊ ကျုပ်တို့ အတူတူသွားကြမယ်"

"ကောင်းပြီ"

ချင်းဟုန်က မြေပေါ်ခြေဆောင့်ကာ မြင်းပေါ်ခုန်တက်လိုက်လေသည်။

"ဟေး"

ဝါးကျောက်လုံက မြင်းဇောက်ကာ ဒုန်းစိုင်းမောင်းနှင်သွားလေတော့သည်။

♠ ♠ ♠



## ကံတရား

ချင်းဟုန်သည် ဝါးကျောက်လုံနှင့် မိတ်ဖွဲ့ကာ ပျောက်ဆုံးသွားသော ရတနာပစ္စည်းတစ်ခုကို ရှာဖွေရန် လူရိုင်းနယ်မြေထဲသို့ ဝင်ရောက်ခဲ့လေသည်။

ဝါးကျောက်လုံသည် နယ်မြေခံ လူရိုင်းမျိုးနွယ်စု ခေါင်းဆောင်များနှင့် ခင်မင်ရင်းနှီးသူ ဖြစ်ရကား လူရိုင်းနယ်မြေတွင် မည်သို့သော အခက်အခဲ အန္တရာယ်မျိုးမျှ မတွေ့ခဲ့ရပေ။

လူရိုင်းနယ်မြေအတွင်း ဖြတ်သန်းစီးဆင်းသွားသည့် ချောင်းရိုးတလျှောက်၌ လိုက်လံရှာဖွေခဲ့ကြလေသည်။

သို့သော် ချင်းဟုန် မျှော်လင့်သလို ဖြစ်မလာခဲ့ပါချေ။

ချိုဝှက်ကို၏ရတနာပစ္စည်းကို လုံးဝမတွေ့ရတော့ချေ။

ချင်းဟုန် စိတ်ဓာတ်ကျသွားတော့သည်။

လူရိုင်းနယ်မြေထဲ၌ ရာသီဥတုဆိုးဝါးပြီး ရောဂါဘယ ထူပြောရကား သုံးလခန့် ကြာမြင့်လျှင် ချင်းဟုန်မှာ အဖျားရောဂါတစ်မျိုး စွဲကပ်ခဲ့တော့သည်။

ချင်းဟုန် မကျန်းမမာ ဖြစ်လာခြင်းကြောင့် ရတနာပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ကို ဆက်၍ ရှာဖွေနိုင်ခြင်း မပြုတော့ဘဲ ဝါးကျောက်လုံက ချင်းဟုန်အား ဆေးဝါးကုသပေးရန် သူ၏အိမ်သို့ ခေါ်သွားခဲ့လေသည်။

ဝါးကျောက်လုံမှာ ကောက်ကျင်းနယ်၌ နေထိုင်သူ ဖြစ်ပါသည်။

ကောက်ကျင်းနယ်မှ ကျေးရွာကလေးတစ်ရွာ၌ ဝါးကျောက်လုံ၏အိမ်ရှိသည်။

ဝါးကျောက်လုံတွင် ဝါးမေဆိုသော သမီးတစ်ယောက် ရှိ၏။

ဝါးမေသည် အလွန်အရုပ်ဆိုး အကျည်းတန်သော မိန်းကလေးတစ်ယောက် ဖြစ်ပေသည်။

သို့သော် သူမသည် ရုပ်ဆိုးသလောက် သဘောမနောကောင်းသူလေး ဖြစ်သည်။

ဝါးကျောက်လုံက ချင်းဟုန်အား ခေါ်လာသောအခါ သူမပင် တာဝန်ယူကာ ပြုစုပေးခဲ့လေသည်။

ချိုဝူကျီအပေါ် အကောက်ကြံခဲ့သော ချင်းဟုန် ဝဋ်လည်ခြင်း ဖြစ်လေသည်။

အဖျားရောဂါကြောင့် အိပ်ရာထဲ ဘုန်းဘုန်းလဲသွားပြီး ဆေးဆရာများက ကုသပေးခဲ့ကြပါသော်လည်း သက်သာမလာသည့်အပြင် တစ်နေ့တခြား အခြေအနေ ပိုဆိုးလာခဲ့လေသည်။

ချင်းဟုန်လည်း ကိုယ့်အခြေအနေ ကိုယ်သိထားရကား နောင်တရမိလေသည်။

"ငါ လောဘကြီးပြီး သူတပါးအပေါ် အကောက်ကြံမိတာကြောင့် ခုတော့ ဒုက္ခရောက်ရပြီ"



သူ၏ မကောင်းမှုကိုတွေးပြီး နောင်တရမိသော်လည်း နောက်ကျနေပြီ ဖြစ်သည်။

ချင်းဟုန်က စိတ်လျှော့ပြီး ဝါးကျောက်လုံအား အမှန်အတိုင်း ဖွင့်ပြောပြလိုက်လေတော့သည်။

"မိတ်ဆွေ ကျုပ်က အမှားကြီးတစ်ခု ကျူးလွန်မိခဲ့တယ်၊ ကျုပ်အမှားကို တစ်ယောက်ယောက်ဆီမှာ ဖွင့်ဟဝန်မခံရရင် ကျုပ်အသေဖြောင့်မှာ မဟုတ်လို့ ကျုပ်ရဲ့ဝန်ခံချက်ကို နားထောင်စေချင်ပါတယ်ဗျာ"

ဝါးကျောက်လုံ အံ့ဩသွား၏။

"မိတ်ဆွေက ဘယ်လိုအမှားမျိုး ကျူးလွန်မိခဲ့လို့လဲဗျာ"

ချင်းဟုန်က...

"ကျုပ်က ချိုဝူကျီကို အကောက်ကြံမိတယ်"

သူ၏မကောင်းသော လုပ်ရပ်ကို ဝန်ခံလိုက်လေသည်။

ဝါးကျောက်လုံ အထိတ်တလန့် ဖြစ်သွားလေသည်။

သိုင်းလောကမှ နုတ်ထွက်ကာ သိုင်းပညာကို လုံးဝအသုံးမပြုတော့ဘဲ အနားယူလိုက်သူတစ်ယောက်အား အကောက်ကြံကာ လုပ်ကြံသည့် ဖြစ်ရပ်မှာ အတော်ပင် အရုပ်ဆိုးအကျည်းတန်လှပေသည်။

ထိုကဲ့သို့သော လုပ်ရပ်မျိုး ပြုလုပ်သူအား သိုင်းလောကသားများက ရွံရှာမုန်းတီးကာ ဆုံးမသုတ်သင်ပစ်လေ့ ရှိကြပေသည်။

ချင်းဟုန်မှာ လူယုတ်မာတစ်ယောက်ဟု သတ်မှတ်ရမည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်၌ ချင်းဟုန်မှာ သေလုမြောပါး ရှိနေပြီ ဖြစ်ရကား အဖြစ်မတင်လိုတော့ပါချေ။

ချင်းဟုန်က...

"ရတနာပစ္စည်းတစ်ခုကို ကျုပ်ရရှိခဲ့ပေမယ့် ကျန်တဲ့တစ်ခုကတော့ ကျုပ်အဖြစ်ကြောင့် ပျောက်ဆုံးသွားခဲ့ပါတယ်၊ မိတ်ဆွေကို အကူအညီတောင်းချင်တာက ပျောက်ဆုံးသွားတဲ့ ရတနာပစ္စည်းကို ရှာဖွေပြီး ကျုပ်ဆီမှာ ရှိနေတဲ့ ပစ္စည်းနဲ့အတူ ချိုဂူကျိရဲ့ ဆွေမျိုးသားချင်းတွေ လက်ထဲ ပြန်ပို့ပေးဖို့ပါပဲ"

"ကောင်းပါပြီဗျာ၊ ကျုပ်အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးပါ့မယ်"

ဝါးကျောက်လုံ သဘောတူလိုက်လေသည်။

ချင်းဟုန်အား ကူညီရန် ဆုံးဖြတ်လိုက်ခြင်းကြောင့် အလွန်အန္တရာယ်ကြီးမားသော တာဝန်တစ်ခုကို ဆောင်ရွက်ရတော့မည် ဖြစ်လေသည်။

ဝါးကျောက်လုံက ကူညီမည်ဟု ကတိပေးလျှင် ချင်းဟုန် ဝမ်းသာသွားလေသည်။

သူရရှိထားသော ရတနာပစ္စည်းတစ်ခုအား ဝါးကျောက်လုံ လက်ထဲ အပ်နှံလိုက်လေသည်။

ထို့နောက် သုံးရက်အကြာတွင် သေဆုံးသွားခဲ့လေတော့သည်။ ကံကြမ္မာ အလှည့်အပြောင်းကြောင့် ချင်းဟုန်မှာ ရတနာပစ္စည်း တစ်ခုရခဲ့သော်လည်း အကျိုးခံစားခွင့်မရဘဲ သေဆုံးသွားရလေသည်။



ထိုရတနာပစ္စည်းကား သွေးစွန်းသော ရတနာပစ္စည်းဖြစ်နေချေပြီ။

အကောက်ကြီးက ရယူခဲ့သည့် ချင်းဟုန် သေဆုံးသွားပြီးနောက် လက်ခံရရှိသော ဝါးကျောက်လုံ၏ ကံကြမ္မာကော မည်သို့ရှိမည်နည်း။

♠ ♠ ♠

'စိတ်ညို့နတ်စောင်းနှင့် မရဏာပလွေ'တို့မှာ သိုင်းလောက ရတနာပစ္စည်းနှစ်မျိုး ဖြစ်လေသည်။

စိတ်ညို့နတ်စောင်းသည် လက်ဝါးအရွယ်ခန့်သာ ရှိသော အနက်ရောင်စောင်းငယ်လေး တစ်လက်ဖြစ်သည်။

တကယ့်စောင်းကြီးများကဲ့သို့ ကြိုးများတပ်ဆင်ပြီး တီးခတ်၍ရအောင် ပြုလုပ်ထားသည်။

စိတ်ညို့နတ်စောင်းအား မည်သို့မည်ပုံ တီးခတ်ရမည်ဆိုသော စောင်းသံလမ်းညွှန် ကျမ်းစာအုပ်ငယ်လေး တစ်အုပ်ကိုလည်း စောင်းအိမ်ထဲ၌ ထည့်သွင်းထားရှိလေသည်။

ထိုစောင်းသံ လမ်းညွှန်ကျမ်းမှ သင်္ကေတများကို အသုံးပြုကာ တီးခတ်ခြင်းဖြင့် စောင်းသံစဉ်များ ထွက်ပေါ်လာမည်ဖြစ်သည်။

စိတ်ညို့နတ်စောင်းသံစဉ်များမှာ အလွန်ကြောက်စရာကောင်းသော သိုင်းပညာတစ်ရပ် ဖြစ်ပါတော့သည်။

ထို့အတူ...

www.burmeseclassic.com

www.burmeseclassic.com



မရဏာပလွေသည်လည်း အလွန်ထူးခြားထက်မြက်သော လက်နက်ကိရိယာတစ်မျိုး ဖြစ်လေသည်။

မရဏာပလွေမှာ လက်နက်ပုန်းကလေးများ ပစ်ခတ်အသုံးပြုနိုင်သော လက်နက်ကိရိယာ တစ်မျိုးလည်း ဖြစ်သည်။

မရဏာပလွေကို ဝှေ့ယမ်းကာ လက်နက်ပုန်းလေးများပစ်လွှတ်လိုက်လျှင် ရှောင်တိမ်းနိုင်သူ မရှိပေ။

အလွန်ကြောက်စရာကောင်းသော လက်နက်ဆန်းတစ်ခုဖြစ်ပါတော့သည်။

ထိုရတနာပစ္စည်းနှစ်ခုအနက် မရဏာပလွေနှင့် သက်ဆိုင်သောအထုပ်ကလေးကို ချင်းဟုန်ရရှိခဲ့ခြင်းဖြစ်သည်။

ချင်းဟုန်ထံမှတဆင့် ဝါးကျောက်လုံ ရရှိခဲ့သည်။

ထို့အတူ ချင်းဟုန်၏ ကံဆိုးမှုများသည်လည်း ဝါးကျောက်လုံအား ကူးစက်ခဲ့လေတော့သည်။

♠ ♠ ♠

ည…။

ကောင်းကင်ပေါ်၌ လခြမ်းပုံကလေးသာရှိသော လဆန်းပိုင်း ညတစ်ညဖြစ်သည်။

ညဉ့်နက်ပြီဖြစ်သော်လည်း ဝါးကျောက်လုံ အိပ်စက်ခြင်းမပြုနိုင်သေးပါချေ။ စာကြည့်စားပွဲ၌ထိုင်ကာ ဆီစိမ်စက္ကူစာရွက်ကို အာရုံစိုက် ကြည့်ရှုနေမိလေသည်။



ထိုဆီစိမ်စက္ကူစာရွက်ကား 'မရဏာပလွေ'နှင့်ပတ်သက်နေပါသည်။

ဝါးကျောက်လုံ အတန်ကြာအောင် ကြည့်ရှုလေ့လာပြီးနောက် သက်ပြင်းချလိုက်သည်။ ထိုင်ရာမှထကာ အညောင်းဆန့်လိုက်သည်။ တဖန် ဆီစိမ်စက္ကူစာရွက်ကလေးအား မူလအတိုင်းပြန်ခေါက်ပြီး ငွေဘူးကလေးထဲထည့်လိုက်သည်။

သူက ချင်းဟုန်ပေးခဲ့သော အထုပ်ကလေးကို ဖွင့်ကြည့်သောအခါ ငွေဘူးကလေးတစ်ခု တွေ့ရသည်။

ထိုငွေဘူးလေးထဲ၌ မရဏာပလွေ၏ လျှို့ဝှက်ချက်ဖြစ်သော ဆီစိမ်စက္ကူစာရွက်ကလေးအား တွေ့လိုက်ရခြင်းဖြစ်လေသည်။

ဝါးကျောက်လုံက နေသားတကျ ပြန်လည်သိမ်းဆည်းကာ အနီရောင်ပိုးပဝါလေးဖြင့် ထုပ်လိုက်သည်။

သိုင်းလောကရတနာပစ္စည်းအား ချူဂူကျီ၏ ဆွေမျိုးသားချင်းများထံသို့ ပြန်ပို့ပေးရမည်ဖြစ်ပါသည်။

ဝါးကျောက်လုံက ချင်းဟုန်အား ကတိပေးထားသည့်အတိုင်း ချောင်းထဲမျောပါသွားသော အထုပ်ကလေးကို လိုက်ရှာခဲ့လေသည်။

သို့သော် ခြောက်လခန့် ကြာသွားသည့်တိုင်အောင် ရှာဖွေမတွေ့နိုင်သဖြင့် လက်လျှော့လိုက်လေသည်။

"ရေအဆုံးကုန်းတစ်ဝက်ပဲ၊ ရှာလို့တွေ့နိုင်တော့မယ် မထင်ဘူး၊ ချင်းဟုန်ပေးခဲ့တဲ့ပစ္စည်းကိုပဲ ချူဂူကျီရဲ့ဆွေမျိုးသားချင်းတွေဆီကို သွားပေးလိုက်တော့မယ်၊ သည်ပစ္စည်းကို ယူလားသို့ဖြစ်ပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ကိုယ့်ပစ္စည်းမဟုတ်တော့ ပိုင်ရှင်လက်ထဲ ပြန်ပေးလိုက်တာ အကောင်းဆုံးပါပဲလေ"

ဝါးကျောက်လုံက နောက်တစ်နေ့ နံနက်တွင် ခရီးထွက်ရန် စိတ်ကူးထားပြီး ဖြစ်သည်။

သမီးဖြစ်သူ ရုပ်ဆိုးမလေးဝါးမေကိုလည်း သူခရီးထွက်မည့် အကြောင်းပြောကာ မှာစရာရှိသည်များကိုလည်း မှာကြားထားပြီး ဖြစ်လေသည်။

"သမီး...ဖေဖေ ခရီးထွက်ရလိမ့်မယ်၊ တစ်လလောက်တော့ ကြာမယ်၊ သမီးက အိမ်မှာပဲနေပြီး သိုင်းပညာလေ့ကျင့်နေပါ၊ ဘယ်မှမသွားပါနဲ့၊ ဖေဖေပြန်ရောက်လာတဲ့အထိ အိမ်ကပဲစောင့်ပါ"

ဝါးကျောက်လုံမှာ မကြာခဏ ခရီးထွက်တတ်သူဖြစ်ရာ ယခု ခရီးထွက်မည်ဆိုသောအခါ ဝါးမေ မည်သို့မျှ သဘောမထားတော့ပေ။

အချိန်တန်လျှင် အိမ်ပြန်ရောက်လာလိမ့်မည်ဟုသာ သဘောထားလိုက်လေတော့သည်။

"ကောင်းပါပြီ ဖေဖေ၊ သမီးအိမ်မှာပဲ နေပါ့မယ်"

သူမသည် ဖခင်ကြီး ခရီးထွက်ရန် လိုအပ်သည့်ပစ္စည်းများ ပြင်ဆင်ပေးထားလိုက်ပြီး အိပ်ရာဝင်သွားခြင်း ဖြစ်ပါတော့သည်။

ဝါးကျောက်လုံက အထုပ်ကလေးကို စားပွဲပေါ်တင်ခဲ့ပြီး ပြတင်းပေါက်ဆီသို့သွားက အပြင်ဘက် လှမ်းမျှော်ကြည့်လိုက်လေသည်။

မှုန်ဝါးဝါး လရောင်အောက်၌ အရာရာသည် မပီပိုးတဝါး



ရှိနေပါသည်။ အေးမြသော ညလေများ တိုက်ခတ်နေသည်။ ညအ ပိုးကောင်မွှားကောင်လေးများက တစီစီအော်မြည်နေ ကသည်။

ဝါးကျောက်လုံမှာ ယခုမှ လန်းလန်းဆန်းဆန်း ဖြစ်လာသည်ဟု ခံစားရလေသည်။

မျိုးရှုကျို၏ ရတနာပစ္စည်းနှစ်မျိုးနှင့် ပတ်သက်၍လည်း မှန်မှန်ကန်ကန် စဉ်းစားသုံးသပ်လိုက်လေသည်။

"ရတနာပစ္စည်းနှစ်မျိုးဟာ သိုင်းလောကအတွက် အဖိုးမဖြတ်နိုင်ပေမယ့် တကယ်တော့ ရှိသင့်ရှိထိုက်တဲ့ပစ္စည်းတွေ မဟုတ်ပါဘူး၊ သည်ပစ္စည်းတွေကြောင့် အကျိုးရှိမှာထက် ဆိုးကျိုးက ပိုများလိမ့်မယ်၊ ဖျက်ဆီးပစ်လိုက်မယ်ဆိုရင်တော့ အကောင်းဆုံးပဲ"

ရတနာပစ္စည်း နှစ်မျိုးကြောင့် သိုင်းလောကအကျိုးများဖို့ထက် ဆိုးကျိုးများကို ပို၍ဖြစ်ပေါ်စေနိုင်သည်မှာ အမှန်ပင်ဖြစ်လေသည်။

ရတနာပစ္စည်းများအား လိုချင်မက်မောခြင်းကြောင့် အကောက်ကြံမှု၊ လုပ်ကြံမှုနှင့် သွေးထွက်သံယို တိုက်ပွဲများ အတောမသတ်နိုင်အောင် ဖြစ်ပေါ်လာနိုင်သည် မဟုတ်ပါလား။

ဝါးကျောက်လုံက ချင်းဟုန်ပေးခဲ့သော ရတနာပစ္စည်းအား ဖျက်ဆီးပစ်လိုစိတ်များပင် ဖြစ်ပေါ်လာလေသည်။

ကျန်ပစ္စည်းတစ်ခုလည်း ပျောက်ဆုံးနေပြီ ဖြစ်ရကား လက်ထဲရှိနေသော ရတနာပစ္စည်းကို ဖျက်ဆီးပစ်ခြင်းဖြင့် ဖြစ်ပေါ်လာမည့် သွေးထွက်သံယိုမှုများအား ဟန့်တားနိုင်မည်ဟု ဝါးကျောက်လုံ တွေးလိုက်ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါးကျောက်လုံက ပြတင်းပေါက်အနီး၌ အတန်ကြာအောင် ရပ်နေပြီးမှ အခန်းတွင်းဘက်သို့ ပြန်ပြီး မျက်နှာမူလိုက်လေသည်။

ဤတွင်...

"ဟာ"

ဝါးကျောက်လုံ ထိတ်လန့်ကာ လွှတ်ခနဲ အော်လိုက်လေသည်။ အကြောင်းကား...

စားပွဲပေါ်တင်ထားသော ရတနာပစ္စည်း(ဝါ)အနီရောင် ပိုးပဝါဖြင့် ထုပ်ထားသော အထုပ်ကလေး ပျောက်ဆုံးသွားခြင်း ကြောင့် ဖြစ်လေသည်။

အထုပ်ကလေး မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

ဝါးကျောက်လုံ ပျာပျာသလဲ ဖြစ်သွားချိန်မှာပင်...

"ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ အိမ်ပြင်ဘက်၌ လူရိပ်တစ်ခု ပြေးလွှားသွားသည်ကို တွေ့လိုက်ရလေသည်။

ဝါးကျောက်လုံ မကျေမနပ်ဖြစ်သွားသည်။

"ငါ့ပစ္စည်း ခိုးယူပြီး ထွက်ပြေးလို့ရမယ်များ ထင်နေသလား"

ကြိုးဝါးရင်း ခြေဆောင့်ကာ ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ ခုန်ထွက်လိုက်လေသည်။

ထို့နောက် ပြေးလွှားသွားသူ နောက်သို့ တဟုန်ထိုးပြေးလိုက်သွားလေတော့သည်။

♠ ♠ ♠



လောဘ

"ဟူး..ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်နေသည်။

ဝါးကျောက်လုံသည် ရှေ့မှပြေးသွားနေသော လူရိပ်နောက်သို့ တဟုန်ထိုး ပြေးလိုက်သွားလေသည်။

နှစ်ယောက်သား ရှေ့ဆင့်နောက်ဆင့် ပြေးလွှားသွားကြရင်း တောင်ကုန်းတစ်ခုသို့ ရောက်ရှိသွားသောအခါ ဝါးကျောက်လုံက လူရိပ်ကိုကျော်ဖြတ်ကာ ရှေ့သို့အရောက်သွားပြီး လမ်းပိတ်ဟန့်တားထားလိုက်လေသည်။

"ရပ်လိုက်"

ဝါးကျောက်လုံက ဟန့်တားလိုက်သဖြင့် ထိုလူမှာ ဆက်၍ မပြေးနိုင်တော့ဘဲ ရပ်တန့်လိုက်ရလေတော့သည်။

ဝါးကျောက်လုံက ငေါက်လိုက်သည်။

"ပြန်ပေးစမ်း"

ညလူက...

"ရော့"

www.burmeseclassic.com

www.burmeseclassic.com



တစ်ရုံတစ်ခုပေးရန် ဟန်ပြပြီး ဓားတစ်လက်ဆွဲထုတ်ကာ တိုက်ခိုက်လိုက်လေသည်။

"ဝှစ်"

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာကာ ဓားရိပ်များသည် ဝါးကျောက်လုံအား ဖုံးလွှမ်းသွားလေသည်။

ဝါးကျောက်လုံ မကျေမနပ် ဖြစ်သွားလေသည်။

"မင်းက တိုက်ခိုက်ချင်နေတာကိုး၊ ကောင်းပြီ မင်းမှာ ဘယ်လောက် အစွမ်းအစရှိသလဲ ကြည့်ကြသေးတာပေါ့"

အော်ငေါက်ရင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

မှုန်ဝါးဝါး လရောင်အောက်၌ သာယာလှပနေသော တောင်တန်းလေးပေါ်၌ ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

ဝါးကျောက်လုံသည် အထုပ်ကလေး ခိုးယူသွားသော ညလူအား အလွယ်တကူ အနိုင်ရလိမ့်မည်ဟု ယုံကြည်ထားလေသည်။

သို့သော်...

ထိပ်တိုက်ရင်ဆိုင်လိုက်သည်နှင့် ညလူမှာ သိုင်းပညာ မခေသူဖြစ်ကြောင်း သိလိုက်ရလေသည်။

"ဟူး"

"ဝှစ်...ဝှစ်"

ထိုလူ၏ ပြင်းထန်သော ဓားချက်များကြောင့် ဝါးကျောက်လုံပင် နောက်ဆုတ်ပေး လိုက်ရလေသည်။

ဝါးကျောက်လုံ ရင်ထိတ်သွားသည်။



"သူ့ရဲ့သိုင်းပညာ မခေပါလား၊ ငါ ပေါ့ပေါ့တန်တန် သဘောထားလို့ မဖြစ်တော့ဘူး"

ဟုတွေးပြီး သူ၏အထက်မြက်ဆုံး သိုင်းပညာဖြစ်သော 'လေဝဲစွန်သိုင်းပညာ'ကို ထုတ်ဖော် အသုံးပြုလိုက်ရလေသည်။

ဝါးကျောက်လုံသည် စွန်ကြီးတစ်ကောင်အလား ခန္ဓာကိုယ် မြေပေါ်မှကြွတက်ကာ လေထဲရောက်ရှိသွားလေသည်။

သူ၏လှုပ်ရှားမှုကြောင့် လေပွေလှိုင်းများ၊ လေပြင်းများ ဖြစ်ပေါ်လာလေသည်။

"ယား"

ဝါးကျောက်လုံက ညာသံပေးကာ လေထဲပျံဝဲရွေ့လျားရင်း ညလူထံသို့ တိုးဝင်တိုက်ခိုက်လိုက်လေသည်။

သူ၏လှုပ်ရှားမှုနှင့် တိုက်ခိုက်မှုမှာ လေပြင်းမုန်တိုင်း တိုက်ခတ်လာသည့်အလား ပြင်းထန်လှပေသည်။

ညလူ ရင်ထိတ်သွားလေသည်။

မြေပေါ်ခြေနှစ်ဘက်ခွကာ မြဲမြံစွာရပ်ကာ အတွင်းအားကို လက်ဝါးနှစ်ဘက်၌ စုစည်းပြီး ပြန်လည်ရင်ဆိုင်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်...

"ဝုန်း"

"အား"

ကျယ်လောင်သောအသံ၊ စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာပြီး ညလူမှာ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

ဝါးကျောက်လုံ အနိုင်ရလိုက်ပြီ ဖြစ်သည်။

သူက ဆက်၍တိုက်ခိုက်ခြင်းမပြုဘဲ မြေပေါ်ခုန်ဆင်းလိုက်လေသည်။ ညလူကလည်း မြေပေါ်မှ လူးလိမ့်ထလိုက်လေသည်။

ထိုလူမှာ မတ်တတ်ရပ်လိုက်နိုင်သော်လည်း မဟန်နိုင်ဘဲ အသီးအယိုင်ဖြစ်နေသည်။

ဒဏ်ရာပြင်းစွာ ရရှိသွားပြီဖြစ်ကြောင်း ထင်ရှားနေသည်။

ဝါးကျောက်လုံက လက်ဝါးဖြန့်လိုက်သည်။

"ကျုပ်ပစ္စည်း ပြန်ပေးပါ"

"ကျုပ်ကို လွှတ်ပေးမယ်ဆိုရင် ပေးမယ်"

ဝါးကျောက်လုံ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်ပစ္စည်း ပြန်ပေးပြီးရင် ခင်ဗျားသွားနိုင်ပါပြီ"

"ဒါဖြင့် ခင်ဗျားပစ္စည်း ခင်ဗျားပြန်ယူပါ"

ညလူသည် အင်္ကျီရင်ဘတ်ကြားမှ ပစ္စည်းတစ်ခု ထုတ်ယူကာ ပစ်ပေးလိုက်လေသည်။

ဝါးကျောက်လုံက ဖမ်းယူရန် ဟန်ပြင်လိုက်သည်။

သို့သော် ပစ်လွှင့်လာသည့်ပစ္စည်းမှာ အနီရောင်အထုပ်ကလေးမဟုတ်ဘဲ ခပ်မည်းမည်း အလုံးကလေးတစ်လုံး ဖြစ်နေရကား ပေါက်ကွဲစေတတ်သော လောင်မီးလက်နက်ပုန်းဖြစ်ကြောင်း သိ လိုက်ရလျှင် ဝါးကျောက်လုံ ဒေါသထွက်သွားလေသည်။

"မင်း တော်တော် ကောက်ကျစ်ပါလား"



အော်ပြောရင်း နောက်သို့ ကျွမ်းပစ်ကာ ခုန်ထွက်ရှောင်တိမ်းလိုက်လေသည်။

ဝါးကျောက်လုံ ခုန်ထွက်သွားချိန်မှာပင်...

"ဗုန်း"

လောင်မီးလက်နက်ပုန်းလေးက ပေါက်ကွဲသွားတော့သည်။

မီးတောက်များ၊ မီးပွားများ အရပ်လေးမျက်နှာသို့ လွင့်စဉ်သွားသကဲ့သို့ မီးခိုးများလည်း ထွက်ပေါ်လာကာ ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားလေသည်။

ဝါးကျောက်လုံမှာ မီးဟပ်ခံလိုက်ရသဖြင့် တစ်ကိုယ်လုံး ပူလောင်သွားသော်လည်း ကံကောင်းထောက်မကာ အသက်ဘေးမှ လွတ်မြောက်သွားလေသည်။

ဝါးကျောက်လုံ ခပ်ဝေးဝေးသို့ ရောက်အောင် ရှောင်တိမ်းသွားပြီး မီးခိုးများ လွင့်ပါးပျောက်ကွယ်သွားသောအခါ ညလူကို မတွေ့ရတော့ပါ။

"တောက်"

ဝါးကျောက်လုံ ခပ်ပြင်းစွာ တက်ခေါက်လိုက်သည်။

ညလူ လွတ်မြောက်သွားသော်လည်း မမှုပါ။

လောင်မီးလက်နက်ပုန်း အသုံးပြုတတ်သူမှာ မည်သူမည်ဝါ ဖြစ်ကြောင်း သူသိရှိထားသည် မဟုတ်ပါလား။

"အသားမည်း မင်း ဘယ်ပြေးမလဲ"

ဟု ကြုံးဝါးလိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## လုပ်ကြံခြင်း

"အဟွတ်..အဟွတ်"

အသားမည်းက ချောင်းတဟွတ်ဟွတ်ဆိုးပြီး နှုတ်ခမ်းထောင့်မှ စီးကျလာသော သွေးများကို သုတ်လိုက်သည်။

ဝါးကျောက်လုံ၏လေဝဲစွန်လက်ဝါးသိုင်းကွက်ကြောင့် ဒဏ်ရာပြင်းစွာ ရရှိခဲ့ပြီ မဟုတ်ပါလား။

အသားမည်းက ထိုင်ခုံ၌ ထိုင်ချကာ အမောဖြေလိုက်လေသည်။

အသားမည်းသည် နာမည်နှင့်လိုက်အောင် အသားမည်းသူဖြစ်လေသည်။

အဖြူမကျ အနက်မကျသော သိုင်းသမားတစ်ယောက်လည်း ဖြစ်သည်။

သိုင်းပညာ ဟုတ္တိပတ္တိ မရှိသော်လည်း ကိုယ်ဖော့ပညာထူးချွန်ကာ ကြောက်မက်ဖွယ်ကောင်းသော 'လောင်မီး'လက်နက်အသုံးပြုသူဖြစ်၍ သူ့အား အထင်မသေးဝံ့ကြပေ။



အသားမည်းမှာ ဝါးကျောက်လုံနှင့် သိကျွမ်းသူတစ်ယောက်လည်း ဖြစ်သည်။

အသားမည်းက စားပွဲပေါ်၌ အသင့် ရှိနေသော အရက်ခွက်ကိုယူကာ မော့ချလိုက်သည်။

အရက်ပြင်းက တစ်ကိုယ်လုံး ထူပူသွားစေသကဲ့သို့ ခံစားနေရသော ဝေဒနာကို သက်သာသွားစေသည် ထင်ရ၏။

အသားမည်းမှာ ဒဏ်ရာရလိုက်သော်လည်း အနီရောင်အထုပ်ကလေး ရခဲ့သဖြင့် ကျေနပ်မိလေသည်။

"တစ်နေ့ကျရင် ဝါးကျောက်လုံကို ငါ့အကြောင်းသိအောင် ပြနိုင်မှာပဲ"

သူ၏ရေရွတ်သံနှင့် မရှေးမနှောင်းမှာပင်...

"ခုချိန်အထိ ကိုယ့်ကိုကိုယ် အထင်ကြီးနေတုန်းပဲလား"

စကားသံနှင့်အတူ လူရိပ်တစ်ခုက ရှေ့သို့ ရိပ်ခနဲ ရောက်ရှိလာ၏။ အသားမည်း ရင်ထိတ်သွား၏။

ရှေ့သို့ ရောက်ရှိလာသည့် ဝါးကျောက်လုံအား မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

"ခင်..ခင်ဗျား"

ဝါးကျောက်လုံက...

"မင်းက ညလူအသွင်ဝတ်ဆင် မျက်နှာဖုံးစွပ်ပြီး ရုပ်ဖျက်ထားပေမယ့် လောင်မီးလက်နက်ပုန်း အသုံးပြုလိုက်တော့ မင်းဘယ်သူဘယ်ဝါဆိုတာ ဖော်ပြလိုက်သလို ဖြစ်သွားပြီ၊ ငါကလည်း မင်းဆီကို အရောက်လာနိုင်ခဲ့တာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



အသားမည်း မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

အမှန်တော့ သူတို့နှစ်ယောက်သည် ရင်းနှီးသော မိတ်ဆွေများ ဖြစ်ခဲ့ကြပြီး တစ်ယောက်နှင့်တစ်ယောက် ကူးလူးဆက်ဆံမှုများ ရှိခဲ့ကြပေသည်။

ဝါးကျောက်လုံက…

"မင်း ဘာကြောင့် ကျုပ်ကို ဒုက္ခပေးချင်ရတာလဲ"

ဟု မေးလိုက်သည်။

အသားမည်းက…

"ခင်ဗျားက ချင်းဟုန်နဲ့ ပတ်သက်ခဲ့တာကို ကျုပ်သိထားလို့ပေါ့ဗျာ"

"ဘာ"

"ချင်းဟုန်က ချိုးဂူကျိုကို လုပ်ကြံပြီး ရတနာပစ္စည်းတွေ ယူသွားတာ အိမ်ဖော်မျက်ပြူး ပြောပြခဲ့လို့ သိုင်းလောကတစ်ခုလုံး သိနေကြပြီလေ"

"မင်း..မင်း"

ဝါးကျောက်လုံ ရင်ထိတ်သွားလေသည်။

သိုင်းလောက ရတနာပစ္စည်းနှစ်မျိုး အကြောင်းကို သိုင်းလောကတစ်ခုလုံး သိရှိနေပြီဆိုပါလျှင် ရတနာပစ္စည်းများနှင့် ပတ်သက်နေသူများမှာ အန္တရာယ်ကို ဖိတ်ခေါ်သူများကဲ့သို့ ရှိနေပြီမဟုတ်ပါလား။ အသားမည်းက…

"ချင်းဟုန်က ကောက်ကျင်းနယ်ဘက်ကို ရောက်လာတာ တွေ့တဲ့လူက တွေ့ခဲ့တယ်၊ ပြီးတော့ ခင်ဗျားနဲ့အတူ လူရိုင်းနယ်မြေထဲသွားခဲ့ကြတယ်"



ဝါးကျောက်လုံ သက်ပြင်းချလိုက်သည်။

"ငါတို့အကြောင်းကို သိနေတာကိုး"

အသားမည်းက…

"ခင်ဗျားတို့နှစ်ယောက် ထူးခြားမှု ရှိနေတာကို သိထားလို့ မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့တာပေါ့၊ ခင်ဗျားက ချင်းဟုန်ကို ခင်ဗျားအိမ်ကို ခေါ်လာတာကော၊ ချင်းဟုန် သေဆုံးသွားတာကော ကျုပ်တို့သိထားပြီးပါပြီဗျာ"

ဝါးကျောက်လုံက…

"ကျုပ်ရဲ့အကြောင်း အားလုံးကို မင်းတို့သိထားပြီးပြီကိုး"

"ဟုတ်တယ်"

"ထားပါလေ၊ ကျုပ်ပစ္စည်းကို ပြန်ပေးပါ"

အသားမည်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်ပေးချင်ပါတယ်၊ ဒါပေမယ့်.."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကျုပ်မိတ်ဆွေတွေက သဘောတူမှာ မဟုတ်ဘူး"

"ဘာ"

ဝါးကျောက်လုံ မကျေမနပ် ဖြစ်သွားလေသည်။

"မင်းရဲ့မိတ်ဆွေတွေ ဟုတ်လား"

"ဟုတ်တယ်"

"ကောင်းပြီ၊ မင်းရဲ့မိတ်ဆွေတွေကို ခေါ်လိုက်ပါ၊ ကျုပ်တို့စာရင်းရှင်းလိုက်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဝါးကျောက်လုံ အံကြိတ်ကာ စိန်ခေါ်လိုက်လေသည်။

ထိုအချိန်မှာပင်...

"ခင်ဗျား ဒေါသကြီးလှချည်လားဗျာ"

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

♠ ♠ ♠

တခဏအတွင်းမှာပင် လူစည်ကားသွားသည်ဟု ဆိုနိုင်ပါတော့သည်။

အသားမည်းသည် မိတ်ဆွေများ ရောက်ရှိလာသဖြင့် ဝမ်းသာသွားလေသည်။

သူက အသက်ကယ်ဆေးတစ်လုံးလည်း သောက်ထားလိုက်သည်ဖြစ်ရာ အချိန်ကြာလာသည်နှင့်အမျှ ဒဏ်ရာဝေဒနာ တစ်စထက်တစ်စ သက်သာလာပြီ ဖြစ်လေသည်။

အသားမည်း၏မိတ်ဆွေများက ဝါးကျောက်လုံအား ဝိုင်းရံထားလိုက်ကြလေသည်။

ဝါးကျောက်လုံက အကဲခတ်လိုက်လေသည်။

အသားမည်း၏မိတ်ဆွေများတွင် ပါဝင်နေသူအချို့ကို သူသိရှိထားလေသည်။

တုံးဟိုင်ပင်လယ် အရှေ့ဘေးသမားနှင့် မိုးနဂါး(ဝါ)ကိုးတောင်ကျားတို့ ဖြစ်လေသည်။



ထိုလူနှစ်ယောက်မှာ နာမည်ရှိသော ထိပ်တန်းသိုင်းသမားများ ဖြစ်ကြလေသည်။

သူတို့အား အဖြူရောင်သိုင်းသမားများဟု သတ်မှတ်ကြသကဲ့သို့ အချို့က အနက်ရောင်သိုင်းသမားများဟု သတ်မှတ်ကြလေသည်။

အသားမည်းကဲ့သို့ စိတ်နေသဘောထား ထူးခြားသူများ ဖြစ်လေသည်။

အသားမည်း၏မိတ်ဆွေများ၌ ထိပ်တန်းသိုင်းသမားများ ပါဝင်နေသည် ဖြစ်ရကား ဝါးကျောက်လုံ ရင်ထဲလေးလံလာလေသည်။

"ဟား..ဟား..ဟား"

အသားမည်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

"ကဲ..ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

ဟု လှောင်ပြောင်ပြောဆိုလိုက်လေသည်။

ဝါးကျောက်လုံ ဒေါသထွက်သွားတော့သည်။

"ကျုပ်က မင်းကို သတ်ပစ်နိုင်သေးတယ်ဆိုတာ မှတ်ထားစမ်းပါ"

အော်ငေါက်ရင်း ခြေဆောင့်ကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ဝါးကျောက်လုံ၏လှုပ်ရှားမှု လျင်မြန်လွန်းလှသဖြင့် အားလုံး ကြောင်အမ်းအမ်း ဖြစ်နေကြပြီး ဟန့်တားဖို့ မေ့လျော့နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ဝါးကျောက်လုံသည် အသားမည်း အနီးသို့ ရောက်ရှိသွားပြီး တိုက်ခိုက်နိုင်ခဲ့လေတော့သည်။

အသားမည်း ထိတ်လန့်သွားလေသည်။

"ခင်..ခင်ဗျား"

ကပျာကယာ နောက်ဆုတ်ဖို့ ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

"သေလိုက်စမ်း"

ဝါးကျောက်လုံက အနီးသို့ ရောက်ရှိသွားကာ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

အသားမည်းလည်း ဘာမှမတတ်နိုင်တော့ဘဲ လက်ဝါးနှစ်ဘက်ဖြင့် ပြန်လည်ခုခံလိုက်ရသည်။

နှစ်ယောက်သား ရင်ဆိုင်မိလိုက်ကြပြီး...

"ဝုန်း"

"အား"

အသားမည်း လွင့်စဉ်သွားတော့သည်။

"ရပ်လိုက်"

အော်ငေါက်ဟန့်တားသံ ထွက်ပေါ်လာလေသည်။

လူတစ်ယောက်က ရှေ့သို့ ခုန်ထွက်လာပြီး ဝါးကျောက်လုံအား ဟန့်တားလိုက်လေသည်။

ဝါးကျောက်လုံလည်း သတိထားကာ နောက်ဆုတ်ပေးလိုက်လေသည်။

ကြားဝင်လာသူမှာ ကိုးတောင်ကျား ဖြစ်လေသည်။



ကိုးတောင်ကျားက ဝါးကျောက်လုံ ဆက်၍ တိုက်ခိုက်ခြင်း မပြုနိုင်အောင် ဟန့်တားပြီး အသားမည်းအား မေးမလိုက်လေသည်။

"ခင်ဗျား ဘယ်လိုနေသလဲ"

အသားမည်းက...

"ကျုပ် အတော်အထိနာသွားပြီဗျ"

ပြောရင်း နှုတ်ခမ်းထောင့်မှ သွေးများစီးကျလာလေ သည်။ ကိုးတောင်ကျားက...

"ခင်ဗျားအနားယူလိုက်ပါဦး"

အသားမည်းအား ဖေးမတွဲခေါ်ကာ အခန်းထောင့်တစ်နေရာ၌ အနားယူခိုင်းလိုက်သည်။

ပြီးလျှင် အဖော်များနှင့်အတူ ဝါးကျောက်လုံအား ရင်ဆိုင်လိုက်လေသည်။

အသားမည်း ခံလိုက်ရသဖြင့် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေကြပါသည်။

"ခွမ်း...ခွမ်း"

လက်နက်များ ဆွဲထုတ်ကာ ဝါးကျောက်လုံအား ဝိုင်းရံထားလိုက်ကြလေသည်။ ဝါးကျောက်လုံ အံကြိတ်လိုက်သည်။

"ခင်ဗျားတို့ ဘာတတ်နိုင်မလဲ ကြည့်ကြသေးတာပေါ့"

ခြေဆောင့်ကာ လေထဲ ခုန်တက်ပြီး လေဝဲစွန်သိုင်းပညာကို အသုံးပြုကာ စတင်တိုက်ခိုက်လိုက်လေသည်။

ကိုးတောင်ကျား၊ တုံးဟိုင်ပင်လယ်အရှေ့ဓားသမားတို့က လည်း ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောက ရတနာပစ္စည်းနှင့် ပတ်သက်ပြီး ပြင်းထန်သော တိုက်ပွဲကြီး ပေါ်ပေါက်လာလေတော့သည်။

♠ ♠ ♠

တိုက်ပွဲမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

ဝါးကျောက်လုံက လေဝဲစွန်သိုင်းပညာကို ထုတ်ဖော်အသုံးပြုလိုက်သကဲ့သို့ ကိုးတောင်ကျားတို့လူစုကလည်း သူတို့၏ထိပ်တန်းသိုင်းပညာများ ထုတ်ဖော်ကာ တိုက်ခိုက်လိုက်ကြသည် မဟုတ်ပါလား။

ထိပ်တန်းသိုင်းပညာ ရှိကြသူများ ဖြစ်ရကား တစ်ယောက်ကိုတစ်ယောက် ရုတ်တရက် အနိုင်ရဖို့ မလွယ်ကူပေ။

သို့သော် ဝါးကျောက်လုံက တစ်ယောက်ထဲ ဖြစ်ပြီး ကိုးတောင်ကျားတို့က လူများနေရကား အချိန်ကြာလာသည်နှင့်အမျှ ဝါးကျောက်လုံ အခက်ကြုံသွားတော့သည်။

တိုက်ခိုက်ရင်း အန္တရာယ်နှင့် ကြုံတွေ့ရမည့် အခြေအနေရောက်လာသည်။

ဝါးကျောက်လုံ ရင်ထိတ်သွားလေသည်။

ဆက်၍ တိုက်ခိုက်ပါက အနိုင်ရမည် မဟုတ်သည့်အပြင် ဒုက္ခရောက်ရတော့မည် ဖြစ်ကြောင်း နားလည်ကာ နောက်သို့ ခုန်ဆုတ်ရှောင်တိမ်းလိုက်လေသည်။



"ဘယ်ပြေးမလဲ"

ဝါးကျောက်လုံက နောက်ဆုတ်လိုက်သည်နှင့် ကိုးတောင်ကျားတို့က ဖိ၍တိုက်ခိုက်လိုက်ကြလေသည်။

အသာစီးရလိုက်ပြီ ဖြစ်ရကား အခွင့်အရေးကို လက်လွှတ်မခံဘဲ ဖိ၍တိုက်ခိုက်ကြခြင်း ဖြစ်လေသည်။

ကိုးတောင်ကျားတို့က အစွမ်းကုန် ထုတ်လိုက်ကြသဖြင့် သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည် ဆိုနိုင်ပါသည်။

ဝါးကျောက်လုံက အစွမ်းကုန်ခုခံနေပါသော်လည်း သိုင်းကွက်တစ်ရာခန့် တိုက်ခိုက်ပြီးလျှင် တုံးဟိုင်ပင်လယ်အရှေ့ဓားသမား၏ ဓားတစ်ချက်ထိသွားတော့သည်။

"အွန့်"

ဝါးကျောက်လုံ ညည်းတွားရင်း နောက်ဆုတ်လိုက်ရလေသည်။ သူ၏ဝမ်းဗိုက်၌ ဓားဒဏ်ရာတစ်ချက် ရရှိကာ သွေးချင်းချင်းနီရဲနေပါတော့သည်။

ကိုးတောင်ကျားက...

"ခင်ဗျား ဘာတတ်နိုင်သေးလဲ"

အော်ငေါက်ကာ ခုန်ဝင်သွားလေသည်။

"တိုက်ကြဟေ့"

"ယား"

ကျန်လူများကလည်း ညာသံပေးကာ ဖိ၍တိုက်ခိုက်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါးကျောက်လုံ ပြန်လည်ခုခံပါသော်လည်း ကြာရှည်ခုခံနိုင်စွမ်းမရှိတော့ချေ။

သူ၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာများ တစ်ချက်ပြီးတစ်ချက် ရရှိသွားပြီး တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲသွားတော့သည်။

ဝါးကျောက်လုံ မဟန်နိုင်တော့ဘဲ ဒယီးဒယိုင် ဖြစ်လာလေတော့သည်။

"ဟိတ်"

"ယား"

ကိုးတောင်ကျားနှင့် အရှေ့ဓားသမားတို့က အနီးသို့ရောက်ရှိသွားကြပြီး တိုက်ခိုက်လိုက်ကြလျှင်...

"အား"

ဝါးကျောက်လုံ ရှူးရှူးရှားရှားအော်ဟစ်ရင်း အရုပ်ကြိုးပြတ်လဲကျသွားလေသည်။ ဝါးကျောက်လုံ လဲကျသွားပြီး ခုခံနိုင်စွမ်း မရှိတော့သည့်တိုင်အောင်...

"သေပေတော့"

ကိုးတောင်ကျားနှင့် အရှေ့ဓားသမားတို့က ဆက်၍တိုက်ခိုက်လိုက်ကြရာ ပြင်းထန်သော ဓားချက်များ မိုးသီးမိုးပေါက်အလား ကျရောက်သွားပြီး ဝါးကျောက်လုံ ရုပ်ပျက်ဆင်းပျက် သေဆုံးသွားရလေတော့သည်။

♠ ♠ ♠



ဝါးကျောက်လုံမှာ သွေးအိုင်ထဲ၌ ရုပ်ပျက်ဆင်းပျက်ဖြင့် သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

"ဟား..ဟား..ဟား"

"ဟား..ဟား..ဟား"

ကိုးတောင်ကျားတို့က ဟားကိ[illegible]ကြလေသည်။

နာမည်ကျော် လေစိစွန် ဝါးကျောက်လုံအား သုတ်သင်နိုင်ခဲ့ပြီဖြစ်သလို သိုင်းလောက ရတနာပစ္စည်းတစ်ခုကို ပိုင်ဆိုင်ရတော့မည် မဟုတ်ပါလား။

အရှေ့ဓားသမားက အသားမည်းဘက်သို့ လှည့်လိုက်လေသည်။

"ဝါးကျောက်လုံ သေပြီ၊ သိုင်းလောကရတနာပစ္စည်းအတွက် ဘာမှ စိတ်ပူစရာမလိုတော့ဘူး"

အသားမည်းက...

"ဟူး..တော်ပါသေးရဲ့ဗျာ"

ညည်းတွားရင်း အင်္ကျီရင်ဘတ်ကြား လက်နှိုက်လိုက်လေသည်။

ရုတ်တရက် အသားမည်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

မျက်လုံးများလည်း ပြူးကျယ်သွားလေသည်။

အသားမည်း၏ ထူးခြားသော အမူအရာကြောင့်...

"ဘာဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အရှေ့တေးသမားက မေးလိုက်လေသည်။

အသားမည်းက...

"ဟို...ဟို"

"ဘာဖြစ်တာလဲ"

ကိုးတောင်ကျားက စိတ်မရှည်သလို ငေါက်လိုက်သည်။

အသားမည်းက...

"ရတနာပစ္စည်း ပျောက်သွားပြီ၊ မရှိတော့ဘူး"

"ဘာပြောတယ်"

"ရတနာပစ္စည်း မရှိတော့ဘူး"

"ဘယ်ရောက်သွားလို့လဲ"

"ကျုပ် အကျီိရင်ဘတ်ကြားထဲထည့်ပြီး သိမ်းထားတာ၊ ခု တော့ မရှိတော့ဘူး"

"ရှာကြည့်ပါဦး"

သူတို့အားလုံး ဝိုင်းပြီး ရှာဖွေလိုက်ကြသည်။

သို့သော် ရတနာပစ္စည်းကို ရှာမတွေ့ချေ။

ရတနာပစ္စည်းမှာ ပျောက်ချင်းမလှ ပျောက်ဆုံးသွားခဲ့လေ တော့သည်။

♠ ♠ ♠



## လှည့်ကွက်

ကိုးတောင်ကျား...။

ကိုးတောင်ကျားမှာ ထင်ရှားသော သိုင်းသမားတစ်ဦးဖြစ် သည်။

သူ၏အမည်ရင်းမှာ 'သုကျန်း' ဖြစ်လေသည်။

သုကျန်းသည် အသားမည်း၊ အရှေ့တေးသမားတို့နှင့် ပူး ပေါင်းကာ လေဝဲစွန်ဝါးကျောက်လုံအား တိုက်ခိုက်လုပ်ကြံခဲ့သည်။

ဝါးကျောက်လုံအား လုပ်ကြံနိုင်ခဲ့သော်လည်း အသားမည်း ထံမှ ရတနာပစ္စည်း ပျောက်ဆုံးသွားသဖြင့် အားလုံးစိတ်ပျက်သွား ကြသည်။

ရတနာပစ္စည်းကို ရှာမတွေ့နိုင်သည့်အဆုံး လူစုခွဲကာ ပြန် လာခဲ့ကြလေသည်။

သုကျန်းလည်း အိမ်သို့ ပြန်လာခဲ့သည်။

သုကျန်းတွင် ဇနီးသည်ရှုယင်နှင့် သားသုထင်းဖုံးတို့ရှိပြီး အေးချမ်းသော မိသားစုဘဝလေးကို ပိုင်ဆိုင်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇနီးသည်ရွှယ်ဦးသည် အမှန်တကယ် အေးအေးချမ်းချမ်း နေလိုသူဖြစ်သည်။

သုကျန်းအား သိုင်းသမားတစ်ယောက်ဖြစ်မှန်း မသိဘဲ လက်ထပ်ခဲ့ခြင်းဖြစ်သည်။

သုကျန်းကလည်း သိုင်းသမားအဖြစ်ကို ဖုံးကွယ်ထားပြီး ကုန်သည်ပွဲစားတစ်ယောက်အသွင် ဟန်ဆောင်နေထိုင်ခဲ့သည်။

ကုန်သည်ပွဲစားများသည် ကုန်ရောင်းကုန်ဝယ်ကိစ္စများဖြင့် မကြာခဏ ခရီးထွက်ရသည်ဖြစ်ရကား သုကျန်းအတွက် အဆင်ပြေလှသည်ဟု ဆိုနိုင်သည်။

သုကျန်းက သိုင်းလောကထဲသို့ သွားလာကျင်လည်ကျက်စားတော့မည့် အချိန်တွင် အရောင်းအဝယ်ကိစ္စဖြင့် ခရီးထွက်ရမည်ဟု အကြောင်းပြနိုင်သည် မဟုတ်ပါလား။

သုကျန်းသည် သိုင်းလောကသို့ထွက်ကာ ခြောက်လ၊ တစ်နှစ်ကျင်လည်ကျက်စားခဲ့ပြီး အိမ်ပြန်သော်လည်း မည်သို့မျှ ပြဿနာမရှိပေ။

သို့သော် လွန်ခဲ့သောနှစ်က မမျှော်လင့်ဘဲ အဖြစ်မှန်ပေါ်ပေါက်သွားခဲ့လေသည်။

သုကျန်း၏မိတ်ဆွေ ဓားပေသိုင်းသမား 'ကျူးဟွေ' လာရောက်လည်ပတ်ခဲ့ခြင်းကြောင့် ဖြစ်လေသည်။

ကျူးဟွေနှင့် သုကျန်းတို့မှာ အလွန်ခင်မင်ရင်းနှီးသော သွေးသောက်မိတ်ဆွေများ ဖြစ်လေသည်။

ကျူးဟွေသည် ထင်းရှူးကျေးရွာပိုင်ရှင် ဖြစ်ပြီး သူ၏ကျေး



ရွာမှ ယုကျင်းဝါးဆိုသော မိန်းမချောလေးသည် သုကျန်း၏သား သုထင်းဖုံးနှင့် မေတ္တာသက်ဝင်နေကြသည်။

သုကျန်းက ထင်းရှူးကျေးရွာသို့ သားဖြစ်သူသုထင်းဖုံးအား ခေါ်ကာ သွားရောက်လည်ပတ်ခဲ့ရာမှ ကျူးဟွေနှင့် ဆွေမျိုးမကင်းသည့် ယုကျင်းဝါးဆိုသော မိန်းမချောလေးနှင့် သုထင်းဖုံးတို့ တွေ့ဆုံမိကာ မေတ္တာကြိုးသွယ်မိခဲ့ကြခြင်း ဖြစ်လေသည်။

သုကျန်းနှင့်ကျူးဟွေတို့က သုထင်းဖုံးနှင့် ယုကျင်းဝါးတို့အား လက်ထပ်ပေးရန် သဘောတူခဲ့ကြလေသည်။

သုကျန်းက ထင်းရှူးကျေးရွာသို့ မရောက်သည်မှာ အတော်ကြာပြီဖြစ်ရကား ကျူးဟွေက အကျိုးအကြောင်း စုံစမ်းရင်း လာရောက်လည်ပတ်ခဲ့ခြင်း ဖြစ်လေသည်။

ကျူးဟွေ ရောက်လာသဖြင့် သုကျန်း၏သဘောဖြင့် စီစဉ်ထားသော သုထင်းဖုံးနှင့် ယုကျင်းဝါးတို့၏ မင်္ဂလာကိစ္စအကြောင်းကို ရွှယ်ဉ်သိသွားပြီး ဒေါသအိုး ပေါက်ကွဲသွားလေတော့သည်။

ကျူးဟွေ ပြန်သွားပြီးလျှင် သုကျန်းနှင့် ရွှယ်ဦးတို့ အကြီးအကျယ်စကားများ ရန်ဖြစ်ကြလေတော့သည်။

သုကျန်းမှာ သဘောထားတင်းမာသူ ဖြစ်ရကား ဇနီးသည်၏စကားကို လုံးဝလက်မခံဘဲ ပယ်ချခဲ့သည်။

ရွှယ်ဦးက...

"ရှင်ဟာ သိုင်းလောကသား တစ်ယောက်ဖြစ်မှန်းသိရင် ကျွန်မ လက်ထပ်ခဲ့မှာ မဟုတ်ဘူး။ သိုင်းလောကသားဆိုတာ တိုက်ခိုက်သတ်ဖြတ်ဖို့နဲ့ ရန်ငြိုးရန်စတွေကြားမှာ ပူလောင်တဲ့ဘဝနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘဝတလျှောက်လုံး နေသွားရတယ်လို့ ကျွန်မ နားလည်ထားလို့ပဲရှင့်၊ ကျွန်မက ရှင့်အကြောင်းမသိလို့ လက်ထပ်မိခဲ့ပေမယ့် ကျွန်မသားကိုတော့ သည်လိုဘဝမျိုး အရောက်မခံနိုင်ဘူး"

သူမ၏သဘောထားကို ပြတ်သားစွာ ပြောခဲ့ခြင်းဖြစ်သည်။

သုကျန်းက အလျှော့မပေးဘဲ…

"ငါဟာ သိုင်းသမားတစ်ယောက် ဖြစ်တယ်၊ ငါ့သား ကြီးပြင်းလာရင်လည်း သိုင်းလောကသား တစ်ယောက်ပဲ ဖြစ်ရမယ်၊ ငါ့ရဲ့မိတ်ဆွေကျူးဟွေနဲ့ ဆွေမျိုးမကင်းတဲ့ ယုကျင်းဝါးဆိုတဲ့ မိန်းကလေးနဲ့ တစ်နေ့ လက်ထပ်ရမယ်၊ သူတို့ လူငယ်ချင်းလည်း ရင်းနှီးပြီး မေတ္တာမျှနေကြပြီ၊ ဒါကြောင့် မင်းဘာမှ တားမနေနဲ့တော့"

ရှုယဉ်က…

"သည်ကိစ္စကို ကျွန်မ လက်မခံနိုင်ဘူး"

သုကျန်းက…

"မင်းလက်မခံနိုင်ဘူးဆိုရင် ငါတို့ လမ်းခွဲကြဖို့ပဲရှိတယ်"

"သိပ်ကောင်းတာပေါ့ရှင်"

ထိုသို့ အချေအတင် စကားများပြီးနောက် ရှုယဉ်က အိမ်မှ ထွက်သွားလေတော့သည်။

ရှုယဉ်သည် အားလုံးကို ကျောခိုင်းပြီး လူဝတ်ကြောင်ကို စွန့်ကာ သီလရှင်ဝတ်သွားသည်ဟု ကြားသိရလေတော့သည်။

သုကျန်းသည် ကောက်ကျင်းနယ်မှ တဆင့် အိမ်သို့ပြန်ရောက်လာသောအခါ အမှတ်မထင် ဇနီးသည်ရှုယဉ်အား သတိရလိုက်မိလေသည်။



သူ၏ဘဝတွင် အရေးအကြောင်း ကြုံလာတိုင်း ရှုယဉ်က တိုင်ပင်ဖော်တိုင်ပင်ဖက် ဖြစ်ခဲ့ပြီး အကြံကောင်းဉာဏ်ကောင်းများ ပေးနိုင်ခဲ့သည် မဟုတ်ပါလား။

ယခု သုကျန်းမှာ အရေးအကြောင်း ကြုံနေရပြီဖြစ်သည်။

တိုင်ပင်စရာ ဇနီးသည်က အနီးအနားတွင် ရှိမနေတော့ဘဲ မိသားစုကမ္ဘာလေးထဲမှ ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။

သုကျန်းသည် ဇနီးသည်ရှုယဉ် အိမ်မှထွက်သွားပြီးကတည်းက အလိုလိုနေရင်း ဒေါသကြီးသူတစ်ယောက် ဖြစ်လာခဲ့သည်။

သားဖြစ်သူ သုထင်းဖုံးကပင် ဖခင်အနီးသို့ မကပ်ဘဲ မသိမသာ ရှောင်နေရလေသည်။

သုထင်းဖုံးမှာ ဖခင်၏သွေးပါသူဟု ဆိုနိုင်သည်။

သိုင်းပညာ သင်ယူပြီး သိုင်းလောကသားဘဝဖြင့် ရပ်တည်သွားလိုသူဖြစ်သည်။

သုထင်းဖုံး ကံမကောင်းသည်မှာ မိခင်ကြီးကြောင့် သိုင်းပညာ မသင်ခဲ့ရခြင်း ဖြစ်လေသည်။

သုထင်းဖုံးသည် ဖခင်ကြီး ခရီးထွက်သွားရာနောက်သို့ လိုက်ပါခွင့် မကြာမကြာရရှိခဲ့ပြီး သိုင်းလောကနှင့် နီးစပ်ခွင့်ရရှိခဲ့လေသည်။

ထိုမှတဆင့် ထင်းရှူးကျေးရွာသို့ ရောက်ရှိပြီး ယုကျင်းဝါးနှင့် ရေစက်ဆုံခဲ့မိခြင်း ဖြစ်လေသည်။

ထို့ကြောင့်လည်း သုထင်းဖုံးသည် မိခင်ကြီးနှင့် လိုက်မသွားဖြစ်ဘဲ ဖခင်ကြီးနှင့်နေရစ်ခဲ့ခြင်းဟုလည်း ဆိုနိုင်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သုကျန်းက ကောက်ကျင်းနယ်မှတဆင့် အိမ်ပြန်ရောက်လာသောအခါ အရာရာကို အလိုမကျဖြစ်နေရကား သုထင်းဖိုးက မသိသော ခပ်ခွာခွာနေခဲ့ရလေသည်။

သုကျန်း အဘယ်ကြောင့် အလိုမကျဖြစ်နေပါသနည်း။

ကောက်ကျင်းနယ်မှ အပြန်ခရီး၌ လူတစ်ယောက်နှင့် တွေ့ခဲ့ရခြင်းကြောင့် ဖြစ်လေသည်။

♠ ♠ ♠

ကောက်ကျင်းနယ်...။

ကောက်ကျင်းနယ်မှာ အဝေးတွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။

သုကျန်းက ခရီးပြင်းနှင်ရင်း မြို့ကလေးတစ်မြို့သို့ရောက်လာလေသည်။

သုကျန်းလည်း ခရီးပန်းနေပြီဖြစ်ရကား ထိုမြို့ကလေး၌ တစ်ညတာ အနားယူလိုက်လေသည်။

တည်းခိုခန်းတစ်ခု၌ ဝင်ရောက်တည်းခိုပြီး ညနေစောင်းအချိန်၌ ညစာစားသောက်ရန် မြို့လယ်ပိုင်းသို့ ထွက်လာခဲ့သည်။

လမ်းပေါ်၌ သွားလာလှုပ်ရှားနေကြသူများဖြင့် စည်ကားသိုက်မြိုက်နေသည်။

သုကျန်းက မြို့လယ်ပိုင်းသို့ လျှောက်လာရင်း တစ်နေရာသို့ အရောက်တွင် စိတ်ထဲ ထူးခြားသော ခံစားချက်တစ်ခု ဖြစ်ပေါ်လာလေသည်။



တစ်စုံတစ်ယောက်က နောက်ရောင်ခံလိုက်နေသည်ဟူသော ခံစားချက်ဖြစ်လေသည်။

"တစ်ယောက်ယောက်က ငါ့ကို နောင်ရောင်ခံလိုက်နေသလိုပဲ"

"ဘယ်သူများပါလိမ့်"

သုကျန်းက နောက်ရောင်ခံလိုက်နေသူအား ဖော်ထုတ်နိုင်ရန် ကြံစည်လိုက်သည်။

မကြာမီ အကြံတစ်ခုရလာပြီး လမ်းကြားလေးတစ်ခုအတွင်းသို့ ချိုးဝင်လိုက်လေသည်။ လမ်းကြားလေးထဲ၌ လူရှင်းနေသည်။

သုကျန်းက ဟိုဟိုသည်သည် ကြည့်လိုက်ပြီး အမှောင်ရိပ်ကျနေသော သစ်ပင်တစ်ပင်နောက်ကွယ်၌ ဝင်ရောက်ပုန်းအောင်းလိုက်လေသည်။

မကြာပါချေ။ ခြေသံများ ထွက်ပေါ်လာပြီး လမ်းကြားထဲသို့ အပြေးတပိုင်း ဝင်လာသူတစ်ယောက်အား တွေ့လိုက်ရလေသည်။

ထိုလူကား ဟိုဟိုသည်သည် ကြည့်ပြီး သုကျန်းကို မတွေ့ရတော့သဖြင့် ခြေလှမ်းရပ်သွားလေသည်။

"ဘယ်ရောက်သွားပါလိမ့်"

ဟူသော ရေရွတ်သံကို သုကျန်း အတိုင်းသား ကြားလိုက်ရလေသည်။ သုကျန်း ပြုံးလိုက်သည်။

သစ်ပင်နောက်မှ ခုန်ထွက်ကာ...

"မြေခွေး...မင်း ဘယ်သူ့ကိုရှာနေတာလဲ"

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ထွက်ပေါ်လာသော သူ၏စကားသံကြောင့် မြေခွေး အထိတ်တလန့် ဖြစ်သွားလေသည်။

သုကျန်းအား မျက်လုံးပြူးကြီးဖြင့် ကြည့်ပြီး…

"မင်း…မင်း…သုကျန်း"

သုကျန်းက…

"မြေခွေး…ငါ့ကို နောက်ရောင်ခံလိုက်နေတာ ဘာသဘောလဲ၊ ပြောစမ်းပါဦး"

ဟု ငေါက်လိုက်သည်။ မြေခွေးက…

"မဟုတ်ဘူး၊ ငါက နောက်ရောင်ခံလိုက်နေတာ မဟုတ်ဘူးကွ"

"ဒါဖြင့် ဘာသဘောလဲ"

"ငါ…ငါ"

မြေခွေး မရှင်းပြနိုင်ဘဲ ဖြစ်နေသည်။

သုကျန်းက….

"မြေခွေး…မင်း ငါ့အကြောင်းသိပါတယ်၊ အမှန်အတိုင်းပြောရင် ကောင်းမယ်"

မြေခွေး မျက်နှာပျက်သွားလေသည်။

"ငါက အရှေ့ဓားနိုင်းလို့ လုပ်ရတာပါကွာ"

"အရှေ့ဓားကနိုင်းတာ ဟုတ်လား"

"ဟုတ်တယ်"

"သူက ဘာများခိုင်းလိုက်သလဲ၊ ပြောပါဦး"

"သူက…"



"ပြောမှာသာ ပြောစမ်းပါကွာ"

သုကျန်းက စိတ်မရှည်သလို ငေါက်လိုက်လေသည်။

မြေခွေးက…

"သူက အသားမည်းဆီက ရတနာပစ္စည်း ပျောက်ဆုံးသွားတာ မင်းကို သင်္ကာမကင်းဖြစ်နေတာ"

"ဘာ"

သုကျန်း လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

မြေခွေးကို စိုက်ကြည့်ပြီး…

"ငါ့ကို သင်္ကာမကင်း ဖြစ်နေတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘာကြောင့် သင်္ကာမကင်း ဖြစ်ရတာလဲ"

မြေခွေးက တံတွေးမျိုချလိုက်ပြီး…

"ဝါးကျောင်းလဲ့ လက်ချက်နဲ့ အသားမည်း ဒဏ်ရာရသွားတော့ မင်းကဖေးမကူညီခဲ့တယ်၊ အသားမည်းကို ဆွဲခေါ်သွားရင်း ရတနာပစ္စည်းကို မသိမသာနှိုက်ယူထားလိုက်တာ ဖြစ်နိုင်တယ်လို့ ပြောတာ"

"သည်လိုကိုး"

သုကျန်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"အရှေ့ဓား မဆိုးဘူး"

"ဟင်"

"သူပြောတာ မှန်တယ်၊ အသားမည်းကို ဖေးမရင်း သူ့ဆီက ရတနာပစ္စည်းကို ငါနှိုက်ယူထားလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



သုကျန်းသည် ဓာရပညာ(ဝါ) ပန္နလက်ပညာ ကျွမ်းကျင်သူ လည်းဖြစ်လေသည်။

ထို့ကြောင့် အကြောင်းသိထားသော အရှေ့ဓားက သက်ဘ မကောင်းဖြစ်ခဲ့ခြင်းပင်။ မြေခွေး မျက်လုံးပြူးသွား၏။

"ဒါ..ဒါ..တကယ်ပဲလား"

သုကျန်း ခေါင်းညိတ်လိုက်သည်။

"တကယ်ပေါ့၊ အသားမည်းက ဝေဒနာခံစားနေရလို့ ငါ နှိုက်ယူထားလိုက်တာကို ဘယ်သတိထားနိုင်ပါ့မလဲ"

"ဒါ..ဒါဆို"

ရှိုဂူကို၏ ရတနာပစ္စည်းသည် ဝါးကျော်က်လုံ၏လက်ထဲမှတဆင့် အသားမည်းထံ ရောက်ရှိခဲ့ပြီး ယခုတဖန် သုကျန်း၏လက်ထဲ ကူးပြောင်းသွားပြီ ဖြစ်လေသည်။

"ဟား..ဟား..ဟား"

"ငါက ရတနာပစ္စည်း ရလိုက်ပြီဆိုတော့ အိမ်ပြန်ဖို့ပဲရှိတော့တာပေါ့၊ အေး ငါ့ကို နောက်ယှက်တဲ့လူကိုလည်း ငါက ခွင့်လွှတ်မှာ မဟုတ်ဘူးကွ"

စကားဆုံးလျှင် သုကျန်းက လျှပ်တပြက် တိုက်ခိုက်လိုက်လေသည်။

"မင်း"

မြေခွေး ကမျာကယာ ရှောင်တိမ်းလိုက်လေသည်။

သို့သော်...

"မင်း ဘယ်ပြေးမလဲ"



သုကျန်း အော်ငေါက်ကာ တရကြမ်း လိုက်လံတိုက်ခိုက်လိုက်ရာ မြေခွေး အကြောက်အကန် ခုခံပါသော်လည်း မယှဉ်နိုင်တော့ဘဲ...

"ဝုန်း"

"အား"

သုကျန်း၏လက်ချက်မိကာ လဲကျသွားလေတော့သည်။

"ဟား..ဟား..ဟား"

သုကျန်း သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

♠ ♠ ♠

"ဟား..ဟား..ဟား"

သုကျန်း ရယ်မောလိုက်သည်။

သူ့အား သက်ဘမကောင်းဖြစ်ကာ နောက်ရောင်ခံလိုက်လာသော မြေခွေးအား နတ်ဝိတ်သုတ်သင်လိုက်ပြီ မဟုတ်ပါလား။

သို့သော်...

လမ်းဘေးတစ်နေရာမှ ထွက်လာသူတစ်ယောက်ကို တွေ့မြင်လိုက်ရလျှင် သုကျန်း၏ရယ်သံ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေတော့သည်။

သုကျန်းက ထိုလူအား အကဲခတ်ကြည့်လိုက်သည်။

ထိုလူမှာ ဘုန်းတော်ကြီးတစ်ပါး ဖြစ်နေသည်။

ရှောင်လင်ကိုယ်တော် တစ်ပါးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်ကိုယ်တော်သည် လက်အုပ်ချီကာ ဘုရားစာများ ရွတ်ဆိုလိုက်လေသည်။

သုကျန်း မကျေမနပ် ဖြစ်သွားလေသည်။

"ကိုယ်တော်က ဘာသဘောလဲဗျ"

ဟု မေးလိုက်လေသည်။

ရှောင်လင်ကိုယ်တော်က..

"ဒကာကြီးဟာ ကိုးတောင်ကျား သုကျန်းမဟုတ်လား၊ ချူဝူကျိုရဲ့သိုင်းလောက ရတနာပစ္စည်းနှစ်မျိုးနောက်ကို သဲကြီးမဲကြီး လိုက်နေကြသူတွေထဲမှာ ဒကာကြီးလည်း ပါဝင်နေတယ်လို့ ကြားမိတယ်"

သုကျန်း ဒေါသဖြစ်လာသည်။

ရှောင်လင်ကိုယ်တော်သည် သူ့အား နောက်ယှက်ဒုက္ခပေးမည့်သူဟု ယုံကြည်လိုက်သည်။

သူသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ...

"ချူဝူကျိုရဲ့ ရတနာပစ္စည်းတွေဟာ သိုင်းလောကသားတိုင်းကိုရူးသွပ်သွားစေလောက်အောင် ဆွဲဆောင်နိုင်ခဲ့တာပေါ့၊ ဒါကြောင့် ကျုပ်က သဲကြီးမဲကြီးဖြစ်ခဲ့တယ်ဆိုတာ မမှားနိုင်ပါဘူးလေ၊ ကျုပ်ကို နောက်ယှက်ဒုက္ခပေးချင်တဲ့လူတွေသာ မှားယွင်းနေတာပါဗျာ"

စကားဆုံးလျှင် လက်နှစ်ဘက်ဆန့်ထုတ်ကာ လျှပ်တပြက် တိုက်ခိုက်လိုက်လေသည်။

ရှောင်လင်ကိုယ်တော် ရင်ထိတ်ကာ ကပျာကယာ ရှောင်တိမ်းလိုက်သော်လည်း နောက်ကျသွားသဖြင့်...



"ဂုန်း"

ထိနိုက်ဒဏ်ရာရကာ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

"ဟား..ဟား..ဟား"

သုကျန်း ဟားတိုက်ရယ်မောလိုက်လေသည်။

သူ့အား ဒုက္ခပေးမည့် ရှောင်လင်ကိုယ်တော်ကိုလည်း ဆုံးမနိုင်ခဲ့ပြီ မဟုတ်ပါလား။

ထိုစဉ် စကားသံများနှင့်အတူ လူအချို့က စကားတပြောပြောဖြင့် လမ်းကြားကလေးထဲ ဝင်ရောက်လာကြလေသည်။

သုကျန်း ရင်ထိတ်သွားသည်။

လမ်းကြားလေးထဲ၌ ဆက်မနေသင့်တော့မှန်း နားလည်ကာ မြေပေါ်ခြေဆောင့်ခုန်လိုက်လျှင် အနီးရှိ အိမ်ခေါင်မိုးပေါ်သို့ ရောက်ရှိသွားသည်။

သုကျန်းက အိမ်ခေါင်မိုးတစ်ခုမှတစ်ခု ခုန်ကူးပြီး ပြေးလွှားသွားလေတော့သည်။

အကယ်၍...

ရှောင်လင်ကိုယ်တော်သည် သူ့လက်ချက်ဖြင့် သေဆုံးသွားခြင်းမရှိသေးဘဲ မြေပေါ်မှလူးလိမ့်ထကာ ဒယီးဒယိုင်ဖြင့် ထွက်သွားသည်ကိုသာ သိနိုင်ခဲ့မည်ဆိုပါလျှင်...။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



သုကျန်းက အိမ်သို့ ပြန်ရောက်လာခဲ့သည်။

သားဖြစ်သူ သုထင်းဖုံးနှင့် ပြန်လည်ဆုံတွေ့မိသော်လည်း သားအဖနှစ်ယောက်၏ ဆက်ဆံရေးကား အေးတိအေးစက်ဖြစ်နေခဲ့သည်။

သုထင်းဖုံးက ဖခင်ကြီးသည် ကျူးဟွေ၏ထင်းရှူးကျေးရွာသို့သွားပါစေဟု ဆုတောင်းမိသည်။

သို့မှသာ...

ချစ်သူယုကျင်းဝါးနှင့် တွေ့ရမည် မဟုတ်ပါလား။

သို့သော် သုကျန်းက ဘယ်မှမသွားပါချေ။

အိမ်ပြန်ရောက်ပြီး ဘယ်မှမသွားဘဲ စာဖတ်ခန်းထဲ၌ တစ်ချိန်လုံးနေခဲ့လေသည်။

ဖခင်ကြီး၏ အခြေအနေမှာ ထူးခြားနေခြင်းကြောင့် သုထင်းဖုံးလည်း ဆင်ခြင်ပြီး နေထိုင်ခဲ့ရလေသည်။

တစ်နေ့...

ဖခင်ကြီးသည် ဘာမှမပြောဘဲ အိမ်မှထွက်သွားပြီး ညမိုးချုပ်မှ ပြန်ရောက်လာသည်။

ဖခင်ကြီး မျက်နှာမကောင်းသည်ကို သုထင်းဖုံး သတိပြုမိခဲ့လေသည်။

နောက်တစ်နေ့ နံနက်တွင် အိမ်မှထပ်မံထွက်သွားခဲ့သည်။

ယခုတစ်ကြိမ် ထွက်သွားပြီး အိမ်သို့ လုံးဝပြန်ရောက်မလာတော့ချေ။

♠ ♠ ♠



## တစ်ယောက်ပြီးတစ်ယောက်

သုကျန်းက အိမ်မှထွက်သွားပြီး ဘယ်တော့မှ ပြန်မလာနိုင်တော့ပါချေ။

သုကျန်းမှာ လူတစ်စု၏ တိုက်ခိုက်ခြင်းခံရပြီး သေဆုံးသွားသည်ဟူသော သတင်းများ ထွက်ပေါ်လာခဲ့လေသည်။

သုထင်းဖုံးသည် ဖခင်ကြီး၏ သတင်းဆိုးကို ကြားရပြီးနောက် ခိုကိုးရာမဲ့ဖြစ်သွားရကာ ထင်းရှူးကျေးရွာပိုင်ရှင် ကျူးဟွေထံသို့ သွားရောက်အကူအညီတောင်း၍ ခိုလှုံခဲ့လေသည်။

သုကျန်းသည် မည်သို့မည်ပုံ ဖြစ်ပျက်ကြုံတွေ့ကာ သေဆုံးသွားရသည်ကို သိရှိသူအချို့သာ ရှိခဲ့လေသည်။

ထိုလူများတွင် ဘီလူးဖြူ၊ ဘီလူးမည်းတို့လည်း ပါဝင်ခဲ့ကြလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတု ကြည်လင်သာယာသော နေ့တစ်နေ့ဖြစ်ပေသည်။

နေခြည်တောက်ပကာ ပြာလွဲလွဲကောင်းကင်ပေါ်၌ တိမ်ဖြူများ လေနှင့်အတူ လွင့်မျောနေသည်။

အဝေးတွင် မှိုင်းညို့ညို့ တောင်တန်းကြီးများရှိနေ၏။

တောင်တန်းကြီးများဆီသို့ သွားသော လမ်းဓိုးဝှဲ့ မြက်ခင်းပြင်များ၊ စိမ်းလန်းသော တောအုပ်များရှိနေ၏။

သစ်ပင်ရိပ်များဖြင့် အေးမြနေသော တောလမ်းကလေး၏ ဝဲယာတစ်ဘက်တစ်ချက်တွင် ရောင်စုံတောပန်းပင်များ ရှိနေပြီး လေပြည်လေညှင်း ဝေ့ယမ်းတိုက်ခတ်လာသောအခါ မွှေးကြိုင်သင်းပျံ့သော တောပန်းရနံ့များက ဝန်းကျင်တစ်ခုလုံးသို့ လွင့်ပျံ့သွားလေသည်။

တောလမ်းကလေးအတိုင်း သဘာဝ ရှုမျှော်ခင်းများကို ငေးမောကြည့်ရင်း လူနှစ်ယောက် လျှောက်လှမ်းလာကြလေသည်။

ထိုလူနှစ်ယောက်မှာ သိုင်းလောကသားများ ကြောက်ရွံ့နေ ကြရသော ဘီလူးဖြူနှင့်ဘီလူးမည်းတို့ ဖြစ်လေသည်။

နှစ်ယောက်သား တောလမ်းအတိုင်း ဖြေးဖြေးလှလှ လျှောက်လှမ်းလာခဲ့ကြရင်း တစ်နေရာသို့ အရောက်တွင် တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဘီလူးဖြူတို့ ခြေလှမ်းရပ်သွားကြသည်။

အချင်းချင်း ကြည့်လိုက်ကြသည်။

ဘီလူးဖြူက...



"တိုက်ပွဲဖြစ်နေတာပဲ"

ဘီလူးမည်းက...

"ဟုတ်တယ်၊ ဘယ်သူတွေလဲ မသိဘူး"

ဘီလူးဖြူ ပခုံးတွန့်လိုက်လေသည်။

"သိုင်းလောကရဲ့ ဘယ်နေရာကိုကြည့်ကြည့် တိုက်ပွဲတွေဖြစ်နေတာကိုချည်းတွေ့ရမှာ ဘာများထူးဆန်းလို့လဲဗျာ"

ဘီလူးမည်း သက်ပြင်းချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် တိုက်ပွဲနဲ့ ကြုံမှတော့ ကြည့်လိုက်တာ မမှားပါဘူး"

ပြောရင်း တောအုပ်ထဲ လှမ်းဝင်လိုက်လေသည်။

ဘီလူးဖြူလည်း မတတ်သာဘဲ လိုက်ပါသွားရလေသည်။

နှစ်ယောက်သား သစ်ပင်များကြားမှ ဖြတ်သွားကြပြီး မကြာမီ တိုက်ပွဲတစ်ခု ဖြစ်ပွားနေသည်ကို တွေ့လိုက်ရလေသည်။

လူတစ်ယောက်အား လူတစ်စုက ဝိုင်းပြီး တိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

ဘီလူးဖြူနှင့် ဘီလူးမည်းတို့ အချင်းချင်း ကြည့်လိုက်မိကြပြန်လေသည်။ ဘီလူးဖြူက...

"ထိပ်သီးဂိုဏ်းကြီးတွေက ထိပ်သီးပုဂ္ဂိုလ်တွေက လူတစ်ယောက်ကို ဝိုင်းပြီး တိုက်ခိုက်နေကြတာ အတော့်ကို ထူးခြားတာပဲ"

ဘီလူးမည်းက...

"အဲသည် လူ ဘယ်သူလဲဆိုတာ သိသလား"

ဘီရူးဖြူက...

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး၊ ခင့်ဗျားကော"

ဘီလူးမည်းက...

"ကျုပ်သိတယ်၊ သည်လူဟာ ပထမတန်းစားတော့ မဟုတ်ဘူး"

"ပထမတန်းစား မဟုတ်ရင် ဒုတိယတန်းစားပေါ့"

"ဟုတ်တယ်၊ သူ့ကို ကိုးတောင်ကျားသုကျန်းလို့ ခေါ်ကြတယ်"

သူတို့ ပြောဆိုနေကြစဉ်မှာပင် ရှုးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာလေသည်။

ဘီလူးဖြူတို့ ကြည့်လိုက်ကြသောအခါ အမျှားနှင့် တစ်ယောက် ရင်ဆိုင်နေရသူ(ဝါ)ကိုးတောင်ကျားသုကျန်း အဝေးသို့ လွင့်စဉ်သွားသည်ကို တွေ့လိုက်ရလေသည်။

ဘီလူးဖြူ သက်ပြင်းချလိုက်သည်။

"သူဟာ ဒုတိယတန်းစား မဟုတ်ဘဲ ပထမတန်းစား ဖြစ်နေရင်တောင် ဂိုဏ်းကြီးတွေက ထိပ်သီးတွေ စုပေါင်းတိုက်ခိုက်တာကို ဘယ်နည်းနဲ့မှ ခံနိုင်မှာ မဟုတ်ဘူး"

ဟု မှတ်ချက်ချလိုက်သည်။

သုကျန်းကား ဒဏ်ရာပြင်းစွာ ရရှိသွားပြီ ဖြစ်သည်။

သုကျန်းသည် အဝေးသို့ လွင့်စဉ်သွားပြီးလျှင် ကပျာကယာ ခုန်ထလိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ ထွက်ပြေးသွားတော့သည်။

♠ ♠ ♠



ဘီလူးဖြူနှင့် ဘီလူးမည်းတို့ ရင်ထိတ်သွားကြလေသည်။

သုကျန်းက သွေးရှူးသွေးတန်းဖြင့် သူတို့ ရှိနေရာဘက်သို့ ပြေးလာသည် မဟုတ်ပါလား။

ဘီလူးဖြူတို့မှာ ချုံပုတ်ကြီးတစ်ခု နောက်တွင် ရောက်ရှိနေကြပြီး တိုက်ပွဲအား ချောင်းမြောင်းကြည့်ရှုနေသကဲ့သို့ ရှိနေပါသည်။

သူတို့ ရှေ့တွင် ချုံပုတ်ကြီး ရှိနေသဖြင့် ရုတ်တရက် တွေ့မြင်ဖို့ မလွယ်ပါချေ။

သုကျန်းလည်း ဘီလူးဖြူတို့အား တွေ့မြင်သွားခြင်း မရှိဘဲ ချုံပုတ်ကြီးရှေ့မှ ဖြတ်ပြေးသွားခြင်း ဖြစ်သည်။

ဒယီးဒယိုင်ဖြင့် ပြေးသွားရင်း အင်္ကျီရင်ဘတ်ကြားမှ ပစ္စည်းတစ်ခု နိုက်ယူကာ ချုံပုတ်ကြီးထဲသို့ ပစ်ထည့်သွားလေသည်။

"ဖုတ်"

သုကျန်း ပစ်ချသွားသောပစ္စည်းမှာ ဘီလူးဖြူတို့ ရှေ့သို့ ကျရောက်လာလေသည်။

"မင်း ဘယ်ပြေးမလဲ"

"ရပ်လိုက်စမ်း"

ဂိုဏ်းကြီးကိုးဂိုဏ်းမှ ထိပ်သီးသိုင်းသမားများက အော်ငေါက် ဟန့်တားရင်း သုကျန်း နောက်သို့ လိုက်သွားကြလေသည်။

သုကျန်းက အသားမည်းထံမှ ရတနာပစ္စည်းကို ရယူခဲ့ပြီး မြေခွေးက ရိပ်မိသွားသဖြင့် နှုတ်ပိတ်ခဲ့သည်။

ထိုဖြစ်ရပ်အား ရှောင်လင်ကိုယ်တော်တပါးက တွေ့မြင်သွားခဲ့၍ တိုက်ခိုက်ခဲ့ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်ကိုယ်တော်သည် ဒဏ်ရာရသွားသော်လည်း အသက်သေဆုံးသွားခြင်း မရှိဘဲ ရှောင်လင်ကျောင်းသို့ အရောက်ပြန်သွားပြီး ရတနာပစ္စည်းအကြောင်းကို သတင်းပို့နိုင်ခဲ့သည်။

ရှောင်လင်ကျောင်းမှ ဦးဆောင်ကာ အခြားသိုင်းဂိုဏ်းကြီးများမှ အရေးပါသူများနှင့် စုဝေးတိုင်ပင်ပြီး သုကျန်းအား တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်လေသည်။

သုကျန်းနှင့် သိုင်းဂိုဏ်းကိုးဂိုဏ်းမှ သိုင်းသမားကြီးများ အသီးသီး ပြေးလွှားသွားကြပြီး တခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားကြတော့သည်။

ထိုအခါမှ ဘီလူးဖြူက သုကျန်းပစ်ချခဲ့သော အထုပ်ကလေးကို ကောက်ယူလိုက်သည်။

"သည်အထုပ်ကလေးထဲက ပစ္စည်းဟာ အရေးကြီးတဲ့ ပစ္စည်းတစ်ခုခု ဖြစ်လိမ့်မယ်"

ဘီလူးမည်း ခေါင်းညိတ်လိုက်သည်။

"သေချာတာပေါ့ဗျာ"

ဘီလူးဖြူက...

"ဖွင့်ကြည့်လိုက်မယ်"

ပြောပြီး အနီရောင်ပိုးပဝါလေးကို ဖယ်ရှားလိုက်ရာ ငွေရောင်ဘူးကလေးတစ်ခု ပါရှိသည်ကို တွေ့ရလေသည်။

ထိုဘူးကလေးကို ဖွင့်ကြည့်လိုက်ရာ ဘူးထဲတွင် လျှို့ဝှက်သင်္ကေတများ ရေးသားထားသည့် ခပ်ထူထူ ဆီစိမ်စက္ကူစာရွက်ကို တွေ့လိုက်ရလေသည်။



"ဟင်"

"ဟာ"

ဘီလူးဖြူနှင့် ဘီလူးမည်း လွှတ်ခနဲ အော်လိုက်ကြလေသည်။ ဘီလူးဖြူက...

"ချိုဝူကျိရဲ့ သိုင်းလောက ရတနာပစ္စည်းပဲ"

ဘီလူးမည်းက...

"ဒါ မရဏပလွေပုံကြမ်းပဲဗျ"

အလွန်အဖိုးထိုက်သော ပစ္စည်းတစ်ခုအား လက်ဝယ်ရရှိလိုက်သဖြင့် နှစ်ယောက်သား အံ့ဩတုန်လှုပ်နေကြပါတော့သည်။

သုကျန်းနှင့် သိုင်းကိုးဂိုဏ်းမှ လူများအား မတွေ့ရတော့ပါ။

ဤနေရာသို့ ပြန်ရောက်လာကြတော့မည် မဟုတ်ဟု ဘီလူးဖြူတို့ ဆင်ခြင်မိကြလေသည်။

ဘီလူးဖြူက...

"ကျုပ်တို့နဲ့ထိုက်လို့ ကျုပ်တို့ရတာပဲ"

ဟု ပြောလျှင် ဘီလူးမည်းက...

"ဟုတ်တယ်"

ဟု ထောက်ခံလိုက်လေသည်။

သူတို့နှစ်ယောက်၏သိုင်းပညာမှာ အထွဋ်အထိပ် ရောက်ရှိနေပြီ ဖြစ်သော်လည်း သိုင်းဆရာဇချိုဝူကျိအား မမီနိုင်သေးဟု ပြောဆိုဝေဖန်မှုများ ရှိခဲ့ပေသည်။

ချိုဝူကျိ၏ပညာ မည်မျှ အစွမ်းထက်သည်ကို သူတို့သိရှိလိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးဖြူက...

"သည်ဝစ္စည်းကို ယူသွားပြီး လေ့လာကြည့်မယ်"

ဟု ပြောရာ ဘီလူးမည်း သဘောတူလေသည်။

ထို့နောက် နှစ်ယောက်သား ချုံပုတ်ကြီးအနီးမှ တိတ်တဆိတ် ထွက်ခွာသွားကြလေတော့သည်။

♠ ♠ ♠

ဘီလူးဖြူနှင့် ဘီလူးမည်းတို့ နှစ်ယောက်မှာ မမျှော်လင့်ဘဲ သိုင်းလောက ရတနာပစ္စည်းတစ်ခု ရရှိခဲ့ကြလေသည်။

ထိုရတနာပစ္စည်းအား နှစ်ယောက်သား လေ့လာခဲ့ကြလေသည်။

ဤတွင်...

လျှို့ဝှက်သင်္ကေတများအား အဓိပ္ပါယ်ဖော်ရာ၌ တစ်ဦးနှင့်တစ်ဦးမတူဘဲ အယူအဆ ကွဲပြားနေသဖြင့် သူတို့၏လေ့လာမှုမှာ ထိရောက်ခြင်း မရှိတော့ပါ။

"သည်အတိုင်းဆိုရင် ဘာမှ အကျိုးထူးလာမှာ မဟုတ်ဘူး။ ကျုပ်တို့ တစ်ယောက်တစ်လှည့် လေ့လာကြမယ်၊ ကိုယ့်ဘာသာ နားလည်သလို အဓိပ္ပါယ်ကောက်ယူကြမယ်"

"ကောင်းတယ်"

တစ်ယောက်တစ်လှည့်ယူကာ လေ့လာကြည့်ဖို့ နှစ်ဦးသား သဘောတူလိုက်ကြလေသည်။



အစပိုင်း၌ သဘောတူထားကြသည့်အတိုင်း တစ်ယောက်တစ်လှည့် ကြည့်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် သူက အချိန်ပိုယူသည် ငါက အချိန်ပိုယူသည်ဟု အချင်းများလာကြတော့သည်။

စိတ်နေသဘောထား ထူးခြားသူများ ဖြစ်ရကား သေးငယ်သော သဘောထားကွဲလွဲမှုလေးကို ရှေ့တန်းတင်ခဲ့ကြရာမှ လုံးဝ သဘောထားကွဲလွဲသွားတော့သည်။

တစ်ယောက်ကိုတစ်ယောက် မကျေမနပ် ဖြစ်လာကြသည်။

ညီရင်းအစ်ကိုပမာ အမြဲမခွဲ တတွဲတွဲ နေခဲ့ကြသည့် သွေးသောက်မိတ်ဆွေများဘဝမှ ပြိုင်ဘက်များသဖွယ် ဖြစ်လာခဲ့ကြသည်။

နှစ်ဦးသား လမ်းခွဲလိုက်ကြပြီး နောက်ဆုံးတွင် ရတနာပစ္စည်းအား ပိုင်ဆိုင်နိုင်ဖို့ အချင်းချင်း စိန်ခေါ်ကာ သိုင်းပညာယှဉ်ပြိုင်ကြမည့် အခြေအနေသို့တိုင် ရောက်ရှိသွားတော့သည်။

ဘီလူးဖြူ၊ ဘီလူးမည်းတို့က ခွန်လုံတောင်၌ ယှဉ်ပြိုင်ရန် ချိန်းဆိုလိုက်ကြတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ခြေဦးတည့်ရာ

သုထင်းဖုံးသည် ဖခင်ကြီး ပြန်မလာနိုင်တော့လျှင် ထင်းရှူးကျေးရွာသို့ သွားကာ ကျူးဟွေ့ထံ၌ ခိုလှုံခဲ့လေသည်။

ကျူးဟွေ့နှင့် ကျူးစန်းတို့ သားအဖနှစ်ယောက်ကလည်း သူ့အား လက်ခံကာ ကောင်းမွန်စွာ စောင့်ရှောက်ထားခဲ့လေသည်။

ကျူးဟွေ့သည် သုထင်းဖုံးက တစ်နေ့တစ်နေ့ ဖခင်အကြောင်း တွေးကာမှိုင်တွေ ငေးမောနေသည်ကို သဘောမကျပါချေ။

အချိန်ကြာလာသည်နှင့်အမျှ သုထင်းဖုံးမှာ ဘာမှအသုံးမကျ အရာမဝင်သူတစ်ယောက်ဟု စွပ်စွဲပြောဆိုကာ အကြောင်းအမျိုးမျိုးရှာပြီး နှိမ့်ချဆက်ဆံလေတော့သည်။

ကျူးစန်းနှင့် ယုကျင်းဝါးတို့ကလည်း သုထင်းဖုံးအား အရည်အချင်းကင်းမဲ့သူဟူ၍ အထင်သေးသည့်သဘောမျိုး ဖြစ်လာကြသည်။

ယုကျင်းဝါးသည် သုထင်းဖုံးအား ခပ်ချာချာဆက်ဆံကာ ကျူးစန်းကို ပိုပြီးမျက်နှာသာပေးခဲ့လေသည်။



နောက်ဆုံး...

ကျူးစန်းက ယုကျင်းဝါးအား ခိုးပြေးသွားလေသည်။

သုထင်းဖုံး အသည်းကွဲရတော့သည်။

ဖခင်လည်းဆုံး၊ ချစ်သူလည်း သစ္စာဖောက်ကာ ဖခင်၏ သွေးသောက်မိတ်ဆွေက အထင်သေးနှိမ့်ချဆက်ဆံခဲ့သည်များကြောင့် ယူကြုံးမရဖြစ်ခဲ့ရသည်။

မိန်းမများကိုလည်း အမုန်းကြီး မုန်းတီးသွားသည်။

"တစ်နေ့ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက် ဖြစ်လာအောင် ငါကြိုးစားမယ်၊ အားလုံး အံ့သြသွားစေရမယ်၊ သိုင်းပညာရှိလာတဲ့တစ်နေ့ ငါ့ကို စော်ကားခဲ့သူတွေအားလုံးကို လက်စားချေပစ်မယ်"

သုထင်းဖုံး ထိုသို့ သန္နိဋ္ဌာန်ချကာ မည်သူမျှမသိအောင် ထင်းရှူးကျေးရွာမှ ထွက်လာခဲ့လေတော့သည်။

သုထင်းဖုံးက ခြေဦးတည့်ရာ ထွက်လာရင်း ဘီလူးဖြူနှင့် ဘီလူးမည်းတို့ သိုင်းပညာယှဉ်ပြိုင်ကြမည့် ခွန်လုံတောင်အနီးသို့ မမျှော်လင့်ဘဲ ရောက်ရှိသွားလေသည်။

သုထင်းဖုံး ရောက်ရှိသွားချိန်၌ ဘီလူးဖြူနှင့်ဘီလူးမည်းတို့ ယှဉ်ပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်သည်။

ယှဉ်ပြိုင်ပွဲ၌ ဘီလူးဖြူ အနိုင်ရရှိလိုက်ပြီး ဘီလူးမည်း သေဆုံးသွားခဲ့လေသည်။

ဘီလူးဖြူက အနိုင်ရလိုက်သည့်တိုင် ဘီလူးမည်း၏ 'ယက္ခလက်သည်း' လက်နက်ကြောင့် ဒဏ်ရာပြင်းစွာ ရရှိခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုထင်းဖုံး ရောက်လာချိန်၌ ခွန်လုံတောင်မှာ စိမ်းလန်းစို ပြည်ကာ အရာရာတိုင်းမှာ လှပတင့်တယ်နေပေသည်။

သုထင်းဖုံး တောလမ်းကလေးအတိုင်း လျှောက်လာရင်း တစ်နေရာသို့ အရောက်တွင် လမ်းဘေးတစ်နေရာမှ ညည်းတွားသံ ထွက်ပေါ်နေသည်ကို ကြားလိုက်ရလေသည်။

သုထင်းဖုံး ရင်ထိတ်သွား၏။

"တစ်ယောက်ယောက် ဒဏ်ရာအနာတရကြောင့် ညည်းတွားနေတာပါလား"

အကူအညီပေးဖို့ ရည်ရွယ်ချက်ဖြင့် သစ်ပင်များကြားသို့ တိုးဝင်လိုက်ရာ သစ်ပင်တစ်ပင်အား မှီ၍ ညည်းတွားနေသူတစ်ယောက်ကို တွေ့လိုက်ရတော့သည်။

ထိုလူကား ဘီလူးဖြူ ဖြစ်ပါတော့သည်။

ဘီလူးဖြူမှာ ဘီလူးမည်းအား အနိုင်ရရှိလိုက်သည့်တိုင် သူကိုယ်တိုင်လည်း မသက်သာဘဲ သေလုမျောပါး ဒဏ်ရာရရှိခဲ့လေသည်။

သိုင်းလောက ရတနာပစ္စည်းတစ်ခုနှင့် ပတ်သက်ပြီး သူတို့ သွေးသောက်မိတ်ဆွေနှစ်ယောက် စိတ်ဝမ်းကွဲကာ ယှဉ်ပြိုင်ခဲ့သည့် ကိစ္စကို သိရှိထားသော သိုင်းလောကသားများသည် အနိုင်ရရှိခဲ့သော ဘီလူးဖြူအား အလွတ်မပေးကြချေ။

ဘီလူးဖြူအား တိုက်ခိုက်သုတ်သင်ကာ ရတနာပစ္စည်းရယူမည်ဟု သဲကြီးမဲကြီး ဖြစ်ခဲ့ကြလေသည်။

ဘီလူးဖြူလည်း သိုင်းလောကသားများက သူ့အား လုပ်



ကြံကာ ရတနာပစ္စည်း လုယူမည့် ဘေးအန္တရာယ်ကို နားလည်ထားလေသည်။

ခွန်လုံတောင်မှ ဆင်းလာချိန်၌ သိုင်းလောကသားများက သူ့နောက်သို့ လိုက်လာသောအခါ သစ်ပင်များကြား၌ ဝင်ရောက်ပုန်းအောင်းကာ ရှောင်တိမ်းခဲ့ခြင်း ဖြစ်လေသည်။

သုထင်းဖုံး ရောက်လာသည်ကို တွေ့ရလျှင် ဘီလူးဖြူ မောက်ထင်းက တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သုထင်းဖုံးက မရိပ်မိဘဲ...

"ဟင်..ဒဏ်ရာရထားတဲ့ လူတစ်ယောက်ပါလား၊ ငါကူညီမှ ဖြစ်မယ်"

ဟု ရေရွတ်ပြီး ရှေ့တိုးသွားလေသည်။

သူ၏ရေရွတ်သံကို ကြားလျှင် မောက်ထင်း စိတ်ပြောင်းသွားကာ တိုက်ခိုက်ခြင်း မပြုတော့ချေ။

"ဦး ကျွန်တော် ဘာများ အကူအညီပေးရမလဲ ခင်ဗျာ"

သုထင်းဖုံးက မေးလိုက်သည်။ မောက်ထင်းက...

"မင်းက ကျုပ်ကို ကူညီချင်တာကိုး ကျေးဇူးပါပဲကွာ၊ ကျုပ်က ဒဏ်ရာရထားတယ်၊ ရန်သူတွေကလဲ ကျုပ်ကို သဲကြီးမဲကြီး ဖြစ်နေကြတယ်၊ ဒါကြောင့် ပစ္စည်းလေးတစ်ခု မင်းဆီမှာ အပ်ထားခဲ့ချင်တယ်၊ မင်းသိမ်းဆည်းပေးထားနိုင်မလား"

သုထင်းဖုံးက...

"ရပါတယ်၊ ကျွန်တော်သိမ်းထားပေးပါ့မယ်"

ဟုပြောလိုက်ရာ မောက်ထင်းက ရတနာပစ္စည်း အထုပ်က

www.burmeseclassic.com

www.burmeseclassic.com



လေးကို ထုတ်ပေးလိုက်လေသည်။

"သည်ပစ္စည်းလေးကို သိမ်းထားပေးပါ၊ တစ်နေ့ကျရင် ကျုပ်က မင်းဆီကိုလာပြီး ပြန်ယူပါ့မယ်"

"စိတ်ချပါခင်ဗျာ၊ ကျွန်တော် သိမ်းထားပေးပါမယ်၊ ဦး ကြိုက်တဲ့အချိန် လာယူနိုင်ပါတယ်"

မောက်ထင်းပေးသော ပစ္စည်းမှာ သိုင်းလောကရတနာ ပစ္စည်းတစ်ခုဖြစ်ကြောင်း သုထင်းဖုံး မသိခဲ့ချေ။

မောက်ထင်းသည် သုထင်းဖုံးအား မေးလိုက်ပြီးမှ...

"ဝေါ့"

သွေးများအန်ထုတ်ကာ မြေပေါ်လဲကျသွားလေသည်။

"ဦး...ဘယ်လိုဖြစ်တာလဲခင်ဗျာ"

သုထင်းဖုံး ကပျာကယာ ဖေးမလိုက်လေသည်။

မောက်ထင်း စိတ်ဓာတ် ကျဆင်းသွားလေသည်။

"ကျုပ်ဒဏ်ရာက အတော်ပြင်းတာပဲ၊ သည်အတိုင်းဆို သိပ်မလွယ်တော့ဘူး"

"ဦးကို သမားတော်တစ်ယောက်ဆီ ကျွန်တော် ပို့ပေးပါ့မယ်"

"မရတော့ပါဘူးကွ"၊

မောက်ထင်းမှာ ဘီလူးမည်းအား အနိုင်ယူနိုင်ခဲ့သော်လည်း သူကိုယ်တိုင်လည်း ဒဏ်ရာပြင်းစွာရလိုက်ပြီး အသက်ရှင်နိုင်တော့မည်မဟုတ်ကြောင်း ကောင်းစွာနားလည်လိုက်ပြီ ဖြစ်လေသည်။ မောက်ထင်းက...



"ငါ့ကို ကူညီချင်တဲ့အတွက် မင်းကံကောင်းသွားတာပဲ"

ပြောရင်း သုထင်းဖုံး၏ လက်မောင်းတစ်ဘက်ကို ဖျစ်ခနဲ ဆုပ်ကိုင်လိုက်ရာ သုထင်းဖုံး၏ ဦးခေါင်းထဲ မူးမိုက်သွားပြီး သတိ လစ်မေ့မြောသွားလေတော့သည်။

♠ ♠ ♠

အချိန် မည်မျှကြာသွားမှန်းမသိ။

သုထင်းဖုံး သတိရလာသောအခါ မောက်ထင်း သေဆုံးနေပြီဖြစ်သည်ကို တွေ့ရလေသည်။ သူ၏တစ်ကိုယ်လုံးလည်း ထူးထူးခြားခြား အတွင်းအားများ ပြည့်ဝနေသည်ဟု ခံစားလိုက်ရလေသည်။

မောက်ထင်းက သူ၏အတွင်းအားများကို သုထင်းဖုံး၏ခန္ဓာကိုယ်ထဲ လွှဲပြောင်းပို့ဆောင် ပေးသွားခဲ့ခြင်း ဖြစ်လေသည်။

သုထင်းဖုံးမှာ ဖခင်ကြီးနှင့်ကျူးဟွေတို့၏သင်ကြားပြသပေးမှုဖြင့် အခြေခံသိုင်းပညာများ သင်ယူခဲ့ဖူးပေသည်။

သိုင်းပညာနှင့် အတွင်းအားအကြောင်းကို သိရှိနားလည်ထားသည်ဟု ဆိုနိုင်ပါသည်။

မောက်ထင်းအား ကောင်းမွန်စွာမြှုပ်နှံသင်္ဂြိုဟ်ပေးပြီး ခွန်လုံတောင်မှ ထွက်လာခဲ့လေသည်။

ဤတွင် သိုင်းလောက အရှုပ်အထွေးပြဿနာကြီးထဲသို့ ပါဝင် ပတ်သက်မိလိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## လောဘသားများ

သုထင်းဖုံး တောင်ခြေတောအုပ်ထဲမှ ထွက်လာသောအခါ

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ လူတစ်စု ရောက်ရှိလာပြီး ဝိုင်းရံထား လိုက်ကြလေသည်။

မောက်ထင်းအား လိုက်လံရှာဖွေနေကြသော သိုင်းသမား များဖြစ်လေသည်။

သိုင်းသမားတစ်ယောက်က...

"ကောင်လေး..တောအုပ်ထဲမှာ အဘိုးကြီးတစ်ယောက်ကို တွေ့မိသလား"

မောက်ထင်းအကြောင်း မေးလိုက်ကြောင်း သုထင်းဖုံး နား လည်မိသဖြင့်...

"မတွေ့ဘူး"

ဟု ခပ်ပြတ်ပြတ်ပြောကာ ထွက်သွားရာ သိုင်းသမားတစ် ယောက်က..

"သည်ကောင်လေးက မခန့်လေးစားနဲ့ပါလား"



ဟုငေါက်ကာ အနီးသို့ ချဉ်းကပ်သွားပြီး လက်ဝါးဖြင့်ရိုက် ချလိုက်လေသည်။

ရုတ်တရက်မို့ သုထင်းဖုံး မရှောင်နိုင်ဘဲ လက်ဝါးရိုက်ချက် ထိကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"ဝုန်း"

"အား"

သုထင်းဖုံး မြေပေါ်လဲကျသွားလျှင် သိုင်းသမားများက အမှုမထားကြတော့ဘဲ...

"မောက်ထင်းကို လိုက်ရှာကြမယ်ဟေ့"

"မြန်မြန်လာကြ"

ဟု အချင်းချင်းပြောဆိုကြပြီး ပြေးလွှားသွားကြလေတော့ သည်။

♠ ♠ ♠

သုထင်းဖုံးမှာ မြေပေါ်လဲကျသွားပြီး မလှုပ်မယှက်ဖြစ် သွားလေသည်။

ထိုအချိန်မှာပင် မိန်းကလေးတစ်ယောက် ပြေးလွှားရောက် ရှိလာလေသည်။ ထိုမိန်းကလေးမှာ ရက်စက်ကြမ်းကြုတ်သည်ဟု သတင်းကြီးနေသော ရွှေရောင်ပိတုန်းဖြစ်လေသည်။

ရွှေရောင်ပိတုန်းသည် သုထင်းဖုံးကိုမြင်လျှင် မျက်မှောင် ကုပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ ချဉ်းကပ်သွားပြီး သွေးကြောများကို စမ်းသပ်ကြည့်လိုက်လေသည်။

သုထင်းဖုံး အသက်ရှင်နေသေးပြီး သူ၏ခန္ဓာကိုယ်ထဲ၌အင်အားကြီးမားသော အတွင်းအားများ ကိန်းအောင်းနေသည်ကို သိရှိလိုက်ရလေသည်။

ရွှေရောင်ပိတုန်း အံ့ဩသွားသည်။

"အသက်ယယ်ယယ်ရွယ်ရွယ်နဲ့ အတွင်းအားက ကြောက်စရာကောင်းအောင်ရှိနေတာပဲ၊ သူ့သာသိုင်းပညာနဲ့ အတွင်းအားကို မှန်မှန်ကန်ကန် ထုတ်ဖော်အသုံးပြုတတ်မယ်ဆိုရင် ထိပ်သီးသိုင်းသမားကြီးတွေကိုတောင် မှုစရာမလိုဘူး"

သူမသည် သုထင်းဖုံး၏ ဝေဒနာသက်သာသွားစေရန် အသက်ကယ်ဆေးတစ်လုံး တိုက်ကျွေးလိုက်ပြီး ခန္ဓာကိုယ်ထဲရောက်ရှိ ကိန်းအောင်းနေသော အတွင်းအားများ အချိန်မရွေးထုတ်ဖော်အသုံးပြုနိုင်အောင် သွေးကြောများအတွင်း လှည့်ပတ်စီးဆင်းနေစေရန် သွေးကြောများကို နှိပ်နယ်ပြုပြင်ပေးလိုက်လေသည်။

ရွှေရောင်ပိတုန်းကြောင့် သုထင်းဖုံး ကံကောင်းသွားသည်ဟု ဆိုနိုင်ပါတော့သည်။

"အား"

တစ်ချက်အော်ရင်း သတိရလာလေတော့သည်။

♠ ♠ ♠



သုထင်းဖုံးမှာ ဖခင်သုကျန်း၏ ပြောပြမှုကြောင့် သိုင်းလောကနှင့်သိုင်းပညာများအကြောင်း အတွင်းအားနှင့် သွေးကြောပညာရပ်များအကြောင်း တီးမိခေါက်မိ သိရှိထားလေသည်။

သတိရလာသည်နှင့် မည်သို့သောဝေဒနာမျိုးမှ မခံစားရတော့သည့်အပြင် တစ်ကိုယ်လုံး အတွင်းအားများ ပြည့်ဝနေကြောင်း သတိပြုမိလိုက်လေသည်။

မောက်ထင်း သေဆုံးသွားခြင်းမရှိမီ၊ သူ၏အတွင်းအားများကို လွှဲပြောင်းပေးသွားခဲ့ကြောင်းလည်း နားလည်လိုက်လေသည်။

"ရှင် သက်သာသွားပြီ မဟုတ်လား"

ဟု မေးလိုက်လေသည်။

သုထင်းဖုံးမှာ မိန်းမချောလေးတစ်ယောက်က သူ့အားကူညီခဲ့ခြင်းဖြစ်ကြောင်း သိရလျှင် သဘောမကျနိုင်အောင် ဖြစ်သွားလေသည်။ ဘာမှမပြောဘဲ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ရွှေရောင်ပိတုန်း အံ့ဩသွားလေသည်။

"ရှင် ဘယ်လိုဖြစ်တာလဲ၊ ရှင့်ကို ကူညီခဲ့တာတောင် ကျေးဇူးတင်စကားလေး တစ်ခွန်းလောက် မပြောနိုင်ပါလား၊ ရှင်တော်တော် ရိုင်းစိုင်းပါလား"

သုထင်းဖုံးမှာ ချစ်သူယုကျင်းဝါးက သစ္စာဖောက်သွားသဖြင့် မိန်းမများကို မုန်းတီးနေမိခြင်း ဖြစ်လေသည်။

ရွှေရောင်ပိတုန်းအား စိုက်ကြည့်ပြီး..

"ကျုပ်က မင်းကို အကူအညီတောင်းတာလား၊ မင်းဘာ

www.burmeseclassic.com

www.burmeseclassic.com



သာ ကူညီခဲ့တာလား"

ဟုမေးလိုက်ရာ ရွှေရောင်ပိတုန်းကလည်း မည်သို့ပြန်ပြောရမှန်းမသိအောင် ဖြစ်သွားလေတော့သည်။ ထိုစဉ်...

"ဟိုမှာ..ဟိုမှာ"

"အဲသည်ကောင်လေးပဲ ဖြစ်မယ်"

အော်ပြောသံများနှင့်အတူ လူတစ်စု ပြေးလွှားရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေတော့သည်။

♠ ♠ ♠

သိုင်းသမားများသည် ခွန်လုံတောင်တစ်ခုလုံးအား တစ်လက္ခမကျန်အောင် မွှေနှောက်ရှာဖွေခဲ့ကြရာ နောက်ဆုံးတွင် မောက်ထင်း၏အလောင်းမြှုပ်နှံထားသည့် မြေပုံကို တွေ့ရှိသွားကြလေသည်။

မောက်ထင်း သေဆုံးသွားပြီး သိုင်းလောကရတနာပစ္စည်း ပျောက်ဆုံးနေရကား ခွန်လုံတောင်ပတ်ဝန်းကျင်၌ သိုင်းလောကက မဟုတ်သော လူငယ်တစ်ယောက် ရောက်ရှိလာကြောင်း မောက်ထင်းနှင့် ပတ်သက်နိုင်ကြောင်း ဆင်ခြင်မိကြကာ သုထင်းဖုံးအား ပြန်လည် ရှာဖွေနေကြခြင်း ဖြစ်လေသည်။

ပြေးလွှားရောက်ရှိလာကြသူများသည် သုထင်းဖုံးအား ဝိုင်းရံထားလိုက်ကြလေသည်။ စိတ်တိုတတ်သော မိန်းကလေးဟု သိုင်းလောက၌ သ တင်းကြီးနေသော ရွှေရောင်ပိတုန်းက သုထင်းဖုံးရှေ့၌



အကာအကွယ်ပေးထားလိုက်ပြီး...

"ရှင်တို့ ဘယ်သူတွေပဲဖြစ်ဖြစ် သူ့ကိုနှောက်ယှက်မယ်ဆိုရင် ကျွန်မ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

ဟု အော်ငေါက်လိုက်လေသည်။

ရောက်လာကြသူများထဲ၌ နာမည်ကြီးအချို့ ပါဝင်နေရကား...

"ရွှေရောင်ပိတုန်း..မင်းဝင်မရှုပ်နဲ့"

"ဟိုကောင်လေးဆီက ရတနာပစ္စည်းကို အပိုင်စီးဖို့ မကြိုးစားနဲ့ ဒုက္ခရောက်သွားမယ်"

"မင်း ဘေးဖယ်လိုက်စမ်း"

တစ်ယောက်တစ်ခွန်း အော်ငေါက်ရင်း ရှေ့တိုးလာကြလေသည်။

ရွှေရောင်ပိတုန်း ဒေါသထွက်ကာ ခြေဆောင့်လိုက်သည်။

"ရှင်တို့ သေချင်ကြပြီထင်တယ်"

သူမ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

တဆက်တည်းမှာပင် သုထင်းဖုံးကို ငေါက်လိုက်သည်။

"လက်စသပ်တော့ ရှင်ဟာ ဘီလူးဖြူမောက်ထင်းဆီက ရတနာပစ္စည်း ရထားတာကိုး"

သုထင်းဖုံးက...

"မင်းဘာပြောတာလဲ၊ ကျုပ် ဘာမှမသိဘူး"

"ရှင် တကယ်မသိဘူးလား၊ မောက်ထင်းဆီက ပစ္စည်းတစ်ခု ရှင်ရခဲ့တာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူမသည်လည်း မောက်ထင်းအား မြှုပ်နှံထားသည့်မြေပုံကိုတွေ့ရှိခဲ့ပြီ ဖြစ်လေသည်။

သုထင်းဖုံးက အခြေအနေကို သုံးသပ်ရင်း…

"ဒဏ်ရာနဲ့ သေဆုံးသွားတဲ့ အဘိုးကြီးဟာ ဘီလူးဖြူမောက်ထင်းဖြစ်နေတာကို။ သူပေးခဲ့တဲ့ပစ္စည်းဟာ သိုင်းလောကရတနာပစ္စည်းဆိုပါလား"

ဟု တွေးမိလေသည်။ ထိုစဉ်…

"ဘေးဖယ်လိုက်စမ်း"

သိုင်းသမားများက အော်ငေါက်ရင်း ရှေ့တိုးလာကြလေသည်။ ရွှေရောင်ပိတုန်းက…

"သေလိုက်စမ်း"

သူမ လက်ဝှေ့ယမ်းလိုက်ရာ ပန်းဝတ်မှုန်ကဲ့သို့သော အဆိပ်မှုန်များ လွင့်ပျံ့သွားပြီး…

"အား"

"အမယ်လေး"

ရှေ့တိုးလာသော သိုင်းသမားနှစ်ယောက် အဆိပ်မိကာ လဲကျသွားလေတော့သည်။

ကျန်လူများလည်း ကပျာကယာ နောက်ပြန်ဆုတ်သွားကြလေသည်။ သုထင်းဖုံး စိတ်ပျက်သွားလေသည်။

သူ၏ဖခင်သည် သိုင်းလောက ရတနာပစ္စည်းနောက်သို့ လိုက်ရင်း သေဆုံးခဲ့ရသည်ဟု ကျူးဟွေက ပြောပြ၍ သိခဲ့ရသည်။

ယခု သူလည်း ပတ်သက်ခဲ့ရသည်ကို သဘောမကျဖြစ်



သွားလေသည်။

"သိုင်းလောကရတနာပစ္စည်းဆိုတာ ဘာမို့လဲ"

မခံချင်စိတ်ဖြင့် မောက်ထင်းပေးခဲ့သည့် အထုပ်ကလေးကို အင်္ကျီရင်ဘတ်ကြားမှ ထုတ်ယူလိုက်လေသည်။

ထိုအချိန်၌…

"ရွှေရောင်ပိတုန်းက လူသတ်လိုက်ပြီ"

"သူ့ကို အလွတ်မပေးနဲ့"

"တိုက်ကြ"

သိုင်းသမားများသည် ညာသံပေးကာ ရွှေရောင်ပိတုန်းအားတိုက်ခိုက်လိုက်ကြလေသည်။

ရွှေရောင်ပိတုန်း နှာခေါင်းရှုံ့လိုက်သည်။

"ရှင်တို့ကို ကြောက်နေရမှာလား"

သူမလည်း လက်ဝါးနှစ်ဘက်အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တိုက်ပွဲဖြစ်လာခြင်းကြောင့် သုထင်ဖုံး နောက်ဆုတ်လိုက်လေသည်။ တိုက်ပွဲကို အာရုံရောက်သွား၏။

သုထင်းဖုံးမှာ အလွန်ဉာဏ်ကောင်းသော လူငယ်တစ်ဦးဖြစ်လေသည်။

တိုက်ပွဲကိုကြည့်ရင်း အသုံးပြုနေသော သိုင်းကွက်များကိုမှတ်သားထားမိလေသည်။

မတူညီသော သိုင်းကွက်အမျိုးမျိုးကို တခဏအတွင်း မှတ်မိသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ပိတုန်းက တိုက်ခိုက်ရင်း အဆိပ်မှုန့်များကိုပါ အသုံးပြုလိုက်သဖြင့်...

"အား"

"အွန့်"

"အမယ်လေး"

သိုင်းသမားအချို့ အဆိပ်မိကာ မြေပေါ်လဲကျသွားကြလေတော့သည်။

ကျန်သိုင်းသမားများလည်း ထိတ်လန့်ကာ ဆက်၍မတိုက်ခိုက်ရဲကြတော့ဘဲ နောက်ဆုတ်လိုက်ကြလေတော့သည်။

ရွှေရောင်ပိတုန်း ခြေဆောင့်ကာ ဝေါက်လိုက်သည်။

"ရှင်တို့ မသွားကြသေးဘူးလား၊ သေချင်ကြပြီထင်တယ်"

သူမ ရှေ့တိုးလိုက်ရာ သိုင်းသမားများလည်း မနေဝံ့ကြတော့ဘဲ ပြေးလွှားသွားကြလေတော့သည်။

♠ ♠ ♠

ဒုက္ခပေးမည့် သိုင်းသမားများ ထွက်သွားကြပြီဖြစ်ရာ သုထင်းဖိုး ဝမ်းသာသွားလေသည်။

အချိန်ရခိုက် ထွက်သွားရမည် မဟုတ်ပါလား။

သူ ထွက်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင်...

"ဟူး"

လေပြင်းတစ်ချက် တိုက်ခတ်ကာ လူငယ်တစ်ဦး ရောက်ရှိလာလေသည်။ ထိုလူငယ်သည် သုထင်းဖိုးအနီးသို့ ရိပ်ခနဲ ရောက်ရှိလာပြီး သုထင်းဖိုး၏လက်ထဲမှ ရတနာ့ပစ္စည်း အထုပ်ကလေးကို လုယူသွားလေတော့သည်။

ရတနာပစ္စည်းကို ငွေဘူးကလေးဖြင့်ထည့်ထားပြီး အနီရောင်ပဝါဖြင့် ချည်နှောင်ထုပ်ပိုးထားခြင်း ဖြစ်လေသည်။

"ဟာ"

အထုပ်ကလေး လုယူခံလိုက်ရသဖြင့် သုထင်းဖိုး ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ရှင် ဘယ်လိုဖြစ်တာလဲ"

သုထင်းဖိုး၏အသံ ကြားသဖြင့် ရွှေရောင်ပိတုန်းက လှည့်ကြည့်လာလေသည်။ ထိုအခါ လူငယ်က အချိန်ဆွဲမနေတော့ဘဲ မြေပေါ်ခြေဆောင့်ကာ ထွက်ပြေးသွားလေတော့သည်။

ရွှေရောင်ပိတုန်း ကြောင်အမ်းအမ်းဖြစ်သွား၏။

"သူက ဘယ်သူလဲ"

သုထင်းဖိုးက..

"ဘီလူးဖြူမောက်ထင်းဆီက ရခဲ့တဲ့ ရတနာပစ္စည်းကို သူ လုယူသွားပြီ"

"ဘာရှင့်"

"မင်း ဘာလုပ်နေတာလဲ၊ ဟိုလူနောက်ကိုလိုက်သွားပါတော့လား"

"ကျွန်မ မလိုက်ဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ခိုင်းတိုင်း လုပ်ရမှာလား"

"မင်း...မင်း"

သုထင်းဖုံး ဒေါသထွက်သွား၏။

"ကောင်းပြီ၊ ကျုပ်လိုက်သွားမယ်၊ မင်းကို ဂရုစိုက်နေမယ် မထင်နဲ့"

အော်ငေါက်ကာ ချက်ချင်းထွက်သွားလေသည်။

ရွှေရောင်ပိတုန်းလည်း သူမအား စော်ကားသည်ဟု ဒေါသဖြစ်ကာ အဆိပ်မှုန်ဖြင့် တိတ်တဆိတ် တိုက်ခိုက်လိုက်ရာ သုထင်းဖုံး သတိမပြုမိဘဲ အဆိပ်မှုန်ကို ရှူရှိုက်မိသွားလေတော့သည်။

ထိုအခါမှ ရွှေရောင်ပိတုန်း လက်လွှန်သွားပြီဟု သတိဝင်ကာ...

"ရှင် အဆိပ်မိနေပြီ၊ ဖြေဆေးသောက်လိုက်ပါ"

အဆိပ်ဖြေဆေး ချက်ချင်းထုတ်ပေးသော်လည်း သုထင်းဖုံး လက်မခံတော့ချေ။

"ကိစ္စမရှိဘူး၊ ကျုပ်အတွက် မပူနဲ့"

ဟုပြောပြီး ကျောခိုင်းထွက်သွားခြင်းကြောင့် မမျှော်လင့်ဘဲ သံယောဇဉ်ငြိတွယ်မိလိုက်သည့် ရွှေရောင်ပိတုန်းမှာ ဝမ်းနည်းသွားပြီး ခေါင်းငိုက်စိုက် ချထားလိုက်လေတော့သည်။

♠ ♠ ♠



## လှို့ဝှက်ချက်

သုထင်းဖုံးသည် လေးလံသောခြေလှမ်းဖြင့် တစ်လှမ်းချင်း လျှောက်နေသည်။

သူက မြန်မြန် မလျှောက်ဝံ့ပါ။

အကယ်၍ အလျင်အမြန် လျှောက်မိပါက ခန္ဓာကိုယ်ထဲ ရောက်ရှိနေသော အဆိပ်များက အသည်းနှလုံးထဲ စူးဝင်သွားမည်ကိုစိုးရိမ်နေသည်။

သူ၏ခြေလှမ်းမှာ နှေးကွေးနေသော်လည်း ရပ်တန့်၍မနေပါချေ။

ဤသို့ဖြင့် သူသည် တောအုပ်တစ်ခုထဲသို့ ရောက်လာလေသည်။

တောအုပ်ထဲ၌ ဘုံကျောင်းပျက်တစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်သောအခါ သူက ဝမ်းသာသွားလေသည်။

ထိုဘုံကျောင်းပျက်ထဲ၌ မိမိရရှိထားသော အဆိပ်များကို အတွင်းအားဖြင့် တွန်းထုတ်နိုင်မည် မဟုတ်ပါလား။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဤဘုံကျောင်းသည် မြေစောင့်နတ်ဘိုးဘိုး၏ ဘုံကျောင်းဖြစ်လေသည်။

နှစ်ရှည်လများ စောင့်ရှောက်ခြင်းမရှိသဖြင့် ယိုယွင်းပျက်စီးနေသည်။

ပင့်ကူအိမ်များသည် နေရာတကာတွင် မင်းမူနေသည်။

သုထင်းဖုံးသည် မြေစောင့်နတ်ဘိုးဘိုး ရုပ်ထုအောက်တွင် တင်ပျဉ်ခွေထိုင်ကာ မျက်လုံးမှိတ်ပြီး ခန္ဓာကိုယ်အတွင်းရှိနေသော အဆိပ်များကို အတွင်းအားအသုံးပြု၍ မောင်းထုတ်နေလေသည်။

သူသည် အတန်ကြာ အတွင်းအားကို ကျင့်ခဲ့ရာ နှစ်နာရီခန့်အကြာတွင် ခန္ဓာကိုယ်အတွင်းရှိ အဆိပ်များ, ကင်းစင်သွားလေသည်။

♠ ♠ ♠

ညနေ…။

နေလုံးကြီး၏ ကြွင်းကျန်သော အလင်းရောင်သည် တောအုပ်ထဲသို့ တိုးဝင်ပက်ဖြန်းနေသည်။

ကိုယ်ခန္ဓာထဲမှ အဆိပ်များ ကုန်စင်သွားသဖြင့် ဝမ်းဗိုက်ဆာလောင်လာလေသည်။ သူသည် ထိုင်ရာမှထလိုက်သည်။

အပြင်ဘက်သို့ လှမ်းထွက်လိုက်သည်။

တောအုပ်အတွင်းရှိနေသော သီးပင်များကို ရှာဖွေပြီး သစ်သီးဝလံများကို စားသောက်လိုက်လေသည်။



သူသည် သီးပင်အောက်၌ရပ်၍ သစ်သီးများကို စားသောက်နေစဉ် လူရိပ်နှစ်ခုကို ရုတ်တရက် လှမ်းမြင်လိုက်လေသည်။

ထိုလူရိပ်နှစ်ခု၏ လှုပ်ရှားမှုမှာ အထူးလျင်မြန်လှပေသည်။

တဒင်္ဂအချိန်အတွင်း၌ ထိုလူရိပ်နှစ်ခုသည် ဘုံကျောင်းပျက်ထဲသို့ ပြေးဝင်သွားလေသည်။

♠ ♠ ♠

သုထင်းဖုံးသည် မိမိနှင့်မသက်ဆိုင်သောကိစ္စများကို လုံးဝစိတ်မဝင်စားပါချေ။

ထို့ကြောင့် သစ်သီးဝလံများကို စားမြဲစားနေသည်။

တခဏအကြာတွင် သူသည် ဝမ်းဗိုက်ပြည့်ပြီဖြစ်ရာ ထိုနေရာမှထွက် ခွာသွားရန် ဟန်ပြင်လိုက်သည်။

"ဟား..ဟား..ဟား"

ရုတ်တရက် ရယ်မောသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ မိန်းကလေးတစ်ယောက်၏ ရယ်မောသံဖြစ်သည်။

သို့သော် အခြားမိန်းကလေးများ၏ ရယ်မောသံနှင့်မတူဘဲ တမူထူးခြားနေသည်။

ထိုရယ်မောသံကို ကြားမိသောလူတိုင်းမှာ အလိုလို ရင်ခုန်လာလေသည်။ ရယ်မောသံသည် ဆက်လက်ထွက်ပေါ်လာသည်။

ဆွဲဆောင်မှုအပြည့်ပါသော ရယ်မောသံဖြစ်သည်။

www.burmeseclassic.com



သုထင်းဖုံးက ထိုရယ်မောသံကို ကြားသောအခါ သူ၏ခြေလှမ်းများသည် အလိုအလျောက် ဘုံကျောင်းရှိရာသို့ လှမ်းသွားလေသည်။

ရယ်သံသည် ဘုံကျောင်းပျက်၏ အနောက်ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

သုထင်းဖုံးက ပုဏ္ဏားကွယ်ရှိရာသို့ လျှောက်သွားစဉ် ရုတ်တရက် ခြေလှမ်းရပ်တန့်သွားလေသည်။

ရယ်မောသံလည်း ရပ်တန့်သွားလေသည်။

သုထင်းဖုံးသည် ထိုနေရာမှရပ်၍ ကြည့်လိုက်သည်။

ယောကျ်ားတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ရပ်နေသည်ကို တွေ့ရလေသည်။

ထိုယောကျ်ားမှာ အသက်သုံးဆယ်ဝန်းကျင်ခန့် ရှိနိုင်သည်ဟု ခန့်မှန်းမိသည်။ ရုပ်ရည်ခန့်ညားပြီး ယောကျ်ားပီသသည်။

သူနှင့်မျက်နှာချင်းဆိုင်တွင် မိန်းကလေးတစ်ယောက်က ရပ်နေသည်။

မိန်းကလေး၏ ကိုယ်ပေါ်တွင် အပြာရောင်အင်္ကျီနှင့် အပြာရောင်ဂါဝန်ရှည် ဝတ်ဆင်ထားသည်။

သူမက ကျောပေးရပ်နေသဖြင့် မျက်နှာကို မမြင်ရချေ။

သို့သော် သူမ၏ကျော့ရှင်းသော ကိုယ်လုံးကိုယ်ထည်ကို တွေ့မြင်ရသဖြင့် အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်မည်မှာ မလွဲပါချေ။

ထိုစဉ် ယောကျ်ား၏အသံ ထွက်ပေါ်လာသည်။



"နင့်ကိုငါ ချစ်ပါတယ်လို့ ပြောတာ ဘယ်နှစ်ခါရှိပြီလဲ၊ ငါ့ကို မယုံသေးဘူးလား"

မိန်းကလေးက...

"ရှင် တကယ်ပြောနေတာလား"

သူမ၏အသံသည် အေးစက်ကြမ်းကြုတ်သည့်အသံ ဖြစ်လေသည်။

ပုဏ္ဏားကွယ်တွင် ရပ်ကြည့်နေသော သုထင်းဖုံးသည် မိန်းကလေး၏ စကားပြောသံကို ကြားရသောအခါ ကျောပြင်တစ်ခုလုံး ချမ်းစိမ့်သွားလေသည်။ ယောကျ်ားက...

"ငါပြောတဲ့စကားဟာ ငါ့ရဲ့အသည်းနှလုံးကြားက ထွက်ပေါ်လာတဲ့စကားပါ၊ လိမ်မပြောပါဘူး"

မိန်းကလေးက...

"ရှင်တို့ယောကျ်ားတွေက တစ်ယောက်မှ မယုံရဘူး"

"ငါ့ကိုတော့ ယုံပါ"

မိန်းကလေးက...

"ကောင်းပြီလေ၊ ကျွန်မ သီချင်းတစ်ပုဒ် တီးပြမယ်၊ ရှင်နားထောင်ပြီး သဘောကျတယ်ဆိုရင် ရှင့်ကို ကျွန်မယုံမယ်"

ထိုလူက...

"ကောင်းပြီလေ၊ ကျုပ် နားထောင်မယ်"

မိန်းကလေးသည် ခါးတွင်ချိတ်ထားသော စောင်းငယ်တစ်လက်ကို ထုတ်ယူလိုက်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်အင်္ကျီဝတ်ဆင်ထားသော မိန်းကလေးသည် ပလွေကို စတင်မှုတ်လိုက်လေသည်။

သုထင်းဖုံးသည် စောင်းသံကို နားထောင်ရင်း သူ၏အတွေးများသည် အတိတ်သို့ ပြန်လည် ရောက်ရှိသွားလေသည်။

သူ၏မြင်ကွင်းမှာ ကြာပန်းဖူးပွင့်နေသော ရေကန်တစ်ခုကို စတင်မြင်ယောင်လာသည်။

သူသည် နားထောင်ရင်း နားထောင်ရင်း မျက်လွှာများလေးလံလာလေသည်။

သူ့ရင်ထဲတွင် အလွန်သာယာကြည်နူးဖွယ် ခံစားမှုများ တစိမ့်စိမ့် ခံစားမိလေသည်။

သူ၏မြင်ကွင်းမှာလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေသည်။

သူသည် စိမ်းလန်းစိုပြည်သော မြက်ခင်းတစ်ခုပေါ်၌ ရောက်ရှိနေသည်။

အလွန်လှပငယ်ရွယ်သော မိန်းကလေးဆယ်ယောက်တို့သည် သူ့အား အလယ်၌ထား၍ ဝိုင်းကြီးပတ်ပတ်လည်ကာ ကပြနေကြသည်။

ထိုမိန်းကလေးများ၏ ကိုယ်ပေါ်တွင် ပါးလွှာသော အဖြူရောင်အင်္ကျီများ ဝတ်ဆင်ထားရာ သုထင်းဖုံး၏ နှလုံးခုန်နှုန်းသည် တစ်စထက်တစ်စ ပြင်းထန်ကာ လှုပ်ခုန်နေသည်။

ထိုအချိန်မှာပင် မိန်းကလေးများက သူ့ထံသို့တဖြည်းဖြည်း ချဉ်းကပ်လာသည်။



သူ၏ရင်ခုန်သံမှာ ပို၍ကျယ်လောင်လာသည်။

ထိုအချိန်မှာပင်...

"အား"

စူးရှသောအော်သံတစ်ခုသည် သူ၏နားထဲသို့ တိုးဝင်လာသည်။

မြင်ကွင်းတစ်ခုလုံး လျှပ်တပြက် ပျောက်ကွယ်သွားလေသည်။

သူက ပြန်လည်သတိရလာသည်။

သူ၏နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ ကျနေသည်။

မျက်လုံးဖွင့်ကြည့်လိုက်ရာ အပြာရောင်ဝတ်စုံဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ပျောက်ကွယ်သွားသည်ကို တွေ့မြင်ရလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## လူသတ်မိန်းကလေး

တခဏကြာ ငေးငိုင်ရပ်ကြည့်နေပြီးမှ ပြန်လည်သတိရလာသည်။

သုထင်းဖိုးသည် လဲလျောင်းနေသောလူထံသို့ တစ်လှမ်းချင်းလျှောက်သွားလေသည်။

အနီးသို့ ရောက်သွားသောအခါ ထိုလူအား သေချာစွာကြည့်လိုက်မိသည်။

ရုပ်ရည်ချောမောသော လူရွယ်တစ်ယောက်ဖြစ်နေသည်ကိုတွေ့ရသည်။

သူ၏မျက်နှာတစ်ခုလုံးမှာ သွေးရောင်မရှိဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

သူက လက်ဝါးဖြင့် ထိုလူအား စမ်းစစ်ကြည့်ရာ အသက်မရှိတော့သည်ကို တွေ့လိုက်ရလေသည်။

သူက မျက်မှောင်ကြုတ်ကာ...



"သူ ဘာကြောင့် အသက်သေ.."

သူက တိုးတိုးရေရွတ်ရင်း စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

လူငယ်၏ ဘယ်ညာနားထင်ပေါ်၌ နီရဲသော လက်ညှိုးရာတစ်ခုစီ ရှိသည်ကိုတွေ့လိုက်ရသောကြောင့်ဖြစ်သည်။

အပြာရောင်အင်္ကျီနှင့် မိန်းကလေးက ထိုလူရွယ်၏ ဘယ်ညာနားထင်ပေါ်၌ရှိနေသော ထိုက်ယန်းသွေးကြောနေရာကိုထောက်၍ သတ်လိုက်ခြင်းဖြစ်သည်ကို နားလည်လိုက်သည်။

သူသည် အတွေးရခက်သွားသည်။

ထိုအပြာရောင်အင်္ကျီနှင့် မိန်းကလေးသည် အဘယ်ကြောင့် လူရွယ်အား ဤကဲ့သို့ ရက်ရက်စက်စက် သတ်လိုက်ပါသနည်း။

သူတို့နှစ်ယောက်သည် ရန်ငြိုးရှိပုံ မတွေ့ရပါ။

တစ်ယောက်နှင့်တစ်ယောက် မေတ္တာရှိနေကြပုံကို တွေ့မြင်ရသည် မဟုတ်ပါလား။

ထိုမိန်းကလေးသည် အဘယ်ကြောင့် လူရွယ်အား ရက်စက်စွာ သတ်ပါသနည်း။

သူက အတန်ကြာ စဉ်းစားတွေးတောနေသော်လည်း အဖြေထွက်မလာပါချေ။

သူက ခေါင်းတစ်ချက် ဆတ်လိုက်သည်။

ဤကိစ္စသည် မိမိနှင့်မည်သို့မျှ မသက်ဆိုင်ပေ။

ထို့ကြောင့် ဝင်ရောက်စွက်ဖက်ရန် မလိုအပ်ပါချေ။

အထူးသဖြင့် သူက ကြီးလေးသောတာဝန်တစ်ခုကို ဆောင်

www.burmeseclassic.com

www.burmeseclassic.com



မွှက်ရဦးမည် ဖြစ်ပေသည်။

အနီရောင်အထုပ်ကလေးကို ပြန်လည်ရရှိရန်မှာ သူ၏ အရေးအကြီးဆုံးသော တာဝန်ဖြစ်သည်။

သူသည် သေဆုံးနေသော လူရွယ်အား နောက်ဆုံးအကြည့်ဖြင့် တစ်ချက်ကြည့်လိုက်သည်။

စိတ်မကောင်းစွာ သက်ပြင်းချလိုက်သည်။

ထို့နောက် ဘုံကျောင်းပျက်ထဲမှ လှမ်းထွက်လာလေတော့သည်။

♠ ♠ ♠



သူထင်းဖုံးသည် စိတ်ပျက်လက်ပျက်ဖြင့် ဘုံကျောင်းပျက်ထဲမှ ထွက်လာလေသည်။

သူသည် တောလမ်းကလေးအတိုင်း ဆက်လက်လျှောက်သွားလေသည်။

ရေနွေး တစ်အိုးကျက်ခန့်အချိန် ကုန်ဆုံးသွားသောအခါ လှမ်းနေသော ခြေလှမ်းသည် ရုတ်တရက် ရပ်တန့်သွားလေသည်။

အကြောင်းမှာ သူ၏နားထဲတွင် စောင်းသံတစ်သံကို ထပ်မံကြားလိုက်ရသောကြောင့် ဖြစ်သည်။

ဤတစ်ကြိမ် သူသည် စောင်းသံထွက်ပေါ်လာသည့်နေရာနှင့် အတန်ငယ်ဝေးသောကြောင့် စိတ်လှုပ်ရှားလာခြင်း မရှိပါချေ။

သူက စောင်းသံထွက်ပေါ်လာရာသို့ မသွားတော့ဘဲ ဆန့်ကျင်ဘက်အရပ်သို့ လှည့်ထွက်လာလေသည်။

သူသည် ခြေလှမ်းလေးငါးလှမ်းခန့်မျှသာ လှမ်းမိလိုက်လေသည်။ သူ၏ခြေလှမ်း ရုတ်တရက် ရပ်တန့်သွားပြန်သည်။

"အား"

သူက စူးရှသောအော်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဒုက္ခပဲ၊ နောက်တစ်ယောက် သေပြန်ပြီနဲ့တူပါတယ်"

သူက ယင်းသို့ တီးတိုးရေရွတ်ပြီးနောက် စူးစမ်းလိုသော စိတ်ကို ထိန်းချုပ်နိုင်စွမ်းရှိဘဲ အသံထွက်ပေါ်ရာသို့ ပြန်လှည့်ပြီး ပြေးလွှားသွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



သုထင်းဖုံးသည် မြက်ခင်းတစ်နေရာပေါ်၌ ရပ်နေသည်။

သူ့ရှေ့တွင် လူငယ်တစ်ယောက် လဲလျောင်းသေဆုံးနေသည်ကို ရပ်ကြည့်နေခြင်း ဖြစ်သည်။

ထိုလူငယ်သည် အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ရုပ်ရည် ချောမောသည်။

သူ၏ကိုယ်ပေါ်တွင် အဖိုးတန်သော ပိုးဖဲအင်္ကျီဝတ်ဆင်ထားလေသည်။ သူ၏ခါးတွင် ဓားတစ်လက်ချိတ်ထားသည်။

ထိုလူငယ်သည် သိုင်းသမားတစ်ယောက်ဖြစ်သည်မှာ ထင်ရှားနေ၏။ သူ၏ဘယ်ညာနားထင်ပေါ်ရှိ ထိုက်ယန်းသွေးကြောများပေါ်တွင် နီရဲသောလက်ညှိုးရာ ထင်းခနဲပေါ်နေသည်။

သုထင်းဖုံးက အလွန်စိတ်မကောင်းဖြစ်သွားသည်။

ထိုစောင်းသံမိန်းကလေး၏ လက်ချက်ဖြစ်သည်ကို သူက ယုံကြည်လေသည်။

ထိုလှပချောမောသော မိန်းကလေးသည် အဘယ်ကြောင့် ယခုကဲ့သို့ ထိုလူနှစ်ယောက်ကို ရက်ရက်စက်စက် သတ်လိုက်ရပါသနည်း။

♠ ♠ ♠



သုထင်းဖုံးသည် ဦးနှောက်ကို စက်ကုန်ဖွင့်ကာ ဆင်ခြင်သုံးသပ် စဉ်းစားနေသည်။

ထိုစောင်းသံရှင်သည် လှပသောမိန်းလေးဖြစ်ပြီး မြွေဟောက်တစ်ကောင်ကဲ့သို့ ရက်စက်သော အပြုအမူကို တွေးမိရင်း ကျောပြင်တစ်ခုလုံး အေးစိမ့်သွားလေသည်။

သူက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ဒီကိစ္စ ငါနဲ့ဘာမှမဆိုင်ဘဲ ဘာလို့ အပင်ပန်းခံစဉ်းစားနေရတာလဲ"

သူက ယင်းသို့ တီးတိုးပြောဆိုရင်း သေဆုံးနေသော လူငယ်အား တစ်ချက်ကြည့်ပြီး ထိုနေရာမှ ထွက်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ရှုံးပွဲနဲ့လေရဟတ်

သုထင်းဖုံးသည် ခေါင်းငိုက်စိုက်ချကာ လမ်းကလေးတစ်ခုပေါ်သို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလေသည်။

တခဏအကြာ လျှောက်လာမိသောအခါ ရုတ်တရက် လူရိပ်နှစ်ခုသည် သူ့ရှေ့ ဝါးသုံးရိုက်ခန့်အကွာမှ ဖြတ်ကျော်လာပြီး ရှေ့တွင်ရှိနေသော တောအုပ်ရှိရာသို့ ပြေးလွှားသွားနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လူရိပ်နှစ်ခု၏ လှုပ်ရှားပုံမှာ အလွန့်အလွန် လျင်မြန်လှသောကြောင့် ထိုလူနှစ်ယောက်မှာ မည်သို့သောလူများဖြစ်သည်ကို မတွေ့မြင်လိုက်ရပါချေ။

သုထင်းဖုံး ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွားလေသည်။

သူသည် ထိုလူရိပ်နှစ်ခုနောက်သို့ လိုက်သွားလေသည်။

♠ ♠ ♠



သုထင်းဖုံးသည် အတွင်းအားကို အသုံးပြုပြီး ထိုလူရိပ်နှစ်ခုနောက်သို့ အမီလိုက်သွားလေသည်။

မကြာမီ သူသည် ထိုလူရိပ်နှစ်ခုနောက်သို့ လိုက်မီလာလေသည်။

လူရိပ်နှစ်ခုက ပြေးလွှားသွားရင်း တောအုပ်တစ်ခုရှေ့သို့ မရောက်မီ အရှိန်ကိုလျှော့ချလိုက်လေသည်။

သုထင်းဖုံးသည် လမ်းဘေးရှိ သစ်ပင်များကို အကာအကွယ်ယူ၍ မျက်ခြည်မပြတ် လိုက်နေရသည်။

ယခု သူသည် ထိုလူရိပ်နှစ်ခုအား ပီပီပြင်ပြင် တွေ့နိုင်ခဲ့လေသည်။

အဘိုးအိုနှစ်ယောက်ဖြစ်၍ အသက်ခြောက်ဆယ်ခန့် ရှိသည်ဟုခန့်မှန်းရသည်။

တစ်ယောက်က စာပေသမားပုံစံ ဝတ်ဆင်ထားသည်။

သူ့လက်ထဲတွင် ခေါက်ယပ်တောင်တစ်ချောင်း ပါရှိလေသည်။

ကျန်အဘိုးအိုတစ်ယောက်မှာ ခန္ဓာကိုယ် ပိန်လှီပြီး အရပ်ရှည်သည်။

မျက်ခုံးမွေးထူပြီး အသားညိုမည်းနေသည်။

အဘိုးအိုနှစ်ယောက်တို့သည် ခြေလှမ်းအရှိန်လျှော့ရာမှ ရပ်တန့်လိုက်သည်။

စာပေသမားနှင့်တူသောအဘိုးအိုက ပိန်လှီသောအဘိုးအိုအား..

www.burmeseclassic.com

www.burmeseclassic.com



"ဇွေ...ရှူးပျံ့ ငါမေးစရာရှိသေးတယ်ဟ"

ရှူးပျံက...

"ဘာများလဲ လေရဟာတ်ရဲ့"

လေရဟာတ်က...

"အခုတလော နာမည်ကျော်ကြားလာတဲ့ သိုင်းသမားလူငယ်တွေ တစ်ယောက်ပြီးတစ်ယောက် သေဆုံးကုန်တယ်၊ အဲဒါက မိန်းကလေးတစ်ယောက်ရဲ့ လက်ချက်ဆိုတာ ဟုတ်ရဲ့လား"

ရှူးပျံက...

"ဒီကိစ္စဟာ သိုင်းလောကတစ်ခုလုံး ပွက်လောရိုက်နေပြီ၊ ခင်ဗျား အခုမှ ဟုတ်သလားမေးတာ အံ့ပါရဲ့ဗျာ"

လေရဟာတ်က...

"နေပါဦးလေ၊ ဒီမိန်းကလေးက ဘယ်သူလဲ၊ ဒီလောက် တော်စွမ်းဆောင်နိုင်ပါ့မလား"

ရှူးပျံက...

"သူ့နာမည်က မရဏာစောင်းသံရှင်လေ"

လေရဟာတ်က ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

"မရဏာစောင်းသံရှင် ဟုတ်လား"

ရှူးပျံက...

"ဟုတ်တယ်"

လေရဟာတ်က...

"အခုတလော ဒီနာမည် တော်တော်ကလေး ကျော်ကြား



လာတယ်၊ ပြီးတော့ သူက စောင်းငယ်တစ်လက်နဲ့လူသတ်တယ်လို့ ကြားသိရတယ်၊ အင်မတန် ယုံရခက်တဲ့စကားပါပဲလေ"

ရှူးပျံက...

"မယုံမရှိနဲ့ ဒီမိန်းကလေးဟာ တော်တော့်ကိုလှတယ်လို့ ပြောသံကြားတယ်၊ ဒါကြောင့် လူငယ်သိုင်းသမားတွေကို သူ့ရဲ့ စောင်းနဲ့ညို့တယ်၊ ပြန်လည်ခုခံ တိုက်ခိုက်နိုင်စွမ်းမရှိဘဲ သေကုန်ကြတယ်လို့ သိရတယ်"

လေရဟာတ်က...

"ဟုတ်တယ်၊ ကျုပ်ကြားသိရသလောက်ဆိုရင်တော့ သေဆုံးသွားတဲ့ လူငယ်တွေက ဆယ်ယောက်မကဘူး"

သုထင်းဖုံးသည် အဘိုးအိုနှစ်ယောက် အပြန်အလှန် ပြောဆိုနေသောစကားသံကို ကြားရသောအခါ အကယ်၍သာ သူကိုယ်တိုင် ထိုမြင်ကွင်းကို မတွေ့မြင်ခဲ့ပါလျှင် ယုံကြည်မည်မဟုတ်ပါချေ။

မရဏာစောင်းသံရှင်၏ စောင်းသံစွမ်းအားကို သူက ကောင်းစွာခံစားခဲ့ရသည်။ မိမိကိုယ်တိုင် ထိုစောင်းသံ၌ နစ်မြုပ်ပြီး ကံကောင်း၍ အသက်ချမ်းသာခဲ့သည်။ လေရဟာတ်က...

"နေပါဦး၊ မရဏာစောင်းသံရှင်က ဘာကြောင့် သိုင်းသမားလူငယ်တွေကိုမှ ရွေးပြီးတိုက်ရတာလဲ"

ရှူးပျံက...

"အဲဒါကိုတော့ ကျုပ်လည်းမသိဘူး၊ ခင်ဗျားကိုယ်တိုင် သွားမေးကြည့်ပါလား"

လေရဟာတ်က...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပဲ သွားမေးပါဗျာ"

ရှူးပျံက...

"ကျုပ်ကိုတော့ မရဏာစောင်းသံရှင်က ကြည့်တောင်မကြည့်ဘူးလေ၊ ဒါကြောင့် ကျုပ်ကိုသတ်မှာ မဟုတ်ပါဘူးဗျ"

သူတို့နှစ်ယောက်သည် စကားပြောရင်း ရှေ့သို့ ထပ်မံလျှောက်သွားလေသည်။

သုထင်းဖုံးက အဘိုးအိုနှစ်ယောက် ပြောသည့်စကားများကို နားထောင်ရင်း သူက အဘိုးအိုနှစ်ယောက်နောက်သို့ ဆက်လက်လိုက်သွားလေသည်။

♠ ♠ ♠

အဘိုးအိုနှစ်ယောက်သည် တောအုပ်နှင့်ဝေးသောနေရာကို ရောက်သောအခါ ခြေလှမ်းရပ်တန့်သွားပြန်သည်။ လေရဟတ်က...

"ရှူးပျံရ ငါကြားရတဲ့ သတင်းတစ်ခု မင်းကိုပြောပြရဦးမယ်"

ရှူးပျံက...

"ဟုတ်လား..ဒါဖြင့်"

သူက ဘေးရှိကျောက်တုံးတစ်တုံးအား လက်ညှိုးထိုးပြလိုက်သည်။

"ဟိုကျောက်တုံးပေါ်ထိုင်ရင်း အနားယူရင်း နားထောင်ပါ့မယ်"



သူတို့နှစ်ယောက်သည် လမ်းဘေးရှိ ကျောက်တုံးတစ်တုံးပေါ်သို့ သွားရောက်ထိုင်ချလိုက်လေသည်။

သုထင်းဖုံးမှာမူ ခပ်လှမ်းလှမ်းရှိ သစ်ပင်တစ်ပင်ပေါ်သို့ ရောက်ရှိကာ သစ်ကိုင်းတစ်ကိုင်းပေါ်တွင် ထိုင်ချလိုက်လေသည်။

♠ ♠ ♠

တခဏအကြာ တိတ်ဆိတ်ပြီးနောက် ရှူးပျံက စတင်မေးလိုက်သည်။

"ကဲ ဘာသတင်းလဲ၊ ပြောစမ်းပါဦး"

လေရဟတ်က...

"အနီရောင်အထုပ်ကလေး အကြောင်း"

ထိုစကားကြားရသောအခါ သုထင်းဖုံး၏ခန္ဓာကိုယ် မသိမသာ တုန်ခါသွားသည်။

သူထိုင်နေသော သစ်ကိုင်းမှာလည်း လှုပ်ခါသွားလေသည်။

လေရဟတ်က ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ရှူးပျံက...

"ဒီနေရာမျိုး ဘယ်သူမှမလာပါဘူး"

လေရဟတ်က...

"ဒီအနီရောင် အထုပ်ကလေးအတွက် မောက်ထင်းနဲ့ရှီးမှီး တို့နှစ်ယောက်ဟာ နှစ်ပေါင်းများစွာ သိုင်းပညာယှဉ်ပြိုင်ရယူဖို့ကြိုးစားခဲ့တယ်ဆိုတာ မင်းကြားသိမှာပေါ့"

ရှူးပျံက...

www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းဟာ သိုင်းလောကတစ်ခုလုံး ကြားသိကြပါတယ်"

လေရဟတ်က...

"အခုတော့ မောက်ထင်းဟာ အနိုင်ရရှိလို့ အနီရောင်အထုပ်ကလေးကို ရလိုက်ပြီလေ"

"မောက်ထင်း သိပ်ဝမ်းသာမှာပေါ့နော်"

လေရဟတ်က ခေါင်းခါယမ်းကာ...

"သူက အနီရောင်အထုပ်ကလေးကို ရနိုင်ပေမယ့် ဒဏ်ရာတော်တော်ပြင်းထန်တယ်လို့ ကြားသိရတယ်"

ရှူးပျံက...

"ဟောဗျာ"

လေရဟတ်က...

"မောက်ထင်းက အနိုင်ရလိုက်ပေမယ့် သူက ဒဏ်ရာရသွားလို့ သူ့နောက်မှာလိုက်လာတဲ့လူတွေကို လွတ်အောင်ပြေးရင်း အနီရောင်အထုပ်ကလေး ပျောက်သွားတယ်လို့ သိရပြန်တယ်ကွာ"

ရှူးပျံက...

"မောက်ထင်းတစ်ယောက် ကံဆိုးလွန်းပါတယ်ဗျာ၊ ဒီလိုဆိုရင် အနီရောင်အထုပ်ကလေးက ပျောက်ဆုံးသွားပြီပေါ့"

လေရဟတ်က...

"အခု လက်တလောထွက်ပေါ်လာတဲ့ သတင်းကြားရတာကတော့ ဒီအရောင်အထုပ်ကလေးဟာ သိုင်းသမားလူငယ်တစ်ယောက်ရဲ့လက်ထဲ ရောက်နေတယ်လို့ ကြားရတယ်"



ရှူးပျံက...

"သူက ဘယ်သူလဲ"

လေရဟတ်က...

"မသိဘူးလေ"

ရှူးပျံက...

"ခက်တာပဲဗျ၊ ဒီအနီရောင်အထုပ်ကလေးဟာ သိုင်းလောကတစ်ခုလုံးရဲ့ အလိုရှိတဲ့ပစ္စည်းတစ်ခုပါ၊ ဒီအနီရောင်အထုပ်ကလေးသာ ပျောက်ကွယ်သွားရင် သိုင်းလောကတစ်ခုလုံး ကပ်ဆိုက်နိုင်တယ်လို့ပြောတဲ့လူ ပြောနေကြတယ်"

လေရဟတ်က...

"ဟုတ်တယ်၊ ဒါကြောင့် အခု သိုင်းလောကမှာ ထိပ်သီးဂိုဏ်းခုနစ်ဂိုဏ်းနဲ့ အခြားဂိုဏ်းတွေက လှုပ်လှုပ်ပြီး ဒီအနီရောင်အထုပ်ကလေးကို လိုက်ရှာဖွေနေကြတယ်လေ"

ရှူးပျံက...

"သြော်..ဟုတ်တယ်ဟေ့၊ ဒါကြောင့် ငါးမန်းကျွန်းရှင်က ဂိုဏ်းချုပ်ကြီးကလည်း လှုပ်လှုပ်ပြီး လိုက်ရှာတယ်လို့ သတင်းကြားရတာကိုး"

လေရဟတ်က...

"ဘယ်ကမလဲ၊ နောက်ထပ် ပွဲကြီးပွဲကောင်းအများကြီးတွေ့ရဦးမယ်"

ဟု ပြောလိုက်သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ပွဲကြီးပွဲကောင်း

ရှူးပျံက လေရဟတ်အားကြည့်ကာ...

"မင်း ဘာကိုဆိုလိုတာလဲဆိုတာ ရှင်းရှင်းလင်းလင်း ပြောစမ်းပါ"

လေရဟတ်က...

"ရှေ့မှာ တောင်ကြားလမ်းတစ်ခု ရှိတယ်၊ အဲဒီ တောင်ကြားလမ်းထဲကို ဝင်လိုက်တာနဲ့ လီပေါင်းငါးလီကျော် အကျယ်အဝန်း ရှိတဲ့ တောအုပ်တစ်ခု ရှိတယ်"

ရှူးပျံက ကြားဖြတ်လိုက်၏။

"ဒီတောအုပ်ကို ငါသိပါတယ်ကွာ"

လေရဟတ်က...

"အခု ဒီတောအုပ်ထဲမှာ ဘာတွေ ရှိတယ်ဆိုတာကော သိပြီးပြီလား"

ရှူးပျံက...



"သိုင်းသမားတွေ ရောက်နေပြီလို့ ပြောချင်တာလား"

လေရဟတ်က...

"ဟုတ်တယ်လေ"

ရှူးပျံက...

"သူတို့က အနီရောင်အထုပ်ကလေးအတွက် စုရုံးရောက်ရှိလာတာဆိုပါတော့"

လေရဟတ်က...

"ဟုတ်တယ်"

"ငါသိပြီ၊ သူတို့ဟာ မရဏာစောင်းသံရှင်ကို တိုက်ခိုက်ဖို့ စောင့်နေတာ ဖြစ်ရမယ်"

လေရဟတ်က...

"ဟုတ်တယ်"

ရှူးပျံက...

"ဒီလိုဆိုရင် မရဏာစောင်းသံရှင်တော့ သင်ခန်းစာ ကောင်းကောင်းကြီး ရသွားလိမ့်မယ်"

လေရဟတ်က...

"မထင်လိုက်နဲ့၊ မရဏာစောင်းသံရှင်ကို သေချာပေါက်နိုင်လိမ့်မယ်လို့ သူတို့လဲ အပိုင်မတွက်ထားနိုင်ကြပါဘူး"

ရှူးပျံက...

"ဘာပဲဖြစ်ဖြစ် ငါတို့တော့ ကြည့်တောင် ကြည့်ခဲ့ဖူးတဲ့ သိုင်းပညာယှဉ်ပြိုင်ပွဲတစ်ခုကို ရှုစားရတော့မှာ သေချာပြီ"

လေရဟတ်က...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ပြောနေတာ ကြာတယ်၊ တို့သွားကြမယ်"

သူသည် စကားဆုံးသည်နှင့် ရှေ့သို့ ပြေးလွှားလေတော့သည်။

ရှူးပုံကလည်း ထပ်ကြပ်မခွာ လိုက်သွားလေ၏။

သုထင်းဖုံးက အဘိုးအိုနှစ်ယောက် အပြန်အလှန် ပြောနေကြသော စကားကို ကောင်းစွာ ကြားလိုက်ရလေတော့သည်။

သူ၏ရင်ထဲတွင် အလွန်စိုးရိမ်လာလေသည်။

မိမိဆရာဖြစ်သူ မကွယ်လွန်မီ သူ့အား တာဝန်နှစ်ရပ်ပေးထားခဲ့လေသည်။

အနီရောင်အထုပ်ကလေး ပြန်လည်ရယူရေးသည် သူ၏ တာဝန်နှစ်ခုအနက် အရေးကြီးသော တာဝန်တစ်ခု ဖြစ်လေသည်။

အကယ်၍သာ ထိုအနီရောင်အထုပ်ကလေးအား ပြန်လည်ရယူနိုင်စွမ်းမရှိလျှင် ဆရာဖြစ်သူအပေါ် တာဝန်မကျေဘဲ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် သူသည် အဘိုးအိုနှစ်ယောက် သွားရာလမ်းသို့ တိတ်တဆိတ် လိုက်သွားလေသည်။

♠ ♠ ♠



ရှေ့တွင် တောင်ကြားလမ်းတစ်ခု ရှိလေသည်။

လေရဟတ်နှင့် ရှူးပုံတို့သည် တောင်ကြားလမ်းထဲသို့ ပြေးဝင်သွားလေသည်။

သုထင်းဖုံးကလည်း လိုက်သွားရန် ပြင်လိုက်သည်။

ထိုအချိန်မှာပင် လူရိပ်သုံးခုသည် တစ်ဖက်မှ ပြေးလွှားရောက်ရှိလာပြီး တောင်ကြားထဲသို့ လျင်မြန်စွာ ပြေးဝင်သွားသေးသည်။ သူက ခြေလှမ်းရပ်လိုက်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးကို အကဲခတ်ကြည့်လိုက်လေတော့သည်။

သူသည် တောင်ကြားလမ်းကလေးထဲသို့ မဝင်တော့ဘဲ တောင်ကြားအပေါက်ဝ အနီးတွင်ရှိသော တောင်နံရံတစ်ခုပေါ်သို့ တက်ရောက်ကြည့်ရှုလျှင် ပို၍ အဆင်ပြေလိမ့်မည်ဟု စဉ်းစားမိလေသည်။

ထို့ကြောင့် သူသည် တောင်ကြားလမ်းထဲသို့ မဝင်တော့ဘဲ တောင်နံရံတစ်ခုပေါ်သို့ တက်သွားလေတော့သည်။

တောင်နံရံပေါ်၌ အလွန်ကျယ်ပြန့်သော မြေကွက်လပ်တစ်ခုရှိလေသည်။ မြေကွက်လပ်ပေါ်တွင် အရွက်များ ထူထပ်သော သစ်ကိုင်းများ ရှိလေသည်။

သူသည် ထိုသစ်ပင်ပေါ်သို့ တက်ရောက်ပြီး တောင်ကြားလမ်းထဲရှိ အခြေအနေကို အပေါ်စီးမှ အကဲခတ်ကြည့်လိုက်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားလမ်း၏ အတွင်းပိုင်းမှာ ထူထပ်သော တောအုပ်တစ်ခု ရှိလေသည်။

တောအုပ်ထဲ၌ လူရိပ်များ ရွေ့လျားလှုပ်ရှားနေသည်ကို မြင်တွေ့လိုက်ရလေသည်။

သူသည် လေရဟတ်တို့ထံမှ ကြားသိလိုက်ရသော စကားများသည် အမှန်တကယ် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသည်။

သူက အရွက်ထူထပ်သော သစ်ကိုင်းတစ်ကိုင်းပေါ်၌ ဖြစ်ပေါ်လာမည့် အခြေအနေကို စောင့်ကြည့်၍နေ၏။

♠ ♠ ♠

သုထင်းဖုံးသည် တစ်ခဏတာ ငြိမ်သက်စွာ ထိုင်နေရာ တောင်ကြားတောအုပ်ထဲမှ အသံဗလံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ရယ်မောသံများ။ အော်ဟစ်ပြီး အသံပေးသော အသံများ။ စကားပြောဆိုသောအသံများသည် တစ်နေရာမှ တစ်နေရာသို့ အဆက်မပြတ် ထွက်ပေါ်လာသည်ကို ကြားရသည်။

သုထင်းဖုံးသည် လေရဟတ်တို့၏စကားကို ပြန်လည်ကြားယောင်လာသည်။

မကြာမီမှာပင် သိုင်းပညာယှဉ်ပြိုင်ပွဲကို ကောင်းစွာ ကြည့်ရှုရလိမ့်မည်ဟု သူက ယုံကြည်လာသည်။

♠ ♠ ♠



သုထင်းဖုံးက အကဲခတ်ကြည့်နေရင်း ရုတ်တရက် လူရိပ်တစ်ခုသည် တောင်ပေါ်မှ လေအဟုန်ဖြင့် လွင့်မျောလာနေသည်ကို မြင်တွေ့လိုက်ရလေသည်။

အပြာရောင်လူရိပ်တစ်ခု ဖြစ်သည်။

လင်းနို့တစ်ကောင်ပမာ လေထဲ၌ ပျံဝဲလာခြင်း ဖြစ်လေသည်။

သုထင်းဖုံးသည် ထိုလူရိပ်၏လှုပ်ရှားပုံကို မြင်တွေ့လိုက်ရသောအခါ အလွန်အံ့ဩသွားလေသည်။

ထိုလူရိပ်၏ကိုယ်ဖော့ပညာမှာ အလွန်အံ့ဩဖွယ်ကောင်းလောက်အောင် အဆင့်မြင့်လှပေသည်။

သူက ငေးမော၍ ကြည့်နေစဉ် ထိုလူရိပ်သည် သူရောက်နေသောသစ်ပင်နှင့် ငါးလံခန့်အကွာ၌ရှိသော သစ်ပင်တစ်ပင်အောက်သို့ ရောက်ရှိလာလေတော့သည်။

သုထင်းဖုံးက ယခုမှ ထိုလူရိပ်အား ကောင်းစွာ မြင်တွေ့နိုင်ခဲ့လေသည်။

သူ၏ကျောပြင်တစ်ခုလုံး အေးစိမ့်သွားသည်ဟုလည်း ခံစားလိုက်ရလေသည်။

ထိုလူမှာ အပြာရောင်အကျီ်ဝတ်ဆင်ထားသော မရဏာစောင်းသံရှင်ပင် ဖြစ်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မရဏစောင်းသံရှင်သည် ထိုသစ်ပင်အောက်၌ ရပ်နေ၏။

သူမ၏မျက်နှာသည် ဖူးပွင့်စပန်းကလေးတစ်ပွင့်ကဲ့သို့ လှပပြီး လန်းဆန်းနေ၏။

သူမသည် သူမ၏ရွှန်းလဲ့သော မျက်လုံးအစုံဖြင့် ပတ်ဝန်းကျင်ကို ငေးကြည့်နေ၏။

တောင်လေများ တသွေးသွေး တိုက်ခတ်နေသဖြင့် သူမ၏ မည်းနက်သော ဆံကေသာများသည် လေထဲ၌ တလူလူတလွင့်လွင့်နှင့် လွင့်ပျံနေရာ နတ်မိမယ်တစ်ပါးဟုပင် ထင်မှားမိမည် ဖြစ်လေတော့သည်။

သူထင်းဖုံးသည် မိန်းမလှ မှန်သမျှကို မုန်းတီးသော လူငယ်တစ်ယောက် ဖြစ်ပေသည်။

သို့သော်...

မရဏစောင်းသံရှင်အား မြင်တွေ့လိုက်ရသောအခါ သူသည် မနေနိုင်တော့ဘဲ ရင်ထဲ၌ လှုပ်ရှားလာလေသည်။

ဖော်မပြနိုင်သော ခံစားမှုတစ်ခုသည် သူ၏အသည်းနှလုံးထဲမှ ဖြစ်ပေါ်လာလေသည်။

အကယ်၍ သူသည် ကိုယ်တိုင်ကိုယ်ကျ မတွေ့ခဲ့ပါလျှင် ဤလောကတွင် ဤကဲ့သို့ ပြိုင်ဘက်ကင်းသော အလှမယ်နတ်သမီးတစ်ပါး ရှိနိုင်လိမ့်မည်ဟု ယုံကြည်မည် မဟုတ်ပါချေ။

သူသည် မရဏစောင်းသံရှင်အား ငေးမော၍ ကြည့်နေစဉ် မရဏစောင်းသံ၏မျက်နှာတစ်ခုလုံးမှာ ရုတ်တရက် ခက်ထန်အေးစိမ့်သော ဟန်မူရာသို့ ပြောင်းသွားလေသည်။



သူမ၏ရွှန်းလဲ့သော မျက်လုံးအစုံသည် ယခုအခါတွင် ရက်စက်ကြမ်းကြုတ်သည့် အငွေ့အသက်အဖြစ်သို့ ပြောင်းလဲသွားသည်။

သူထင်းဖုံးက ကြည့်ရင်းကြည့်ရင်း ထိတ်ခနဲ ဖြစ်သွားလေသည်။

ဤမရဏစောင်းသံရှင်သည် စိတ်အပြောင်းအလဲ အလွန်မြန်သည်ဟု သူထင်းဖုံးသည် အကဲခတ်မိလိုက်သည်။

♠ ♠ ♠

မရဏစောင်းသံရှင်သည် ပတ်ဝန်းကျင်ကို မကြာမကြာ ကြည့်နေ၏။

သူမ၏ပုံဟန်မှာ တစ်စုံတစ်ယောက်ကို စောင့်မျှော်နေသည်မှာ ထင်ရှားနေ၏။

သူမသည် မည်သူ့ကို စောင့်စားနေပါသနည်း။

♠ ♠ ♠

ရုတ်တရက် လူရိပ်တစ်ခုသည် အလွန်လျင်မြန်စွာဖြင့် မရဏစောင်းသံရှင် ရပ်နေသော နေရာသို့ လွင့်မျောရောက်ရှိလာလေသည်။

မရဏစောင်းသံရှင်၏မျက်နှာတွင် ပြုံးယောင်သမ်းလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုထင်းဖုံးက ထိုလူအား လှမ်းကြည့်လိုက်သည်။

လူငယ်တစ်ယောက် ဖြစ်လေသည်။

ထိုလူငယ်အား သူက ကောင်းစွာ မှတ်မိထားလေသည်။

ထိုလူငယ်သည် အနီရောင်အထုပ်ကလေးအား လုယူသွားသော လူငယ်ပင် ဖြစ်သည်။

သူ့ရင်ထဲတွင် အကြီးအကျယ် လှုပ်ရှားလာလေတော့သည်။

သို့သော်...

သူက စိတ်ကို ထိန်းချုပ်ပြီး အခြေအနေကို စောင့်ကြည့်နေလေသည်။

ထိုလူငယ်က မရဏစောင်းသံရှင်ရှေ့သို့ ရောက်ရှိလာသည်နှင့် လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်လေသည်။

"နည်းနည်းနောက်ကျသွားတာ တောင်းပန်ပါတယ်"

မရဏစောင်းသံရှင်က...

"ရှင် ဘာတွေ ပြောနေတာလဲ၊ ကျွန်မတို့ဟာ နောက်ဆိုရင် ဇနီးမောင်နှံ ဖြစ်လာတော့မယ်၊ အခုလို တောင်းပန်စကားပြောနေတာ ကျွန်မ ဘယ်စိတ်ကောင်းပါ့မလဲ"

ထိုလူငယ်သည် မရဏစောင်းသံရှင်၏မျက်နှာကို ငေးမော ကြည့်နေလေသည်။

သူက စကားမပြောဘဲ ငေးမော၍ ကြည့်နေခြင်း ဖြစ်ပေသည်။

မရဏစောင်းသံရှင်က...



"ရှင်က ဘာတွေကို ကြည့်နေတာလဲ၊ ကျွန်မက လှနေလို့ လားဟင်"

ဟု မေးလိုက်၏။

လူငယ်က...

"မင်းက သိပ်ကိုလှတယ်၊ ကိုယ် ဘယ်လောက်ချစ်တယ်ဆို တာ မပြောဘဲ မင်းသိပါတယ်"

မရဏစောင်းသံရှင်၏မျက်နှာသည် အနည်းငယ် အေးစိမ့် သွားလေသည်။

လူငယ်ကမူ သတိမပြုမိဘဲ မရဏစောင်းသံရှင်၏ပခုံးအား အသာအယာကိုင်ထားလေသည်။

သူမ၏မျက်လုံးအစုံသည် ရွှန်းလဲ့နေရာမှ ရက်စက်ကြမ်း ကြုတ်သည့်အသွင်သို့ ချက်ချင်းပြောင်းလဲသွားလေသည်။

သူမ၏လက်ညှိုးနှစ်ချောင်းကို ထိုလူငယ်၏နှာခေါင်းသို့ ဆန့် ထုတ်လိုက်လေသည်။

လူငယ်မှာမူ မိန်းကလေး၏မျက်နှာကို ငေးကြည့်နေရာ သူ သည် အသက်အန္တရာယ် ကျရောက်တော့မည်ကို လုံးဝမရိပ်စားမိပါ ချေ။

သို့သော်...

မရဏစောင်းသံရှင် လက်ညှိုးနှစ်ချောင်းကို ပြန်လည်ရုပ် သိမ်းလိုက်သည်။

သုန်မှုန်နေသော သူမ၏မျက်နှာသည် ပြုံးယောင်သမ်း လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက...

"ရှင် ဘာတွေ ဖြစ်နေတာလဲ၊ အချိန်တွေ အများကြီး ရှိသေးတယ်။ အခုဆိုရင် ဒီတောအုပ်ထဲမှာ သိုင်းအဖွဲ့အစည်းတွေက ပုဂ္ဂိုလ်တွေ စုရုံးရောက်နေတယ်ဆိုတာ ရှင် မသိဘူးလား။ ကျွန်မတို့က ပေါ့ပေါ့ဆဆ သဘောထားမယ်ဆိုရင် သူတို့လက်ချက်နဲ့ သေကုန်ပြီ သိလား"

သူမက ပြောရင်း လက်နှစ်ဖက်ဖြင့် လူငယ်အား တွန်းထုတ်လိုက်လေသည်။

လူငယ်က နောက်သို့ ခြေလှမ်းနှစ်လှမ်းခန့် ဆုတ်သွားရလေသည်။

မရဏစောင်းသံရှင်က ချိုမြိန်စွာ ပြုံးလိုက်လေတော့သည်။

"ဒါနဲ့ ဟိုပစ္စည်းရခဲ့ရဲ့လား"

လူငယ်က...

"စေခိုင်းတဲ့ တာဝန်ကျေပွန်ပါတယ်၊ အခု အိတ်ထဲမှာ ရောက်နေပါပြီ"

ဟု ပြောလိုက်၏။

မရဏစောင်းသံရှင်၏ရင်ထဲတွင် တစ်ချက်တုန်ခါသွားလေသည်။

ဤလူငယ်သည် အဆင့်မြင့် သိုင်းသမားများကြားမှ ထိုအနီရောင်အထုပ်ကလေးအား အရယူနိုင်ခဲ့သည်ကို အံ့သြ၍ မဆုံးဘဲ ဖြစ်ခဲ့ရလေသည်။

ထို့ကြောင့် သူမ ကျေနပ်သွားလေသည်။



သူမက အလှဆုံး အပြုံးဖြစ်အောင် ပြုံးရင်း...

"ရှင် ကျွန်မအတွက်နဲ့ အခုလို ဉာဏ်စွန့်ဆံဖျား ပစ္စည်းရအောင် ယူနိုင်ခဲ့တာ ကျွန်မကျေးဇူးတင်လို့ မဆုံးပါဘူး"

ဟု ပြောလိုက်လေသည်။

လူငယ်က ဝမ်းသာအားရဖြင့်...

"ငါတို့ မကြာမီ လင်မယား ဖြစ်တော့မှာပဲ၊ ကျေးဇူးတင်စရာ မလိုပါဘူး"

ဟု ပြောလိုက်လေသည်။

မရဏစောင်းသံရှင်က တောအုပ်ထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။

ပြီးလျှင် လူငယ်အား...

"ကြည့်စမ်း၊ သိုင်းအဖွဲ့အစည်းက လူတွေ တဖြည်းဖြည်း ကျွန်မတို့ဘက်ကို လာနေပြီ၊ ဒါကြောင့် ကျွန်မတို့ စကားပြောဖို့ အချိန်မရတော့ဘူး"

ဟု ပြော၍ တောင်ကြားလမ်း အပြင်ဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။

"ဟောဒီ တောင်ကြားကနေ ထွက်သွားပြီး ရေ့ဘက်ကို သွားပါ၊ လီငါးလီ ခရီးရောက်သွားတဲ့ အခါမှာ ဘုံကျောင်းပျက်တစ်ခု ရှိပါတယ်၊ ရှင်က ပစ္စည်းကို တစ်ပါတည်း ယူသွားပြီး အဲဒီကနေ စောင့်ပါ၊ မိုးလင်းချိန် ရောက်လာရင် ရှင့်ဆီကို ကျွန်မအရောက်လာခဲ့ပါမယ်"

လူငယ်က...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ ကိုယ်စောင့်ပါ့မယ်၊ မင်းကသာ ဆက်ဆက်ရောက်အောင် လာခဲ့ပါ"

မရဏစောင်းသံရှင်က...

"စိတ်ချ၊ ရှင့်ဆီကို ကျွန်မ ဖြစ်တဲ့နည်းနဲ့ ရောက်လာခဲ့ပါ့မယ်"

ဟု ပြောကာ သူမက နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ပေသည်။

"ကဲ..အချိန်မနှောင်းမီ သွားပေတော့"

ထိုလူငယ်က သူမအား တစ်ချက်ကြည့်လိုက်ပြီး ပြေးလွှားထွက်ခွာသွားလေသည်။

♠ ♠ ♠



မင်းနဲ့ငါ

မရဏစောင်းသံရှင်သည် ထိုလူငယ် ပျောက်ကွယ်သွားသည်အထိ ကြည့်ကာ မဲ့ပြုံးပြုံးလိုက်လေတော့သည်။

ထို့နောက်...

သုထင်းဖိုး ပုန်းကွယ်နေသော သစ်ပင် ရှိရာသို့ ရောက်လာလေသည်။

သုထင်းဖိုးက...

"ဒီမိန်းကလေးဟာ တော်တော်ကြောက်စရာကောင်းတယ်၊ ငါ ဒီမှာရှိတာကို သူက သိသွားပြီနဲ့တူတယ်"

မရဏစောင်းသံရှင်သည် သစ်ပင်ပေါ်သို့ မော့ကြည့်လိုက်သည်။

"သစ်ပင်ပေါ်မှာ ပုန်းနေတဲ့ မိတ်ဆွေရှင့်၊ ကျွန်မရဲ့လျှို့ဝှက်ချက်ကို ကြားသိသွားပြီ ဖြစ်တဲ့အတွက် ကျွန်မက အသက်ချမ်းသာ ပေးနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် အောက်ကို အမြန်ဆုံးဆင်းခဲ့ပါ"

ဟု ခေါ်လိုက်လေသည်။

သုထင်းဖိုးက...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က မကြောက်တတ်ဘူးဗျ"

သူက တုံ့ပြန်ရင်း အောက်သို့ ခုန်ဆင်းလာလေတော့သည်။

မရဏာစောင်းသံရှင်က သူ့အား မျက်မှောင်ကြုတ်၍ အကဲခတ်နေ၏။

သူက မရဏာစောင်းသံရှင်အား အထင်သေးသော မျက်လုံးဖြင့် ကြည့်လိုက်လေသည်။

"မင်းရဲ့ဝတ်စားဆင်ယင်ပုံဟာ တကယ် အဆင့်ရှိတဲ့ မိသားစုထဲက မိန်းကလေးတစ်ယောက်နဲ့ တူလှပါတယ်၊ ဒါပေမယ့် မင်းဟာ လူသတ်တဲ့ ဘီလူးမ ဖြစ်တယ်ဆိုတာကို ငါကောင်းကောင်းသိထားပါတယ်"

သူက ပြောရင်း ဒေါသထွက်လာသည်။

"ဒီမှာ မှတ်ထားစမ်းပါ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းကို ငါ အပိုင်းပိုင်းခုတ်သတ်ပြီး မင်းလက်ချက်နဲ့ သေဆုံးသွားတဲ့ ယောက်ျားသားများအတွက် လက်စားချေရမယ်"

ဟု ပြောလိုက်လေသည်။

ပြောပြီးသည်နှင့် သူက သူမအား မကြည့်ဘဲ မျက်နှာလွှဲထားလိုက်လေသည်။

မရဏာစောင်းသံရှင်၏မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

သူမ၏မျက်လုံးအစုံမှာလည်း ရက်စက်ကြမ်းကြုတ်သည့် အသွင် ဖြစ်ပေါ်လာလေသည်။

မရဏာစောင်းသံရှင်သည် ယခုကဲ့သို့ တစ်ကြိမ်တစ်ခါမျှ အပြောမခံရသဖြင့် အလွန်ခံပြင်းလာသည်။



သူမက ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ပြီး သုထင်းဖုံးအား စိုက်ကြည့်ရင်း တုံ့ပြန်ရန် ပါးစပ်ဟလိုက်လေတော့သည်။

"ဟင်"

ရုတ်တရက် သူမက လွှတ်ခနဲ အသံ ထွက်သွားလေတော့သည်။

နောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ကမန်းကတန်း ဆုတ်သွားလေသည်။

"ရှင်..ရှင်"

သူမသည် အံ့သြလွန်း၍ ဤမျှသာ ပြောနိုင်၏။

သုထင်းဖုံးသည် မရဏာစောင်းသံရှင်၏ ထူးဆန်းသော အပြုအမူကိုကြည့်ကာ ကြောင်၍ ရပ်နေ၏။

တစ်ခဏကြာတော့မှ မရဏာစောင်းသံရှင်သည် စိတ်ကို ချုပ်တည်းနိုင်ခဲ့လေသည်။

"ရှင်က ဘယ်သူလဲ ပြောစမ်း"

သူမကာ အသံမာမာဖြင့် မေးလိုက်လေသည်။

သုထင်းဖုံးက...

"ကျုပ် ဘယ်သူလဲဆိုတာ မင်းမေးတိုင်း ဖြေရမှာလား"

မရဏာစောင်းသံရှင်က...

"ကြီးကျယ်မနေနဲ့၊ မရဏာစောင်းသံရှင်က ဘယ်သူ့ကိုမှ မကြောက်ခဲ့ဖူးဘူး"

သူမသည် ယင်းသို့ ပြောပြီး ရုတ်တရက် ဟန်မူရာနှင့် အသံလုံးဝပြောင်းလဲသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏မျက်လုံးအစုံသည် ရွှန်းလဲ့လာပြန်သည်။

မျက်နှာမှာလည်း ပြုံးယောင်သမ်းလာလေတော့သည်။

"ရှင် ဒီလောက်တောင် ဒေါသကြီးရအောင် ကျွန်မက ဘာပြောမိလို့လဲ၊ ကျွန်မ စကားမှားသွားတာကို ဝန်ခံပါတယ်နော်"

သူမ၏စကားသံသည် သံလိုက်ဓာတ်ကဲ့သို့ ဆွဲဆောင်မှု ရှိသည်။

ထိုအသံ ကြားလိုက်မိလိုက်သူတိုင်းမှာ ကိုယ့်စိတ်ကို မထိန်းနိုင်ဘဲ မိန်းကလေး ပြုမူသမျှကို တုံ့ပြန်နိုင်စွမ်း မရှိအောင် ငေးငိုင်သွားလေသည်။

သူမသည် ထိုကဲ့သို့သော သံလိုက်ဓာတ်ပါသော အသံဖြင့် ပြောလိုက်သော စကားကြောင့် လူငယ်ပေါင်းများစွာတို့သည် သူမ၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးကုန်ကြသည် မဟုတ်ပါလား။

♠ ♠ ♠

မရဏစောင်းသံရှင်သည် သူမ၏မာယာကို အသုံးပြုလိုက်ပြန်သည်။

သို့သော်...

သုထင်းဖုံးသည် အခြားယောကျ်ားများနှင့် လုံးဝမတူပါချေ။

သူသည် လောကပေါ်၌ ရှိရှိသမျှ မိန်းမကို မုန်းတီးသော ယောကျ်ားတစ်ယောက် ဖြစ်သည်။



ထို့ကြောင့် မရဏစောင်းသံရှင်၏မာယာသည် သူ့အဖို့ မည်သို့မျှ စိတ်ဝင်စားမှု မရှိပါချေ။

မရဏစောင်းသံရှင်က ချိုမြိန်စွာ ပြုံး၍ သုထင်းဖုံး ရှေ့သို့ ခြေလှမ်းဖြည်းဖြည်း လှမ်းသွားလေသည်။

သုထင်းဖုံးက သူမအား လှည့်ပင်မကြည့်ပါချေ။

"ခင်ဗျားက ခင်ဗျားရဲ့ လျှို့ဝှက်ချက်ကို ကြားသိသွားတဲ့အတွက် ကျုပ်ကို သတ်ပစ်မယ်လို့ ပြောတယ် မဟုတ်လား၊ အခု ကျုပ်ကို သတ်ချင်သတ်လိုက်ပါ"

မရဏစောင်းသံရှင်၏ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွားလေသည်။

သူမသည် ပထမဆုံးအကြိမ် သူမ၏မာယာကို ခုခံနိုင်သော ယောကျ်ားတစ်ယောက်နှင့် လာရောက်တွေ့ဆုံရပေသည်။

သူမက ပြုံးကာ...

"ရှင်က တမင်တကာ ခိုးပြီးနားထောင်တာမှ မဟုတ်ဘဲ ခွင့်လွှတ်ပါတယ်"

သူမက ရပ်ပြီးမှ ဆက်ကာ...

"ဒါပေမယ့် ရှင့်နာမည်ကိုတော့ ပြောပြစေချင်ပါတယ်"

သုထင်းဖုံးက...

"ခွင့်လွှတ်တယ်လဲ ပြောတယ်၊ ဘာကြောင့် ကျုပ်နာမည်ကို မေးတာလဲ"

မရဏစောင်းသံရှင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သုထင်းဖုံးက ဆက်မပြောတော့ဘဲ ထွက်ခွာသွားရန် ခြေ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြင်လိုက်လေသည်။

မရဏာစောင်းသံရှင်က...

"ရပ်လိုက်"

ဟု ဟန့်တားလိုက်လေသည်။

သုထင်းဖုံးက ခြေလှမ်းရပ်တန့်လိုက်သည်။

သူသည် မရဏာစောင်းသံရှင်ကို ကြည့်လိုက်၏။

ထိုအခါ...

သူ၏ရင်ထဲတွင် လှုပ်ရှားသွားလေသည်။

မရဏာစောင်းသံရှင်သည် အနီးကပ်ကြည့်မှပင် တကယ် ချောမောလှပသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်သည်။

သူမက သူ့အား ပြုံး၍ ကြည့်နေသည်။

သူက မျက်မှောင်ကြုတ်ကာ...

"ဘာကိစ္စလဲ"

ဟု မေးလိုက်လေသည်။

မရဏာစောင်းသံရှင်က...

"ရှင့်နာမည် ပြောခဲ့ပါ"

သုထင်းဖုံးက...

"မပြောနိုင်ဘူး"

ဟု ပြောကာ ထွက်ခွာရန် ပြင်လိုက်သည်။

မရဏာစောင်းသံရှင်က...

"နေပါဦး"

သုထင်းဖုံးက ဒေါသထွက်လာကာ...



"ဘာလဲ ကျုပ်ကို တိုက်ခိုက်ချင်လို့လား"

မရဏာစောင်းသံရှင်က...

"ရှင်က မေးတာမှ မဖြေတာ"

သုထင်းဖုံးက...

"စကားမရှည်နဲ့ ကျုပ်သွားတော့မယ်"

မရဏာစောင်းသံရှင်က...

"သေချင်လို့လား"

ဟု အော်ဟစ်ကာ သုထင်းဖုံးအား စတင်တိုက်ခိုက်လိုက်သည်။ သူမ၏လှုပ်ရှားမှုမှာ အလွန်လျင်မြန်လှသည်။

သူမ၏လက်ညှိုးတစ်ချောင်းသည် သုထင်းဖုံး၏ညာဘက် လက်ကောက်ဝတ်အား ထောက်လိုက်လေသည်။

သုထင်းဖုံး၏ညာဘက်လက် တစ်ခုလုံး တွဲလောင်းကျသွားသည်။

သူ၏တစ်ကိုယ်လုံးရှိ ခွန်အားမှာလည်း ပျောက်ဆုံးသွားလေသည်။

သုထင်းဖုံး ရင်ထိတ်သွားလေသည်။

မရဏာစောင်းသံရှင်၏ သိုင်းပညာကိုလည်း အထင်မသေး ဝံ့တော့ချေ။

သူသည် အတွင်းအားကို ကမန်းကတန်း လျင်မြန်စွာ အသုံးပြုလိုက်သည်။

သူ၏တစ်ကိုယ်လုံးတွင် အားအင်ပြန်လည်ပြည့်ဖြိုးလာလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယား"

သူက မာန်ဝင့်ရင်း လက်ဝါးစောင်းဖြင့် မရဏစောင်းသံရှင်၏ မျက်နှာပေါ်သို့ ခုတ်ချလိုက်သည်။

သူ၏တိုက်ခိုက်မှုမှာ အလွန်လျင်မြန်လှပေသည်။

မရဏစောင်းသံရှင်က အံ့သြထိတ်လန့်သွားလေ၏။

မည်သူမဆို သူမ လက်ချောင်း၏ထောက်ပိတ်ခြင်း ခံလိုက်ရလျှင် တစ်ကိုယ်လုံး အားအင်ပျောက်ခွေသွားပြီး မည်သို့မျှ တုံ့ပြန်နိုင်စွမ်း မရှိပါချေ။

ယခုမှာမူ ဤအေးစက်စက်နိုင်လှသော လူငယ်က မိမိအား ခွန်အားဖြင့် ပြန်လည်တိုက်ခိုက်နိုင်ခြင်းမှာ ထိုလူ၏အတွင်းအား အလွန်အဆင့်မြင့်သောကြောင့် ဖြစ်သည်ကို နားလည်လိုက်သည်။

သူမသည် မဲ့ပြုံးပြုံးလိုက်ပြီး သုထင်းဖုံးအား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သုထင်းဖုံး၏တုံ့ပြန်တိုက်ခိုက်မှုမှာ သိုင်းကွက်နှင့် လုံးဝမတူဘဲ ရိုးစင်းလှ၏။

သို့သော်...

အားအင်က ပြင်းထန်လွန်းသဖြင့် မိမိကသာ ရှောင်တိမ်းလိုက်ရလေသည်။

သူမက ခံပြင်းသွားသည်။

"ရှင် မဆိုးဘူး၊ ခံနိုင်ရင် ခံပေတော့"

သူမက ယင်းသို့ သတိပေးပြီးနောက် သူမ၏ခန္ဓာကိုယ်သည် [illegible]သို့ မြောက်တက်သွားလေသည်။



ထို့နောက် လေထဲတွင် ကျွမ်းတစ်ပတ်ပစ်၍ သုထင်းဖုံး၏ဦးခေါင်းကို ဆင်းသက်လာသည်။

သူမ၏လက်ဝါးစောင်းသည် သုထင်းဖုံး၏ဦးခေါင်းဆီသို့ တည့်တည့် ခုတ်ချလိုက်လေသည်။

သူမ၏တိုက်ခိုက်မှုမှာ လျှပ်ပြက်သလို မြန်လွန်းလှသဖြင့် သုထင်းဖုံးက လုံးဝရှောင်တိမ်းနိုင်ရန် အခွင့်အရေး မရှိတော့ပါချေ။

သူသည် မရဏစောင်းသံရှင်၏လက်ချက်ဖြင့် သေဆုံးရတော့မည်ဟု ခံပြင်းစွာ တွေးမိလေသည်။

မရဏစောင်းသံရှင်၏လက်ဝါးစောင်းသည် သုထင်းဖုံး၏ဦးခေါင်းပေါ်သို့ ခုတ်ချရာ လေးလက်မခန့် အကွာတွင် ရုတ်တရက် ရပ်တန့်သွားပြီး ခေါင်းပေါ်မှ ကျွမ်းပစ်ကာ မြေပေါ်သို့ ကျသွားလေသည်။

သုထင်းဖုံးက သူမအား အံ့သြစွာဖြင့် ငေးကြည့်နေမိလေတော့သည်။

မရဏစောင်းသံရှင်ကလည်း သုထင်းဖုံးအား ကြောင်အမ်းအမ်း ကြည့်မိလေသည်။

သူမသည် မိမိက အဘယ်ကြောင့် ယခုကဲ့သို့ တိုက်ခိုက်မှုကို ပြန်လည်ရုပ်သိမ်းမိသည်ကို နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

တခဏကြာတော့မှ သူမက...

"ရှင့်ကို ကျွန်မ သတ်ရင် ရှင်သေနေပြီ"

သုထင်းဖုံးက...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘာဖြစ်လို့ မသတ်တာလဲ၊ ကျုပ်က ကျေးဇူးတင်မယ်လို့တော့ မထင်ပါနဲ့"

မရဏာစောင်းသံရှင်က...

"ကျေးဇူးမတင်ရင် နေပါ။ ဒါပေမယ့် နာမည်တော့ ပြောခဲ့ပါ"

သုထင်းဖုံးက...

"ကျုပ်ကို သတ်ချင်သတ်၊ နာမည် မပြောဘူး"

သူက စကားဆုံးသွားသည်နှင့် အေးဆေးစွာ ထွက်ခွာသွားလေသည်။

မရဏာစောင်းသံရှင်သည် တဖြည်းဖြည်း ဝေးလျားသွားသော သုထင်းဖုံးအား ကြည့်ကာ ကျန်ခဲ့လေသည်။

♠ ♠ ♠



မရဏာစောင်းသံရှင်မှာ နတ်ဓိမယ်လေးအလား ချောမောလှပသူလေး ဖြစ်သော်လည်း အလွန်ရက်စက်ကြမ်းကြုတ်လှသဖြင့် ဘီလူးမလေးဟုပင် တင်စားခေါ်ဆိုကြလေသည်။

စောင်းသံရှင်က သုထင်းဖုံးနှင့် ပတ်သက်ခဲ့ရပုံများကို တွေးတောရင်း ရင်ထဲ ရက်စက်ကြမ်းကြုတ်မှုများ ဖြစ်ပေါ်လာတော့သည်။

"ယောကျ်ားတွေက အတူတူပဲ၊ သူ့ကို ချမ်းသာမပေးနိုင်ဘူး"

ဟု ရေရွတ်ပြီး ရုတ်တရက် ခုန်ထွက်သွားတော့သည်။

သုထင်းဖုံး နောက်သို့ လိုက်သွားခြင်း ဖြစ်လေသည်။

"ဟူး..ဟူး"

မရဏာစောင်းသံရှင်က ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးသွားရာ မကြာပါချေ။ သုထင်းဖုံးအား မီသွားလေသည်။

"ရှင် ဘယ်ပြေးမလဲ"

သုထင်းဖုံးသည် မရဏာစောင်းသံရှင် လိုက်လာသဖြင့်...

"မင်း မကျေနပ်လို့ လိုက်လာတာ မဟုတ်လား၊ ကျုပ်နာမည်ကို သိပ်ပြီး သိချင်နေတာလား၊ ကောင်းပြီ၊ ကျုပ်ကို လူတွေက သိုင်းလောက သူ့ရဲကောင်းလို့ ခေါ်တယ် မှတ်ထားပေတော့"

"ရှင်..ရှင်"

မရဏာစောင်းသံရှင်မှာ သုထင်းဖုံးက ပမာမခန့် ရှိနေ၍ ဒေါသထွက်သွားတော့သည်။

သူမ ရှေ့တိုးကာ သုထင်းဖုံးအား တိုက်ခိုက်ပိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သုထင်းဖိုး ခုခံလိုက်သည့်တိုင်အောင်...

"ဝုန်း"

"အွန့်"

မရဏစောင်းသံရှင်၏ ပြင်းထန်သော တိုက်ခိုက်မှုကို ခုခံနိုင်စွမ်းမရှိဘဲ အဝေးသို့လွင့်စဉ်ကာ ပါးစပ်ထဲမှသွေးများ အန်ထုတ်လိုက်တော့သည်။

"ဟင်"

မရဏစောင်းသံရှင် ရင်ထိတ်သွား၏။

ဒေါသအလျောက် တိုက်ခိုက်ပြီးမှ စိုးရိမ်ပူပန်သွားတော့သည်။

သူမသည် ငယ်ရွယ်စဉ်က ကြုံတွေ့ခဲ့ရသော အဖြစ်ဆိုးတစ်ခုကြောင့် ယောကျ်ားများအား မုန်းတီးကာ နောက်ပိုင်းတွင် သူမအား ချစ်ရေးဆိုလာသူများကို ရက်ရက်စက်စက် သတ်ပစ်တော့သည်။

သုထင်းဖိုးကား အခြားယောကျ်ားများနှင့် မတူဘဲ သူမအား ဂရုမစိုက်သောအခါ သူမ ပြန်ပြီး စိတ်ဝင်စားသွားတော့သည်။

မရဏစောင်းသံရှင် မနေနိုင်တော့ဘဲ...

"ရှင့်ဒဏ်ရာသက်သာသွားအောင် ဆေးတစ်လုံး သောက်လိုက်ပါရှင်"

ချက်ချင်းပင် အသက်ကယ်ဆေးတစ်လုံး ထုတ်ပေး၏။

သုထင်းဖိုး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသောက်ဘူး"



"ရှင်က.."

"မင်းကို ဘယ်တော့မှ ကျေးဇူးတင်မှာ မဟုတ်ဘူး"

သုထင်းဖိုး ဒယီးဒယိုင်ဖြင့် ထွက်သွားလေတော့သည်။

"ရှင်..ရှင်"

မရဏစောင်းသံရှင် ဝမ်းနည်းကြေကွဲသွားပြီး ကျန်ရစ်ခဲ့တော့သည်။

ထိုအချိန်မှာပင်...

"ဟူး..ဟူး..ဟူး"

အဝတ်အစား လေတိုးသံများနှင့်အတူ လူတစ်စု ရောက်လာကြလေသည်။

မရဏစောင်းသံရှင်မှာ ထိုလူများအား တွေ့လိုက်ရသည်နှင့် မျက်နှာထား ခက်ထန်တင်းမာသွားပြီး ရင်ဆိုင်တိုက်ခိုက်ရန် ပြင်လိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## နာကျည်းချက်

ရောက်ရှိလာကြသူများမှာ သိုင်းလောကအတွင်း လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ဂိုဏ်းကြီးကိုးဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးများ ဖြစ်လေသည်။

သိုင်းဂိုဏ်းချုပ်ကြီးများသည် မရဏစောင်းသံရှင်က သတင်းကြီးလာသဖြင့် ဟန့်တားဆုံးမဖို့ ရှာဖွေရင်း ရောက်ရှိလာကြခြင်း ဖြစ်လေသည်။

ဂိုဏ်းချုပ်များအား ဦးဆောင်လာသော ရှောင်လင်ဂိုဏ်းချုပ်က…

"မိန်းကလေးကြောင့် လူငယ်အတော်များများ အသက်ဆုံးရှုံးခဲ့ကြရပြီ၊ ဒါကြောင့် မိန်းကလေးရဲ့ လုပ်ရပ်ကို ရပ်တန့်ကရပ်လိုက်ပါ၊ ဒါမှမဟုတ်ရင် မိန်းကလေးကို ဆုံးမပြီး သိုင်းပညာကို ဖျက်ဆီးပစ်ရလိမ့်မယ်"

ဟုပြောလိုက်ရာ မရဏစောင်းသံရှင်က ရယ်မောလိုက်လေသည်။



"ရယ်စရာကောင်းလိုက်တာ၊ မိန်းမချောလေးတွေမြင်တိုင်း မြူဆွယ်ဖျက်ဆီးချင်တဲ့လူတွေကို ကျွန်မ ဆုံးမခဲ့တာ ဘာဖြစ်သလဲ၊ သူတို့သာ မိန်းကလေးတွေကို ဖျက်ဆီးချင်တဲ့စိတ်မရှိဘူးဆိုရင် ဒုက္ခရောက်စရာအကြောင်း မရှိဘူးရှင့်"

သူမ ခါးထောက်ကာ ဆက်ပြောလိုက်သည်။

"မိန်းကလေးတွေကို ဖျက်ဆီးချင်တဲ့ ယောကျ်ားတွေဘက်ကရပ်တည်ပြီး ကျွန်မကို ဒုက္ခပေးချင်ရင် ကျွန်မလည်း မငြင်းပါဘူး။ ဂိုဏ်းချုပ်ကြီးတွေ ဘယ်လောက်အစွမ်းရှိသလဲဆိုတာ လက်တွေ့စမ်းသပ်ကြည့်ချင်သေးတယ်"

သူမ၏စကားက စော်ကားလှသည်ဟု သဘောထားကာ ရှောင်လင်ဂိုဏ်းချုပ်က…

"ကောင်းပြီ၊ မင်းရဲ့သိုင်းကွက် ထုတ်ပေတော့"

ဟု သဘောတူလိုက်လေသည်။

မရဏစောင်းသံရှင်လည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ

"ဂိုဏ်းချုပ်ကြီး…သတိထားပါ"

ရှေ့တိုး တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ရင်ဆိုင်မိလိုက်သည်နှင့်…

"ဝုန်း"

ရှောင်လင်ဂိုဏ်းချုပ် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်ပေးလိုက်ရလေတော့သည်။

"ဟင်"

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ကျန်ဂိုဏ်းချုပ်များ အထိတ်တလန့် ဖြစ်သွားကြလေသည်။

မရဏစောင်းသံရှင် ပြုံးလိုက်သည်။

"ဂိုဏ်းချုပ်ကြီးတွေ ကျွန်မကို ဘာမှတတ်နိုင်ကြမှာ မဟုတ်ပါဘူး"

စကားဆုံးလျှင် မြေပေါ်ခြေတစ်ချက်ဆောင့်လိုက်ရာ ချက်ချင်း အဝေးသို့ရောက်ရှိသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠

မရဏစောင်းသံရှင် ထွက်သွားသော်လည်း ဂိုဏ်းချုပ်များ ဟန့်တားခြင်း မပြုနိုင်ခဲ့ကြချေ။

ရောင်လင်ဂိုဏ်းချုပ်လည်း ဆေးတစ်လုံးသောက်ပြီး ရရှိလိုက်သော အတွင်းဒဏ်ကို ကုသလိုက်ရလေသည်။

ထိုစဉ် လေပြင်းတစ်ချက် ဝှေ့ယမ်းလာပြီး စက္ကူတစ်ရွက် လွင့်မျောလာသည်ကို တွေ့လိုက်ရလေသည်။

ဂူတန်းဂိုဏ်းချုပ်က လက်ဆန့်ထုတ်ကာ ဖမ်းယူလိုက်ပြီး ဖတ်ကြည့်လိုက်သည်။

စာထဲ၌...

"ဂိုဏ်းချုပ်များ သိစေရန်...

မရဏစောင်းသံရှင်ဟာ ငယ်ရွယ်စဉ်က လူယုတ်မာတစ်ယောက်ရဲ့ ဖျက်ဆီးမှုခံရပြီး စိတ္တဇဝေဒနာစွဲကပ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ဖြစ်ပါတယ်၊ သူ့ကို ဓာတ်မြှုပ်နေတဲ့ အဘွားအိုတစ်ယောက်ကယ်တင်ပြီး သိုင်းပညာသင်ပေးခဲ့ပါတယ်၊ အဲသည်အဘွားအိုဟာ ရှိုဝူကိုရဲ့ ရတနာပစ္စည်းနှစ်မျိုးထဲက စိတ်ညှို့စောင်းသံကျမ်းကို မမျှော်လင့်ဘဲ ရရှိခဲ့သူဖြစ်ပါတယ်၊ အဘွားအိုက စိတ်ညှို့နတ်စောင်းသံကျမ်းကို မရဏစောင်းသံရှင်မိန်းကလေးကို သင်ကြားပေးခဲ့တာပါ။ အဘွားအိုကွယ်လွန်သွားမှ မရဏစောင်းသံရှင်က သိုင်းလောကထဲဆင်းလာတာ ဖြစ်ပါတယ်၊ မိန်းကလေးတွေကို ဖျက်ဆီးချင်တဲ့ယောကျ်ားတွေကိုသာ သူက ဆုံးမနေတာဖြစ်ပါတယ်၊ ခုဆိုရင် ငါးမာန်းကျွန်းရှင်နဲ့ အပေါင်းအဖော်တွေ သိုင်းလောကကို ဖျက်ဆီးဖို့ကြံစည်နေကြတယ်၊ သူတို့ အင်အား မသေးတာကြောင့် ရင်ဆိုင်ဖို့ ခက်ခဲမှာ ဖြစ်ပါတယ်၊ မရဏစောင်းသံရှင်ကို သိုင်းလောကသားတွေဘက်က ရပ်တည်အောင် စည်းရုံးသိမ်းသွင်းနိုင်မယ်ဆိုရင် အကျိုးဖြစ်ထွန်းပါလိမ့်မယ်။

လေပွေသိုင်းသမား"

ဟုရေးသားထားလေသည်။

ဂူတန်းဂိုဏ်းချုပ်က စာကို အခြားဂိုဏ်းချုပ်များဆီသို့ လက်ဆင့်ကမ်းလိုက်လေသည်။

ကျန်ဂိုဏ်းချုပ်များကလည်း စာကိုဖတ်ပြီး သက်ပြင်းချလိုက်ကြလေသည်။

ဝူတန်းဂိုဏ်းချုပ်က...

"လေပွေသိုင်းသမား သိုင်းလောကထဲ ပြန်ပေါ်လာတာလည်း ကံကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရာ ကျန်ဂိုဏ်းချုပ်များက ထောက်ခံလိုက်ကြလေသည်။

"ဟုတ်တယ်ဗျို့၊ လေပွေသိုင်းသမားဟာ ဘီလူးဖြူ၊ ဘီလူးမည်းတို့နဲ့ ကောင်းကောင်းကြီး ပခုံးချင်းယှဉ်နိုင်တယ်၊ သူ့ရဲ့ပညာဟာ ချိုးမှုကိုကိုတောင် မီနိုင်လောက်တယ်လို့ ပြောကြတာပဲ"

"ငါးမာန်းကျွန်းရှင်ကတော့ သိုင်းလောကကို ဖျက်ဆီးဖို့ ကြိုးစားနေတာကြာပြီ၊ အတော် ကြောက်စရာကောင်းတဲ့လူပဲ"

ငါးမာန်းကျွန်းရှင်သည် သိုင်းလောကအား ဖျက်ဆီးဖို့ကြိုးစားနေသူဖြစ်ကြောင်း လူတိုင်းသိရှိထားပြီး ဖြစ်သည်။

ငါးမာန်းကျွန်းရှင်၏ အန္တရာယ်ကြီးမားကြောင်း သိထားရကား ဝူတန်းဂိုဏ်းချုပ်က...

"ကျုပ်တို့ သည်ကိစ္စကို တိုင်ပင်ဆွေးနွေးကြသေးတာပေါ့"

မကြာမီ ပြန်လည်ဆုံတွေ့ကြရန် ချိန်းဆိုပြီး လူစုခွဲကာ ထွက်ခွာသွားကြလေတော့သည်။

♠ ♠ ♠

သုထင်းဖုံးက မရဏာစောင်းသံရှင်နှင့် လမ်းခွဲကာ ထွက်လာခဲ့သည်။

ရရှိခဲ့သောဒဏ်ရာကြောင့် ဒယီးဒယိုင်ဖြစ်နေပြီး အတန်ကြာလျှင် ရှေ့ဆက်မသွားနိုင်တော့ဘဲ မြေပေါ်ထိုင်ချလိုက်လေသည်။



ထိုစဉ် ပြေးလွှားတိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် ကြည့်လိုက်ရာ လူနှစ်ယောက် တိုက်ခိုက်ရင်း ပြေးလွှားရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်။

ရတနာပစ္စည်း အထုပ်ကလေး လုယူသွားသောလူငယ်နှင့် ရွှေရောင်ပိတုန်းတို့ ဖြစ်လေသည်။

သုထင်းဖုံးက တိုက်ပွဲကိုငေးကြည့်နေမိသည်။

ဒဏ်ရာရထားသည်ဖြစ်ရာ လှုပ်လှုပ်ရှားရှား မလုပ်နိုင်အောင်ဖြစ်နေသည်။

သုထင်းဖုံးသည် လူငယ်နှင့် ရွှေရောင်ပိတုန်းတို့၏ သိုင်းကွက်များကိုကြည့်ရင်း အလိုလိုမှတ်မိသွားပြီး စိတ်ထဲမှ လေ့ကျင့်သကဲ့သို့ဖြစ်ကာ တခဏအတွင်းမှာပင် လေ့ကျင့်တတ်မြောက်သွားသကဲ့သို့ဖြစ်သွားလေသည်။

သုထင်းဖုံး ငေးမောနေစဉ် ပါးပြင်၌ စစ်ခနဲ နာကျင်သွားရကား ပါးစပ်ဟလိုက်သည့် တဒင်္ဂအချိန်လေးမှာပင် တစ်စုံတစ်ခုက ပါးစပ်ထဲရောက်ရှိသွားသည်။

"ဟင်"

သုထင်းဖုံး ရင်ထိတ်ကာ ထွေးထုတ်ရန် ဟန်ပြင်လိုက်သော်လည်း ပါးစပ်ထဲရောက်လာသော အလုံးကလေးသည် ချက်ချင်းအရည်ပျော်ကာ ဝမ်းဗိုက်ထဲ စီးဝင်သွားလေသည်။

ထို့နောက် တစ်ကိုယ်လုံး မှုန်နွေးကာ ခံစားနေရသော ဝေဒနာများ သက်သာလျော့ပါးသွားကာ ခွန်အားများ ပြန်လည်ပြည့်ဖြိုးလာသည်ဟု ခံစားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုထင်းဖုံးက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ထိုအခါ မနီးမဝေး၌ သူ့အားပြုံးကြည့်နေသော မရဏစောင်းသံရှင်အား တွေ့လိုက်ရလေတော့သည်။

"ဟင်..ခင်..ခင်ဗျား"

မရဏစောင်းသံရှင်က...

"သည်လိုမှမဟုတ်ရင် ရှင်က ဆေးသောက်မှာမဟုတ်ဘူးလေ၊ ရှင့်ရဲ့ဝေဒနာတွေလည်း ဘယ်လိုလုပ်ပြီး သက်သာပျောက်ကင်းနိုင်တော့မှာလဲ"

သုထင်းဖုံး ဒေါသထွက်သွားလေသည်။

"ကျုပ်က ခင်ဗျားကို ကျေးဇူးတင်မှာမဟုတ်ဘူး။ အသိအမှတ်ပြုမှာလည်း မဟုတ်ဘူးဗျ"

မရဏစောင်းသံရှင် ပြုံးလိုက်သည်။

"ကိစ္စမရှိဘူး။ ကျွန်မ ဘယ်လိုမှ သဘောမထားပါဘူးရှင်"

"ခင်ဗျား"

သုထင်းဖုံး လုံးဝ မကျေနပ်နိုင်ချေ။

သို့သော် မရဏစောင်းသံရှင်နှင့် ဆက်လက်ပြောဆိုခြင်းမပြုတော့ဘဲ တစ်ဘက်သို့ လှည့်ထွက်လိုက်၏။

ထိုစဉ် ရွှေရောင်ပိတုန်းမှာ လှုငယ်အား မယှဉ်နိုင်ဘဲ အရေးနိမ့်နေသည်ကို တွေ့လိုက်ရလျှင်...

"မင်း နောက်ဆုတ်လိုက်ပါ"

ရွှေရောင်ပိတုန်းကို အော်ပြောကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်ကာ လှုငယ်အား တိုက်ခိုက်လိုက်လေသည်။



ထူးခြားသည်ကား သုထင်းဖုံးသည်အမြင်အာရုံဖြင့် ကြည့်ကာ စိတ်ထဲမှတ်သားလေ့ကျင့်ခဲ့သော လှုငယ်၏သိုင်းကွက်များဖြင့် လှုငယ်အား ပြန်လည်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

လှုငယ်လည်း ကြောင်အမ်းအမ်းဖြစ်ကာ နောက်ဆုတ်ပေးလိုက်ရလေသည်။

"မင်း ဘယ်ပြေးမလဲ၊ ငါ့ပစ္စည်း ပြန်ပေး"

သုထင်းဖုံး အော်ငေါက်ကာ ဖိ၍တိုက်ခိုက်လိုက်လေသည်။

လှုငယ် ဖရိုဖရဲဖြစ်ကာ အရေးနိမ့်သွားတော့သည်။

လှုငယ် ရှုံးနိမ့်ခါနီးတွင်...

"ရပ်လိုက်"

မရဏစောင်းသံရှင်က ကြားဝင်ဟန့်တားလာလေသည်။

"ကျွန်မလည်း ရှိသေးတယ်ရှင့်"

ရွှေရောင်ပိတုန်းက သုထင်းဖုံးဘက်မှ ပါဝင်ကူညီလိုက်လေသည်။

သုထင်းဖုံးနှင့် ရွှေရောင်ပိတုန်းတို့ လက်တွဲလိုက်သကဲ့သို့ ဖြစ်သွားခြင်းကြောင့် မရဏစောင်းသံရှင် မကျေမနပ်ဖြစ်သွားလေသည်။

သုထင်းဖုံးက သူမအား အမှုမထားဘဲ ရွှေရောင်ပိတုန်းကို ဦးစားပေးသည်ဟူ၍ ဒေါသထွက်ကာ...

"သွားကြစမ်း"

အော်ငေါက်ကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်တော့သည်။

သူမ၏တိုက်ကွက် ပြင်းထန်လွန်းရကား...

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း...ဝုန်း"

သုထင်းဖုံးနှင့် ရွှေရောင်ပိတုန်းတို့ အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

သို့တိုင် မရဏစောင်းသံရှင်က မကျေနပ်သေးပါချေ။

"ရှင်တို့နှစ်ယောက်စလုံးကို သတ်ပစ်မယ်"

သူမ ရှေ့တိုးသွားလိုက်လေသည်။

ထိုအချိန်မှာပင်...

"မိန်းကလေး...မင်းက အမှားတစ်ခုကို ကျူးလွန်ဦးမလို့လား ကိုယ်သံယောဇဉ်ဖြစ်မိတဲ့ လူတစ်ယောက်ကို ဘာကြောင့် သတ်ပစ်ဖို့ကြိုးစားချင်ရတာလဲ"

စကားသံ တစ်ချက်ကြားလိုက်ရလေသည်။

မရဏစောင်းသံရှင်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ မျက်နှာလည်း သွေးဆုတ်ကာ ဖြူဖွေးသွားလေသည်။

"ဘယ်သူလဲ"

ဟုအော်ငေါက်လိုက်ပြီး စကားသံ ထွက်ပေါ်လာရာဘက်သို့ ဦးတည် ပြေးလွှားသွားလေတော့သည်။

♠ ♠ ♠

မရဏစောင်းသံရှင် ထွက်သွားပြီဖြစ်သည်။

ရွှေရောင်ပိတုန်းက...

"ရှင် ဒဏ်ရာရသွားပြန်ပြီ"

သုထင်းဖုံးအတွက် စိတ်မကောင်းစွာ ပြောလေသည်။



သုထင်းဖုံးက...

"ကျုပ်အတွက် စိုးရိမ်စရာမလိုပါဘူး"

စကားဆုံးလျှင် ဒယီးဒယိုင်ဖြင့် ထွက်သွားလေသည်။

ရွှေရောင်ပိတုန်းမှာ ဥက္ကောပြုခြင်းခံလိုက်ရသဖြင့် ဝမ်းနည်းကြေကွဲကာ မျက်ရည်များ စီးကျလာလေတော့သည်။

♠ ♠ ♠

သုထင်းဖုံးသည် ရွှေရောင်ပိတုန်းအား ကျောခိုင်းကာ ထွက်လာခဲ့ရင်း တောအုပ်တစ်ခုသို့ရောက်လျှင် မဟာန်နိုင်တော့ဘဲ မြေပေါ်လဲကျကာ သတိလစ် မေ့မြောသွားလေတော့သည်။

ရုတ်တရက် တောအုပ်ထဲမှ လူနှစ်ယောက်ထွက်လာကြသည်။ ရှူးပျံ့ထိစန်းနှင့် လေရဟတ်ဝီရှောက်တို့ဖြစ်သည်။

သိုင်းလောက လူထူးဆန်းနှစ်ယောက်သည် သုထင်းဖုံးအနီးသို့ ရောက်ရှိလာကြသည်။

ရှူးပျံ့ထိစန်းက သုထင်းဖုံးအား အကဲခတ်လိုက်ပြီး...

"အတော်မာနကြီးတဲ့ လူငယ်လေးပဲ"

ဟု မှတ်ချက် ချလိုက်လေသည်။

လေရဟတ်ဝီရှောက်က...

"သူ့ကို သည်အတိုင်းပစ်ထားရင် ဒုက္ခရောက်သွားမှာ သေချာတယ်"

ထိုစဉ်...

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို သည်အတိုင်းထားတာ အကောင်းဆုံးပဲဗျ"

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာလေသည်။

ထိုလူကိုမြင်လျှင် ထိစန်းနှင့် ဝိရောက်တို့ အံ့သြသွားကြ၏။

"လေပွေသိုင်းသမားပါလား။ သိုင်းလောကက ပျောက်သွားတာ အတော်ကြာနေပြီ"

"ခင်ဗျား သိုင်းလောကထဲ ပြန်ဆင်းလာတယ်လို့ သတင်းကြားမိတာ တကယ်ပဲဖြစ်နေတာကိုး"

တစ်ချိန်က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော လေပွေသိုင်းသမား ရယ်မောလိုက်သည်။

"သိုင်းလောကမှာ အခြေအနေတွေ ရှုပ်ထွေးနေပြီး ပြဿနာတွေ ဖြစ်ပေါ်လာတော့ ကျုပ်လည်း မနေနိုင်တော့ဘဲ ထွက်လာရတာပေါ့ဗျာ"

ထိစန်းက သုထင်းဖုံးအား ညွှန်ပြလိုက်သည်။

"သူ့ကို သည်အတိုင်းထားတာ အကောင်းဆုံးပဲလို့ပြောတာ ဘာကြောင့်လဲဗျ"

လေပွေသိုင်းသမား ရှင်းပြလိုက်သည်။

"သူဟာ မရဏစောင်းသံရှင်ရဲ့ လက်ချက်နဲ့ ခုလိုဖြစ်ခဲ့ရတာဆိုတော့ မရဏစောင်းသံရှင်ကပဲ သူ့ကိစ္စကိုပြန်ပြီး ဖြေရှင်းပေးပါလိမ့်မယ်ဗျာ"

"နေပါဦး၊ ခင်ဗျားက မရဏစောင်းသံရှင်အကြောင်းကို သိနေလို့လား"

လေပွေသိုင်းသမားက တည်ကြည်သော မျက်နှာထားဖြင့်



ပြောလိုက်သည်။

"မရဏစောင်းသံရှင်ဟာ အမှန်တော့ သနားစရာကောင်းတဲ့မိန်းကလေးတစ်ယောက်ပါ။ ငယ်စဉ်က လူယုတ်မာတစ်ယောက်ရဲ့ ဖျက်ဆီးခံခဲ့ရလို့ ယောကျ်ားတွေကို မုန်းတီးနေပြီး ချူရှူကျိရဲ့ ထူးဆန်းတဲ့စိတ်ညှို့နတ်စောင်းသံပညာကို ရရှိပြီးတဲ့နောက်ပိုင်းမှာ မိန်းကလေးတွေကို ဖျက်ဆီးနေတဲ့ယောကျ်ားတွေကို ဆုံးမဖို့ သိုင်းလောကထဲဆင်းလာခဲ့တာလေ၊ သူဟာ သည်ကောင်လေးနဲ့တွေ့တော့ အပြောင်းလဲကြီး ပြောင်းလဲသွားတာ၊ မေတ္တာစစ်ကို တွေ့သွားတဲ့သဘောပါပဲဗျာ"

အတွေ့အကြုံ ကြွယ်ဝနေသော ထိစန်းနှင့်ဝိရောက်တို့လည်း အဖြစ်အပျက်ကို နားလည်သွားကြလေတော့သည်။

လေပွေသိုင်းသမားက...

"မရဏစောင်းသံရှင် ပြန်ရောက်လာပါလိမ့်မယ်၊ သည်ကောင်လေးအတွက် စိတ်ပူစရာမလိုတော့ပါဘူး။ ကျုပ်တို့ တခြားစိတ်ဝင်စားစရာ ကောင်းတဲ့နေရာကို သွားကြတာပေါ့"

ဝိရောက်က...

"တခြား စိတ်ဝင်စားစရာကောင်းတဲ့နေရာ ရှိသေးလို့လား"

"ရှိတာပေါ့"

"ကောင်းပြီလေ၊ သွားကြတာပေါ့"

ဝိရောက်နှင့်ထိစန်းတို့ သဘောတူတာ လေပွေသိုင်းသမားနှင့် လိုက်ပါသွားကြလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## အသက်ကယ်ဆေး

သုထင်းဖုံးကား သတိလစ်မေ့မြောနေပြီး မလှုပ်မယှက် ဖြစ်နေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

အရှေ့ဘက်၌ အာရုံဦး၏ရောင်နီများ ဖို့အန်လာတော့မှ သတိရလာလေသည်။

သုထင်းဖုံး ညည်းတွားရင်း လူးလိမ့်ထလိုက်သည်။

ဒဏ်ရာကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲကာ အား အင်ကုန်ခမ်းနေသည်။

သို့တိုင်...

မရဏစောင်းသံရှင်က ရတနာပစ္စည်း လုယူသွားသည့် လှူငယ်နှင့်ဘုံကျောင်းတစ်ခု၌ ချိန်းဆိုထားကြောင်း သတိရလိုက်လေ သည်။

"ငါ့ပစ္စည်းကို ပြန်တောင်းရမယ်"



ထို့နောက် အားတင်းကာ ထွက်သွားလေသည်။

သုထင်းဖုံးမှာ တရွေ့ရွေ့ အားတင်းသွားရင်း မိုးစင်စင်လင်း လာချိန်၌ ဘုံကျောင်းပျက်လေးတစ်ခုသို့ ရောက်သွားလေသည်။

ထိုဘုံကျောင်းလေး၌ မရဏစောင်းသံရှင်နှင့် လှူငယ်တို့ ချိန်းဆိုထားကြခြင်းဖြစ်သည်။

သုထင်းဖုံးက ဘုံကျောင်းထဲ လှမ်းဝင်လိုက်လျှင် လဲကျသေ ဆုံးနေသောလှူငယ်ကို တွေ့လိုက်ရလေသည်။

ရတနာပစ္စည်း လုယူသွားသော လှူငယ်ကား သေဆုံးသွား ပြီဖြစ်သည်။

တစ်စုံတစ်ယောက်က သတ်ပစ်လိုက်ခြင်း ဖြစ်လေသည်။

မည်သူက သတ်ပစ်လိုက်သည်ကို သုထင်းဖုံး စိတ်မဝင်စား ပါချေ။

လှူငယ်၏အလောင်းနှင့် မလှမ်းမကမ်း၌ ငွေရောင်ဘူးက လေးကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

ရတနာပစ္စည်းထည့်ထားသော ဘူးကလေးဖြစ်သည်။

သုထင်းဖုံး ဝမ်းသာသွားလေသည်။

ဘူးကလေးကို ကောက်ယူကာ ဖွင့်ကြည့်လိုက်လျှင် ဘာမျှ မရှိဘဲ ဟာလာဟင်းလင်း ဖြစ်နေပါသည်။

သုထင်းဖုံး စိတ်ပျက်သွားလေတော့သည်။

ထိုစဉ်...

"ရှင်က သူ့ကိုသတ်လိုက်တယ် ဟုတ်လား"

စကားသံနှင့်အတူ မရဏစောင်းသံရှင် ရောက်ရှိလာသည်

www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့လိုက်ရလေသည်။

သုထင်းဖုံး မကျေမနပ်ဖြစ်သွားသည်။

"ကျုပ်သတ်တာ မဟုတ်ဘူး"

မရဏစောင်းသံရှင်က အကဲခတ်ရင်း သုထင်းဖုံးမှာ လူသတ်ဖို့မဆိုထားနှင့် မားမားမတ်မတ်ရပ်ဖို့ပင် ခွန်အားမရှိသကဲ့သို့ ဖြစ်နေကြောင်း သတိပြုမိလိုက်လသည်။

ထို့ကြောင့်...

"ရှင် ဆေးတစ်လုံး သောက်ရမယ်"

ဟု ပြောလိုက်သည်။

သုထင်းဖုံးက လက်မခံပါ။

"ကျုပ် မသောက်ဘူး၊ ခင်ဗျားကို ကျေးဇူးမတင်နိုင်ဘူး"

မရဏစောင်းသံရှင်က...

"ဒါတော့ ရှင့်သဘောပဲ၊ ဆေးမသောက်ပဲနေရင် အချိန်ကြာလာတဲ့အခါ ရှင်ဒုက္ခိတဖြစ်သွားလိမ့်မယ်၊ ရှေ့ဆက်ပြီး ရှင်ဘာမှ လုပ်ကိုင်ဆောင်ရွက်နိုင်မှာ မဟုတ်တော့ဘူး"

"ခင်ဗျား"

သုထင်းဖုံး ထိတ်လန့်သွားသည်။

သူ့တွင် ဆောင်ရွက်စရာကိစ္စများ ရှိနေသည် မဟုတ်ပါလား။

"ဆေးသောက်လိုက်ပါ၊ ကျွန်မကို ကျေးဇူးတင်စရာမလိုပါဘူး"

ဟုပြောပြီး ဆေးတစ်လုံး ပေးရာ သုထင်းဖုံး မတတ်သာဘဲ



သောက်လိုက်ရလေတော့သည်။

ဆေးသောက်လိုက်သည်နှင့် ဦးခေါင်းထဲ မူးနောက်ရီဝေကာ...

"ဝုန်း"

သုထင်းဖုံး လုံးဝမဟန်နိုင်တော့ဘဲ လဲကျကာ သတိလစ်မေ့မြောသွားလေတော့သည်။

♠ ♠ ♠

အချိန်မည်မျှ ကြာသွားမှန်းမသိ။

သုထင်းဖုံး သတိရလာသောအခါ ခံစားနေရသော ဝေဒနာများ သက်သာပျောက်ကင်းသွားပြီး ခွန်အားပြည့်ဖြိုးလာသည်ဟု ခံစားရလေသည်။

မရဏစောင်းသံရှင်၏ အသက်ကယ်ဆေးကြောင့် ယခုကဲ့သို့ဝေဒနာများ သက်သာပျောက်ကင်းသွားခြင်းဖြစ်ကြောင်း သုထင်းဖုံး နားလည်လိုက်လေသည်။

မရဏစောင်းသံရှင်ကို ရှာဖွေကြည့်လိုက်ရာ...

"ဟင်"

သုထင်းဖုံး ရင်ထိတ်သွားရလေတော့သည်။

အကြောင်းမှာ...

မရဏစောင်းသံရှင်က သူနှင့်နီးကပ်စွာ ရှိနေသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အားအင်ကုန်ခမ်းမောပန်းနေသည့် အသွင်ရှိသော်လည်း မျက်နှာတစ်ခုလုံး ပြုံးရွှင်နေပါတော့သည်။

သူမသည် အသက်ကယ်ဆေးပေးခဲ့သည့်သာမက သူ၏ သွေးကြောများမှတဆင့် အတွင်းအားဖြင့် ဝေဒနာကုသပေးခဲ့ကြောင်း ထင်ရှားနေသည်။

သုထင်းဖုံးမှာ မရဏစောင်းသံရှင်၏ ချောမောလှပသော မျက်နှာလေးကို အနီးကပ်တွေ့မြင်နေရသဖြင့် ငေးမောကြည့်နေမိလေတော့သည်။

အချိန်မည်မျှ ကြာသွားမှန်းမသိ။

"ရှင် သက်သာသွားပြီလား"

မရဏစောင်းသံရှင်၏ မေးမြန်းသံ ထွက်ပေါ်လာမှ သုထင်းဖုံးလည်း သတိဝင်လာလေသည်။

"ကျုပ်...ကျုပ်"

"ရှင့်ရဲ့ဝေဒနာ သက်သာသွားပြီဆိုတော့ ရှင်လုပ်စရာရှိတာတွေကို ဆက်ပြီးလုပ်ကိုင် ဆောင်ရွက်နိုင်ပြီပေါ့ရှင်"

သုထင်းဖုံး သက်ပြင်းချလိုက်သည်။

"ခင်ဗျားကိုတော့ ကျေးဇူးမတင်နိုင်ဘူး"

ဟု တမင် ပြောလိုက်လေသည်။

မရဏစောင်းသံရှင်က...

"ကိစ္စမရှိပါဘူးလေ၊ ရှင်သက်သာသွားရင် ပြီးတာပါပဲ"

သုထင်းဖုံးက ဘုံကျောင်းပျက်ထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။



"ရှင် သွားတော့မလို့လား"

မရဏစောင်းသံရှင်၏အသံက ထူးခြားနေသည်။

သုထင်းဖုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ခြေလှမ်းလည်း တုန့်ခနဲ ရပ်သွားလေသည်။

မရဏစောင်းသံရှင်ကို လှည့်ကြည့်လိုက်မိသည်။

မရဏစောင်းသံရှင်က သူ့အား မျက်လုံးရွဲကြီးများဖြင့် ကြည့်နေသည်။

သုထင်းဖုံး၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

မရဏစောင်းသံရှင်မှာ ရက်စက်ကြမ်းကြုတ်သူဖြစ်လေသည်။

သို့သော်...

သူ့အပေါ်ထားရှိသည့် သူမ၏သဘောထားမှာ ညင်သာပျော့ပျောင်းလှသည်။

သူမ၏ရင်ထဲမှ ခံစားချက်ကို သုထင်းဖုံး နားလည်လိုက်လေတော့သည်။

သုထင်းဖုံး သက်ပြင်းချလိုက်သည်။

"ကျုပ်သွားတော့မယ်"

ယခုတစ်ကြိမ် ပြောလိုက်သည့် သူ၏စကားသံမှာလည်း ထူးခြားနေပါသည်။

သုထင်းဖုံးမှာ ကိုယ့်အသံကိုယ် မမှတ်မိနိုင်အောင်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုထင်းဖုံး ငွေငွေကြီး ရပ်လိုက်ပြီးမှ…

"ကျူပ် သွားတော့မယ်"

ဟု ထပ်ပြောပြီး ထွက်သွားလေသည်။

သို့သော်…

ခြေသုံးလေးလှမ်းမျှသာ လှမ်းပြီး ရပ်တန့်သွားသည်။

အကြောင်းမှာ…

ဘုံကျောင်းပျက်ထဲ လှမ်းဝင်လာသူ တစ်ယောက်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

♠ ♠ ♠



## အပြိုင်အဆိုင်

ဘုံကျောင်းပျက်ထဲသို့ လူတစ်ယောက် လှမ်းဝင်လာလေသည်။

ထိုလူမှာ ရွှေရောင်ပိတုန်းဖြစ်လေသည်။

ရွှေရောင်ပိတုန်းသည် သုထင်းဖုံးနှင့် မရဏာစောင်းသံရှင်တို့အား အပြန်ပြန်အလှန်လှန် ကြည့်လိုက်လေသည်။

သူမ မဲ့ပြုံးပြုံးကာ မရဏာစောင်းသံရှင်အား အပြစ်တင်ပြောဆိုလိုက်လေသည်။

"ရှင်ဟာ တော်တော် အရှက်နည်းတဲ့ မိန်းမတစ်ယောက်ပါလား"

"ဘာ"

မရဏာစောင်းသံရှင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သုထင်းဖုံးလည်း မကျေမနပ်ဖြစ်သွားလေသည်။

"မင်း ဘယ်လိုပြောလိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရွှေရောင်ပိတုန်းအား ငေါက်လိုက်လေသည်။

ရွှေရောင်ပိတုန်းက...

"ကျွန်မပြောတာ ရှင်ကြားပါတယ်၊ ဘာကြောင့် ထပ်မေးနေရတာလဲရှင့်"

အမှုမထားသောလေသံဖြင့် ပြောလေသည်။

သုထင်းဖုံး ဒေါသထွက်သွား၏။

ဘုံကျောင်းပျက် အပေါက်ဝဘက်သို့ ညွှန်ပြရင်း...

"မင်း သည်နေရာက အမြန်ဆုံးထွက်သွားတာ အကောင်းဆုံးပဲ"

ရွှေရောင်ပိတုန်း ပခုံးတွန့်လိုက်သည်။

"မသွားဘူးဆိုရင်ကော"

"မင်း...မင်း"

သုထင်းဖုံး ရှေ့တိုးသွားရန် ဟန်ပြင်လိုက်မိသည်။

ရွှေရောင်ပိတုန်း မှုံ့ပြုံးပြုံးလိုက်သည်။

"ရှင်က ကျွန်မကို သတ်ပစ်မလို့ပေါ့လေ"

"မင်း...မင်းဟာ..."

"ကျွန်မကကော ရှင့်ကို ဂရုစိုက်ရမှာလား"

ရွှေရောင်ပိတုန်းက ခက်ထန်မာကျောစွာ ပြော၏။

သုထင်းဖုံးနှင့် မရဏစောင်းသံရှင်တို့ ရင်းရင်းနှီးနှီးရှိနေသည်ကို တွေ့ရသဖြင့် ရွှေရောင်ပိတုန်း ခံပြင်းဒေါသထွက်နေခြင်းဖြစ်သည်။

မရဏစောင်းသံရှင်ကဲ့သို့ပင် ရွှေရောင်ပိတုန်းသည်လည်း



သုထင်းဖုံးအပေါ် သံယောဇဉ်ငြိတွယ်နေမိပြီ မဟုတ်ပါလား။

ထို့ကြောင့် ဒေါသတကြီး ဖြစ်နေခြင်းပင်။

သုထင်းဖုံးက...

"မင်းထွက်သွားတာ အကောင်းဆုံးပဲ"

ထပ်ပြီး မောင်းထုတ်လိုက်လေသည်။

"ကျွန်မ မသွားဘူးဆိုရင် ရှင်ဘာလုပ်မလဲ"

"မင်း...မင်း"

"ဟင်း...ဟင်း...ကျွန်မကို သတ်ပစ်ချင်နေမှတော့ ကျွန်မလည်း ရှင့်ကို ညှာနေစရာ မလိုတော့ဘူးပေါ့"

ရွှေရောင်ပိတုန်းသည် စိတ်မထိန်းနိုင်တော့သည့်အလား သုထင်းဖုံးအား ဝင်ရောက် တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ပိတုန်းက သုထင်းဖုံးအား တိုက်ခိုက်လိုက်လေသည်။

မရဏာစောင်းသံရှင် မကျေမနပ် ဖြစ်သွားလေသည်။

"သေချင်ပြီထင်တယ်"

သူမ ထိုင်ရာမှ ခုန်ထလိုက်လေသည်။

ထိုစဉ်...

"မင်း ဝင်မပါဘဲနေတာ အကောင်းဆုံးဖြစ်လိမ့်မယ်"

ထူးခြားသော စကားသံတစ်ချက် နောက်ကျောဘက်မှ ထွက်ပေါ်လာလေသည်။

"ဟင်"

မရဏာစောင်းသံရှင် ရင်ထိတ်သွား၏။

ကမျာကယာ လှည့်ကြည့်လိုက်လျှင် အနောက်ဘက် မလှမ်းမကမ်း၌ လူတစ်ယောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

မရဏာစောင်းသံရှင်၏မျက်နှာ ခက်ထန်သွားသည်။

သူမ၏ မျက်လုံးအစုံမှာလည်း လူသတ်လိုသော အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

"ရှင် သေချင်လို့လား"

ထိုလူ ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ် သည်ကိုလာခဲ့တာ သေချင်လို့မှ မဟုတ်တာပဲ"

မရဏာစောင်းသံရှင်က...

"ဒါဖြင့် ဘာလို့ ကိုယ်နဲ့မဆိုင်ဘဲ ကျွန်မတို့ကိစ္စထဲ ဝင်ရှုပ်ရတာလဲ"



ထိုလူက...

"မင်းတို့နှစ်ယောက်ရဲ့ မင်္ဂလာအရက်သောက်ချင်လို့ ကျုပ်ကကြားဝင်လိုက်တာပါ"

"ဘာရှင့်"

မရဏာစောင်းသံရှင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

ထိုလူအား မျက်လုံးပြူး၍ကြည့်ကာ...

"ရှင်...ရှင်..ဘယ်လိုပြောလိုက်တာလဲ"

ဟု ငေါက်လိုက်သည်။

ထိုလူ ပြုံးလိုက်သည်။

"ကျုပ်က အရက်သောက်ချင်လို့ လာခဲ့တယ်ဆိုတာ ပြောပြီးပါပြီလေ"

"ဟွန်း"

မရဏာစောင်းသံရှင် ခြေဆောင့်လိုက်သည်။

ရှက်သွေးကြောင့် သူမ၏မျက်နှာတစ်ခုလုံး နီရဲနေပါတော့သည်။

"ရှင်သောက်ရမယ်၊ ဒါပေမယ့် ငရဲပြည်မှာ သွားသောက်ရမှာ"

သူမပြောရင်း ထိုလူထံ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။

မရဏာစောင်းသံရှင်၏ သိုင်းပညာ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေသည်ကို သိုင်းလောကတစ်ခုလုံး သိရှိထားပြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ တိုက်ခိုက်လိုက်သည်နှင့် ထိုလူ လဲကျသွားမည်ထင်ရလေသည်။

သို့သော် ထိုလူသည် ပွတ်ကာသီကာ ရှောင်တိမ်းသွားနိုင်ခဲ့လေသည်။

မရဏစောင်းသံရှင်က...

"ရှင် ဘယ်ပြေးမလဲ"

ဟုအော်ငေါက်ကာ ထပ်မံ၊

ယခုတစ်ကြိမ်...

သိုင်းကွက်သုံးကွက်ကို ဆက်တိုက်ဖော်ထုတ် တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ပြင်းထန်သော တိုက်ကွက်များကြောင့် လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေတော့သည်။

မရဏစောင်းသံရှင် ကိုယ်တိုင် ထိုလူလဲကျသွားအောင် တိုက်ခိုက်နိုင်မည်ဟု ယုံကြည်ထားလေသည်။

လက်တွေ့တွင် အထင်နှင့်အမြင် လွဲချော်သွားလေတော့သည်။

ထိုလူက ပွတ်ကာသီကာဖြင့် ရှောင်တိမ်းသွားပြန်သည်။

"ရှင်...ရှင်"

မရဏစောင်းသံရှင်ကိုယ်တိုင် အံ့ဩသွားရလေတော့သည်။

သိုင်းလောကသို့ ဆင်းလာချိန်မှစ၍ ယခုအချိန်အထိ သူမ၏သိုင်းကွက် သုံးကွက်ပြည့်အောင် ခံနိုင်ရည် မရှိခဲ့ကြပေ။

ထိုလူ၏ပညာကို မရဏစောင်းသံရှင် အံ့ဩနေရတော့၏။



ထိုလူကလည်း မရဏစောင်းသံရှင်အား ချီးကျူးလိုက်လေသည်။

"ကောင်းလိုက်တဲ့ သိုင်းကွက်တွေပဲ"

မရဏစောင်းသံရှင် ဆက်၍မတိုက်ခိုက်တော့ဘဲ ရပ်တန့်လိုက်လေသည်။

ထိုလူအား မျက်လုံးပြူး၍ကြည့်ကာ...

"ရှင်...ရှင် ဘယ်သူလဲ၊ ပြောပါ"

ထိုလူက...

"ကျုပ်က လေပွေသိုင်းသမားပါ"

ဟုပြောလိုက်လေသည်။

♠ ♠ ♠

လေပွေသိုင်းသမား...။

လေပွေသိုင်းသမားသည် တစ်ချိန်က သိုင်းလောက၌ အလွန်ကျော်ကြားခဲ့သူ တစ်ဦးဖြစ်သည်။

သူ့အား မတွေ့ဖူးသူရှိနိုင်သော်လည်း သူ၏အမည်ကို မကြားဖူးသူ မရှိခဲ့ပေ။

ထို့ကြောင့် မရဏစောင်းသံရှင်ကလည်း လေပွေသိုင်းသမားဟူသောအမည်ကို ကြားဖူးထားပြီး အံ့ဩသွားရခြင်းဖြစ်လေသည်။

သူမ ဦးညွှတ်လိုက်သည်။

"ကျွန်မ မသိလို့ပြောဆိုခဲ့မိတာကို ခွင့်လွှတ်ပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



လေပွေသိုင်းသမား သက်ပြင်းချလိုက်သည်။

"ကျုပ်က မင်းရဲ့သတင်းတွေကို ကြားခဲ့ပြီးပါပြီ၊ ဒါကြောင့် မင်းကို အပြစ်မပြောချင်ပါဘူး။ မင်းရဲ့ဘဝဟာ အင်မတန်ဝမ်းနည်းကြေကွဲစရာကောင်းတယ်ဆိုတာ ကျုပ်သိပြီးပါပြီ"

မရဏစောင်းသံရှင် ခေါင်းငုံ့ထားလိုက်လေသည်။

ကိုယ်ချင်းစာနာ နားလည်မှုရှိသော လေပွေသိုင်းသမားကိုလည်း လေးစားသွားလေသည်။

လေပွေသိုင်းသမားက...

"အတိတ်က နာကျည်းစရာကိစ္စတွေကြောင့် အရှုံ့တိုက်မယ် အာဃာတထားမယ်၊ လုပ်ချင်ရာလုပ်မယ်ဆိုရင် အမှားကြီးမှားသွားလိမ့်မယ်၊ သည်လိုလုပ်လို့ကော မင်းရဲ့ခါးသီးတဲ့ခံစားချက်တွေ တကယ်ပဲ သက်သာပျောက်ကင်းသွားမှာလား"

မရဏစောင်းသံရှင်က ဘာမှမပြောဘဲ ငြိမ်ချနားထောင်နေသည်။

လေပွေသိုင်းသမားက...

"သုထင်းဖုံးကလည်း ခက်ထန်ကြမ်းတမ်းပြီး ကျေးဇူးမသိတဲ့လူ၊ ခံစားချက်ကင်းမဲ့တဲ့ လူငယ်လေးတစ်ယောက် မဟုတ်ပါဘူး၊ သူကလည်း မိန်းမတစ်ယောက်ရဲ့ သစ္စာဖောက်ခံရတယ်ဆိုပြီး မိန်းမတွေကို မုန်းနေသူပါပဲ"

"ရှင်"

မရဏစောင်းရှင် တအံ့တသြဖြစ်သွားလေသည်။

လေပွေသိုင်းသမားက...



"မင်းတို့ရဲ့ဘဝပေး ကံကြမ္မာက ထူးခြားဆန်းကြယ်နေကြတယ်၊ ဒါကြောင့် အမြဲတမ်း သတိနဲ့ထိန်းသိမ်းနေထိုင်ဖို့လိုလိမ့်မယ်"

မရဏစောင်းသံရှင် သက်ပြင်းချလိုက်သည်။

"ကျွန်မ သဘောပေါက်ပါပြီရှင်"

သူမသည် လေပွေသိုင်းသမားအား ဦးညွှတ်လိုက်သည်။

"ကျွန်မကို ဆုံးမတဲ့အတွက် ဦးကိုကျေးဇူးတင်ပါတယ်ရှင်"

လေပွေသိုင်းသမား ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးကွယ်၊ ကိုယ့်ကိုကိုယ် သတိထားဆင်ခြင်နိုင်မယ်ဆိုရင် ကျုပ်ကျေနပ်ပါပြီ"

"ဦးဟာ သိုင်းလောကသူ့ရဲကောင်းလေးနဲ့ ပတ်သက်ပြီး သူ့အကြောင်း တော်တော်များများ သိထားတယ် ဟုတ်လား"

သုထင်းဖုံးက် တမင်အရွဲ့တိုက်ကာ သူ့အမည်မှာ သိုင်းလောကသူ့ရဲကောင်းဟု ပြောခဲ့သည်။

ထို့ကြောင့် သူ၏အကြောင်းမသိသူများက သူ့အမည်ကို လွယ်လွယ်ကူကူပင် သူရဲကောင်းလေးဟု ခေါ်ကြလေတော့သည်။

လေပွေသိုင်းသမားက...

"ချူဝူကျိုရဲ့ ရတနာပစ္စည်းနှစ်မျိုးက အစပြုပြီး ပြဿနာတွေပေါ်ပေါက်လာကတည်းက ကျုပ်မနေနိုင်တော့ဘဲ သိုင်းလောကထဲဆင်းလာခဲ့တာပါ"

သူက သိုင်းလောကထဲဆင်းလာခဲ့သည်မှာ အချိန်အတော်ကြာသွားပြီဖြစ်သော်လည်း လျှို့ဝှက်စွာနေထိုင်ခဲ့သဖြင့် မည်သူကမျှ သတိမပြုမိခဲ့ကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က မထင်မရှားနေပြီး လိုက်လံစုံစမ်းခဲ့တယ်၊ သုထင်းဖုံးဟာ ရတနာပစ္စည်းနှစ်မျိုးနဲ့ ပတ်သက်နေသူတစ်ယောက်ရဲ့ဆွေမျိုးသားချင်းဖြစ်နေတယ်၊ သူ့အကြောင်းကို သိပ်ပြီးများများစားစား မသိပေမယ့် သူ့မှာရင်ဆိုင်ဖို့ ခက်ခဲတဲ့ရန်သူကြီးတွေ ရှိနေတယ်လို့ ဆိုရမှာပဲ"

မရဏစောင်းသံရှင်သည် သုထင်းဖုံးက ရတနာပစ္စည်းဖွက်ခု ထည့်ထားသော ဘူးကလေးနောက်သို့ လိုက်နေသူ ဖြစ်ကြောင်း သိရှိထားလေသည်။

ထိုဘူးကလေးအား လိုချင်မက်မောနေသည့် လူငယ်တစ်ယောက်က ကြားဖြတ်လုယူခဲ့သည်။

ယခု ထိုလူငယ် အသတ်ခံလိုက်ရသကဲ့သို့ ဘူးကလေးလည်း ပျောက်ဆုံးနေပါတော့သည်။

မရဏစောင်းသံရှင်က ဘူးကလေးအား သုထင်းဖုံးအတွက် ရှာဖွေရယူပေးရန် ဆုံးဖြတ်လိုက်သည်။

• "ဦးက ရတနာပစ္စည်းထည့်တဲ့ ဘူးကလေး ဘယ်သူ့လက်ထဲရောက်နေသလဲဆိုတာကော သိသလား၊ သိရင်ပြောပြပါလားရှင်"

"ကျုပ်သိသလောက်ကတော့ အနီရောင်ဝတ်ရုံ လွှမ်းခြုံထားတဲ့လူတစ်ယောက်က လူငယ်လေးကိုသတ်ပြီး လုယူသွားတာပဲ"

"ဝတ်ရုံနီဆိုပါတော့ အခု သူ့ကိုဘယ်နေရာမှာ တွေ့ရနိုင်မလဲရှင်"

"သည်လူဟာလည်း ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပါပဲ၊ တစ်ချိန်က သိုင်းလောကမှာ ကျက်စားခဲ့ပြီး သူ့ရဲ့မ



ကောင်းတဲ့လုပ်ရပ်တွေကို အများကလက်မခံလို့ ဇာတ်မြှုပ်သွားခဲ့တယ်၊ အခုမှ ပြန်ပေါ်လာတာ"

"သူပြန်ပေါ်လာတာနဲ့ လူတွေကို ဒုက္ခပေးတော့တာပဲ ဆိုပါတော့"

လေပွေသိုင်းသမား သက်ပြင်းချလိုက်သည်။

"သူဟာ ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ဆိုတာ အမှန်ပဲ၊ သူ့ကိုသိုင်းလောကသားတွေက ဆံပင်နီသိုင်းသမားလို့ခေါ်ကြတယ်"

မရဏစောင်းသံရှင်က...

"ကျွန်မ သူ့ကိုတွေ့ချင်တယ်၊ သူဘယ်မှာရှိနေတယ်ဆိုတာ သိရင် လမ်းညွှန်ပေးဖို့ တောင်းပန်ပါတယ်ရှင်"

လေပွေသိုင်းသမား ခေါင်းညိတ်လိုက်သည်။

"သူက လူငယ်လေးကိုသတ်ပြီး ပစ္စည်းလုယူသွားသလို လောဘတက်နေတဲ့ တခြားသိုင်းသမားတွေကလည်း သူ့ဆီကလုယူဖို့ သံကြိုးမဲကြိုး လိုက်နေကြတယ်လေ"

"ဒါ ဝဋ်လည်တာပဲ"

"ဒါပေါ့"

"ကျွန်မ သူ့ကိုတွေ့ချင်ပါတယ်ရှင်"

"ကောင်းပြီ၊ သူရှိနေနိုင်တဲ့နေရာကို ကျုပ်တွက်ဆလို့ရပါတယ်၊ ကျုပ်လိုက်ပို့ပေးပါ့မယ်၊ ခုလောက်ဆို သူ့နောက်ကိုလိုက်နေတဲ့လူတွေနဲ့တွေ့ပြီး တိုက်ပွဲဆင်နွှဲနေရလောက်ရောပေါ့"

လေပွေသိုင်းသမားက သဘောတူလိုက်သဖြင့် မရဏ

www.burmeseclassic.com

www.burmeseclassic.com



စောင်းသံရှင် ဝမ်းသာသွားလေသည်။

လေပွေသိုင်းသမားက...

"ကျုပ် တစ်ခုတော့ ပြောချင်ပါတယ်"

မရဏစောင်းသံရှင်က....

"ဟုတ်ကဲ့..ပြောပါရှင်"

လေပွေသိုင်းသမားက...

"ဆံပင်နီသိုင်းသမားဟာ ကြောက်စရာကောင်းတဲ့လူတစ်ယောက်ဖြစ်တာကြောင့် သူနဲ့တွေ့ရင် သတိထားရလိမ့်မယ်"

မရဏစောင်းသံရှင် ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါရှင်၊ ကျွန်မ သတိထားပါ့မယ်"

လေပွေသိုင်းသမား ကျေနပ်သွား၏။

"ကောင်းပြီ..ကျုပ်တို့ သွားကြစို့"

"ဟုတ်ကဲ့"

လေပွေသိုင်းသမား ထွက်ခွာသွားသောအခါ မရဏစောင်းသံရှင်လည်း လိုက်ပါသွားလေတော့သည်။

ပထမပိုင်းပြီး၏။

ဒု-ဇာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကြွယ်

# စိတ်ညှို့စောင်းနှင့်မရဏာပလွေ

(ဒုတိယပိုင်း-အတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၃-ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရှို၊ (ပန်းဝေဝေစာပေ)
အမှတ် (၃၆၈)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

www.burmeseclassic.com

www.burmeseclassic.com



## အရှုပ်တော်ပုံ

လေပွေသိုင်းသမားနှင့် မရဏစောင်းသံရှင်တို့သည် ကိုယ်ဖော့ပညာကို အသုံးပြုကာ အနောက်တောက်ဘက်သို့ ဦးတည်၍ ထွက်ခွာသွားသည်။

လေပွေသိုင်းသမား၏ ကိုယ်ဖော့ပညာသည် သိုင်းလောကတွင် ပထမအဆင့် ရရှိထားလေသည်။

မရဏစောင်းသံရှင်၏ ကိုယ်ဖော့ပညာမှာလည်း မညံ့ပါချေ။

သူမက လေပွေသိုင်းသမားနောက် ဝါးတစ်ရိုက်သို့ အကွာမှ လိုက်နိုင်ခဲ့လေသည်။

မကြာမီ သူတို့သည် ထူထပ်သော တောအုပ်တစ်ခု အနီးသို့ ရောက်ရှိလာလေသည်။

တောအုပ်ထဲ၌ အော်ဟစ်သောအသံ၊ တိုက်ခိုက်သောအသံများကိုလည်း ကြားခဲ့ကြလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဤတောအုပ်ထဲတွင် အဆင့်မြင့်သိုင်းသမား သုံးလေးယောက်ခန့် ရှိနေသည်။

ထိုလူများထဲတွင် တုံးဟိုင်ပင်လယ် အရှေ့ဓားသမားတို့ ရှိနေကြ၏။

ရှူးပုံနှင့် လေရဟတ်တို့လည်း ပါဝင်၏။

အခြားသိုင်းသမားများကို မရဏာစောင်းသံရှင်က မသိပါချေ။

ထိုသိုင်းသမားတို့သည် ဆံပင်နီသောအဘိုးအိုတစ်ယောက်အား ဝိုင်းရံတိုက်ခိုက်နေကြသည်။

သူတို့သည် လူအင်အားများသည် ဖြစ်သော်လည်း ဆံပင်နီသိုင်းသမားအား မနိုင်ပါချေ။

မရဏာစောင်းသံရှင်က တစ်ချက်ကြည့်လိုက်ပြီး တိုက်ပွဲထဲသို့ ဝင်လိုက်လေသည်။

"ရပ်လိုက်"

သူ၏အသံသည် ကျယ်လောင်သည် မဟုတ်ပါချေ။

သို့သော်...

အေးစိမ့်လွန်း၍ သူ၏အသံကို ကြားမိလိုက်သော လူများသည် အဘယ်ကြောင့်မှန်းမသိ အလိုလို ရပ်တန့်သွားကြလေသည်။

လေပွေသိုင်းသမားကလည်း ရှေ့သို့ မတိုးဘဲ ရပ်ကြည့်နေသည်။

ဆံပင်နီသိုင်းသမားအား ဝိုင်းရံတိုက်ခိုက်နေကြသော သိုင်း



သမားအားလုံးတို့သည် မရဏာစောင်းသံရှင် ရောက်လာသည်ကို တွေ့မြင်လိုက်သည်နှင့် အားလုံး နောက်သို့ ဆုတ်သွားကြလေသည်။

♠ ♠ ♠

မရဏာစောင်းသံရှင်က ဆံပင်နီသိုင်းသမားရှေ့သို့ လှမ်းလျှောက်သွားရင်း...

"ရှင်က ဆံပင်နီသိုင်းသမား ဟုတ်လား"

ဟု မေးလိုက်သည်။

ဆံပင်နီသည် ထိုမိန်းကလေး ရောက်လာသည်နှင့် အားလုံးက နောက်ဆုတ်သွားသည်ကို တွေ့မြင်လိုက်ရသဖြင့် အံ့သြသွားလေသည်။

သူသည် မရဏာစောင်းသံရှင်အား မျက်တောင်မခတ် ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်လိုက်လေတော့သည်။

"ဟုတ်တယ်၊ ကျုပ်က ဆံပင်နီသိုင်းသမားပါ"

သူက ခါးထောက်လိုက်ပြီး အထင်သေးသော မျက်လုံးဖြင့် ကြည့်လိုက်လေသည်။

"မင်းက အသက်ငယ်ငယ်ကလေးနဲ့ သေချင်လို့ ငါ့ကို စိန်ခေါ်တာလား၊ မင်း ဘယ်သူလဲ ပြောစမ်း"

"မရဏာစောင်းသံရှင် ကြားဖူးတယ် မဟုတ်လား"

ဆံပင်နီသိုင်းသမား၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်

www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

မရဏစောင်းသံရှင်၏အမည်ကို သူက ကြားဖူးခဲ့လေသည်။

သူ့အထင် အဘွားအိုတစ်ယောက် ဖြစ်ကောင်းဖြစ်မည်ဟု ထင်မှတ်ထားသည်။

ယခုမှာမူ ဤငယ်ရွယ်သော မိန်းကလေးက သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ချောက်ချားနေသော မရဏစောင်းသံရှင် ဖြစ်လိမ့်မည်ဟု မထင်သဖြင့် အံ့သြနေ၏။

မရဏစောင်းသံရှင်က...

"အခု ပြန်ပေးပါ"

ထိုစကား ပြောလိုက်သောအခါ...

"ဟား..ဟား..ဟား"

လူတစ်ယောက်၏ ရယ်မောသံ ထွက်ပေါ်လာသည်။

အားလုံးက ရယ်မောသံလာရာသို့ လှည့်ကြည့်လိုက်ရာ မျက်နှာတစ်ခုလုံး နီရဲပြီး ခန္ဓာကိုယ်ထွားကျိုင်းသော အဘိုးအိုတစ်ယောက် ရောက်ရှိလာသည်ကို မြင်တွေ့လိုက်ရသည်။

ဆံပင်နီသိုင်းသမားက...

"ကျောက်ဖြူလိုဏ်ဂူရှင် ရောက်လာမှကိုး"

ကျောက်ဖြူလိုဏ်ဂူရှင်က...

"ဟုတ်ပါတယ်ဗျာ၊ ဒီနေရာမှာ ပွဲကြီးပွဲကောင်း ရှိတယ်ဆိုလို့ အချိန်မီ ရောက်လာတာပါ"



ဆံပင်နီသိုင်းသမားက...

"ကြိုဆိုပါတယ်ဗျာ"

သူက မရဏစောင်းသံရှင်အား ကြည့်၍...

"ခင်ဗျားကို မိတ်ဆက်ပေးဦးမယ်၊ သူကတော့ လှုပ်လှုပ်ချောက်ချားနေတဲ့ မရဏစောင်းသံရှင်ပါပဲ"

ကျောက်ဖြူလိုဏ်ဂူရှင်က မရဏစောင်းသံရှင် မယုံကြည်နိုင်စွာ ကြည့်လိုက်သည်။

"ဩော်...မရဏစောင်းသံရှင်က အသက်ငယ်သလောက် အတော်ကျော်ကြားပါလား"

မရဏစောင်းသံရှင်က...

"ရှင်တို့ပြောမယ့်စကား မဆုံးသေးဘူးလား"

ကျောက်ဖြူလိုဏ်ဂူရှင်က...

"သည်းခံပါဗျာ၊ ခင်ဗျားကို တွေ့ချင်တဲ့ လူသုံးယောက်လဲ ပါ့ပါသေးတယ်ဗျာ"

မရဏစောင်းသံရှင်က...

"ဘယ်သူလဲ"

"ကျုပ်တို့ပါ"

ထိုအသံနှင့်အတူ သူသုံးယောက်သည် ခြေလှမ်းမှန်မှန်ဖြင့် ရောက်ရှိလာကြသည်။

သူတို့သည် အဆိပ်မင်းသား၊ ခြေပွားသူတော်နှင့် ခါးကုန်းကေ့ဟောင်တို့ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မရဏာစောင်းသံရှင်၏မျက်လုံးအစုံသည် ရက်စက်ကြမ်းကြုတ်သည့် အရိပ်အယောင်များ ထွက်ပေါ်လာလေတော့သည်။

သူက အေးစိမ့်စွာဖြင့် အဆိပ်မင်းသားတို့သုံးယောက်ကို စိုက်ကြည့်နေလိုက်လေသည်။

အဆိပ်မင်းသားက...

"ကျုပ်တပည့်ကို ရက်စက်စွာ သတ်သွားတဲ့ မင်းလို မိန်းမယုတ်ကို လက်စားချေဖို့ လာတာပေါ့"

အဆိပ်မင်းသားက ပြောရင်း မရဏာစောင်းသံရှင်အား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

မရဏာစောင်းသံရှင်က လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်ရာ အဆိပ်မင်းသားက မဟန်နိုင်ဘဲ နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်သွားလေသည်။

ခြေပွားသူတော်နှင့် ခါးကုန်းကေ့ပေါင်တို့ကလည်း ပြိုင်တူ ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

မရဏာစောင်းသံရှင်က လုံးဝမမှုပါချေ။

သူမသည် လက်ဝါးသုံးချက် ထပ်ဆင့်ရိုက်ချလိုက်သည်နှင့် အဆိပ်မင်းသားတို့သုံးယောက်သည် ဖရိုဖရဲ ဖြစ်သွားကြလေသည်။

ထိုစဉ် ကျောက်ဖြူလိုဏ်ဂူရှင်က...

"မရဏာစောင်းသံရှင်ဟာ ကျော်ကြားတဲ့အတိုင်းပဲ မဆိုးပါလား။ ကျုပ်တောင်မှ လက်ယားလာပြီ"

သူက ပြောရင်း မရဏာစောင်းသံရှင်အား ဝင်ရောက်တိုက်



ခိုက်လိုက်လေသည်။

ကျောက်ဖြူလိုဏ်ဂူရှင်သည် အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

သူက ပါဝင်တိုက်ခိုက်လိုက်သဖြင့် အဆိပ်မင်းသားတို့သုံးယောက်မှာ အားတက်လာလေသည်။

ဤသို့ဖြင့် သူတို့ငါးယောက်သည် အပြန်အလှန် သဲသဲမဲမဲ တိုက်ခိုက်ကြလေသည်။

♠ ♠ ♠

မရဏာစောင်းသံရှင်နှင့် အဆိပ်မင်းသားတို့လေးယောက်သည် သဲသဲမဲမဲ တိုက်ခိုက်နေစဉ် ဆံပင်နီသိုင်းသမား၏အသံ ရုတ်တရက် ထွက်ပေါ်လာလေတော့သည်။

"ဘယ်သူလဲကွ၊ ငါ့ရဲ့လျှို့ဝှက်သိုင်းကျမ်းကို ယူသွားတာ"

သူက ယင်းသို့ အော်ရင်း လူတစ်ယောက်က သူ့ထံမှ လျှင်မြန်စွာ ဆုတ်သွားသည်ကို တွေ့ရလေသည်။

ပဥ္စလက်ပင် ဖြစ်ပေသည်။

သူ၏လက်ထဲတွင် လျှို့ဝှက်သိုင်းကျမ်း ရှိနေသည်ကို တွေ့လိုက်ရလေသည်။

အသံဗလံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

သိုင်းသမားတို့သည် ပဥ္စလက်ထံသို့ စုရုံး၍ ရောက်ရှိလာကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဆံပင်နီသိုင်းသမားက ပဥ္စလက်နောက်သို့ အမိလိုက်ပြီး လက်ဝါးစောင်းဖြင့် ခုတ်လိုက်ရာ ပဥ္စလက်က မဟန်နိုင်ဘဲ လျှို့ဝှက်သိုင်းကျမ်းကို လွှတ်ကျသွားလေတော့သည်။

ဆံပင်နီသိုင်းသမားက ကုန်းကောက်ရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက် လူတစ်ယောက်က ဝင်ရောက်တိုက်ခိုက်လာသည်ကို ရိပ်ခနဲ မြင်တွေ့လိုက်ရသဖြင့် ကမန်းကတန်း ရှောင်တိမ်းလိုက်သည်။

တိုက်ခိုက်လာသောသူမှာ ကျောက်ဖြူလိုဏ်ဂူရှင်ပင် ဖြစ်ပေသည်။

လျှို့ဝှက်သိုင်းကျမ်းမှာ သူ့လက်ထဲတွင် ရောက်ရှိနေလေသည်။

သူက ပြန်လှုရန် ခုန်အုပ်လိုက်သည်။

သူ့ရှေ့တွင် လူရိပ်တစ်ခု ရိပ်ခနဲ သူ့ထက် ဦးအောင် ရောက်ရှိလာသည်။

လေရဟတ်ပင် ဖြစ်သည်။

လေရဟတ်က ကျောက်ဖြူလိုဏ်ဂူရှင်ထံမှ သိုင်းကျမ်းကို လုယူလိုက်ရာ...

"ဖြဲ"

လျှို့ဝှက်သိုင်းကျမ်း နှစ်ပိုင်း ပြဲသွားပြီး လေရဟတ် လက်ထဲသို့ တစ်ပိုင်းမျှသာ ပါလာလေသည်။



ထိုအချိန်တွင် လေရဟတ် လက်ထဲမှ လျှို့ဝှက်သိုင်းကျမ်း တစ်ပိုင်းကို လူတစ်ယောက်က ဖြတ်လုလိုက်လေသည်။

"ဖြဲ"

လျှို့ဝှက်သိုင်းကျမ်းတစ်ပိုင်းမှာ ထက်ခြမ်းကွဲသွားပြန်လေသည်။

ထိုလူမှာ မိုးနဂါးပင် ဖြစ်သည်။

ကျောက်ဖြူလိုဏ်ဂူရှင်သည် သူ၏လျှို့ဝှက်သိုင်းကျမ်းတစ်ပိုင်းကို အိတ်ထဲသို့ ထည့်ရန် ဟန်ပြင်နေစဉ် ဆံပင်နီသိုင်းသမားက လျှပ်တပြက် ဝင်ရောက်တိုက်ခိုက်ကာ လုယူလိုက်သောကြောင့် လျှို့ဝှက်သိုင်းကျမ်းမှာ ထက်ပိုင်းပြဲသွားလေတော့သည်။

ကျောက်ဖြူလိုဏ်ဂူရှင်က ဒေါသခြောင်းခြောင်း ထွက်လာပြီး လက်ဝါးဖြင့် ပြင်းပြင်းထန်ထန် ရိုက်ချလိုက်ရာ...

"ဖုတ်"

သူ၏လက်ဝါးသည် ဆံပင်နီသိုင်းသမား၏လက်ကို ရိုက်မိသွားလေသည်။

ဆံပင်နီသိုင်းသမား လုယူသွားသော လျှို့ဝှက်သိုင်းကျမ်းလေးတစ်ပိုင်းသည် လက်ထဲမှ လွှတ်ထွက်သွားလေသည်။

အားလုံးသော လူများသည် လေထဲတွင် လွင့်မျောနေသော လျှို့ဝှက်သိုင်းကျမ်းလေးတစ်ပိုင်းအား သူ့ထက်ငါ ဦးအောင် လုယူကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညှိသူကမျှ မရှတဲ့ လျှို့ဝှက်သိုင်းကျမ်းသည် အဝေးသို့ လွင့်ထွက်သွားလေသည်။

ခပ်လှမ်းလှမ်းတွင် ရပ်နေသော လေပွေသိုင်းသမားက လျှို့ဝှက်သိုင်းကျမ်းလေးတစ်ပိုင်း သူ့ထံလွင့်လာသည်ကို တွေ့ရသဖြင့် ဖမ်းယူ၍ ဝှက်ထားလိုက်လေသည်။

ရှုပ်ထွေးနေသော လျှို့ဝှက်သိုင်းကျမ်းလုပွဲသည် ငြိမ်သက်သွားလေသည်။

မရဏာစောင်းသံရှင်က အေးတိအေးစက်ဖြင့် ရပ်၍ ကြည့်နေရာမှ…

"ကဲ…ဒီလျှို့ဝှက်သိုင်းကျမ်း ဘယ်နှစ်ပိုင်းပဲ ဖြစ်သွားပါစေ ရရှိထားတဲ့လူက ကျွန်မကို လာအပ်ပါ။ ဒါမှမဟုတ်ရင်…"

သူမက တစ်ပိုင်းတစ်စဖြင့် ရပ်လိုက်သည်။

သူမ၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်နေ၏။

မျက်လုံးအစုံမှာလည်း ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ရက်စက်ကြမ်းကြုတ်သည့်အသွင် ဖြစ်လာလေသည်။

"ဟား…ဟား…ဟား"

ကျောက်ဖြူလိုဏ်ဂူရှင်က ရယ်မော၍…

"ဒီမှာ မရဏာစောင်းသံရှင် တစ်ယောက်ချင်းဆိုရင် ကျုပ်တို့က စဉ်းစားရဦးမယ်၊ အခု မင်းရင်ဆိုင်ရမှာ ဘယ်သူဘယ်ဝါတွေလဲဆိုတာ မင်းထည့်စဉ်းစားပါဦးလေ"



မိုးနဂါးက…

"ဟုတ်တယ်၊ မင်းက ငါတို့အားလုံးကို အနိုင်ရနိုင်ပါ့မလားဆိုတာ စဉ်းစားဦး"

ထိုအချိန် လေပွေသိုင်းသမားက ရှေ့သို့ ထွက်လာလေသည်။

"အားလုံးနားထောင်ကြပါ၊ ကျုပ်အကြံပေးချင်ပါတယ်"

ကျောက်ဖြူလိုဏ်ဂူရှင်နှင့် အဆင့်မြင့်သိုင်းသမားအားလုံးက လေပွေသိုင်းသမားကို ကြည့်လိုက်ကြလေသည်။

မရဏာစောင်းသံရှင်က…

"အဘက ဘာများ ပြောစရာရှိလို့လဲ",

လေပွေသိုင်းသမားက…

"ကျုပ်အကြံပေးချင်တာက ဒီနေရာမှာ တိုက်ခိုက်ကြမယ်ဆိုရင် အခြေအနေ ရှုပ်ထွေးပြီး လျှို့ဝှက်မြေပုံလဲ နောက်ထပ် အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားနိုင်တယ်၊ ဒါကြောင့်…"

သူက အနည်းငယ် စဉ်းစားကာ…

"လာမယ့် ခုနစ်လ ဆယ့်ငါးရက်နေ့မှာ လျှို့ဝှက်သိုင်းကျမ်းလက်ဝယ်ရထားတဲ့ ပုဂ္ဂိုလ်ဟာ နဂါးတောင်ကုန်းကို အရောက်လာပါ၊ အဲဒီကနေ သိုင်းပညာယှဉ်ပြိုင်ပြီး အနိုင်ရရှိထားတဲ့လူဟာ ဒီသိုင်းကျမ်းလေးပိုင်းကို ရရှိမှာ ဖြစ်ပါတယ်"

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မရဏာစောင်းသံရှင်က ဒေါသထွက်နေ၏။

ယေပွဲသိုင်းသမားက စကားဆက်လိုက်လေတော့သည်။

ထိုအချိန်တွင် လူရိပ်တစ်ခုသည် လျင်မြန်စွာ ရောက်ရှိလာလေသည်။

သုထင်းဖုံး ဖြစ်လေသည်။

သုထင်းဖုံး၏မျက်လုံးအစုံသည် သိုင်းသမားအားလုံးကို တစ်ချက်ဝှေ့ကြည့်လိုက်လေသည်။

မရဏာစောင်းသံရှင်က ရုတ်တရက် စောင်းငယ်ကလေးကို ထုတ်ကာ တီးခတ်လိုက်လေသည်။

♠ ♠ ♠



စောင်းသံသည် စတင်ထွက်ပေါ်လာသည်။

နားထောင်နေသော သိုင်းသမားများ၏ အာရုံများ စောင်းသံထဲသို့ အလိုလို နစ်မျောသွားလေတော့သည်။

စောင်းသံ၏အစမှာ ငြိမ့်ညောင်းသာယာလှသည်။

နားသောတဆင်နေကြသော သိုင်းသမားများ၏ စိတ်ထဲတွင် အလိုလို ရွှင်လန်းကြည်နူးလာကြလေသည်။

သုထင်းဖုံးက...

"အရေးထဲမှာ ဒီစောင်းကို တီးနေတာ ဘာအဓိပ္ပါယ် ရှိလို့လဲ"

သူက ဤသို့ တစ်ယောက်တည်း ရေရွတ်နေစဉ် စောင်းငယ်၏သံစဉ်သည် ပြောင်းလဲသွားလေသည်။

စောင်းငယ်သံစဉ်ကို ကြားလိုက်ရသည်နှင့် သူ၏အာရုံထဲတွင် ကောင်းကင်တစ်ခုလုံး မှောင်မည်းသွားလေသည်။

မိုးကြိုး သဲသဲမဲမဲ ရွာချလိုက်သောအသံ၊ မိုးခြိမ်းသောအသံများလည်း နားကွဲမတတ် ဟိန်းထွက်လာလေသည်။

သုထင်းဖုံး အပါအဝင် နားသောတဆင်နေကြသော သိုင်းသမားတို့သည် အသံကို မခံနိုင်တော့ဘဲ မိမိတို့၏နားနှစ်ဖက်ကို လက်ဝါးနှစ်ဖက်ဖြင့် အလိုလို အုပ်ထားလေသည်။

သံစဉ်သည် ရုတ်တရက် ပြောင်းလဲသွားသည်။

နားသောတရှင်များ၏ နားထဲတွင် လှိုင်းပုတ်သံများ ရုတ်တရက် ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းပုတ်သံများ တဖြည်းဖြည်း အလုံးအရင်းဖြင့် တိုက်ခတ်လာကြလေသည်။

နားထောင်နေကြသော လူအားလုံးသည် လှိုင်းတံပိုးများ ထနေသော ပင်လယ်ထဲတွင် ရောက်နေကြသည်ဟု ခံစားကြရသည်။

သူက အလိုက်သင့်ပါသွားလေသည်။

ထိုအချိန်တွင် သူ၏လက်ကို လက်တစ်ဖက်က လာရောက်ဆွဲခေါ်သွားလေသည်။

တခဏအကြာတွင် အသံဗလံများ လုံးဝပျောက်ကွယ်သွားလေသည်။

သူက မျက်လုံးဖွင့်ကြည့်လိုက်သည်။

သူသည် သိုင်းသမားများ စုဝေးနေသော နေရာနှင့် အလံပေါင်းသုံးဆယ်ခန့် အကွာသို့ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

သို့တိုင်အောင် သူ၏ရင်တစ်ခုလုံးမှာ ဖုတ်လှိုက်ဖုတ်လှိုက်ဖြင့် ခံစားနေရသေး၏။

"မင်း သက်သာသွားပြီလား"

လူတစ်ယောက် ရင်းနှီးစွာ မေးမြန်းလာသည်ကို ကြားလိုက်ရတော့မှ ထိုလူအား သတိထားကြည့်လိုက်လေသည်။

"ဟုတ်ကဲ့ သက်သာသွားပါပြီ"

ထိုလူက ကျေနပ်စွာ ပြုံးလိုက်သည်။

သုထင်းဖုံးက...

"ခင်ဗျား ဘယ်သူလဲဗျ"



ထိုလူက...

"ကျုပ်နာမည် မသုံးတာကြာပြီ၊ အားလုံးကတော့ ကျုပ်ကို လေပွေသိုင်းသမားလို့ ခေါ်တယ်"

သုထင်းဖုံးက...

"ခင်ဗျားစေတနာကို ကျုပ်ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်ကို တားရင်တော့ ရန်သူ ဖြစ်သွားနိုင်တယ်"

လေပွေသိုင်းသမားက...

"မရဏာစောင်းသံရှင်ကို အထင်မသေးနဲ့၊ အခု သူတီးတဲ့ စောင်းသံဟာ ပထမအဆင့်ပဲ ရှိသေးတယ်၊ ဒုတိယအဆင့်ဆိုရင် နားထောင်မိတာနဲ့ ကိုယ်မှာ ရှိတဲ့ အတွင်းအားအကုန်လုံး ပြိုကွဲပျက်စီးနိုင်တယ်"

သုထင်းဖုံးက မျက်မှောင်ကြုတ်ကာ...

"ဒီလောက်တောင်ပဲလား"

လေပွေသိုင်းသမားက...

"ဒီလောက်တောင်ပဲလား မလုပ်နဲ့၊ တတိယအဆင့်ဆိုရင် ဒွါရခုနစ်လုံးပေါက်ပြီး သွေးတွေ စိမ့်ထွက်ပြီး သေသွားနိုင်တယ်ကွ"

သုထင်းဖုံးက တွေဝေသွားသည်။

လေပွေသိုင်းသမားက သူရရှိထားသော သိုင်းကျမ်းတစ်ပိုင်းကိုထုတ်ပြီး သုထင်းဖုံး လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

"ဟောဒီမှာ သိုင်းကျမ်းတစ်ပိုင်း၊ ဒါကို ရထားတဲ့အတွက် ချိန်းထားတဲ့ နေ့ရက်ရောက်ရင် မင်းလဲ နဂါးတောင်ကုန်းကို သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



အခြားသိုင်းသမားသုံးယောက်နဲ့ သိုင်းပညာယှဉ်ပြီး သိုင်းကျမ်းကို ပြန်ယူနိုင်တယ်"

သုထင်းဖုံးက လက်ခံလိုက်လေသည်။

♠ ♠ ♠

သိုင်းသမားအတော်များများက မရဏာစောင်းသံရှင်၏ စောင်းသံကို ကြောက်ရွံ့နေကြသဖြင့် အလံနှစ်ဆယ်ခန့် အကွာသို့ နောက်ဆုတ်၍ လာကြလေသည်။

အားလုံးသော လူများသည် စကားမပြောနိုင်ကြတော့ဘဲ မရဏာစောင်းသံရှင် ရှိရာဘက်သို့ လှမ်းကြည့်ရင်း အခြေအနေကို ကြည့်နေ၏။

သူတို့သည် အလံနှစ်ဆယ်ခန့် အကွာအဝေးနေကြသော်လည်း စောင်းသံကို သဲ့သဲ့ကြားနေရသေးလေ၏။

စောင်းသံသည် စူးရှစွာ ထွက်ပေါ်လာသည်။

သူတို့သည် ခံနိုင်ရည် ရှိသော်လည်း နဖူးမှချွေးများ ကျလာသည်။

အတွင်းအား အလွန်ကောင်းသော သုထင်းဖုံးပင် အော်ကလီဆန်လာလေသည်။

တစ်ခဏကြာတွင် စောင်းသံသည် တဖြည်းဖြည်း အသံတိုး သွားသည်။



သုထင်းဖုံးနှင့် အခြားသိုင်းသမားတို့သည် သက်သောင့်သက်သာ ရှိလာကြသည်။

နောက်ထပ် တစ်ခဏကြာတွင် စောင်းသံ မထွက်လာသည်ကို သတိပြုမိကြလေသည်။

လေပွေသိုင်းသမားက လေပူတစ်ချက် မှုတ်ထုတ်လေသည်။

"မရဏာစောင်းသံရှင်က စောင်းကိုတီးတာ လွယ်တာမဟုတ်ဘူး။ သူလဲ မလွဲမရှောင်သာလို့သာ တီးတာ၊ အတွင်းအား တော်တော်ထိခိုက်သွားနိုင်တယ်"

သူက ရှင်းပြနေရင်း စောင်းသံ တဖြည်းဖြည်း အားပျော့လာပြီး နောက်ဆုံး တိတ်ဆိတ်သွားလေသည်။

လေပွေသိုင်းသမားက..

"သွားနိုင်ကြပြီ"

သူက ရှေ့ဆုံးမှ သွားလေသည်။

သုထင်းဖုံးက နောက်မှလိုက်၏။

ကျန်ရှိနေသော သိုင်းသမားများကလည်း ထွက်သွားကြလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားများတို့သည် ထွက်ခွာပျောက်ကွယ်သွားလေသည်။

ခပ်လှမ်းလှမ်းရှိ မြက်ခင်းပြင်ပေါ်၌ မရဏစောင်းသံရှင်သည် တင်ပျဉ်ခွေထိုင်လျက် အတွင်းအားကျင့်နေ၏။

လေပွေသိုင်းသမားက...

"ကျူပ်သိသလောက်ဆိုရင် မရဏစောင်းသံရှင်ဟာ မင်းအသက်ကို ကယ်တင်ခဲ့တယ်၊ ဒါ ဟုတ်တယ် မဟုတ်လား"

သုထင်းဖုံးက...

"ဟုတ်တယ်"

လေပွေသိုင်းသမားက...

"သူ့ကျေးဇူးကို မင်းဆပ်ဖို့ ဆန္ဒရှိသလား"

သုထင်းဖုံးက...

"ကျွန်တော်လဲ ယောကျာ်းတစ်ယောက်ပါ။ ကျေးဇူးဆပ်ချင်တာပေါ့"

လေပွေသိုင်းသမားက...

"ကောင်းပြီ၊ အခု မရဏစောင်းသံရှင်ရဲ့ အတွင်းအားကုန်ဆုံးသလောက် ဖြစ်နေတယ်၊ သူ့ဟာသူ ကြိုးစားနေရင် အချိန်အများကြီး လိုဦးမယ်"

သုထင်းဖုံးက မရဏစောင်းသံရှင်အား ကြည့်လိုက်သည်။

မရဏစောင်းသံရှင်က မျက်လွှာချကာ ငြိမ်သက်စွာ ထိုင်နေလေသည်။



သူမသည် အလွန်နွမ်းလျနေဟန် ရှိနေ၏။

လေပွေသိုင်းသမားက...

"အခု သူ့မှာ အတွင်းအားအလွန်ကောင်းတဲ့ လူတစ်ယောက်ရဲ့ အကူအညီ လိုအပ်နေတယ်၊ မင်းမှာ ကျေးဇူးဆပ်ချင်တဲ့ ဆန္ဒရှိရင် သွားပြီး အကူအညီပေးလိုက်ပါ"

သုထင်းဖုံးက...

"ကျွန်တော် သူ့ကို ဘယ်လိုကူညီရမှန်းမှ မသိဘဲ"

လေပွေသိုင်းသမားသည် သူ၏ညာဘက်လက်ချောင်းဖြင့် သုထင်းဖုံး၏ဘယ်ဘက်လက်ကောက်ဝတ်ရှိ သွေးကြောသုံးနေရာအား ထောက်လိုက်လေသည်။

သူက သုထင်းဖုံးအား ရှင်းပြလိုက်သည်။

"မခက်ပါဘူး။ ငါသင်ပြတဲ့အတိုင်း လိုက်လုပ်ရင် ရပါတယ်"

သူသည် အတွင်းအား မည်ကဲ့သို့ ပို့ဆောင်ရမည့် ကျင့်စဉ်ကို ပြောပြလိုက်သည်။

သုထင်းဖုံးက အလွန်ဉာဏ်ကောင်းသော လူငယ် ဖြစ်ပေသည်။ ထို့ကြောင့် တခဏအကြာတွင် သဘောပေါက်နားလည်သွားလေသည်။

လေပွေသိုင်းသမားက ပြုံး၍ ခေါင်းညိတ်လိုက်လေသည်။

"ကဲ..သွားကုပေးပေတော့"

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



သုထင်းဖုံးသည် မရဏစောင်းသံရှင် ရှိရာသို့ လျှောက်လာလေသည်။

မရဏစောင်းသံရှင်မှာမူ မျက်လွှာချကာ သူမ၏အာရုံတစ်ခုလုံးသည် အတွင်းအားလှည့်ပတ်မှုထဲတွင် နစ်မြုပ်နေသဖြင့် လောကတစ်ခုလုံးကို မေ့လျော့နေလေသည်။

သုထင်းဖုံး သူမ၏အနီးတွင် ထိုင်ချလိုက်သည်။

လေပွေသိုင်းသမားက သုထင်းဖုံး၏လက်ကို ကိုင်၍ မရဏစောင်းသံရှင်၏လက်ပေါ်သို့ တင်ထားပြီးလျှင် သွေးကြောနေရာသို့ လက်ချောင်းကလေးများ ထောက်စေပြီး အတွင်းအားပို့ဆောင်သောနည်းကို လက်တွေ့သင်ကြားပေးလေသည်။

သုထင်းဖုံးသည် တစ်ခဏကြာမျှ စမ်းသပ်ကြည့်ရာနောက်ဆုံး သူသည် အတွင်းအားကို နည်းလမ်းမှန်မှန်ဖြင့် မရဏစောင်းသံရှင်၏ခန္ဓာကိုယ်ထဲသို့ အတွင်းအားကို ပို့ဆောင်လေသည်။

♠ ♠ ♠



သုထင်းဖုံးသည် မျက်လွှာချ၍ အာရုံစူးစိုက်စွာဖြင့် အတွင်းအားကို မရဏစောင်းသံရှင်၏ ခန္ဓာကိုယ်ထဲသို့ ပို့ဆောင်နေ၏။

ရေနွေးတစ်အိုးကျက်ခန့် အချိန် ကုန်ဆုံးသွားသောအခါ...

"ဟင်း"

မရဏစောင်းသံရှင်၏ သက်ပြင်းချသံ ထွက်ပေါ်လာလေသည်။

သူမသည် အနီးကပ်ထိုင်လျက် မိမိအား အတွင်းအားဖြင့် ပို့ဆောင်ပေးနေသော သုထင်းဖုံးအား မြင်တွေ့လိုက်ရသောအခါ သူမ၏မျက်နှာတစ်ခုလုံး ပန်းနုရောင်သမ်းကာ ရင်ထဲတွင် ပီတိဖြာဝေလာလေသည်။

သူမသည် သုထင်းဖုံးက ဤကဲ့သို့ မိမိအပေါ် ကူညီပေးနေလိမ့်မည်ဟု ဘယ်တုန်းကမျှ မထင်ခဲ့မိပါချေ။

သူမသည် အိမ်မက်မက်နေသည့်အလားဟုပင် သံသယဖြစ်လာလေသည်။

ထိုစဉ်...

သုထင်းဖုံးသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ထရပ်လိုက်လေသည်။

သူ၏ဦးခေါင်းတစ်ခုလုံး မှုးဝေသွားပြီး မိုက်ခနဲ ဖြစ်သွားလေသည်။

မရဏစောင်းသံရှင်က ကမန်းကတန်း သူ၏လက်မောင်းကိုကိုင်၍ ထိန်းပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာဖြစ်သွားတာလဲ"

သူမက စိုးရိမ်စွာ မေးလိုက်လေသည်။

လေပွေသိုင်းသမားက ပြုံးပြလိုက်သည်။

"မစိုးရိမ်ပါနဲ့၊ သူက အတွင်းအားကို ပြန်ပြီး ထိန်းသိမ်းဖို့ မလုပ်မိတဲ့အတွက် အခုလို ဖြစ်သွားတာပါ"

သုထင်းဖုံးက...

"ဟုတ်တယ်၊ ကျွန်တော်လဲမေ့ပြီး မြန်းစားကြီး ထရပ်လိုက်တာကိုး"

သူက ပြန်လည်ထိုင်ချလိုက်သည်။

ထို့နောက် မျက်လွှာချကာ သူ၏ပြတ်တောက်နေသော အတွင်းအားကို ပုံမှန်ဖြစ်အောင် လည်ပတ်နိုင်ရန် ကျင့်ကြံနေလေသည်။

လေပွေသိုင်းသမားက...

"စကားနည်းနည်း ပြောရအောင်၊ ဟိုဘက်ကို လိုက်ခဲ့ပါ"

သူသည် ခပ်လှမ်းလှမ်းသို့ လျှောက်သွားသည်။

ရှူးပုံနှင့် လေရဟတ်တို့ကလည်း စိုးရိမ်တကြီး မေးလိုက်လေသည်။

"ဟိုလူငယ် ဘာဖြစ်သွားတာလဲ"

လေပွေသိုင်းသမားက...

"ဘာမှ မဖြစ်ပါဘူး"

သူက ပြောပြီး ရောက်ရှိလာသော မရဏာစောင်းသံရှင်အား



မေးလိုက်လေသည်။

"မင်းကို ငါနည်းနည်း မေးစရာရှိတယ်"

မရဏာစောင်းသံရှင်က...

"မေးပါ"

လေပွေသိုင်းသမားက...

"ခုနစ်လနဲ့ ဆယ့်ငါးရက် သိုင်းပြိုင်ပွဲမှာ မင်း မလာလို့ မဖြစ်ဘူးနော်"

မရဏာစောင်းသံရှင်က...

"ဘာဖြစ်လို့လဲ"

လေပွေသိုင်းသမားက..

"ဒီသိုင်းပညာ ယှဉ်ပြိုင်ပွဲဟာ အလွန်အရေးကြီးတယ်၊ ဒါကြောင့် မြေပုံတစ်ပိုင်း ရရှိထားတဲ့လူသာမကဘူး၊ အခြားအဆင့်မြင့်တဲ့ သိုင်းသမားတွေပါ ရောက်လာနိုင်တယ်"

မရဏာစောင်းသံရှင်က နားထောင်နေ၏။

လေပွေသိုင်းသမားက...

"ဒီပွဲမှာ သိုင်းလောက ပထမတစ်ယောက်တည်းနဲ့ သူတို့ကို နိုင်ဖို့ မလွယ်ဘူးလို့ အဘထင်တယ်၊ ဒါကြောင့် မင်းရဲ့အကူအညီလိုတယ်"

မရဏာစောင်းသံရှင်က...

"ကျွန်မကတော့ သူတို့ကို အသေအချာနိုင်ပါ့မလားး မပြောတတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



လေပွေသိုင်းသမားက…

"ခပ်ရှင်းရှင်း ပြောရမယ်ဆိုရင် ဒီသိုင်းပညာယှဉ်ပြိုင်ပွဲဟာ ဟိုဘက်ကလဲ အားအင်အပြည့်နဲ့ လာမှာပဲ၊ ဒီဘက်ကလဲ ထိပ်သီး သိုင်းသမားတွေ ရောက်လာကြမှာပဲ"

သူက စကားဆက်လိုက်သည်။

"အဲဒီ နှစ်ဖက်ဆုံတွေ့တဲ့အခါ တိုက်ပွဲ ဘယ်လောက် ပြင်းထန်မယ်ဆိုတာ တွေးကြည့်လို့ ရပါတယ်လေ"

မရဏာစောင်းသံရှင်က…

"ဘယ်ဘက်ကနိုင်နိုင်၊ လူ့အသက်ပေါင်း အများကြီး ဆုံးရှုံးမယ်၊ သွေးချောင်းစီးမယ်ဆိုတာ မပြောဘဲ သိနိုင်ပါတယ်"

လေပွေသိုင်းသမားက….

"ဒါ ဟုတ်တယ်"

မရဏာစောင်းသံရှင်က ခေါင်းငုံ့ထားလိုက်လေသည်။

သူမသည် ထိုလျှို့ဝှက်မြေပုံကို အရပြန်ယူပေးမည်ဟု ကတိပေးခဲ့သည်။

သူမက ခေါင်းညိတ်၍ လက်ခံလိုက်သည်။

"ကျွန်မ သူ့ကို ကတိပေးပြီးပြီ ဖြစ်တယ်၊ ဒါကြောင့် အချိန်တန်ရင် ကျွန်မရောက်အောင် လာပါ့မယ်"

လေပွေသိုင်းသမားက…

"မင်းကတိပေးတဲ့ စကားကြားရတာ ငါစိတ်ချမ်းသာတယ်ကွာ"



သူသည် မျက်လုံးမှိတ်၍ အတွင်းအားကျင့်စဉ် ကျင့်နေသော သုထင်းဖုံးအား လက်ညှိုးထိုးပြလိုက်၏။

"သူ့အနားကို သွားနေပေးလိုက်ပါ"

မရဏာစောင်းသံရှင်သည် သုထင်းဖုံး အနီးသို့ လျှောက်သွားလေသည်။

မရဏာစောင်းသံရှင်သည် သုထင်းဖုံးနှင့် တစ်လံခန့် အကွာတွင် ခြေလှမ်းရပ်တန့်သွားလေသည်။

"ငါ ဒီမှာနေဖို့ မလိုတော့ဘူးနဲ့ တူတယ်"

သူမက ဤသို့ ဆင်ခြင်သုံးသပ်မိလေသည်။

ထို့နောက် သူမသည် ထိုနေရာမှ ထွက်ခွာသွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လေပွေသိုင်းသမားသည် မရဏာစောင်းသံရှင် ထွက်ခွာပျောက်ကွယ်သွားသည်အထိ ကြည့်နေ၏။

မရဏာစောင်းသံရှင် ကတိပေးသွားသည်ကို သူက ကျေနပ်အားရနေ၏။

ထိုစဉ် သုထင်းဖုံးက ထရပ်လိုက်သည်။

လေပွေသိုင်းသမားက သုထင်းဖုံး အနီးသို့ လျှောက်သွားလေသည်။

"ကောင်းသွားပြီလား"

သုထင်းဖုံးက...

"ဟုတ်ကဲ့"

သူက အနီးတဝိုက်အား ဝေ့ကြည့်ကာ...

"သူ ဘယ်ရောက်သွားလဲ"

လေပွေသိုင်းသမားက...

"မရဏာစောင်းသံရှင်ကို ပြောတာလား"

သုထင်းဖုံးက...

"ဟုတ်တယ်"

လေပွေသိုင်းသမားက...

"သွားပြီ"

သုထင်းဖုံးက...

"သူ ဘာမှာသွားသေးလဲ"

လေပွေသိုင်းသမားက...



"သူရက်ချိန်းနီးလာရင် နဂါးတောင်ကုန်းကို ရောက်အောင်သွားမယ်လို့ မှာကြားသွားတယ်"

သူက စကားဆက်ကာ...

"မင်းလဲ အရောက်သွားရလိမ့်မယ်"

သုထင်းဖုံးက...

"ဒီလို့ဖက်သိုင်းကျမ်းကို ကျွန်တော် မရမက ပြန်ယူရမှာပဲ"

လေပွေသိုင်းသမားက...

"မင်းကို လူတစ်ယောက်အကြောင်း မေးလို့"

သုထင်းဖုံးက...

"ဘယ်သူလဲ"

လေပွေသိုင်းသမားက...

"သုကျွန်းနဲ့ မင်းနဲ့ ဘယ်လိုများ ပတ်သက်နေသလဲ"

ထိုစကားကြားလိုက်ရသောအခါ သုထင်းဖုံး၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

"ခင်ဗျားက သူ့ကို သိတယ် ဟုတ်လား"

လေပွေသိုင်းသမားက သက်ပြင်းချလိုက်သည်။

"လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်လောက်က သူ့ကို လူတစ်စုက ဝိုင်းတိုက်ခိုက်လို့ သူသေသွားတယ်လို့ သိရတယ်"

"ကျုပ်အဖေကို သတ်တဲ့လူကို ခင်ဗျားသိတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



လေပွေသိုင်းသမားက…

“ကျုပ် မသိဘူး၊ မင်းအဖေက မင်းကို ဘာမှမပြောသွားဘူးလား”

သုထင်းဖုံးက သက်ပြင်းချလိုက်၏။

လေပွေသိုင်းသမားက…

“အေး…တစ်နေ့တော့ သိမှာပေါ့ကွယ်၊ ကြိုးစားပေါ့၊ ဒါနဲ့ မင်း အခုဘယ်သွားမှာလဲ”

သုထင်းဖုံးက…

“ကျွန်တော် ဘယ်သွားရမှန်း မသိပါဘူး”

လေပွေသိုင်းသမားက ဆေးသုံးလုံးထုတ်ကာ…

“ကဲ…ဒါဆို ဒီဆေးသုံးလုံးထဲက တစ်လုံးကို ရွှေရောင်ပိတုန်းကို တိုက်လိုက်ပါ၊ ကဲ…မင်းသွားပေတော့”

သုထင်းဖုံးက နှုတ်ဆက်ကာ ထွက်ခွာသွားလေ၏။

♠ ♠ ♠



သူသည် ရွှေရောင်ပိတုန်းနှင့် တိုက်ခိုက်ခဲ့သော နေရာကို ရောက်သောအခါ ရွှေရောင်ပိတုန်းကို မတွေ့ရတော့ချေ။

ယခု သူသည် နောင်တရလာသည်။

အမှန်ပြောရလျှင် ရွှေရောင်ပိတုန်းသည် သူ့အား အကြိမ်ကြိမ် ကူညီခဲ့လေသည်။

သူသည် ထိုင်ချလိုက်လေသည်။

မိမိ၏အစွန်းရောက်နေသော အတွေးအခေါ်များကို ပြန်လည်သုံးသပ်လာလေသည်။

“မိန်းမတစ်ယောက် သစ္စာဖောက်တာနဲ့ မြင်မြင်သမျှ မိန်းမကို မုန်းတီးတာ မှားနေပြီလား”

သူသည် မိမိ၏အယူအဆကို ပြန်လည်သုံးသပ်လာမိသည်။

သူတစ်ပါး၏ကျေးဇူးတရားကိုလည်း သိတတ်ရမည့်စိတ် စတင် ဖြစ်ပေါ်လာသည်။

သူက စိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်လေတော့သည်။

“ဖြစ်နိုင်ရင် ရွှေရောင်ပိတုန်းရဲ့ အခြေအနေကို သိရအောင် ငါလိုက်ရှာမှဖြစ်မယ် ထင်တယ်”

သူက ယင်းသို့ စိတ်ပိုင်းဖြတ်နေစဉ် သူ၏မျက်လုံးအစုံသည် ခပ်လှမ်းလှမ်းတွင် ရှိနေသော သစ်ပင်တစ်ပင် ရှိရာသို့ ရောက်ရှိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသစ်ပင်၏ပင်စည်ပေါ်တွင် စာရွက်တစ်ရွက် ရှိနေသည်ကို မြင်တွေ့ရလေသည်။

"ဒီစာရွက်ကို ဘယ်သူ ကပ်ထားတာလဲ၊ ဘာတွေ ရေးထားတာလဲ"

သူသည် သိလိုသောစိတ်များ ဖြစ်ပေါ်လာသည်။

သူက ထိုင်ရာမှ ထလိုက်သည်။

ထိုသစ်ပင်ရှိရာသို့ လျှောက်သွားလေသည်။

သူထင်းဖုံးသည် သစ်ပင်၏ပင်စည်ပေါ်မှ ဆူးတစ်ချောင်းဖြင့် စိုက်ထားသော စာရွက်ကိုဖြုတ်ယူလိုက်သည်။

သေးငယ်သော သစ်ကိုင်းအား မီးရှို့၍ ရေးထားသောစာဖြစ်လေသည်။

သူက ထိုစာကို သေသေချာချာ ဖတ်ကြည့်လိုက်လေသည်။

"သိုင်းလောကပထမ...

ကျွန်မ ဒီနေရာကနေ ထွက်သွားတဲ့အချိန်မှာ ရှင်သိအောင် ဒီစာကိုရေးခဲ့တယ်။

ကျွန်မဟာ ရှင့်ကိုချစ်ခဲ့တယ်။

ရှင်ကတော့ ကျွန်မကို ရှိတယ်လို့တောင် မထင်ဘူး။ ကျွန်မကို အထင်သေးတယ်။

ကျွန်မ အားလုံးသည်းခံခဲ့တယ်၊ ရှင်က ပြောပါလိမ့်မယ်၊ နင်ဘာဖြစ်လို့ သည်းခံတာလဲလို့၊ ရှင်ပြောတာ မှန်ပါတယ်၊ ရွှေရောင်ပိတုန်းဟာ ဘယ်သူ့ကိုမှသည်းမခံခဲ့ဘူး၊ မချစ်ခဲ့ဘူး။



ဒါပေမယ့် ရှင်ဟာ ကျွန်မကို စော်ကားချင်တိုင်း စော်ကားခဲ့တယ်။

အခု ကျွန်မကိုယ့်ကိုကိုယ် ပြန်သတိရလာပါပြီ၊ ရွှေရောင်ပိတုန်းဆိုတာ ကိုယ့်ဘာသာကိုယ် မားမားမတ်မတ်ရပ်တည်ပြီးနေလာခဲ့တဲ့ မိန်းကလေးတစ်ယောက်ပါ၊ အခု ကျွန်မ ကောင်းကောင်းကြီးနားလည်ခဲ့ပါပြီ၊ အခုအချိန်ကစပြီး ရှင်နဲ့ကျွန်မ ပတ်သက်ခဲ့သမျှကို ပြတ်ပြတ်သားသား ဖြတ်လိုက်ပါပြီ။

နောင်တစ်နေ့မှာ ရှင်နဲ့ကျွန်မ ပြန်ပြီးတွေ့ဆုံခဲ့ရင် ရှင်နဲ့ကျွန်မဟာ တစိမ်းတွေဖြစ်သွားပြီဆိုတာ မှတ်ထားပါ။

ရွှေရောင်ပိတုန်း"

သူထင်းဖုံးသည် ထိုစာကိုဖတ်ပြီးသည်နှင့် သူ့ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားမှုတစ်ခု ဖြစ်ပေါ်လာသည်။

ရွှေရောင်ပိတုန်းသည် မိမိအပေါ် ချစ်မြတ်နိုးခဲ့သည်။

အစစအရာရာ ကူညီခဲ့သည်။

ထို့ပြင် မိမိအသက်ကိုလည်း ကယ်ခဲ့ဖူးလေသည်။

သူက သက်ပြင်းချလိုက်သည်။

"ငါ့ရဲ့လက်ချက်ကြောင့် ဒဏ်ရာရသွားတာ မနည်းဘူး၊ တစ်ယောက်ယောက်က သူ့ကိုကယ်သွားတာပဲဖြစ်မယ်"

ဟု ပြောလိုက်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။

ညလေ တသွေးသွေး တိုက်ခတ်နေသည်။

သုထင်းဖုံးက ခေါင်းမော့ပြီး စိတ်မသက်မသာဖြင့် သက်ပြင်းချလိုက်လေသည်။

သူက...

"သုထင်းဖုံး..မင်းဟာ သူတပါးရဲ့ကျေးဇူးကို မသိတတ်ပါလား"

ဟု ရေရွတ်လိုက်လေသည်။

♠ ♠ ♠

သုထင်းဖုံးသည် ခြေဦးတည့်ရာသွားနေသည်။

တောအုပ် တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာခဲ့သည်။

ထို့နောက်...

ဘုံကျောင်းပျက်တစ်ခုသို့ ရောက်ရှိလာလေသည်။

ဘုံကျောင်းပျက်ထဲ လူသူတစ်စုံတစ်ယောက်မျှ မရှိပါချေ။

သူက လှေကားထစ်၌ ထိုင်ချလိုက်သည်။

သူ၏ဦးနှောက်ထဲ၌ အတွေးများ တစ်ခုပြီးတစ်ခု ထွက်ပေါ်နေသည်။

သူက တွေးရင်း တစ်စုံတစ်ခုအား သတိရလာလေတော့သည်။



"ငါ့အဖေ သေခါနီး ငါ့ကိုပြောစရာတွေ အများကြီးရှိလိမ့်မယ်ထင်တယ်၊ ဒါပေမယ့် သူဟာ မပြောနိုင်ဘဲ သေသွားရှာတယ်"

သူသည် တွေးရင်းတွေးရင်း ခံပြင်းသောစိတ်၊ ဒေါသစိတ်များ ရောယှက်ဖြစ်ပေါ်လာသည်။

"အခု ငါလူနှစ်ယောက်ကို သွားသတ်ရမယ်"

သူက ထိုသို့တွေးရင်း မဲ့ပြုံးပြုံးလိုက်သည်။

ထို့နောက်...

"တစ်ယောက်က ငါနဲ့စေ့စပ်ထားတဲ့ ဇနီးလောင်းကျင်းဝါး၊ တခြားတစ်ယောက်က သူ့ယောကျ်ားကျူးစန်း"

သူသည် ကျူးစန်းပြောသွားသော စကားကိုလည်း ပြန်လည်သတိရလာသည်။

"ဒီမှာ သုထင်းဖုံး..မင်းက သတ္တိရှိရင် ငါ့ဆီကိုလာပြီး ပြောနိုင်တယ်၊ ငါ့နေရပ်ကတော့ ဝူကြူးမြို့"

သုထင်းဖုံးသည် တွေးရင်း လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလေသည်။

"ကောင်းပြီလေ၊ အခု ငါအလှည့်ရောက်လာပြီ၊ အရင်တုန်းက အထင်သေးတဲ့လူ၊ စော်ကားတဲ့လူတွေကို သွားသတ်ရမယ်"

သူက ထိုသို့ဆုံးဖြတ်ကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## မှားယွင်းမှု

ထင်းရှူးကျေးရွာ…။

ထင်းရှူးကျေးရွာသည် ပွကြူးမြို့တော်နှင့် လီပေါင်းသုံးဆယ်ခန့်မျှသာ ကွာဝေးသည်။

ထင်းရှူးကျေးရွာ၏ အိမ်ခြေပေါင်းမှာ တစ်ရာနီးပါးမျှသာ ရှိသည်။

ထင်းရှူးကျေးရွာတွင် အချမ်းသာဆုံးသူမှာ စာပေသိုင်းသမားကျူးဟွေပင်ဖြစ်သည်။

ကျူးဟွေသည် ချမ်းသာသော လူတစ်ယောက်ဖြစ်သည်သာမက ပွကြူးမြို့တဝိုက်တွင် အကျော်ကြားဆုံးသော သိုင်းပညာရှင်တစ်ယောက်လည်း ဖြစ်ပေသည်။

ကျူးဟွေသည် သုထင်းဖုံး၏ဖခင် သုကျန်းနှင့် အလွန်ရင်းနှီးသော မိတ်ဆွေတစ်ယောက်ဖြစ်လေသည်။

သို့သော်…



သုကျန်း သေဆုံးသွားပြီးနောက်တွင် သူ့သားက သုထင်းဖုံးနှင့် လက်ထပ်ရန် စေ့စပ်ထားသော ယုကျင်းဝါးအား ခိုးပြေးသွားသည်ကို ကျူးဟွေက လုံးဝအရေးမယူဘဲ နေသောကြောင့် သုထင်းဖုံးက သည်းမခံနိုင်တော့ပါ။

ထိုမိသားစုအား လက်စားချေရန် အိမ်မှတိတ်တဆိတ်ထွက်ခွာသွားပြီး သိုင်းပညာ သင်ကြားပေးမည့်ဆရာများကို လိုက်လံရှာဖွေရခြင်းဖြစ်သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ညမှောင်နေသည်။

သို့သော်…

ကောင်းကင်ပေါ်တွင် လခြမ်းကလေးရှိနေသောကြောင့် ဝန်းကျင်တစ်ခုလုံးကို ဝိုးတဝါး မြင်တွေ့နိုင်လေသည်။

အရာရာမှာ အေးချမ်းတိတ်ဆိတ်နေသည်။

ရုတ်တရက် လူရိပ်တစ်ခုသည် ထင်းရှူးခြံဝင်းထဲသို့ ခုန်ဝင်သွားလေသည်။

ထို့နောက် ခြံဝင်းထဲရှိ သစ်ပင်တစ်ပင်ပေါ်သို့ တက်ရောက်သွားလေသည်။

သူ့နောက်တွင် လူရိပ်တစ်ခု လိုက်လာနေသည်ကိုမူ သူက သတိမထားမိပါချေ။

ပထမလူရိပ်မှာ သုထင်းဖုံးပင်ဖြစ်သည်။

သုထင်းဖုံး၏အာရုံတစ်ခုလုံးသည် အိမ်ထဲသို့သာ စူးစိုက်ရောက်ရှိနေသည်။

ရုတ်တရက် အိမ်ကြီး၏တံခါး ပွင့်သွားလေသည်။

စာပေသမားပုံစံရှိသော အဘိုးအိုတစ်ယောက်သည် လက်နှစ်ဘက်နောက်ပစ်ကာ လှမ်းထွက်လာလေသည်။

သူက ခြံဝင်းထဲသို့ ဆင်းလာပြီး သုထင်းဖုံး ခိုအောင်းနေသော် သစ်ပင်ပေါ်သို့ မော့ကြည့်လိုက်သည်။

"ဘယ်ကမိတ်ဆွေလဲ၊ ကိစ္စရှိရင် အောက်ကိုဆင်းလာပါ"

ထိုအဘိုးအိုသည် စာပေသိုင်းသမားကျူးဟွေပင် ဖြစ်လေ



သည်။ သုထင်းဖုံးသည် အောက်သို့ ခုန်ဆင်းလိုက်လေသည်။

သူက မြေပေါ်သို့ ခြေချမိလိုက်သည်နှင့် မဲ့ပြုံးပြုံးလိုက်သည်။

"ဦးလေးကျူး…ကျွန်တော့်ကို မှတ်မိသေးရဲ့လား"

သူ၏လေသံမှာ လှောင်ပြောင်သောအသံ ပါဝင်နေသည်။

ကျူးဟွေက သူ့အားကြည့်ကာ မဲ့ပြုံးပြုံးလိုက်လေတော့သည်။

"ငါ့တူလေး သုထင်းဖုံးကိုး၊ ဘယ်ကနေဘယ်လို ဒီကိုပြန်ရောက်လာရတာလဲ"

"ဟား…ဟား…ဟား"

သုထင်းဖုံးက ရယ်မောရာမှ ရပ်တန့်လိုက်သည်။

သူ၏အသံ ခက်ထန်လာသည်။

"ဦးလေးကျူး…ကျွန်တော် အခုလာတာ ခင်ဗျားဆီမှာနေထိုင်ခွင့်ပြုပါလို့ တောင်းခံမယ်လို့ မထင်ပါနဲ့"

ကျူးဟွေက…

"ဒါဖြင့် ဘာကိစ္စလာတာလဲ"

သုထင်းဖုံးက…

"လက်စားချေဖို့"

ကျူးဟွေက…

"ငါ့ကို လက်စားချေမလို့ ဟုတ်လား"

သုထင်းဖုံးက…

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါပေမယ့် ဦးလေးနဲ့ကျွန်တော့်အဖေ တစ်ချိန်တုန်းက အလွန်ရင်းနှီးတဲ့အတွက် ကျွန်တော် ခွင့်လွှတ်လိုက်ပါတယ်"

ကျူးဟွေက...

"ရှင်းရှင်းပြောစမ်းပါ၊ ကျုပ်သားကို လက်စားချေမလို့မဟုတ်လား"

သုထင်းဖုံးက..

"ဟုတ်တယ် အရှက်မရှိတဲ့ ယုကျင်းဝါးလည်းပါတယ်"

ကျူးဟွေက...

"မင်းမှာ သိုင်းပညာ ဘယ်လောက်တတ်ထားလို့ အခုလိုစကားကြီးစကားကျယ် ပြောနိုင်တာလဲ"

သုထင်းဖုံးက...

"သိချင်ရင် စမ်းကြည့်နိုင်တယ်"

ကျူးဟွေက...

"ကောင်းပြီလေ၊ မင်းရဲ့အစွမ်းကို ကြည့်ရသေးတာပေါ့"

သုထင်းဖုံးက ရှေ့သို့ ခြေလှမ်း သုံးလှမ်း လှမ်းလိုက်သည်။

လက်နှစ်ဘက်တွင် အတွင်းအားကို စုစည်းထားပြီး တိုက်ခိုက်ရန် အသင့်ပြင်ထားလေသည်။

"ကျွန်တော် အသင့်ရှိနေပါပြီ၊ ဦးလေးကစပြီး တိုက်ခိုက်နိုင်ပါတယ်"

ကျူးဟွေက စကားမပြောတော့ဘဲ လက်ဝါးနှစ်ဘက်သို့



အတွင်းအားကို စုစည်းလိုက်သည်။

"ကဲ..ခံနိုင်ရင် ခံပေတော့"

ကျူးဟွေက စတင်တိုက်ခိုက်လိုက်သည်။

သူ၏လက်ဝါးလစ်ဘက်သည် သုထင်းဖုံး၏ရင်ဝကည့်တည့်သို့တွန်းထိုးလိုက်သည်။

သုထင်းဖုံးက လက်ဝါးနှစ်ဘက်ဖြင့် တုန့်ပြန်လိုက်လေသည်။

သူတို့သည် လက်ဝါးသုံးချက်တိတိ အပြန်အလှန် တိုက်ခိုက်လိုက်ရာ နှစ်ယောက်စလုံး နောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွားရလေသည်။

ထိုအချိန်မှာပင် အိမ်ထဲမှ လူတစ်ယောက် ပြေးလွှားထွက်လာလေသည်။

ကျူးစန်းပင် ဖြစ်လေသည်။

သုထင်းဖုံးသည် ကျူးစန်းအား မြင်တွေ့လိုက်ရသောအခါ ခံပြင်းသောစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

သူက ကျူးဟွေအား တိုက်ခိုက်ခြင်းမပြုတော့ဘဲ အနီးသို့ရောက်လာသော ကျူးစန်းအား အတွင်းအား အပြည့်အဝသုံးကာဆီးကြို့တိုက်ခိုက်လိုက်လေသည်။

ကျူးစန်းကလည်း ပေါ့တန်သောစိတ် မထားဝံ့ပါချေ။

အတွင်းအား အစွမ်းကုန်ထုတ်ပြီး လက်ဝါးနှစ်ဘက်ဖြင့် ခံပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ကျူးစန်းက မဟာန်နိုင်တော့ဘဲ နောက်သို့ ခြေလှမ်းဆယ်လှမ်းခန့် ဆုတ်သွားရလေသည်။

ကျူးစန်းက ထိတ်လန့်သွားရုံမက ကျူးဟွေကလည်း ထိတ်လန့်သွားလေသည်။

သူက ဒေါသမထွက်ဘဲ သူ၏မျက်နှာတစ်ခုလုံးမှာ ဝမ်းသာပီတိဖြစ်သော အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

သုထင်းဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာ..ကျူးစန်း၊ ဒီကနေ့ မင်းသေရမယ့်နေ့လို့ မှတ်ထားလိုက်ပါ"

ကျူးစန်းက ဒေါသမထွက်ပါ။

"အစ်ကိုကြီး မှားသွားမှာပေါ့"

သုထင်းဖုံးက ရယ်မောလိုက်သည်။

"ဘယ်သူက မှားသလဲဆိုတာ တွေ့ကြသေးတာပေါ့လေ"

သူကပြောပြီး ကျူးစန်းအား ထပ်မံတိုက်ခိုက်လိုက်လေသည်။

ကျူးစန်း၏သိုင်းပညာသည် ဖခင်၏အမွေအနှစ်ရရှိထားသောကြောင့် မညံ့ပါချေ။

တစ်ဘက်က တိုက်ခိုက်လာသောကြောင့် သူကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သုထင်းဖုံးသည် အမည်မသိသော လူငယ်ထံမှလေ့ကျင့်ခဲ့



သော သိုင်းပညာရပ်များအား အသုံးပြုကာ ကျူးစန်းအား တိုက်ခိုက်လိုက်လေသည်။

သို့သော်...

သုထင်းဖုံး၏ အတွင်းအားမှာ ထူးထူးခြားခြား ပြင်းထန်နေသောကြောင့် ကျင်းစန်း၏လက်ဝါးနှင့် ထိတွေ့လိုက်သောအခါ ကျူးစန်း၏ခန္ဓာကိုယ်သည် နောက်သို့လွင့်စဉ်သွားပြီး နှစ်လံခန့်အကွာသို့ ရောက်သွားလေသည်။

သုထင်းဖုံးက ထပ်မံတိုက်ခိုက်ရန် ခြေလှမ်းလှမ်းလိုက်ရာ လူရိပ်တစ်ခုသည် သူ့ထံသို့ ရောက်ရှိလာပြီး ဟန့်တားလိုက်လေသည်။

"အစ်ကိုကြီး ရပ်လိုက်ပါ၊ မှားသွားလိမ့်မယ်"

ထိုအသံနှင့်အတူ လူရိပ်တစ်ခု သူ့ထံသို့ ရောက်ရှိလာသူမှာ ယုကျင်းဝါးဖြစ်သဖြင့် ကြောင်အမ်းအမ်းဖြစ်ကာ ငေးငိုင်သွားလေသည်။

အမှန်တော့ သူက သူ၏ဓနီးလောင်းအား အလွန်ချစ်ခင်မြတ်နိုးခဲ့လေသည်။

သူ့ရင်ထဲတွင် မကြုံစဖူး လှိုက်လှဲစွာ ခံစားလာရလေသည်။

တစ်ချိန်တုန်းက သူတို့နှစ်ယောက်သည် ငယ်စဉ်တောင်ကျေးဘဝကပင် အတူတူဆော့ကစား၍ ကြီးပြင်းလာကြသည်ကို ပြန်လည်တွေးမိပြီး မျက်ရည်များပင် ဝဲလာလေသည်။

သူက ယုကျင်းဝါးအား မျက်တောင်မခတ် စိုက်ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ယုကျင်းဝါးကလည်း သူ့အား ငေးကြည့်နေသည်။

ကျူးစန်းသည် ဖခင်အနီးသို့ လျှောက်သွားပြီး ရပ်လိုက်လေသည်။

"ဖေဖေ"

ကျူးဟွေ၏မျက်လုံးအစုံမှာလည်း သုထင်းဖုံးနှင့် ယုကျင်းဝါးထံသို့ ရောက်ရှိနေသည်။

သူသည် ရှည်လျားစွာ သက်ပြင်းတစ်ချက် ချလိုက်၏။

သူ၏မျက်နှာပေါ်တွင် ဝမ်းသာလွန်း၍လော၊ ဝမ်းနည်းလွန်း၍လော ဝေခွဲ၍ မရပါချေ။

♠ ♠ ♠



## ကြားလူ

သုထင်းဖုံးသည် ကျူးဟွေဘက်သို့ လှည့်မကြည့်မိပါချေ။

ယုကျင်းဝါးကမူ အားရပါးရ ငိုကြွေးနေ၏။

သုထင်းဖုံးသည် ယုကျင်းဝါးအပေါ် အလွန်မုန်းတီးနေရာ ယခု သူကအဘယ်ကြောင့် ယုကျင်းဝါးအား မသတ်ရက်ဘဲ မွေ့ဖက်ထားရပါသနည်း။

အမှန်တော့ သူသည် ယုကျင်းဝါးအပေါ် အလွန်ချစ်မြတ်နိုး ခဲ့သည်။

ထို့ကြောင့်လည်း ယုကျင်းဝါး သစ္စာဖောက်သွားသည်ကို နာကြည်းစွာ မုန်းတီးခဲ့ရလေသည်။

ရုတ်တရက် သုထင်းဖုံးက ပြန်လည်သတိရလာလေတော့သည်။

မုန်းတီးသော စိတ်များ တစ်မုဟုတ်ချင်း ခေါင်းထောင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ယုကျင်းဝါးအား တွန်းဖယ်လိုက်ပြီး သူမ၏ပါးပြင်ကို ရိုက်ချလိုက်လေသည်။

"ဖြန်း"

သူမသည် နောက်သို့ ယိမ်းယိုင်သွားကာ မြေပေါ်သို့ ဖင်ထိုင်ကျသွားလေသည်။

သူမ၏နုနယ်သော ပါးပြင်ပေါ်တွင် နီရဲသော လက်ချောင်းရာများ ထင်းခနဲ ပေါ်လာလေသည်။

ယုကျင်းဝါးက ထရပ်လိုက်သည်။

"အစ်ကိုကြီး ကျွန်မကို မုန်းနေတယ်ဆိုတာ ကျွန်မနားလည်ပါတယ်၊ ဒါကြောင့် ကျွန်မပြောတဲ့စကားကို နားထောင်ဖို့ ကျွန်မ တောင်းပန်ပါတယ်"

သူမက ပြောရင်း သုထင်းဖုံး အနီးသို့ ချဉ်းကပ်လိုက်လေသည်။

သုထင်းဖုံးက...

"သွားစမ်း၊ အရှက်မရှိတဲ့ မိန်းမ"

သူက အော်ပြောရင်း သူမ၏ပါးပြင်ကို ထပ်မံရိုက်ချလိုက်လေသည်။

ဤတစ်ချိန်တွင် ပထမ ရိုက်ချက်ထက် ပို၍ ပြင်းထန်သွားလေသည်။

ယုကျင်းဝါး၏ခန္ဓာကိုယ်သည် နောက်သို့ လွင့်စဉ်သွားပြီး ပက်လက်လန် လဲကျသွားလေသည်။



သူမ၏ပါးစပ်ထဲမှ သွေးများ စီးကျလာသည်။

ယုကျင်းဝါးက လှုးလိမ့်၍ ထလိုက်သည်။

သူမက လှုးလိမ့်ထပြီးသည်နှင့် ခြံဝင်းထဲမှ ပြေးလွှားထွက်ခွာသွားလေသည်။

♠ ♠ ♠

ကျူးဟွေသည် သုထင်းဖုံး၏လုပ်ရပ်ကို သည်းမခံနိုင်တော့ပါချေ။

"ယား"

သူက ဒေါသကြီးစွာဖြင့် သုထင်းဖုံးအား တိုက်ခိုက်လိုက်လေသည်။

သုထင်းဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီ၊ ကျူပ်အကြောင်း သိသွားစေရမယ်"

သူက ဓားဖြင့် တိုက်ခိုက်လိုက်သည်။

ဤသို့ဖြင့် သူတို့သည် သိုင်းကွက်သုံးကွက်တိတိ ယှဉ်ပြိုင်ခဲ့လေသည်။

သိုင်းကွက်သုံးကွက် ယှဉ်ပြိုင်ပြီးသောအခါ ကျူးဟွေက နောက်သို့ ခြေတစ်လှမ်းခန့် ဆုတ်ပေးလိုက်ရလေတော့သည်။

သူက အလွန်အံ့ဩသွားသည်။

သုထင်းဖုံးမှာ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် အတွင်းအား

www.burmeseclassic.com

www.burmeseclassic.com



မှာ အံ့ဩစရာကောင်းလောက်အောင် အဆင့်မြင့်သည်ကို နားလည် သိရှိလိုက်သည်။

သူက သုထင်းဖုံး၏သိုင်းပညာအဆင့် မည်မျှရှိသည်ကို စမ်းသပ်လိုသဖြင့် လက်ဝါးနှစ်ဖက်ဖြင့် သုထင်းဖုံးအား တွန်းထုတ် လိုက်သည်။

သုထင်းဖုံးကလည်း လက်ဝါးနှစ်ဖက်ဖြင့် ခံပေးလိုက်ရာ သူတို့နှစ်ယောက်သည် အတွင်းအားချင်း ယှဉ်ပြိုင်ကြလေသည်။

♠ ♠ ♠



အတန်ကြာသွားသောအခါ...

"အား"

ကျူးဖေ့ဟွ၏ခန္ဓာကိုယ်သည် နောက်တစ်လံခန့် အကွာသို့ လွင့်စဉ်သွားလေသည်။

ကျူးစန်းက ကမန်းကတန်း ပြေးလွှားရောက်ရှိလာပြီး ဖခင်အား တွဲထူလိုက်လေသည်။

သူက သုထင်းဖုံးအား ဒေါင်းပန်လိုက်လေသည်။

"အစ်ကိုကြီး ဒေါသမကြီးပါနဲ့ ကျွန်တော်ပြောတဲ့ စကားကို ခဏလောက် သည်းခံပြီး နားထောင်ပါ"

သုထင်းဖုံးက မဲ့ပြုံးပြုံးလိုက်လေသည်။

"ပြောစရာ မလိုဘူး၊ ဒီကနေ့ဟာ မင်းကို ငါသတ်မယ့်နေ့ပဲ"

သူက စကားဆုံးသွားသည်နှင့် ကျူးစန်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင် သစ်ပင်ပေါ်မှ လူရိပ်တစ်ခုသည် လျှပ်တပြက် ဆင်းသက်လာပြီး သုထင်းဖုံးနှင့် ကျူးစန်းတို့ကြားတွင် ရပ်တန့် လိုက်သည်။

ထိုလူသည် မျက်နှာကို စာပဝါဖြင့် အုပ်ထားလေသည်။

သူ၏ခန္ဓာကိုယ်မှာ သေးသေးသွယ်သွယ် ဖြစ်နေ၏။

သုထင်းဖုံးက...

"ခင်ဗျား ဘာကိစ္စ ဝင်ရှုပ်တာလဲ"

ထိုလူက...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ကြည့်ရတာ အသက်ငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးတယ်၊ ဒေါသကြီးလှချည်လား"

သုထင်းဖုံးက...

"ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး"

သူက ပြောပြီး ကျူးဟွေ့ဘက်သို့ လှည့်ကြည့်လိုက်လေသည်။

"ကဲ..အဘိုးကြီး၊ ခင်ဗျား ဘာတွေများ ပြောစရာရှိသေးလဲ ပြောထား၊ ဒီကနေ့ဟာ ခင်ဗျားတို့မိသားစုတစ်စုလုံးကို ကျုပ်က ဖျက်ဆီးရမယ့်နေ့ပဲ"

"ဟား..ဟား..ဟား"

ဇာပဝါနှင့်လူက...

"ခင်ဗျားကိုယ်ခင်ဗျား ဘာအောက်မေ့လို့ စကားကို ကြီးကြီးကျယ်ကျယ် သုံးရတာလဲ"

သုထင်းဖုံးက...

"ကျုပ်တို့ကိစ္စ ခင်ဗျားနဲ့မဆိုင်ဘူး၊ အခုချက်ချင်း ထွက်မသွားရင် ခင်ဗျားကိုသတ်ရမယ်"

ဇာပဝါနှင့်လူက...

"ခင်ဗျားသိုင်းပညာ ဘယ်လောက်များတတ်လို့လဲ၊ လေလုံးထွားလိုက်တာ"

သုထင်းဖုံးက...

"ခင်ဗျား သေချင်ရင် လက်တွေ့ပြမယ်"



သူက စတင်တိုက်ခိုက်လိုက်သည်။

ဇာပဝါနှင့်လူကလည်း တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။

သိုင်းကွက်သုံးကွက် ယှဉ်ပြိုင်မိသောအခါ သူတို့နှစ်ယောက်စလုံးသည် နောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွားရလေသည်။

သုထင်းဖုံးက အံ့သြသွားလေသည်။

ထိုခန္ဓာကိုယ်သေးသွယ်သောလူက မိမိထက် သိုင်းပညာမညံ့မှန်း သိရှိနားလည်လိုက်လေသည်။

ခံပြင်းသော စိတ်များ တစ်မုဟုတ်ချင်း ဝင်လာလေသည်။

သူသည် အတွင်းအားကို စုစည်း၍ ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"ရပ်လိုက်"

ကျူးဟွေ့က ဟန့်တားရင်း သူတို့နှစ်ယောက် ကြားသို့ ရောက်ရှိလာလေသည်။

သူက မျက်နှာကို ဇာပဝါဖြင့် အုပ်ထားသူဘက်သို့ လှည့်၍

"သည်းခံပါဗျာ၊ ကျုပ်တို့ကိစ္စကို ကျုပ်တို့ဘာသာ ဖြေရှင်းပါ့မယ်၊ အကူအညီပေးတာကိုတော့ ကျေးဇူးတင်ပါတယ်"

ဇာပဝါနှင့်လူက လက်နှစ်ဖက်ဆုပ်၍ ကျူးဟွေ့အား အရိုအသေ ပြုလိုက်သည်။

"ကောင်းပါပြီလေ၊ အခုလို အနှောင့်အယှက်ပေးမိတာ ခွင့်လွှတ်ပါ"

သူက ပြောပြီး သုထင်းဖုံးအား အထင်သေးသော မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



မြင့် ကြည့်လိုက်သည်။

"နောင်အခွင့်အရေးကြုံရင် တစ်ပွဲတစ်လမ်းတော့ စမ်းကြည့်သေးတာပေါ့"

သူက စကားဆုံးသွားသည်နှင့် အုတ်နံရံပေါ်သို့ ခုန်ပျံကျော်လွှားကာ ထွက်ခွာသွားလေသည်။

♠ ♠ ♠

မျက်နှာကို စာပဝါနှင့်အုပ်ထားသောလူသည် ထွက်ခွာကွယ်ပျောက်သွားလေပြီ ဖြစ်သည်။

ကျုံးဟွေကတော့ သုထင်းဖုံးအား စိုက်ကြည့်လိုက်လေတော့သည်။

"ဒီမှာ ငါတူ၊ မင်းစိတ်ထဲမှာတော့ ဦးလေးဟာ အလွန်ရက်စက်တဲ့လူလို့ ထင်နေမှာပဲနော်"

သုထင်းဖုံးက အဖြေမပေးဘဲ အေးတိအေးစက်ဖြင့် ကြည့်နေ၏။

"ဒါနဲ့ မင်းအဖေ မသေမီ မင်းကို ဘာများ မှာကြားခဲ့သလဲ"

ဟု မေးလိုက်သည်။

သုထင်းဖုံးက...

"မေးစရာလိုသေးလားဗျ၊ ဦးလေးက အသိဆုံးပဲ မဟုတ်လားဗျ"



ကျုံးဟွေက...

"ထားပါတော့လေ၊ မင်း ငါ့ဆီမှာ ဘယ်လောက်ကြာကြာနေထိုင်ခဲ့သလဲ၊ ငါ့အိမ်က ထွက်သွားတာ ဘယ်လောက်ကြာပြီလဲ"

သုထင်းဖုံးက...

"ဦးလေးဆီမှာ ခြောက်နှစ်နေခဲ့တယ်၊ ဦးလေး အိမ်က ထွက်ခွာသွားတာ ခုနစ်နှစ်ရှိသွားပြီ"

ကျုံးဟွေက...

"ခုနစ်နှစ်ဆိုတဲ့အချိန်မှာ မင်းဟာ အလွန်အဆင့်မြင့်တဲ့ သိုင်းပညာရတာကို တွေ့ရလို့ ဦးလေးဝမ်းသာတယ်၊ တမလွန်ဘဝမှာ ရောက်ရှိနေတဲ့ မင်းအဖေကလဲ သိသွားရင် ဝမ်းသာမှာ သေချာတယ်"

သူက ပြောရင်း မျက်ရည်များ အလိုလို စီးဆင်းကျလာလေသည်။

သုထင်းဖုံးသည် ကျုံးဟွေ၏ဟန်မူရာကို ကြည့်ကာ ငေးငိုင်သွားလေသည်။

ကျုံးဟွေက မျက်ရည်ကိုသုတ်၍ စိတ်ကိုထိန်းချုပ်လိုက်လေသည်။

"နောက်ထပ် မေးခွန်းတစ်ခု မေးရဦးမယ်၊ မင်းအဖေ ဘာကြောင့် သေသွားသလဲဆိုတာ မင်းသိတယ် မဟုတ်လား"

သုထင်းဖုံးက...

"ဦးလေးက ပိုသိမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျူးဟွေက ဆိတ်ဆိတ်နေလိုက်ပြီးမှ သက်ပြင်းချလိုက်လေသည်။

“ဒီမှာ ငါတူ၊ မင်း အိမ်က ထွက်သွားပြီး ခုနစ်နှစ် အချိန်မှာ ဦးလေးနဲ့ ဦးလေးတို့မိသားစုကို အတော်လေးစိတ်နာမယ်၊ မုန်းမယ်ဆိုတာ ငါသိပါတယ်”

သူက ဆက်၍...

“အဲဒီတုန်းက မင်းအသက်ငယ်ပါသေးတယ်၊ အခြေအနေကို မသုံးသပ်တတ်ဘူး၊ ငါ မင်းကို အထင်သေးတယ်၊ နာကျင်အောင်ပြောတယ်၊ တကယ်တော့ ဒါတွေဟာ မင်းကောင်းသာအောင် ပြောနေတာပါ”

သုထင်းဖုံးတ...

“ဦးလေးရဲ့စကားဟာ ရယ်စရာကောင်းပါလား”

ကျူးဟွေ၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

“ငါ့သားဟာ ယုကျင်းဝါးကို ခေါ်လာတဲ့အတွက် မင်းက ငါ့ကို မုန်းတီးခဲ့တယ် မဟုတ်လား”

သုထင်းဖုံးက...

“ဒါလဲ ကျွန်တော်က ခင်ဗျားတို့ကို မုန်းတီးခဲ့တဲ့ အချက်တစ်ချက်ပဲ”

ကျူးဟွေက...

“မင်းအထင်လွဲနေပြီ၊ ငါ့သားက မင်းရဲ့ဇနီးလောင်းကို လုယူခဲ့တာ မဟုတ်ဘူး။ ခုနစ်နှစ်အတွင်းမှာ မင်းရဲ့ဇနီးလောင်းကို မှဲ့



တစ်ပေါက် မစွန်းအောင် သူက စောင့်ရှောက်ခဲ့တယ်ဆိုတာ မင်းနားလည်စေချင်တယ်”

သုထင်းဖုံးက...

“ဦးလေးပြောတာ ကျွန်တော်ယုံရမှာလား”

သူက မဲ့ပြုံးပြုံး၍ ဆက်ကာ...

“ကျူးစန်းဟာ ကျွန်တော့်ဇနီးလောင်းကို လုယူခဲ့တာ မဟုတ်ဘူး ဟုတ်လား၊ ကျွန်တော့်ကို ပြောတဲ့ စကားတွေကို အခုထိ နားထဲမှာ ကြားယောင်နေပါသေးတယ်”

ကျူးဟွေက....

“ဒါတွေဟာ ငါ့အစီအစဉ်နဲ့ လုပ်ခဲ့ရတဲ့ ကိစ္စတွေပါ၊ မင်းအဖေပေါ်မှာ ငါထားရှိတဲ့စိတ်ကို မင်းနားမလည်ပါဘူး”

သုထင်းဖုံးက အေးတိအေးစက် ပြုံးနေ၏။

ကျူးဟွေက သက်ပြင်းချကာ...

“မင်းအဖေက သေခါနီးမှာ ဘယ်သူဘယ်ဝါရဲ့ လက်ချက်ဖြစ်တယ်ဆိုတာ ပြောမသွားဘူး။ ဒါကြောင့် ဦးလေးဟာ သူ့အတွက် ကလဲ့စားချေဖို့ သန္နိဋ္ဌာန် ချထားပါတယ်၊ ခက်တာက လူသတ်ကောင် ဘယ်သူဘယ်ဝါဆိုတာ ငါ မသိခဲ့ရလို့ ဘာမှ မလုပ်နိုင်ဘဲ လက်မှိုင်ချခဲ့ရတယ်ကွ”

သုထင်းဖုံးက...

“လူသတ်ကောင် ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ဦးလေး မသိဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



ကျူးပှေကြ…

"မသိလို့ပေါ့၊ သိရင် ငါလက်စားချေတာ ကြာပြီပေါ့"

သုထင်းဖုံးက ပါးစပ်ပိတ်ထားလိုက်သည်။

ကျူးပှေကြ…

"အဲဒီအချိန်မှာ မင်းလဲပဲ ဝမ်းနည်းကြေကွဲနေပြီး စိတ်ထိခိုက်နေလို့ တစ်နေကုန် တစ်နေခမ်း ငေးငိုင်တွေဝေနေတာနဲ့ပဲ အချိန်ကုန်တယ်၊ တဖြည်းဖြည်းနဲ့ ကိုယ့်အဖေအတွက် လက်စားချေဖို့ စိတ်လုံးဝပျောက်ကွယ်သွားတာကို တွေ့ရတယ်၊ မင်းကိုငါ အမျိုးမျိုး နားချတယ်၊ မင်းက ငါပြောတာကို လက်မခံဘူးလေ"

ကျူးပှေသည် ပြောရင်းပြောရင်း စိတ်ထိခိုက်လာသဖြင့် ဆက်မပြောနိုင်တော့ဘဲ တစ်ခဏကြာ ရပ်နားသွားလေသည်။

သုထင်းဖုံးကလည်း ကျူးပှေ၏စကားကို နားထောင်ရင်း တွေဝေငေးငိုင်သွားလေသည်။

တစ်ခဏအကြာတွင် ကျူးပှေက…

"ဦးလေးဟာ ထိပ်တန်းသိုင်းသမားတစ်ယောက်တော့ မဟုတ်ဘူး။ ဒါပေမယ့် မင်းကို ငါတတ်တဲ့ပညာသင်ပေးပြီးတဲ့အခါမှာ၊ ဦးလေးသိတဲ့ ဆရာတစ်ယောက်ဆီကို သွားအပ်နှံဖို့ စီစဉ်ထားခဲ့တယ်၊ ဒါပေမယ့်…"

သုထင်းဖုံးက…

"ဒါပေမယ့် ဘာဖြစ်လဲ"

ကျူးပှေကြ…



"မင်းက ပြောမရဆိုမရဘဲ နောက်ဆုံးတော့ ကိုယ့်အဖေအတွက် လက်စားချေရမယ့် ကိစ္စကို လုံးဝမေ့ပျောက်သွားတယ်"

သုထင်းဖုံးက ပါးစပ်ပိတ်သွားလေသည်။

ကျူးပှေကြ…

"မင်းကို ဘယ်လိုမှ နားချလို့ မရတဲ့နောက်မှာ ငါအကြံတစ်ခု ရလာတယ်၊ မင်း မခံချင်အောင် ယုကျင်းဝါးနဲ့ တိတ်တဆိတ် တိုင်ပင်ခဲ့တယ်၊ ဒါကြောင့် ယုကျင်းဝါးဟာ ဦးလေးအကြံကို လက်ခံပြီး ဦးလေးသား ခေါ်လာတာကို လိုက်လာခဲ့တာပဲ"

သုထင်းဖုံးသည် နားထောင်ရင်း စိတ်ထဲတွင် လှုပ်ရှားလာလေသည်။

ကျူးပှေကြ…

"အဲဒီအချိန်မှာ ငါထင်ထားတဲ့အတိုင်းပဲ၊ မင်းက ငါ့ကို မုန်းပြီး မခံချင်တဲ့စိတ် ပေါ်လာတယ်၊ အိမ်ကနေ ထွက်သွားတယ်"

သုထင်းဖုံး၏တစ်ကိုယ်လုံးမှာ တောင့်တင်းသွားသည်ကို ခံစားလာမိလေသည်။

ကျူးပှေကြ…

"မင်း အိမ်က ထွက်သွားကတည်းက မင်းဟာ သိုင်းပညာ မတတ်တတ်အောင် ဆရာကောင်း သမားကောင်း လိုက်ရှာပြီး သင်ကြားလိမ့်မယ်လို့ အခိုင်အမာ ယုံကြည်ထားတယ်"

သူက ခေတ္တရပ်တန့်ပြီးမှ ဆက်၍…

"မင်း ငါ့ဆီကို ပြန်လာတာကို တွေ့တာနဲ့ မင်းဟာ သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပညာတတ်မြောက်ပြီး ငါတို့ကို လက်စားချေဖို့ ဖြစ်တယ်ဆိုတာကို ချက်ချင်းနားလည်တယ်၊ မင်းရဲ့သိုင်းပညာဟာ ဘယ်အဆင့် ရှိသလဲ ဆိုတာ သိချင်လို့ ငါက ပညာစမ်းကြည့်တာပါ"

သုထင်းဖုံးသည် နားထောင်ရင်း သူ့ရင်ထဲတွင် လှုပ်ရှားလာလေသည်။

ကျူးဟွေက ဆက်၍...

"မင်းရဲ့သိုင်းပညာကို စမ်းသပ်တဲ့အခါမှာ မင်းဟာ အဆင့်မြင့်တဲ့ သိုင်းသမားတစ်ယောက်ရဲ့ အရည်အချင်း ရှိနေတာကို တွေ့ရလို့ ငါဝမ်းနည်းဝမ်းသာ ဖြစ်သွားရတယ်၊ ခက်တာက မင်းဟာ အလွန်ပဲ စိတ်တိုတယ်၊ ယုကျင်းဝါးက မင်းကို အကျိုးအကြောင်း ရှင်းပြတာကို မင်းက လက်မခံဘူး။ သူ့ကို ရိုက်တယ်၊ ရက်ရက်စက်စက်ပြောလိုက်တယ်၊ အခု သူက မနေနိုင်တော့လို့ ထွက်သွားပါပြီလေ"

ယခုမှ သုထင်းဖုံးသည် ကျူးဟွေတို့မိသားစုက မိမိတို့အပေါ် မည်ကဲ့သို့ အနစ်နာခံပြီး မိမိအား အရည်အချင်းပြည့်ဝသော လူတစ်ယောက် ဖြစ်လာစေရန် ပံ့ပိုးခဲ့သည်ကို နားလည်လိုက်လေသည်။

သူက ကျူးဟွေထံသို့ ချဉ်းကပ်လိုက်သည်။

ကျူးဟွေ၏လက်မောင်းနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလေသည်။

"ဦးလေး တကယ် ပြောနေတာလား"



ကျူးဟွေက...

"ဦးလေးက မင်းကို မလိမ်ပါဘူး၊ မင်း အခုလို အောင်မြင်လာတာကို တွေ့ရတော့ ငါဝမ်းသာလွန်းလို့ သေပျော်ပါပြီကွာ"

သုထင်းဖုံးက ဒူးထောက်လိုက်သည်။

"ဦးလေးရဲ့ စေတနာကို စော်ကားမိတာ ကျွန်တော့်ကို ဆုံးမနိုင်ပါတယ်ဗျာ"

ကျူးဟွေက သူ့အား တွဲထူထားလိုက်လေသည်။

"မလိုပါဘူးကွယ်"

သုထင်းဖုံးသည် ကျူးဟွေ၏ရင်ခွင်ထဲသို့ တိုးဝင်သွားပြီး တင်းကျပ်စွာ ဖွေ့ပိုက်ထားလိုက်လေသည်။

မျက်ရည်များသည် ထိန်းမနိုင်သိမ်းမရ စီးဆင်းကျလာလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျူးပျှောက…

"ကဲ..ငါတူ မင်း အခုလို နားလည်လာတာကို တွေ့ရတဲ့အတွက် သိပ်ကို စိတ်ချမ်းသာပါတယ်၊ ဒါဟာ ဘုရားသိကြားမလို့ပဲ"

သုထင်းဖုံးက ကျူးစန်းဆီသို့ လျှောက်သွားလိုက်လေသည်။

သူက လက်နှစ်ဖက်ဆုပ်၍…

"ငါ့ညီကို စော်ကားမိတာ တောင်းပန်ပါတယ်"

ကျူးစန်းက…

"အခုလို သဘောပေါက်တာကို ကျွန်တော်ဝမ်းသာလို့ မဆုံးပါဘူးဗျာ"

သူတို့နှစ်ယောက်သည် ဝမ်းသာစွာ သိုင်းဖက်ထားလိုက်လေသည်။

♠ ♠ ♠



သုထင်းဖုံးက…

"ဦးလေး အဖေ့ကို သတ်သွားတဲ့လူ ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော်သိချင်တယ်၊ ပြီးတော့ ယုကျင်းဝါး ဘယ်သွားတယ်ဆိုတာလဲ သိချင်တယ်၊ သူ့ကို ကျွန်တော် တောင်းပန်ချင်တယ်"

ကျူးပျှောက…

"ယုကျင်းဝါး ဘယ်ကို သွားသလဲဆိုတာ ဦးလေး မသိဘူး။ ဒါပေမယ့် လိုက်စုံစမ်းရင် ရနိုင်ပါတယ်"

သူက ဆက်၍…

"မင်းအဖေ သတ်တာ ဘယ်သူလဲဆိုတာလဲ ဦးလေး မသိပါဘူး"

သုထင်းဖုံးက…

"ဒီအကြောင်းကို ဘယ်သူသိနိုင်သလဲဆိုတာ ဦးလေး မသိဘူးလား"

ကျူးပျှောက…

"တစ်ယောက်တော့ ရှိတယ်"

သုထင်းဖုံးက အားတက်လာလေသည်။

"သူက ဘယ်သူလဲ"

ကျူးပျှောက…

"မင်းအဖေရဲ့ သွေးသောက်တစ်ယောက်ပေါ့။ သူ့ကို သိုင်းလောကသားတွေက အမှုးသမားလို့ ခေါ်ကြတယ်"

သုထင်းဖုံးက…

www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်မှာနေသလဲ"

ကျူးဟွေ့က...

"သူကတော့ နေရာတကျ မရှိဘူး၊ ခြေဦးတည့်ရာ သွားနေတဲ့ လူတစ်ယောက်ပါ"

သူက ဆက်၍...

"ဦးလေးလဲ သူ့အကြောင်းကို စုံစမ်းနေတာ နှစ်အတန်ကြာပြီ၊ ဘာသတင်းမှ မကြားဘူး"

သုထင်းဖုံးက စိတ်ဓာတ်လုံးဝ ကျသွားလေသည်။

"ဒီအတိုင်းဆိုရင် ကျွန်တော်ကြိုးစားခဲ့သမျှ ဘာအသုံးကျတော့မှာလဲ"

ကျူးဟွေ့က...

"စိတ်ဓာတ်မကျပါနဲ့ ငါ့တူ၊ ဒီအကြောင်း သိတဲ့လူတစ်ယောက် ရှိသေးတယ်"

သုထင်းဖုံးသည် မျှော်လင့်ချက် ရောင်ခြည်သန်းလာသည်ကို တွေ့ရသဖြင့် သူက စိတ်အားထက်သန်စွာ မေးလိုက်သည်။

"အဲဒီ လူက ဘယ်သူလဲ ဦးလေး"

ကျူးဟွေ့က...

"သွေးအေးယောဂီ"

သုထင်းဖုံးက...

"သူ ဘယ်မှာ ရှိသလဲ"

ကျူးဟွေ့က...



"သူက ဝက်ပါလိုဏ်ဂူထဲမှာ နေထိုင်ပါတယ်"

သုထင်းဖုံးက...

"ဝက်ပါလိုဏ်ဂူက ဘယ်မှာရှိပါသလဲ ခင်ဗျာ"

ကျူးဟွေ့က...

"ဒီကနေသွားရင် သိပ်မဝေးလှဘူး၊ လီပေါင်းတစ်ရာလောက်ပဲ ဝေးတယ်၊ အဲဒီမှာ ဝက်ပါလိုဏ်ဂူဆိုရင် အားလုံးက သိတယ်၊ ဒါပေမယ့်..."

သုထင်းဖုံးက...

"ဒါပေမယ့် ဘာဖြစ်လဲ ဦးလေး"

ကျူးဟွေ့က...

"ဝက်ပါလိုဏ်ဂူအဝမှာ ကျောက်ပြားတစ်ချပ် ထောင်ထားတယ်၊ ကျောက်ပြားပေါ်မှာ ရေးထားတာကတော့ ဘယ်သူမဆို ဝက်ပါလိုဏ်ဂူထဲ ဝင်ရင် သေစေလို့ပါပဲ"

သုထင်းဖုံးက...

"ဒီလို ရက်စက်တဲ့ စာမျိုးရေးရသလား"

"ကျုပ်သိသလောက်ဆိုရင် ဝက်ပါလိုဏ်ဂူထဲကို ဝင်ရင် လူတော်များများ သူ့လက်ချက်နဲ့ သေသွားတယ်လို့ သိရတယ်"

သုထင်းဖုံးက...

"ဒီလောက်တောင်ပဲလား"

ကျူးဟွေ့က...

"သူက အခုလို လူသတ်လို့လဲ 'သူ့နာမည်ကို' သွေးအေး

www.burmeseclassic.com

www.burmeseclassic.com



ယောဂီလို့ အမည်ပေးထားတာပေါ့"

သုထင်းဖုံးက...

"ကောင်းပြီ၊ ကျွန်တော် အဲဒီကို သွားမယ်၊ ယုကျင်းဝါးကိုလဲ လိုက်ရှာမယ်"

ကျူးစန်းက...

"အစ်ကိုကြီး ဒီမှာ တစ်ညလောက် အိပ်သွားပါဦးလား"

သုထင်းဖုံးက...

"ကောင်းပြီလေ၊ ဒီအိမ်မှာ တစ်ချိန်တုန်းက အကြာကြီးနေခဲ့တာမို့ သံယောဇဉ် မပြတ်ပါဘူး"

သူတို့သုံးယောက်သည် အိမ်ထဲသို့ ဝင်သွားကြလေသည်။

♠ ♠ ♠

နောက်တစ်နေ့...

နံနက်အချိန်...

သုထင်းဖုံးသည် ကျူးဖေ့တို့သားအဖအား နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။

သူသည် ထင်းရှူးကျေးရွာမှ ထွက်လာပြီး ဝက်ပါတောင်ကြားရှိရာသို့ ဦးတည်သွားလေသည်။

သို့ဖြင့်...

♠ ♠ ♠



## ရှုပ်ထွေးပွေလီ

သုထင်းဖုံးသည် သွေးအေးတောင်ကြားရှေ့သို့ ရောက်ရှိနေလေပြီ ဖြစ်သည်။

ဝက်ပါတောင်ကြားဆိုသည်မှာ လွန်ထူးခြားသော နေရာတစ်ခုဖြစ်သည်ဟု သူက အလိုလို ခံစားလိုက်မိလေသည်။

တောင်ကြားလမ်း၏ တစ်ဖက်တစ်ချက်မှာ မြင့်မားပြီး မတ်စောက်သော နံရံများရှိသည်။

တောင်ကြားလမ်းက အလွန်ကျဉ်းမြောင်းသည်။

တောင်ကြားလမ်း၏ အဝင်ဝ နေရာတွင် ကျောက်ပြားတစ်ချပ် စိုက်ထူထားသည်။

ကျောက်ပြားပေါ်၌ စာများ ရေးသားထားလေတော့သည်။

"ဤသွေးအေးတောင်ကြားသို့ မည်သူမျှ မဝင်ရ၊ မည်သူမဆို ဝင်ရောက်ခဲ့ပါလျှင် အသက်ဆုံးရှုံးလိမ့်မည်ကို သတိမူ...

"ပုံ

သွေးအေးယောဂီ"

www.burmeseclassic.com

www.burmeseclassic.com



သုထင်းဖိုးက ထိုစာကို ဖတ်ရှုပြီးနောက် လုံးဝအရေးမထား ဘဲ တောင်ကြားလမ်းထဲသို့ ဆက်လက်ဝင်ရောက်သွားလေသည်။

ခြေလှမ်းနှစ်ထောင်ခန့် လှမ်းဝင်မိသောအခါ မြင်ကွင်းတစ်ခုလုံး ကျယ်ပြန့်လာလေသည်။

ပုံစံအမျိုးမျိုးရှိသော ကျောက်ဆောင်ကျောက်တုံးများ ပြည့်ကျပ်၍နေ၏။

သစ်ပင်များမှာလည်း ပြန့်ကြဲ၍ နေ၏။

"မျက်စိတစ်ဆုံးမှာ အိမ်ခြေလဲ မတွေ့ရပါလား"

သူက ဤသို့ တစ်ယောက်တည်း ညည်းညူလိုက်လေသည်။

ထိုအချိန်မှာပင် စူးရှသော အော်သံတစ်သံ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

"ဥ"

အော်သံသည် လူသံနှင့် လုံးဝမတူပါချေ။

အေးစိမ့်ပြီး စူးရှသော အသံတစ်မျိုး ဖြစ်သည်။

သုထင်းဖိုး၏ ကျောပြင်တစ်ခုလုံး အေးစိမ့်သွားလေသည်။

"ဒီတောင်ကြားထဲမှာ တကယ်ပဲ ဝိညာဉ်တွေ ရှိနေလို့လား"

သူက ခေါင်းတစ်ချက်ဆတ်ကာ...

"မဖြစ်နိုင်ဘူး၊ ဝိညာဉ်တွေ ရှိလဲ နေ့ခင်းကြောင်တောင်မှာ ထွက်လာရဲမှာ မဟုတ်ဘူး"

စူးရှအေးစိမ့်သော အော်သံသည် တဖြည်းဖြည်း ကွယ်



ပျောက်သွားလေသည်။

အခြားအသံတစ်သံ ထွက်ပေါ်လာလေသည်။

"နင်က ဘယ်သူလဲ၊ တောင်ကြားအဝမှာ ထောင်ထားတဲ့ ကျောက်ပြားကို မတွေ့ဘူးလား"

ဤအသံသည် လူသံနှင့်တူ၏။

သုထင်းဖိုးသည် အသံလာရာသို့ မျက်လုံးဖြင့် ရှာဖွေကြည့်လိုက်သည်။

လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရပေ။

"ခင်ဗျား ဘယ်သူလဲဗျ"

အသံရှင်က...

"ဒါတွေ မေးစရာမလိုဘူး၊ ဒီကနေ အမြန်ထွက်သွားရင် အသက်ချမ်းသာမယ်၊ ဒါပဲ"

သုထင်းဖိုးက...

"သွေးအေးယောဂီကိုတွေ့မှ ထွက်သွားမယ်"

အသံရှင်က...

"သွေးအေးယောဂီက ဘယ်သူ့ကိုမှ မတွေ့ခံဘူးဆိုတာ မင်း နားလည်ထားစမ်းပါ"

သုထင်းဖိုးက...

"ကျွန်တော့်မှာ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့ သွေးအေးယောဂီကို မတွေ့မဖြစ်လို့"

အသံရှင်က...

www.burmeseclassic.com

www.burmeseclassic.com



"မင်းသေချင်ပြီနဲ့ တူတယ်"

ထိုစကားဆုံးသွားသည်နှင့် လူတစ်ယောက် မည်ကဲ့သို့ ရောက်ရှိလာမှန်း မသိပါချေ။

သုထင်းဖုံးနှင့် သုံးလံခန့် အကွာတွင် ဘွားခနဲ ပေါ်လာသည်ကို တွေ့မြင်လိုက်လေသည်။

အလွန်ရုပ်ဆိုးပြီး ခန္ဓာကိုယ် အလွန်ထွားကျိုင်းသော လူတစ်ယောက် ဖြစ်သည်။

သူ၏ဦးခေါင်းတစ်ခုလုံးတွင် ဆံကေသာတစ်မျှင်မျှ မရှိပါချေ။

ခန္ဓာကိုယ်အပေါ်ပိုင်းမှာ ဗလာဖြစ်နေပြီး အနီရောင်ဘောင်းဘီအတိုတစ်ထည်သာ ဝတ်ဆင်ထားလေသည်။

သူက ဒေါသတကြီးဖြင့် လက်သီးထောင်ပြလိုက်လေသည်။

"နင်ထွက်သွားမလား၊ ငါ့လက်သီးနဲ့ ၊သချင်သလားကွ"

သုထင်းဖုံးက...

"ကျုပ်က ယောဂီကြီးကို မတွေ့ရမချင်း မထွက်ဘူးဗျ"

"ဟား..ဟား..ဟား"

ထိုလူ ရယ်မောလိုက်သည်။

"ငါ နောက်ဆုံး အခွင့်အရေးပေးမယ်၊ မင်း အခုချက်ချင်းထွက်သွားရင် အချိန်မီသေးတယ်"

သုထင်းဖုံးက...

"မသွားဘူး"



ထိုလူက လက်သီးဖြင့် တိုက်ခိုက်လိုက်သည်။

သုထင်းဖုံးက ညာဘက်လက်ဝါးဖြင့် ရိုက်ချလိုက်လေတော့သည်။

ထွားကျိုင်းလှသော ထိုလူသည် ဝါးတစ်ရိုက်ခန့် အကွာသို့ လွင့်စဉ်သွားလေသည်။

ထိုလူသည် လုံးဝမထနိုင်တော့ဘဲမြေပေါ်သို့ လဲကျသွားလေသည်။

သုထင်းဖုံး ပြုံးလိုက်၏။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ထိပ်တိုက်

သူထင်းဖုံးက ထိုလူအား လှည့်မကြည့်ဘဲ အရှေ့သို့ ဆက်သွားလေသည်။

ထိုစဉ် အသံတစ်သံ ထွက်ပေါ်လာသည်။

"ရှေ့မတိုးနဲ့ ရပ်လိုက်ပါ"

မိန်းကလေးတစ်ယောက်က ဟန့်တားလိုက်၏။

သူထင်းဖုံးက ခြေလှမ်းရပ်လိုက်သည်။

မိန်းကလေးအား အကဲခတ်ကြည့်လိုက်သည်။

သူမ၏မျက်နှာမှာ ခက်ထန်သည့် ဟန်မူရာများ ပေါ်လွင်နေလေသည်။

သူမ၏ဘယ်ဘက်လက်သည် ခါးတွင် ချိတ်ထားသော ဓား၏လက်ကိုင်အား ဆုပ်ထားလေ၏။



သူမက ဆက်၍...

"ရှင်က ဘယ်သူလဲ၊ ဘာကြောင့် ဒီတောင်ကြားထဲကို ကျူးကျော်ဝင်ရောက်လာတာလဲ"

သူထင်းဖုံးက အဖြေမပေးမီ နောက်ထပ် မိန်းကလေးတစ်ယောက် ရောက်ရှိလာပြန်သည်။

ထိုမိန်းကလေးသည် ရပ်နေသော မိန်းကလေးနည်းတူ လှပနုနယ်ပြီး လက်တစ်ဖက်က ခါးမှဓားကို ဆုပ်ကိုင်ထားလေ သည်။

သူမက လဲလျောင်းနေသော သူတို့၏လူအား တစ်ချက်ကြည့်လိုက်သည်။

"တောင်ကြားကို ကျူးကျော်ရုံတင်မကသေးဘူး၊ ကျွန်မတို့လူကိုလဲ စော်ကားတယ်"

သူထင်းဖုံးက...

"ဒါက ကျုပ်က အရင်စော်ကားတာ မဟုတ်ဘူးဗျ၊ သူက အကြောင်းမဲ့ တိုက်ခိုက်လာလို့ ကျုပ်က ကိုယ့်ကိုယ်ကို ကာကွယ်လိုက်တာပါ"

ဟု ပြောလိုက်၏။

ထိုအခါ...

ပထမ မိန်းကလေးက...

"ရှင့်ရဲ့ သိုင်းပညာဟာ တော်တော်လေး အဆင့်မြင့်မယ်လို့ ထင်ရတယ်"

"ခြွမ်း"

www.burmeseclassic.com

www.burmeseclassic.com



သူမက ဓားဆွဲထုတ်လိုက်သည်။

"ရှင့်ရဲ့စွမ်းရည်ကို စမ်းကြည့်တာပေါ့"

သူမသည် စကားဆုံးသွားသည်နှင့် သုထင်းဖိုးအား လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

သုထင်းဖိုးက ကမန်းကတန်းဖြင့် ရှောင်တိမ်းလိုက်၏။

မိန်းကလေး၏ဓားရည်မှာ မညံ့လှပါ။

သို့သော်...

သူမက သိုင်းကွက်သုံးကွက်တိတိ တိုက်ခိုက်လိုက်သည်ကို သုထင်းဖိုးက အေးဆေးစွာ ရှောင်တိမ်းနိုင်ခဲ့လေသည်။

ဒုတိယ မိန်းကလေးက...

"မဆိုးပါလား"

ဟု ပြောကာ ဓားကို ဆွဲထုတ်လိုက်ပြီး သုထင်းဖိုးအား ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

သူမတို့နှစ်ယောက်၏တိုက်ကွက်များက အလွန်ဆန်းကြွယ်လှ၏။

ပြီးလျှင် သူမတို့နှစ်ယောက်က သူ့အား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်နေကြလေသည်။

♠ ♠ ♠



သုထင်းဖိုးသည် ထိုမိန်းကလေးနှစ်ယောက်၏ ဓားချက်များကို ရှောင်တိမ်းနေ၏။

တဖန် အခွင့်သာသည်နှင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူ၏လက်ဝါးရိုက်ချက်မှာ အားမာန်ပြင်းထန်သောကြောင့် မိန်းကလေးနှစ်ယောက်မှာ နောက်သို့ ကမန်းကတန်း ဆုတ်သွားရလေသည်။

သုထင်းဖိုးက ဆက်၍ တိုက်ခိုက်ရန် ရှေ့သို့ ခြေလှမ်း လှမ်းလိုက်သည်။

"ရပ်လိုက်"

ရုတ်တရက် အသံတစ်သံ ထွက်ပေါ်လာသည်။

အသံမှာ ကျယ်လောင်ခြင်း မရှိပါချေ။

သို့သော်...

သုထင်းဖိုး၏ နားနှစ်ဖက်၌ အုံးခနဲအသံ မြည်သွားလေသည်။

ထိုအသံရှင်၏ အတွင်းအားမှာ အလွန်ကောင်းလေသောကြောင့် ဖြစ်၏။

ထိုလူသည် သိုင်းပညာရှင်တစ်ယောက် ဖြစ်ရမည်ဟု သုထင်းဖိုးက ခန့်မှန်းခဲ့လေသည်။

သူသည် အသံလာရာသို့ ကြည့်လိုက်သည်။

အသက်အရွယ် အိုမင်းနေသော ယောဂီကြီးသည် မည်

www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန်က ရောက်ရှိနေမှန်း မသိပါချေ။

သူနှင့် ဝါးတစ်ရိုက်ခန့် အကွာတွင် ရပ်နေသည်ကို တွေ့ရလေသည်။

ထိုယောဂီကြီးသည်- သွေးအေးတောင်ကြားပိုင်ရှင် ဖြစ်သည်ကို သူက ရိပ်စားမိလေသည်။

သူက လက်နှစ်ဖက်ဆုပ်၍ အရိုအသေပေးလိုက်လေသည်။

"တောင်ကြားပိုင်ရှင်ကို ဂါရဝပြုပါတယ်"

ထိုယောဂီကြီးသည် သွေးအေးယောဂီ ဖြစ်သည်။

ယောဂီကြီးက...

"ဒကာလေးက ဘယ်သူလဲ၊ တောင်ကြားဝမှာ စိုက်ထားတဲ့ ကျောက်ပြားကို မတွေ့ဘူးလား"

သုထင်းဖုံးက...

"တွေ့ပါတယ်၊ တပည့်တော်မှာ အရေးကြီးတဲ့ကိစ္စ ရှိလို့ပါ"

ယောဂီကြီးက...

"ဘာကိစ္စလဲကွယ့်"

သုထင်းဖုံးက...

"ကိုးတောင်ကျားသုကျန်း အကြောင်းပါ"

"ကျုပ်နဲ့ ဘာဆိုင်လို့ လာမေးတာလဲ"

"တပည့်တော်ရဲ့ဖခင်ကို သတ်တဲ့လူအကြောင်း သိတယ်လို့ ပြောနေကြလို့ပါ"

ယောဂီကြီးက...



"ကျုပ်နဲ့ မဝတ်သက်တဲ့ ကိစ္စကို လာမမေးနဲ့ ကျုပ် မသိဘူး"

သုထင်းဖုံးက...

"တပည့်တော်ကို ကူညီပါ၊ ဖခင်အတွက် လက်စားချေချင်လို့ပါ"

ယောဂီကြီးက...

"မင်း ဘာမှ မပြောနဲ့တော့၊ အခုချက်ချင်း ဒီကနေ ထွက်သွားပါ"

သုထင်းဖုံးက...

"ယောဂီကြီး မပြောမချင်း ဒီက မထွက်ဘူး"

ယောဂီကြီးက...

"ဒကာလေးမထွက်ရင် ကျုပ်အဆိုးမဆိုနဲ့"

သုထင်းဖုံးက...

"ယောဂီကြီး ပြောမပြရင် တောင်ကြားကို တပည့်တော် မီးရှို့ပစ်မယ်"

ယောဂီကြီးက...

"မင်း သေချင်ပြီနဲ့ တူတယ်"

ယောဂီကြီးက လက်ထဲမှ ချိုင်းထောက်ဖြင့် သုထင်းဖုံးအား တိုက်ခိုက်လိုက်သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ယောဂီကြီး၏သိုင်းပညာသည် အလွန်အဆင့်မြင့်လေသည်။

အတွင်းအားလည်း အလွန်ကောင်းသည်။

ထို့ကြောင့် သုထင်းဖုံးနှင့် တိုက်ခိုက်လိုက်သောအခါ သုထင်းဖုံး အံ့ဩသွားလေသည်။

ယောဂီကြီး၏အသက်သည် ခုနစ်ဆယ်ခန့်ရှိပြီဟု သူက စိတ်ထဲတွင် ထင်ထားသည်။

သူမ၏အတွင်းအားသည် မိမိ ထင်ထားတာထက် များစွာ အားကောင်းနေလေသည်။

သူသည် ပေါ့ပေါ့တန်တန် မထားဝံ့ဘဲ သတိကြီးစွာ ထားနေရသည်။

ယောဂီကြီးသည် သုထင်းဖုံးနှင့် သိုင်းကွက်သုံးကွက် ယှဉ်ပြိုင်မိသောအခါ သူမက အံ့ဩသွား၏။

အသက်နှစ်ဆယ်ခန့်သာရှိသော ထိုသူငယ်၏အတွင်းအားသည် အသက်ခြောက်ဆယ်ခန့် ရှိသော သိုင်းသမားတစ်ယောက်၏ အတွင်းအားနှင့် ညီမျှနေလေသည်။

ထို့ကြောင့် သူမသည် သုထင်းဖုံးအပေါ် အထင်မသေးဝံ့ပါချေ။

သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုသည် တစ်စထက်တစ်စ ပြင်းထန်လာသည်။

ထိုအချိန်တွင်...



အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာလေသည်။

"လူကြီးတစ်ယောက် ဖြစ်ပြီး ငယ်ရွယ်သူတစ်ယောက်ကို အနိုင်ကျင့်တာ မရှက်ဘူးလား"

ထိုစကားကြားလိုက်ရသည်နှင့် ယောဂီကြီးက နောက်သို့ ဆုတ်သွားလေသည်။

သုထင်းဖုံးကလည်း တိုက်ခိုက်ရာမှ ရပ်လိုက်၏။

ထို့နောက်...

သုထင်းဖုံးနှင့် ယောဂီကြီးတို့သည် အသံထွက်ပေါ်လာရာဘက်သို့ ပြိုင်တူ လှည့်ကြည့်ကြသည်။

လူသူ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရပါ။

ယောဂီကြီးက သုထင်းဖုံးအား စိုက်ကြည့်လိုက်သည်။

"မင်းက အပေါင်းအဖော် ခေါ်လာတာကိုး"

သုထင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

"တပည့်တော် ဘယ်သူ့ကိုမှ ခေါ်မလာပါဘူး"

ယောဂီကြီးက...

"ဘာပဲဖြစ်ဖြစ် ဒကာလေးကို နောက်ဆုံး အခွင့်အရေးပေးမယ်၊ သည်တောင်ကြားကနေ အမြန်ဆုံး ထွက်သွားပါ"

သုထင်းဖုံးက...

"သည်အကြောင်းကို ယောဂီကြီး မပြောပြမချင်း တပည့်တော် မသွားနိုင်ဘူး"

ယောဂီကြီးက မဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒကာလေး သေချင်ရင်တော့ နေခဲ့ပါ၊ ရပါတယ်"

သီလရှင်သည် စကားဆုံးသွားသည်နှင့် နောက်သို့ ဆုတ်သွားလေသည်။

သုထင်းဖိုးက ကြောင်အမ်းအမ်းဖြင့် ငေး၍ ကြည့်နေစဉ် ယောဂီကြီးနှင့် မိန်းကလေးနှစ်ယောက်တို့သည် ဝါးရုံတောတစ်ခုထဲသို့ တိုးဝင်သွားပြီး ပျောက်ကွယ်သွားလေသည်။

♠ ♠ ♠



## ဝက်ပါ

သုထင်းဖိုးသည် ရပ်၍ ကြောင်ကြည့်နေ၏။

ယောဂီကြီးတို့ ပျောက်ကွယ်သွားမှ သတိရလာပြီး ပြေးလိုက်သွားလေသည်။

ယောဂီကြီးတို့၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါ။

"ဘယ်ရောက်သွားပါလိမ့်"

သူက ဤသို့ ညည်းညူရင်း ရပ်၍ စဉ်းစားနေ၏။

"ငါ ဘာဆက်လုပ်ရမလဲ"

သူက ဤသို့ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်လိုက်မိလေသည်။

"ငါ့အဖေကိုသတ်တဲ့ ရန်သူကို သူသိထားတော့ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းတစ်ချက်ဆတ်လိုက်သည်။

"မတွေ့ဘူး။ ငါ သူ့ကို တွေ့အောင်ရှာပြီး သည်ကိစ္စကို မပြောပြောအောင် မေးရမှာပဲ"

သူသည် ဤသို့ ဆုံးဖြတ်ပြီးနောက် ယောဂီကြီးတို့ တိုးဝင်သွားသော ဝါးရုံတောထဲသို့ လိုက်ဝင်သွားလေတော့သည်။

♠ ♠ ♠

သူထင်းဖုံးသည် ဝါးရုံတောထဲသို့ တိုးဝင်မိသောအခါ ဝါးရုံတော၏ နောက်ကွယ်တွင် အလွန်ကျယ်ပြန့်သော မြေကွက်လပ်တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

သူက ပတ်ဝန်းကျင်ကို လှည့်ပတ်၍ အကဲခတ်ကြည့်လိုက်ရာ ယောဂီကြီးတို့ကို မတွေ့ရတော့ပါ။

သူက ခြေလှမ်းရပ်တန့်လိုက်သည်။

"သူတို့ ဘယ်ရောက်သွားပါလိမ့်"

သူက ပတ်ဝန်းကျင်ကို ထပ်မံ၍ လှည့်ပတ်ကြည့်ရှုလိုက်သည်။

ပုန်းအောင်းနိုင်သော နေရာဟူ၍ တစ်ခုမျှ မတွေ့ရပါ။

သို့သော်...

သူက စိတ်မပျက်ပါ။

"သူတို့ သည်နေရာတစ်ဝိုက်မှာပဲ ရှိရမယ်"



သူက ဤသို့ တစ်ကိုယ်တည်း ပြောရင်း ထပ်မံ၍ လိုက်လံရှာဖွေလေသည်။

သူက သုံးကြိမ်တိတိ သေသေချာချာ ရှာဖွေကြည့်လိုက်တော့မှ လှေကားထစ်တစ်ခုကို မြင်တွေ့လိုက်ရလေသည်။

♠ ♠ ♠

သူထင်းဖုံးက အလွန်ဝမ်းသာသွားသည်။

"သူတို့ သည်ကနေ ဆင်းသွားမှာ သေချာတယ်"

သူက လှေကားထစ်အတိုင်း အောက်သို့ ဆင်းသွားလေသည်။

လှေကားထစ် စုစုပေါင်း တစ်ရာကျော်ခန့် ရှိသည်။

အလွန်နက်ရှိုင်းသော ချောက်ကမ်းပါးတစ်ခု ဖြစ်နေသည်ကို သူက နားလည်လိုက်သည်။

သူသည် နောက်ဆုံး လှေကားထစ်၌ ခဏရပ်၍ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

သူရပ်နေသော နေရာနှင့် ဝါးတစ်ရိုက်ခန့် အကွာရှိ တောင်နံရံနှစ်ခု၏ အလယ်တွင် လမ်းကြားကလေးတစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူက မဆိုင်းမတွဘဲ ထိုတောင်နံရံကြား လမ်းထဲသို့ ပြေးဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းကလေးသည် ပေတစ်ရာခန့် ရှည်လိမ့်မည်ဟု ထင်ရလေသည်။

လမ်းကလေး ဆုံးသွားသည်နှင့် သူက ရှေ့သို့ လှမ်းကြည့်လိုက်ရာ သူ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေတော့သည်။

အကြောင်းမှာ…

သူ့ရှေ့တွင် လိုဏ်ဂူများ တန်းစီ၍ များပြားစွာ ရှိနေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

♠ ♠ ♠



သုထင်းဖုံးသည် များပြားလှသော လိုဏ်ဂူအား ကြည့်ကာ အံ့သြမိလေသည်။

သူက လိုဏ်ဂူများကို ရေတွက်ကြည့်သည်။

စုစုပေါင်း လိုဏ်ဂူ နှစ်ဆယ့်ငါးခု ရှိသည်ကို တွေ့ရှိရလေသည်။

သွေးအေးယောဂီသည် ထိုလိုဏ်ဂူများအနက် လိုဏ်ဂူတစ်ခုခုတွင်ရှိရမည်ဟု သူက ယုံကြည်ထားသည်။

သူသည် အနည်းငယ် စဉ်းစားလိုက်ပြီးမှ ပထမ လိုဏ်ဂူထဲသို့ ဝင်ရောက်ရှာဖွေရန် ဆုံးဖြတ်လိုက်သည်။

သူသည် ရုတ်တရက် ပေါ်လာမည့် အန္တရာယ်ကို တုံ့ပြန်နိုင်ရန် လက်နှစ်ဖက်သို့ အတွင်းအားစုစည်းထားပြီး ပထမ လိုဏ်ဂူထဲသို့ စတင်ဝင်ရောက်ရန် ခြေလှမ်းလှမ်းလိုက်သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



သုထင်းဖိုးသည် ပထမ လိုဏ်ဂူထဲသို့ စတင်ဝင်ရောက်လာခဲ့သည်။

လိုဏ်ဂူထဲတွင် စိုထိုင်းသော အငွေ့အသက်များ လွှမ်းမိုးထားသည်။

လိုဏ်ဂူထဲတွင် လူသူ မရှိပါ။

လူ့အသုံးအဆောင်များလည်း လုံးဝမတွေ့ရပါ။

သူက လိုဏ်ဂူထဲမှ ပြန်ထွက်လာလေသည်။

♠ ♠ ♠

သုထင်းဖိုးသည် လိုဏ်ဂူ တစ်ခုပြီးတစ်ခု ဝင်ရောက်၍ ကြည့်ရှုလေသည်။

သို့သော်...

လိုဏ်ဂူ ခုနစ်ခုထိ ရောက်သော်လည်း လိုဏ်ဂူအားလုံးမှာ လူသူမရှိချေ။

လူ့အသုံးအဆောင် မတွေ့ရပါ။

သူက စိတ်မလျှော့ပါ။

ရှိသမျှ လိုဏ်ဂူထဲသို့ ထပ်မံဝင်ရောက်သွားလေသည်။

ဤတစ်ကြိမ် လိုဏ်ဂူထဲ၌ စိုထိုင်းသော အငွေ့အသက် မရှိပါ။

လိုဏ်ဂူထဲမှ နေရာများသည် သူ့အတိုင်း မရှိဘဲ ချောမွတ်



နေသည်ကို တွေ့ရသည်။

ဤလိုဏ်ဂူကို သေသေချာချာ မွမ်းမံထားသည်မှာ ထူးခြားနေ၏။

သူက စိတ်လှုပ်ရှားသွား၏။

ခြေလှမ်းဆယ်လှမ်းခန့် လျှောက်လာပြီးသောအခါ သူ၏ခြေလှမ်းကို ကမန်းကတန်း ရပ်လိုက်ရသည်။

အကြောင်းမှာ ဘယ်ဘက်နံရံကို မှီ၍ လူအရိုးစုများ တန်းစီ၍ ရှိနေသည်ကို တွေ့ရသောကြောင့် ဖြစ်လေသည်။

ထိုလူများကို သွေးအေးယောဂီ သတ်လိုက်ခြင်း ဖြစ်ရမည်ဟု သူက ယုံကြည်လေသည်။

အရိုးစုများကို ကြည့်ကာ သူ၏ရင်ထဲတွင် တုန်လှုပ်ချောက်ချားသွားသည်။

"တော်တော်ရက်စက်တဲ့ ယောဂီ"

ဤသို့ ခံပြင်းစွာဖြင့် ပြောဆိုလိုက်ခြင်း ဖြစ်လေသည်။

"ဂျိမ်း"

ရုတ်တရက် အသံတစ်သံ ကျယ်လောင်စွာ မြည်ဟိန်းသွားသည်။

သုထင်းဖိုးသည် ထိတ်လန့်စွာ တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။

တစ်ခဏကြာတော့မှ သူ၏စိတ်ကို တင်းလိုက်လေသည်။

အသံထွက်ပေါ်လာရာဘက်သို့ လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်လုံးအစုံသည် ဗိုင်းစက်ပြူးကျယ်သွားလေသည်။

လိုဏ်ဂူ၏အပေါက်ဝ ပိတ်သွားသည်ကို တွေ့ရသည်။

သူက ကမန်းကတန်း အပေါက်ဝရှိရာသို့ ပြေးလွှားသွားသည်။

အပေါက်ဝကို အလွန်ထုထဲသော ကျောက်ပြားတစ်ပြား ပိတ်နေသည်ကို တွေ့ရသည်။

သူက အစွမ်းအားကို စုစည်းပြီး ထိုကျောက်ပြားကို တွန်းလိုက်သည်။

ကျောက်ပြားက လုံးဝရွေ့လျားခြင်း မရှိပါ။

သူက အကြိမ်ကြိမ် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ပါ။

သူက စိတ်ဓာတ်ကျလာသည်။

မြေပြင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

♠ ♠ ♠



သုထင်းဖုံးသည် မြေပေါ်သို့ ထိုင်လျက်...

"ငါတော့ သည်လိုဏ်ဂူထဲမှာ ပိတ်ခံရပြီး သေရတော့မယ်နဲ့ တူတယ်"

သုထင်းဖုံးသည် လွယ်လွယ်နှင့် စိတ်လျှော့တတ်သော လူငယ်တစ်ယောက် မဟုတ်ပါ။

"ငါ သည်လို လက်လျှော့နေလို့ မဖြစ်ဘူး၊ သည်လိုဏ်ဂူထဲမှာ ထွက်ပေါက်တစ်ခုတော့ ရှိရမှာပဲ"

သူက ဤသို့ တွေးမိပြီး ထရပ်လိုက်သည်။

ထို့နောက် နံရံပေါ်တွင် လိုဏ်ဂူအပေါက်ဖွင့်သော ခလုတ်တစ်ခု ရှိမရှိ လိုက်ရှာလေသည်။

သို့သော် လိုဏ်ဂူတစ်ခုလုံးမှာ ချောမွေ့နေပြီး မည်သည့် ခလုတ်ကိုမျှ မတွေ့ရပါ။

သူက စိတ်ပျက်ရပြန်သည်။

သူ၏မျက်လုံးအစုံသည် အရိုးစုများထံသို့ ရောက်ရှိသွားလေသည်။

"ငါလဲ သူတို့လိုပဲ သေရတော့မယ်နဲ့ တူတယ်"

သူက အရိုးစုများကို ရေတွက်လိုက်၏။

စုစုပေါင်း အရိုးစု တစ်ဆယ့်သုံးခု ရှိသည်ကို တွေ့ရှိရလေသည်။

ထိုအရိုးစုများအနက် အရိုးစုတစ်ခုက နံရံကို မှီ၍ ထိုင်နေပြီး လိုဏ်ဂူ၏မျက်နှာကြက်ကို မော့ကြည့်နေပုံ ရှိနေသည်ကို တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျန်ရှိသောအရိုးစု တစ်ဆယ့်နှစ်ခုတို့မှာ လဲလျောင်းနေသော ပုံ ဖြစ်နေ၏။

အတွေးတစ်ခုသည် သူ၏ဦးနှောက်ထဲသို့ တိုးဝင်သွားလေသည်။

"သည်အရိုးစုဟာ ဘာကြောင့် တခြားအရိုးစုနဲ့ မတူဘဲ ဖြစ်နေရတာလဲ"

သူက ဆက်၍ စဉ်းစားလိုက်သည်။

"သည်လူတွေဟာ အသက်မသေခင် ထွက်ပေါက်ရှာမတွေ့လို့ သေကုန်ကြတာပဲ ဖြစ်ရမယ်"

သူက ဆက်၍ တွေးတောခဲ့လေသည်။

"သည်ထိုင်နေတဲ့ အရိုးစုဟာ ထွက်ပေါက်ကို တွေ့ပြီးလျက်သားနဲ့ အင်အားကုန်ခမ်းပြီး မထနိုင်လို့ သေသွားတာ ဖြစ်ရမယ်"

သူက တွေးရင်းတွေးရင်း စိတ်ဓာတ်တက်ကြွလာသည်။

"ငါလဲ သူတို့လို အသက်မသေမီ ထွက်ပေါက်ရအောင် ရှာရမယ်"

သုထင်းဖုံးသည် ဤသို့ ဆုံးဖြတ်လိုက်ပြီးနောက် မြေပေါ်၌ ထိုင်ချလိုက်ပြီး လိုဏ်ဂူထဲမှ မည်သို့ ထွက်ရမည့်လမ်းကို စတင်စဉ်းစားတွေးတောနေတော့သည်။

♠ ♠ ♠



အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

သုထင်းဖုံးသည် ဦးနှောက်ကို ဖွမ်းကုန်အသုံးပြုပြီး နည်းလမ်းမျိုးစုံ စဉ်းစားတွေးတောနေ၏။

သို့သော်...

အချိန်သာ ကုန်လွန်သွားသည်။

မည်သည့်နည်းလမ်းကိုမျှ ရှာမတွေ့နိုင်သေးပါ။

သူသည် အားမလျှော့ဘဲ ဆက်၍ စဉ်းစားနေသည်။

တစ်ခါတစ်ရံ သူသည် ထရပ်လိုက်ပြီး လိုဏ်ဂူတစ်ခုလုံးအား နေရာမလပ် အသေးစိတ် လိုက်လံကြည့်ရှုလေ့လာခဲ့သည်။

သို့တိုင်အောင် ထွက်နိုင်သော အပေါက်နှင့် ပတ်သက်သော အရာများ လုံးဝမတွေ့ရပါ။

သူသည် စိတ်ဓာတ် စတင်ကျလာလေသည်။

"မထူးတော့ပါဘူး။ သည်တစ်ခါ ငါ သည်မှာပဲ အရိုးစု တစ်ဆယ့်လေးခုမြောက် ဖြစ်လာလိမ့်မယ် ထင်တယ်"

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူတစ်ခုလုံးမှာ မှောင်မည်း၍ နေ၏။

သူထင်းဖိုးသည် အတွင်းအား အလွန်ကောင်းသော လူတစ်ယောက် ဖြစ်သည်။

ထို့ကြောင့်...

သူ၏မျက်လုံးများသည် အမှောင်ထုကို ဖောက်ထွင်းမြင်နိုင်သော စွမ်းအင် ရှိလေသည်။

သို့သော်လည်း သူက ဤလိုဏ်ဂူထဲသို့ ပိတ်မိနေသည်မှာ မည်မျှ အချိန်ကြာသွားသည်ကို သူက မခန့်မှန်းနိုင်ပါ။

သူ၏ဝမ်းဗိုက်တစ်ခုလုံး ဆာလောင်မွတ်သိပ်လာသည်။

သူသည် ဤလိုဏ်ဂူထဲသို့ ရောက်ရှိနေသည်မှာ အနည်းဆုံး နှစ်ရက်နှင့်နှစ်ည ရှိရမည်ဟု ခန့်မှန်းနိုင်ခဲ့သည်။

အစာမရှိ သောက်ရေမရှိ သူ့အဖို့ အားအင်တဖြည်းဖြည်း ကျသွားလေ၏။

သူက အချိန်ကြာစွာ တောင့်ခံနိုင်ရန် သူ၏ လှုပ်ရှားမှု မှန်သမျှကို ရပ်တန့်လိုက်သည်။

မြေပြင်ပေါ်၌ မလှုပ်မရှားဘဲ လဲလျောင်း၍ နေသည်။

♠ ♠ ♠



အချိန် မည်မျှ ကြာသွားမှန်း မသိချေ။

သူထင်းဖိုးသည် ထွက်ပေါက်ကို ရှာဖွေမတွေ့သေးပါချေ။

တင်းထားသော စိတ်ဓာတ် တဖြည်းဖြည်း မတင်းထားနိုင်တော့ပါ။

“ငါသေရတော့မယ် ထင်ပါရဲ့”

သူသည် ဖခင်အကြောင်းကို သတိရလာလေတော့သည်။

“ငါသေတာက အရေးမကြီးဘူး။ ငါ့အဖေအတွက် ရန်သူကို လက်စားမချေနိုင်တာ စိတ်ပျက်မိတယ်”

သူသည် မရဏာစောင်းသံရှင်ကို သတိရလာလေသည်။

“ဩော်.. မရဏာစောင်းသံရှင်ရယ်၊ မင်းကသာ ငါ့အနီးအနားမှာ ရှိမယ်ဆိုရင် ငါသေနိုင်မှာ မဟုတ်ဘူး”

စဉ်းစားရင်းစဉ်းစားရင်း သူ၏မျက်လုံးအစုံသည် အရိုးစုထံသို့ အမှတ်မထင် ရောက်ရှိသွားလေသည်။

ရုတ်တရက် အတွေးတစ်ခုသည် သူ၏ဦးနှောက်ထဲသို့ တိုးဝင်လာပြန်လေသည်။

“သူက ဘာကြောင့် အပေါ်ကို ခေါင်းမော့ကြည့်ရတာလဲ”

သူက ဆက်၍ စဉ်းစားလိုက်သည်။

“သူက ဘာကို ကြည့်နေတာလဲ”

သူ၏ဦးနှောက်ထဲသို့ အလင်းရောင်တစ်ခု လျှပ်တစ်ပြက် တိုးဝင်လာသည်။ သူက ထွက်ပေါက်ကို ကြည့်နေသလား။

သူ၏ရင်ထဲမှာ တစ်ချက်လှုပ်ရှားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ထထိုင်လိုက်သည်။

ခေါင်းမော့နေသော အရိုးစု၏အနေအထားကို သေသေချာချာ ကြည့်ပြီး သူလည်း ခေါင်းမော့၍ ကြည့်လိုက်လေ၏။

သူ့ရင်ထဲတစ်ချက် လှုပ်ရှားလာလေသည်။

အရိုးစု ခေါင်းမော့နေသော နေရာတည့်တည့် မျက်နှာကြက်မှာ ကြက်ဥအရွယ်ခန့်ရှိသော အလုံးတစ်လုံးကို တွေ့မြင်လိုက်ရသည်။

"သည်ကျောက်တုံးအဖုလေးက ကျောက်တုံးဖွင့်တဲ့ ခလုတ်ကလေး ဖြစ်နေမလား မသိဘူး"

သူက ဤသို့ တွေးမိလိုက်သည်နှင့် တစ်ပြိုင်နက် ထိုအဖုကလေးကို လက်ဝါးဖြင့် တွန်းလိုက်လေသည်။

"ဝုန်း"

လိုဏ်ဂူအပေါက် ပွင့်သွား၏။

လိုဏ်ဂူ၏မျက်နှာကြက်ပေါ်တွင် အပေါက်ကြီးတစ်ခု ပွင့်သွားလေသည်။ အလင်းရောင်သည် လိုဏ်ဂူထဲသို့ တိုးဝင်လာလေသည်။ သုထင်းဖုံးက ဝမ်းသာသွားသည်။

သူသည် ထိုအပေါက်မှ ခုန်ထွက်ခဲ့လေသည်။

ဝမ်းဗိုက် အလွန်ဆာလောင်မွတ်သိပ်နေသဖြင့် အနီးတွင် ပေါက်နေသော သစ်သီးပင်မှ အသီးများကို ခူး၍ အားရပါးရ စားလေသည်။ သူက စားသောက်ပြီးတော့မှ မြေပြင်ပေါ်၌ ထိုင်၍ နားနေလိုက်သည်။ ထိုအချိန် လူရိပ်တစ်ခုသည် သူ့ထံသို့ ပြေးလွှားနေ



သည်ကို ရုတ်တရက် တွေ့လိုက်ရသည်။

လာနေသူအား ကြည့်လိုက်လေသည်။

သူသည် အနီးသို့ ရောက်ရှိလာသည်။

မျက်နှာဖုံးစွပ်ထားသော ရုပ်ဆိုးမယုန် ဖြစ်လေသည်။

သူက စိတ်သက်သာသွားလေသည်။

ရုပ်ဆိုးမက သူ၏ရှေ့သို့ ရောက်ရှိလာသည်။

"ရှင်က တော်တော်အတင့်ရဲပါလား။ ဘာကိစ္စနဲ့ လာတာလဲ"

သုထင်းဖုံးက...

"အကြောင်း ရှိလို့ လာတာပါ"

သူက ပြန်မေးလိုက်၏။

"မင်းကော ဘာကိစ္စနဲ့ လာတာလဲ"

ရုပ်ဆိုးမက...

"လူပျောက်လို့ လိုက်ရှာနေတာ"

သုထင်းဖုံးက...

"ဘယ်သူလဲ"

ရုပ်ဆိုးမက...

"မသိချင်စမ်းပါနဲ့"

စကားဆုံးသွားသည်နှင့် သူမသည် ထိုနေရာမှ ပြေးသွားလိုက်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ဧည့်သည်

သုထင်းဖုံးသည် သွေးအေးယောဂီအား လိုက်လံရှာဖွေရန် ထိုနေရာမှ ထွက်ခွာလိုက်သည်။

သူသည် ခြေလှမ်းတစ်ရာခန့် လျှောက်လာမိသောအခါ တောအုပ်ငယ်တစ်ခုအတွင်းမှာ တိုက်ခိုက်နေသော အသံဗလံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သူက ခြေလှမ်းရပ်တန့်သွားသည်။

"သည်တောင်ကြားထဲ ဘယ်သူက ဝင်လာပြန်ပြီလဲ"

သူက တွေးရင်း တောအုပ်ငယ်တစ်ခု အတွင်းမှာ တိုက်ခိုက်နေသော အသံဗလံများ ထွက်ပေါ်သံကြားရာသို့ ချဉ်းကပ်လိုက်၏။

တောအုပ်ငယ်အတွင်း၌ သွေးအေးယောဂီနှင့် လူတစ်ယောက် အပြန်အလှန် တိုက်ခိုက်နေကြသည်ကို မြင်တွေ့လိုက်လေသည်။



ယောဂီကြီးနှင့် တိုက်ခိုက်နေသူမှာ ဆံပင်မုတ်ဆိတ်များ ဖြူဖွေးနေသော အဘိုးအိုတစ်ယောက် ဖြစ်နေသည်။

ထိုအဘိုးအို၏သိုင်းပညာမှာ မညံ့ပါ။

ယောဂီကြီးနှင့် လက်ရည်တူ တိုက်ခိုက်နိုင်စွမ်း ရှိသည်ကို တွေ့ရှိရလေသည်။

"သည်လူက ဘယ်သူများပါလိမ့်"

သူက ဤသို့ တွေးတောနေစဉ် ယောဂီကြီး၏အသံ ထွက်ပေါ်လာလေသည်။

"ရပ်လိုက်"

သူမကပြောပြီး နောက်သို့ ခြေလှမ်းနှစ်လှမ်းခန့် ဆုတ်လိုက်သည်။ အဘိုးအိုက...

"ယောဂီကြီး အရှုံးပေးပြီလား"

ယောဂီကြီးက သုထင်းဖုံး ရပ်နေသော နေရာသို့ လက်ညှိုးထိုးပြကာ ပြန်ပြောလိုက်လေသည်။

"ဟိုမှာ လူတစ်ယောက် ရပ်နေတာ မသိဘူးလားရှင့်"

သူမကပြောပြီး လှမ်းခေါ်လိုက်သည်။

"ဘယ်သူလဲ ထွက်ခဲ့စမ်း"

သုထင်းဖုံးက တောအုပ်အတွင်းသို့ လှမ်းဝင်သွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ယောဂီကြီးသည် မမျှော်လင့်ဘဲ သုထင်းဖုံးအား တွေ့မြင်လိုက်ရသဖြင့် အံ့သြသွားလေသည်။

"သည်သူငယ် အသက်ငယ်ငယ်နဲ့ လိုဏ်ဂူထဲမှာ ပိတ်မိတာကို ထွက်လာနိုင်ခဲ့တယ်ဆိုတာ အံ့သြစရာကောင်းပါတယ်"

သူမသည် သုထင်းဖုံးအား အထင်မသေးဝံ့တော့ပါ။

"မင်းက ဘယ်လိုဖြစ်ပြီး ထွက်လာနိုင်တာလဲ"

သုထင်းဖုံးက ဒေါသကြီးစွာဖြင့်...

"ခင်ဗျားက ယောဂီတစ်ယောက် ဖြစ်ပြီး တော်တော်ရက်စက်တာပဲ"

ယောဂီကြီးက...

"နင်ဟာ ကံကောင်းလို့ မသေတာ၊ အေးအေးဆေးဆေးမနေဘူး၊ ရန်စလာပြန်ပြီလား"

သုထင်းဖုံးက...

"ကျုပ်မေးတာကို မဖြေဘဲ သည်တောင်ကြားကို မီးရှို့မယ်လို့ ပြောခဲ့တာ မမေ့ဘူး မဟုတ်လား"

ထိုအချိန် အဘိုးအိုက ကြားဖြတ်လိုက်သည်။

"မင်းက ဘယ်သူလဲ၊ အသက်ငယ်ငယ်နဲ့ လေလုံးထွားလှချည်လား"

သုထင်းဖုံးက...

"ကျုပ်ကို အားလုံးက သိုင်းလောက သူရဲကောင်းလို့ ခေါ်တယ်"



"ဟား..ဟား..ဟား"

အဘိုးအိုက အားပါးတရ ရယ်မောလိုက်သည်။

"သိုင်းလောက သူရဲကောင်းဆိုတာ မင်းလား"

သုထင်းဖုံးက...

"ဟုတ်တယ်"

အဘိုးအိုက သူ့အား စိုက်ကြည့်လိုက်သည်။

"အတော်ပဲ၊ မင်းကို ငါတွေ့ချင်နေတာ"

သုထင်းဖုံးက မျက်မှောင်ကုတ်သွား၏။

"ဘာကိစ္စ ရှိလို့လဲ"

အဘိုးအိုက...

"ကျုပ်တပည့်တစ်ယောက် အသတ်ခံလိုက်ရတယ်၊ ဘယ်သူသတ်သွားတယ်ဆိုတာ ကျုပ်သိချင်တယ်"

သုထင်းဖုံးက...

"သူ့နာမည်က ဘယ်သူလဲ"

အဘိုးအိုက...

"သူ့နာမည်ကို ပြောစရာ မလိုပါဘူး၊ သူဟာ သိုင်းသမားတစ်ယောက် ဖြစ်လျက်သားနဲ့ ပိုးဖဲအင်္ကျီများကိုသာ အမြဲဝတ်တတ်တယ်"

သုထင်းဖုံးသည် ဘုံကျောင်းပျက်တစ်ခုထဲ၌ အသက် ပေးဆုံးနေသော လူငယ်အား ပြန်လည်မြင်ယောင်လာသည်။

"ကျုပ်သိပါပြီ၊ သူ့ကို ဆံပင်နီသိုင်းသမားက သတ်သွား

www.burmeseclassic.com



တယ်လို့ သတင်းကြားမိတယ်”

အဘိုးအိုက...

“အခု ဆံပင်နီသိုင်းသမားက ဘယ်မှာလဲ”

သုထင်းဖုံးက...

“သူလဲ သေသွားပြီ”

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်လေသည်။

“သည်ကိစ္စဟာ မရဏစောင်းသံရှင်နဲ့ ပတ်သက်နေတယ်ဆိုတာ ငါသိတယ်”

သုထင်းဖုံးက ပါးစပ်ပိတ်ထားလိုက်သည်။

အဘိုးအိုက သုထင်းဖုံးအား အကဲခတ်ကြည့်လိုက်သည်။

“မရဏစောင်းသံရှင်ကို မင်းသိလား”

သုထင်းဖုံးက...

“သိတယ်”

“သူ အခု ဘယ်မှာလဲဆိုတာ မင်းသိလား”

“ခင်ဗျား ဘာလုပ်မလို့လဲ”

အဘိုးအိုက...

“ကျုပ်တပည့် အသတ်ခံရတာ သူ့ကြောင့် ဖြစ်ရမယ်”

ဟု ပြော၏။

သုထင်းဖုံးက အဘိုးအိုအား စိုက်ကြည့်လိုက်လေ၏။

“ခင်ဗျားက သူ့ကို ခင်ဗျားတပည့်အတွက် လက်စားချေမလို့လား”



အဘိုးအိုက...

“ဟုတ်တယ်၊ သူ့မှာ တာဝန်ရှိတယ်”

ဟု ပြောလိုက်၏။

သုထင်းဖုံးက ပြုံးနေ၏။

အဘိုးအိုက...

“မင်းက ဘာပြုံးနေတာလဲ”

ဟု မေးလိုက်၏။

သုထင်းဖုံးက...

“ခင်ဗျားက သူ့ကို နိုင်ပါ့မလား”

အဘိုးအိုက ဒေါသထွက်လာလေသည်။

“မင်းက ငါ့ကို အထင်သေးလို့ သည်စကားပြောတာလား”

သုထင်းဖုံးက...

“ခင်ဗျား ဘယ်သူလဲဆိုတာသာ ပြောပါ၊ ဒါမှလဲ သူ့ကို ဘယ်မှာ တွေ့မလဲဆိုတာ ပြောပြပါ့မယ်”

အဘိုးအိုက...

“ကျုပ်နာမည်က ဖူးကျုက်လို့ ခေါ်တယ်”

ဟု ပြော၏။

သုထင်းဖုံးက...

“သူ့ကို တွေ့ချင်ရင် ခုနစ်လ ဆယ့်ငါးရက်မှာ ချယ်ရီတောင်ကုန်းမှာ တွေ့နိုင်တယ်”

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ မင်းကို နောက်မှပဲ တွေ့ရဦးမယ်"

သူက ပြောပြီး ထွက်ခွာသွားရန် ချာခနဲ လှည့်ထွက်လိုက်သည်။

"ရပ်လိုက်"

ယောဂီကြီးက ဟန့်တားလိုက်သည်။

အဘိုးအိုက မျက်မှောင်ကုတ်သွားလေသည်။

သူက ယောဂီကြီးအား ကြည့်လိုက်ပြီး…

"ကျုပ်ကို ဘာဖြစ်လို့ တားရတာလဲ"

ဟု မေးလိုက်သည်။

ယောဂီကြီးက ပြုံးလိုက်၏။

သူ့မျက်အပြုံးက အေးစက်စက်အပြုံး ဖြစ်သည်။

သူမက အဘိုးအိုအား အတန်ကြာ စိုက်ကြည့်နေ၏။

ထို့နောက်…

"သည်တောင်ကြားထဲ ရောက်လာတဲ့လူ မှန်သမျှ အသက်ရှင်ပြီး ထွက်တဲ့ထုံးစံ မရှိဘူးဆိုတာ မေ့နေပြီလား"

♠ ♠ ♠



## သွေးကြွေး

ယောဂီကြီး ဟန့်တားလာသည်ကို တွေ့မြင်လိုက်သောအခါ အဘိုးအိုက သူမဘက်သို့ လှည့်၍ ရင်ဆိုင်လိုက်သည်။

"ယောဂီကြီးက ကျုပ်ကို တားလို့ ရမယ်လို့ ထင်သလား"

ယောဂီကြီးက…

"ငါ့ရဲ့ စွမ်းရည်ကို ရှင်သိပါတယ်"

ဟု ပြောလိုက်သည်။

ထို့နောက် သူမက ချိုင်းတောက်ဖြင့် အဘိုးအိုအား ကန့်လန့်ဖြတ် ရိုက်ချလိုက်သည်။

ယောဂီကြီးမှာ အတွင်းအား အလွန်ကောင်းသူ ဖြစ်ပေသည်။

ယခုကဲ့သို့ ချိုင်းတောက်အား အတွင်းအားအသုံးပြု ရိုက်ချလိုက်သောအခါ ရိုက်ချက်မှာ အလွန်ပြင်းထန်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင်...

အဘိုးအိုနှင့် ယောဂီကြီးတို့ ထပ်မံတိုက်ခိုက်ကြလေသည်။

ထို့အတူ...

ယောဂီကြီး၏တိုက်ကွက်လည်း ပြောင်းလဲသွားသည်ကို တွေ့ရသည်။

သူမ၏ရှိုင်းထောက်သည် လေအဟုန်၏ အရှိန်အဟုန်ဖြင့် လျှင်လျှင်မြန်မြန် တိုက်ခိုက်လိုက်သည်။

ယောဂီကြီးနည်းတူ အဘိုးအိုကလည်း မနှေးကွေးပါချေ။

သူ၏လက်ဝါးနှစ်ဖက်သည် အလျှင်အမြန် တုံ့ပြန်လိုက်သောကြောင့် လက်ဝါးအရိပ်များသည် ပလူပျံသွားလေသည်။

သုထင်းဖုံးက ကြည့်ရင်း ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားသည်။

ထိုသိုင်းကွက်ကို သူက အမည်မသိသော လူငယ်ထံမှ တွေ့ဖူးမြင်ဖူး ရင်ဆိုင်ခဲ့ဖူးသည် မဟုတ်ပါလား။

သူက အတန်ကြာ စဉ်းစားနေမိ၏။

ထိုစဉ်...

ရှည်လျားလှသော အသံတစ်သံကို ကြားလိုက်ရသည်။

♠ ♠ ♠



ရုတ်တရက် ထွက်ပေါ်လာသော အသံသည် အလွန်ကြည်လင်လှ၏။

သို့သော်...

မခံမရပ်နိုင်အောင်လည်း ကျယ်လောင်လှပေ၏။

ယောဂီကြီးက တိုက်ခိုက်ရာမှ ရုတ်တရက် ရပ်တန့်လိုက်သည်။

အဘိုးအိုကလည်း နောက်သို့ခြေနှစ်လှမ်းခန့် ဆုတ်၍ ရပ်တန့်လိုက်သည်။

အသံဆုံးသွားသည်နှင့် လူရိပ်တစ်ခုသည် လေထဲမှာ လွင့်မျောလာသည့်အလား ယောဂီကြီးနှင့် အဘိုးအိုတို့ တိုက်ခိုက်နေသောနေရာသို့ ရောက်ရှိလာသည်။

သုထင်းဖုံးသည် ထိုလူအား ကြည့်လိုက်၏။

ထိုအခါ...

သူက အံ့သြသွားလေ၏။

ထိုလူမှာ ရုပ်ဆိုးမပင် ဖြစ်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ရှပ်ဆိုးမသည် ရောက်လာသည်။

ရောက်လာလာချင်း မပြောမဆိုဘဲ အဘိုးအိုအား တိုက်ခိုက်လိုက်သည်။

အဘိုးအိုသည် မမျှော်လင့်ဘဲရုတ်တရက် တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့် ကမန်းကတန်း နောက်သို့ ဆုတ်သွားရလေသည်။

ရှပ်ဆိုးမလေးက ရှေ့သို့ တိုးလိုက်ပြီး ဆက်၍ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"ရပ်လိုက်"

အဘိုးအိုက ဟန့်တားလိုက်သည်။

ရှပ်ဆိုးမ ခြေလှမ်းရပ်တန့်သွား၏။

အဘိုးအိုက ရှပ်ဆိုးမအား စိုက်ကြည့်လိုက်လေသည်။

"မင်းက ဘယ်သူလဲ"

ဟု မေးလိုက်၏။

ရှပ်ဆိုးမက...

"ကျွန်မက လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်တုန်းက သွေးကြွေးကို ရှင့်ဆီက လာတောင်းတာပဲ"

ဟု ပြော၏။

အဘိုးအို မျက်မှောင်ကြုတ်သွား၏။

"ပြောစမ်းပါဦး၊ မင်းက ကျုပ်ကို သိလို့လား"

ရှပ်ဆိုးမက ရယ်မောလိုက်၏။

"ဟား..ဟား..ဟား"



သူမ၏ရယ်မောသံသည် ငိုသံနှင့် တူလှပေသည်။

ရှပ်ဆိုးမက ရယ်မောပြီးနောက် အဘိုးအိုအား လက်ညှိုးထိုး၍...

"ကျွန်မက ရှင့်ကို လိုက်ရှာနေတာ နှစ်ပေါင်းအတော်ကြာသွားပြီ၊ ရှင်ဟာ ဖူးကျက် ဖြစ်တယ်ဆိုတာ ကျွန်မကောင်းကောင်းကြီး မှတ်မိတာပေါ့"

ဟု ပြောလိုက်၏။

အဘိုးအိုက...

"ဟုတ်တယ်၊ ကျုပ်က ဖူးကျက်ပါ၊ မင်းနဲ့ ကျုပ်က ဘာရန်ငြိုးရှိလို့ သွေးကြွေးလာတောင်းတာလဲ ပြောပါ"

ဟု မေးလိုက်၏။

ရှပ်ဆိုးမက...

"စိတ်ချပါ၊ ပြောကို ပြောပြပါ့မယ်"

သူမ၏အသံသည် အလွန်ခံပြင်းသောလေသံ ဖြစ်နေလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားအဝမှ အသံများ ရုတ်တရက် ထွက်ပေါ်လာလေသည်။

ယောဂီကြီးက မျက်မှောင်ကြုတ်သွားလေသည်။

"ဘာဖြစ်နေမှန်း မသိဘူး၊ သည်ကနေ့ ငါ့ရဲ့တောင်ကြားထဲကို ကျူးကျော်လာတဲ့လူ မနည်းပါလား"

ဟု ရေရွတ်လိုက်၏။

ထို့နောက်...

ယောဂီကြီးသည် သူမ၏တပည့်မလေးနှစ်ယောက်အား အမိန့်ပေးလိုက်သည်။

"မင်းတို့နှစ်ယောက် သွားကြည့်ကြစမ်း၊ လာတဲ့လူတွေ မဝင်စေနဲ့"

ဟု ပြောလိုက်၏။

မိန်းကလေးနှစ်ယောက်က ပြိုင်တူ ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့"

ဟု ပြောကာ ချာခနဲလှည့်၍ တောင်ကြားအပေါက်ဝ ရှိရာသို့ ပြေးလွှားသွားလေသည်။

ရုပ်ဆိုးမက အဘိုးအိုအား လက်ညှိုးထိုးလိုက်၍...

"ရှင်မှတ်မိအောင် ပြောပြလိုက်ဦးမယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်က ရှင်တို့ လူစုလူဝေးနဲ့ ကျွန်မအဖေကို သတ်သွားကြတယ်၊ ရှင်မှတ်မိသေးလား"

ဟု မေးလိုက်၏။



အဘိုးအိုက မျက်မှောင်ကြုတ်သွားသည်။

"ငါက လူစုလူဝေးနဲ့ ဟုတ်လား"

ရုပ်ဆိုးမက...

"ဟုတ်တယ်"

အဘိုးအိုက...

"သူတို့က ဘယ်သူတွေလဲဆိုတာ ပြောနိုင်သလား"

ဟု မေးလိုက်၏။

ရုပ်ဆိုးမက...

"ကျွန်မ အသည်းစွဲအောင် မှတ်ထားတယ်၊ မမှတ်မိဘဲ နေပါ့မလား"

အဘိုးအိုက...

"ပြောစမ်း၊ သူတို့နာမည်တွေကို"

ရုပ်ဆိုးမက...

"စိတ်ချ၊ ပြောပြမယ်"

သူမက လူသတ်သမား၏အမည်များကို ပြောပြလိုက်လေသည်။

"သူတို့ထဲမှာ အသားမည်းတဲ့ လူတစ်ယောက်ပါတယ်"

သူမက ဆက်၍...

"နောက်ပိုင်းမှာ ကျွန်မ သူ့ကို လိုက်ရှာနေမှန်း သိသွား၍ ...တ်မြှုပ်နေလိုက်တယ်"

သူမက ဆက်၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တဲ့လူများကတော့ တုံးဟိုင်ပင်လယ်က အရှေ့ခေါ်း သမား၊ မိုးနဂါးနဲ့ လွှင်ပြင်ခါးသမားတို့ ပါဝင်ကြတယ်"

အဘိုးအိုက နားထောင်ရင်းမှ မျက်လုံးများ ဖြူးကျယ်လာသည်။

"နင့်အဖေက ဘယ်သူတွေလဲ"

ရုပ်ဆိုးမက...

"လေဝဲစွန်သိုင်းသမားဆိုရင် ရှင်သိမှာပါ"

အဘိုးအို၏မျက်နှာ ကွက်ခနဲပျက်သွား၏။

"ဒါဆို လေဝဲစွန်သိုင်းသမားဟာ နင့်အဖေလား"

ရုပ်ဆိုးမက...

"ဟုတ်တယ်"

သူမက စကားဆက်လိုက်သည်။

"ရှင့်ကို ကျွန်မလိုက်ရှာနေတာ နှစ်ပေါင်းတော်တော်ကြာပြီ၊ အခုမှပဲ.."

သူမ စကားမဆုံးမီ တောင်ကြားပြင်ပမှ ဆူညံသော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယောဂီကြီးက သုထင်းဖုံးအား တစ်ချက်ကြည့်လိုက်ပြီး နောက် တောင်ကြားအပေါက်ဝဘက်သို့ ပြေးလွှားထွက်ခွာသွားလေသည်။

♠ ♠ ♠



ရုပ်ဆိုးမသည် အဘိုးအိုအား ထပ်မံဝင်ရောက်တိုက်ခိုက် လိုက်ရာ အဘိုးအိုက တုံ့ပြန်တိုက်ခိုက်လိုက်သည်။

သူသည် နောက်ကြောင်းအေးသွားစေရန် ရုပ်ဆိုးမအား အသေသတ်မှဖြစ်မည်ဟု ဆုံးဖြတ်လိုက်လေ၏။

ထို့ကြောင့်...

သူ၏သိုင်းကွက်တိုင်းမှာ အတွင်းအားဖြင့် ပံ့ပိုးထားလေ သည်။

သူစိတ်ထင်ထားသည်မှာ အများဆုံး သိုင်းကွက်ဆယ်ကွက် တွင် ရုပ်ဆိုးမအား အသေသတ်နိုင်လိမ့်မည်ဟု ယုံကြည်ထားလေ သည်။

သို့သော်...

အဘိုးအိုသည် ရုပ်ဆိုးမနှင့် သိုင်းကွက်ဆယ်ကွက်ခန့် ယှဉ် ပြိုင်လာမိသောအခါ သူသည် ရုပ်ဆိုးမအပေါ် အထင်သေးမိခဲ့သည် ကို မှားယွင်းနေကြောင်း ကောင်းစွာ နားလည်လိုက်လေသည်။

သူသည် အတွင်းအားကို စုစည်းလိုက်ပြီး ရုပ်ဆိုးမအား တိုက်ခိုက်ရာ သူတို့နှစ်ယောက်၏တိုက်ခိုက်မှုသည် ပို၍ပို၍ ပြင်းထန် လာလေ၏။

သုထင်းဖုံးသည် အတန်ကြာရပ်ကြည့်နေ၏။

အဘိုးအိုနှင့် ရုပ်ဆိုးမတို့၏ တိုက်ကွက်များကို ကြည့်ကာ ညာများစွာ ရရှိခဲ့လေသည်။

သူသည် အာရုံစူးစိုက်စွာ ကြည့်နေစဉ် ရုတ်တရက် တောင်

www.burmeseclassic.com

www.burmeseclassic.com



ကြားအဝတက်မှ အော်ဟစ်သော အသံများ တိုက်ခိုက်သော အသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားမိလိုက်လေသည်။

"သည်ကနေ့ တောင်ကြားထဲ လာတဲ့သူတွေ များလှချည်လား"

ထို့နောက်...

သူသည် မည်သူမည်ဝါ ဖြစ်သည်ကို သိလိုသဖြင့် တောင်ကြားလမ်းအဝ ရှိရာသို့ ပြေးလွှားသွားလေသည်။

♠ ♠ ♠



ငါးမာန်းကျွန်းရှင်

သုထင်းဖုံးသည် တောင်ကြားဝင်ပေါက် အနီးသို့ ပြေးလွှားရောက်ရှိလာလေသည်။

သွေးအေးတောင်ကြားပိုင်ရှင် သီလရှင်ကြီးသည် အဘိုးအိုတစ်ယောက်နှင့် တိုက်ခိုက်နေသည်ကို တွေ့မြင်လိုက်လေသည်။

သူက မပြောမဆိုဘဲ တိုက်ခိုက်နေသူ နှစ်ဦးကြား တိုးဝင်သွားလေသည်။

တိုက်ခိုက်နေကြသော အဘိုးအိုနှင့် ယောဂီကြီးတို့သည် ကမန်းကတန်း နောက်ဆုတ်သွားကြလေသည်။

အဘိုးအိုက သုထင်းဖုံးအား အော်ငေါက်လိုက်လေသည်။

"မင်းက သေချင်လို့လား"

သုထင်းဖုံးက သူ့အား လှည့်မကြည့်ပါ။

သူက ယောဂီကြီးအား ကြည့်ပြီး မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူလဲ၊ သီလရှင်ကြီးရဲ့ ရန်သူလား"

ယောဂီကြီးက ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး"

အဘိုးအိုက...

"သည်မှာ သူငယ်၊ မင်းနဲ့ မဆိုင်ဘူး၊ နောက်ဆုတ်"

သုထင်းဖုံးက...

"ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် သည်ကို ကျူးကျော်ဝ ရောက်လာသလဲ"

အဘိုးအိုက...

"ကျုပ်ကို အားလုံးက ကျားထင်းလို့ ခေါ်တယ်၊ ယောဂီ[illegible] ဆီကို လာခဲ့တာ၊ ကျူးကျော်ဖို့ မဟုတ်ဘူး၊ ဆွေးနွေးစရာ ရှိလို[illegible]"

သုထင်းဖုံးသည် ထိုစကားကြားလိုက်ရသောအခါ နော[illegible] သို့ ဆုတ်၍ ရပ်လိုက်လေသည်။

♠ ♠ ♠



အဘိုးအိုကျားထင်းသည် ယောဂီကြီးအား လေသံအေး ပျော့ဖြင့်...

"ဘယ်လိုလဲ ယောဂီကြီး၊ ကျုပ်တို့ဂိုဏ်းချုပ်ကတော့ ကျုပ်ကို သေသေချာချာ မှာလိုက်ပါတယ်"

သူ၏စကားမဆုံးမီ ယောဂီကြီးက ကြားဖြတ်ပြောလိုက်သည်။

"ငါးမာန်းကျွန်းရှင်ကို ပြန်ပြောလိုက်ပါ၊ ကျွန်မက ဘယ်ဂိုဏ်းမှ မဝင်ဘူး၊ ဘယ်ဘက်ကိုမှ မပါဘူး၊ ဒါကြောင့်လဲ သည်တောင်ကြားမှာ အေးအေးဆေးဆေး နေရတာပါ"

အဘိုးအိုကျားထင်းက...

"စဉ်းစားပါဦး ယောဂီကြီး၊ ငါးမာန်းကျွန်းရှင်ကတော့ ယောဂီကြီးကို သူ့ဂိုဏ်းထဲ ဝင်ဖို့ စိတ်ထက်သန်နေပါတယ်"

ယောဂီကြီးက ခေါင်းခါငြင်းလိုက်သည်။

"တော်ပြီ၊ ဆက်မပြောနဲ့၊ ကျွန်မ လက်မခံဘူးလို့ ပြော လိုက်"

ကျားထင်း၏မျက်နှာပေါ်တွင် ဒေါသရောင်သမ်းလာလေ သည်။

"ကျုပ်ကောင်းကောင်းမွန်မွန် ပြောလို့မှ မရရင်.."

သူက စကားတစ်ပိုင်းတစ်စနှင့် ရပ်ထားလိုက်လေတော့ သည်။

ယောဂီကြီးက မဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ ရှင်က ကျွန်မကို အင်အားသုံးမလို့လား"

ကျားထင်းက...

"ဝမ်းနည်းပါတယ်၊ ကျုပ်ကတော့ ဖြစ်တဲ့နည်းနဲ့ ယောဂီကြီးကို ခေါ်သွားရမှာပဲ"

သူသည် ပြောပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေတော့သည်။

ယောဂီကြီးကလည်း တုံ့ပြန်ရန် အသင့်ပြင်ထားသည်။

ထိုအချိန်မှာပင် စောင်းသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

♠ ♠ ♠



လက်ဆောင်

စောင်းသံသည် ငြိမ့်ညောင်းစွာ သွင်းပျံ့လာလေသည်။

ထိုစောင်းသံသည် အသံဝေးသောနေရာမှ ထွက်ပေါ်လာသောကြောင့် အားလုံးက သဲ့သဲ့သာ ကြားနိုင်ခဲ့လေသည်။

သို့သော်...

ယောဂီကြီး၏မိန်းကလေးနှစ်ယောက်တို့သည် မျက်နှာတစ်ခုလုံး ဖြူဖွေးသွားကာ ရပ်တည်၍ မရနိုင်ဘဲ မြေပေါ်သို့ ထိုင်ချလိုက်လေသည်။

သုထင်းဖုံးကလည်း အတွင်းအားကို အသုံးပြုပြီး ကိုယ့်ကိုယ်ကို ထိန်းထားရသည်။

ယောဂီကြီးနှင့် ကျားထင်းတို့မှာလည်း မြေပေါ်သို့ ထိုင်နေလိုက်ပြီး အတွင်းအားဖြင့်စောင်းသံအား ကာကွယ်နိုင်ရန် စောင့်နေထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စောင်းသံသည် တဖြည်းဖြည်းအသံတိုးသွားလေတော့သည်။

နောက်ဆုံး လုံးဝတိတ်ဆိတ်သွားလေသည်။

ထိုအခါကျမှ သုထင်းဖုံး အပါအဝင် ယောဂီကြီးနှင့် ကျားထင်းတို့ သက်သာလာကြပြီး မတ်တပ်ရပ်နိုင်လေသည်။

ကျားထင်းက နဖူးပေါ်မှ ချွေးများကို သပ်ချလိုက်လေသည်။

လေပူတစ်ချက် ရှည်လျားစွာ ချလိုက်သည်။

"စောင်းသံရပ်သွားလို့ တော်ပါသေးရဲ့"

ဟု ပြောလိုက်လေသည်။

ယောဂီကြီးကလည်း နဖူးပေါ်မှ ချွေးများကို သပ်ချနေရလေသည်။

သူမသည် မြေပေါ်မှာ လဲလျောင်းနေကြသော မိန်းကလေးနှစ်ယောက်အား ဆေးလုံးများကို တိုက်ကျွေးလိုက်လေသည်။

ကျားထင်းက...

"မရဏစောင်းသံရှင် ရောက်လာတာနဲ့ တူတယ်"

ယောဂီကြီးက...

"ဟုတ်မှာပေါ့"

သူမက အလွန်စိုးရိမ်မိသွား၏။

"မရဏစောင်းသံရှင် ဘာကိစ္စနဲ့ သည်ကို ရောက်လာတာလဲ"



သူမက ယင်းသို့ တွေးတောနေစဉ် လူရိပ်တစ်ခုသည် လျင်မြန်စွာ လွင့်မျောရောက်ရှိလာလေသည်။

ကျားထင်းနှင့် ယောဂီကြီးတို့က ပြိုင်တူလှည့်ကြည့်လိုက်သည်။

လက်ထဲမှာ စောင်းကိုင်လျက် မျက်နှာဖုံးစွပ်ထားသော ရုပ်ဆိုးမသည် သူတို့အနီး ရောက်ရှိလာလေသည်။

♠ ♠ ♠

သုထင်းဖုံးသည် ထိုမိန်းကလေးအား မြင်တွေ့ရသောအခါ မျက်မှောင်ကြုတ်သွားလေသည်။

ထိုမိန်းကလေးမှာ ရုပ်ဆိုးမပင် ဖြစ်နေ၏။

ရုပ်ဆိုးမက သုထင်းဖုံးအား ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မကိစ္စတော့ ပြီးသွားပြီ"

သုထင်းဖုံးက မျက်မှောင်ကြုတ်သွားလေ၏။

"ဖူးကျက် သေသွားပြီ မဟုတ်လား"

ရုပ်ဆိုးမ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ကျွန်မက စေတနာနဲ့ ဝိဉာဉ်လွင့်နတ်စောင်းသံ တီးပြပါတယ်၊ သူက ဆုံးအောင် နားမထောင်နိုင်ဘဲ သေသွားတာပေါ့ရှင်"

သုထင်းဖုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်ကတော့ ဆန္ဒပြည့်ဝသွားပြီပေါ့"

ရှပ်ဆိုးမက...

"ဟုတ်တယ်၊ နှစ်ပေါင်းနှစ်ဆယ်မက ကြိုးစားခဲ့တာ အခု ကြိုးစားရကျိုးနပ်ပါပြီ"

သူမသည် ကျားထင်းအား လှည့်ကြည့်လိုက်၏။

"ရှင်က ဘယ်သူလဲ၊ ယောဂီကြီးရဲ့ညီသည်လား"

ကျားထင်းက အဖြေမပေးပါ။

ယောဂီကြီးက...

"သူက ညီသည် မဟုတ်ဘူး"

ရှပ်ဆိုးမက...

"ဒါဖြင့် ဘာကြောင့် မောင်းမထုတ်တာလဲ"

ကျားထင်းက...

"ကျုပ်ကို ငါးမာန်းကျွန်းရှင်က လွှတ်လိုက်တာပါ"

ယောဂီကြီးက...

"ငါလက်မခံဘူးလို့ ပြောလိုက်၊ အခုချက်ချင်း ပြန်တော့"

ကျားထင်းက...

"ကျုပ်က စေတနာနဲ့ ပြောပါရစေ၊ ခင်ဗျားက လက်မခံဘူး ဆိုရင် တစ်နေ့ နောင်တရလိမ့်မယ်"

ယောဂီကြီးက ပါးစပ်ပိတ်ထားသည်။ ရှပ်ဆိုးမက...

"ရှင် မသွားချင်သေးဘူးဆိုရင် ကျွန်မ သီချင်းတစ်ပုဒ် တီးပြမယ်"



ကျားထင်း၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"ကျုပ်သွားပါ့မယ်"

သူက ယောဂီကြီးအား လှမ်းပြောလိုက်သည်။

"ခုနစ်လ ဆယ့်ငါးရက်မှာ ခင်ဗျားလဲ ချယ်ရီတောင်ကုန်း ရောက်လာမှာပါ၊ အဲသည်ကျမှ ပြောကြသေးတာပေါ့"

သူသည် စကားဆုံးသွားသည်နှင့် လျင်မြန်စွာ ပြေးလွှား ထွက်ခွာသွားလေသည်။

♠ ♠ ♠

ကျားထင်းသည် မြင်ကွင်းမှ ပျောက်ကွယ်သွားလေ၏။

ရှပ်ဆိုးမက ယောဂီကြီးအား ဂါရဝပြုလိုက်၏။

"ကျွန်မ အခုလို တောင်ကြားထဲကို ကျူးကျော်ဝင်ရောက် လာတာ မလွဲမရှောင်သာလို့ ဖြစ်ပါတယ်၊ အဲဒါကြောင့် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်ရှင်"

ယောဂီကြီးက...

"ခွင့်လွှတ်ပါတယ်၊ ယောဂီကြီးအတွက် ကူညီပေးတာကိုလဲ ကျေးဇူးတင်ပါတယ်"

ရှပ်ဆိုးမက သုထင်းဖုံးဘက်သို့ လှည့်ကြည့်လိုက်ပြီး...

"ကျွန်မသွားမယ်၊ ခုနစ်လ တစ်ဆယ့်ငါးရက်မှ ပြန်ဆုံကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် စကားဆုံးသွားသည်နှင့် ပြေးလွှားထွက်ခွာသွားသည်။

♠ ♠ ♠

ယောဂီကြီးသည် ရုပ်ဆိုးမ၏ထက်မြက်သော ကိုယ်ဖော့ပညာကို တွေ့မြင်လိုက်ရသဖြင့် အလွန်အံ့သြသွားလေသည်။

သူထင်းဖုံးသည် ယောဂီကြီးအပေါ် ကျေနပ်မှု မရှိသော်လည်း သူ့မှာ ဖခင် သေဆုံးရသည့် အကြောင်းကို သိချင်လို၍ သည်းခံခဲ့လေ၏။

ယောဂီကြီးက သူ့အား လှည့်ကြည့်လိုက်သည်။

"မင်းက သူ့ရဲ့ကောင်း ဟုတ်လား"

သူထင်းဖုံးက...

"ဒါက အသိမိတ်ဆွေတွေက ခေါ်တာပါ၊ ကျုပ်နာမည် မဟုတ်ပါဘူး"

သူက စကားဆက်လိုက်သည်။

"ယောဂီကြီးကို ပြောရဦးမယ်၊ ကျွန်တော် သည်တောင်ကြားထဲကို ရောက်လာတာ အရေးကြီးတဲ့ စကားတစ်ခွန်း မေးချင်လို့ပါ"

ယောဂီကြီးက...

"မေးနိုင်ပါတယ်"



သူထင်းဖုံးက...

"ကိုးတောင်ကျား၊ ဘာကြောင့် သေသွားရတာလဲ၊ သူ့ကို သတ်တဲ့သူက ဘယ်သူလဲ"

ယောဂီကြီးက သူထင်းဖုံးအား စိုက်ကြည့်လိုက်လေသည်။

"မင်းဟာ ကိုးတောင်ကျားရဲ့သားလား"

ဟု မေး၏။ သူထင်းဖုံးက...

"ဟုတ်ပါတယ်"

ယောဂီကြီး၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

သို့သော် ချက်ချင်း မျက်နှာထားကို ပြင်လိုက်သည်။ ပြီးမှ

"သည်သတင်းကိုတော့ ငါကြားခဲ့ပါတယ်၊ ဒါပေမယ့် ဘာကြောင့် ဖြစ်တယ်၊ ဘယ်သူသတ်တယ်ဆိုတာ ငါလဲ သေသေချာချာ မသိဘူးကွယ့်"

သူထင်းဖုံး စိတ်ဓာတ်ကျသွားလေသည်။

"ဒါဖြင့် ဘယ်သူသိသလဲဆိုတာကို လမ်းညွှန်ပေးပါ"

ယောဂီကြီးက အတန်ကြာ စဉ်းစားလိုက်လေသည်။

"သည်အကြောင်းကို သိတဲ့လူတစ်ယောက်တည်း ရှိတယ်၊ သူ့နာမည်ကတော့ အများက အမူးသမားထုံထင်းလို့ ခေါ်ကြတယ်"

သူထင်းဖုံးက ဝမ်းနည်းလာမိသည်။

"ခက်တာက သူ့ကို ဘယ်လိုလိုက်ရှာရမှန်း မသိဘူး၊ လမ်းညွှန်ပေးနိုင်မယ်ဆိုရင် ကျွန်တော့်အဖို့ အများဆုံး အကျိုးရှိနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ယောဂီကြီးက…

"အမှုးသိုင်းသမားကတော့ သက်ရှိထင်ရှား ရှိသေးတယ်ဆိုတာတော့ သတင်းကြားတယ်၊ ဒါပေမယ့် မင်းအဖေ သေသွားတဲ့နောက်မှာ သိုင်းလောကမှာ သူ့ရဲ့ခြေရာတွေ ပျောက်သွားတယ်"

သုထင်းဖုံးက…

"ကျွန်တော့်အဖေ အသတ်ခံရတာ အကြောင်းတစ်ခုခုတော့ ရှိမှာ သေချာတယ်၊ ယောဂီကြီးသိရင် ပြောပြပေးပါလား၊ ဒါမှလဲ ကျွန်တော်က သည်သဲလွန်စကို အခြေခံပြီး စုံစမ်းရင် ပိုလွယ်ပါတယ်"

ယောဂီကြီးက…

"မင်းအဖေနဲ့ ပတ်သက်တဲ့အကြောင်း အနည်းအကျဉ်းပဲ သိတယ်"

သူမသည် အနည်းငယ်စဉ်းစားပြီးမှ စကားဆက်လိုက်လေသည်။

"မင်းအဖေဟာ အဖြူရောင်သိုင်းသမား မဟုတ်ဘူး၊ အမည်းရောင်သိုင်းသမားလဲ မဟုတ်ဘူး၊ သူက ကိုယ်စိတ်ထင်တဲ့အတိုင်း မှန်သည် ဖြစ်စေ မှားသည် ဖြစ်စေ လုပ်တတ်တဲ့လူစားမျိုး"

သုထင်းဖုံးက ဂရုတစိုက် နားထောင်သည်။

ယောဂီကြီးက ဆက်၍ ပြောပြသည်။

"ဒါကြောင့် သူ့မှာ ရန်သူတွေ ဝိုင်းနေတာပဲ"

သုထင်းဖုံးက မျက်မှောင်ကြုတ်သွားလေသည်။

"ဆက်ပြောပါဦး၊ ကျွန်တော့်ကို"



ယောဂီကြီးက…

"သူ အခုလို အသတ်ခံရတာ လျှို့ဝှက်ချက်တစ်ခုကြောင့် ဖြစ်တယ်လို့ ကြားသိရတယ်"

သုထင်းဖုံးက…

"ဘယ်လိုလျှို့ဝှက်ဆိုတာ ယောဂီကြီး သိသလား"

ယောဂီကြီးက ခေါင်းခါယမ်းသည်။

"ကျုပ် မသိဘူး၊ သိုင်းလောကမှာ ထိပ်သီးဂိုဏ်းအဖွဲ့ကိုးဖွဲ့တို့ကသာ သိတယ်လို့ လူအများက ပြောသံကြားရတယ်"

သုထင်းဖုံးက အံ့အားသင့်သွားသည်။

"သိုင်းလောက ထိပ်သီးဂိုဏ်းကိုးဖွဲ့ ဟုတ်သလား"

ယောဂီကြီးက…

"အတိအကျတော့ ကျုပ်လဲ တပ်အပ်မပြောနိုင်ဘူး"

သုထင်းဖုံးသည် ဉာဏ်ကောင်းသော လူငယ်တစ်ယောက်ဖြစ်သည်။

ယောဂီကြီးက မပတ်သက်ချင်၍ ဤသို့ ပြောလိုက်ခြင်းဖြစ်သည်ကို နားလည်လိုက်သည်။

ထို့ကြောင့် သူက မရှိုးမဖြုံလိုက်သည်။

"အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို သွားခွင့်ပြုပါ"

"မင်း အခု ဘယ်သွားမလဲ"

သုထင်းဖုံးက…

www.burmeseclassic.com

www.burmeseclassic.com



"အချိန်ရမယ်ဆိုရင် အဲသည် ဂိုဏ်းကိုးဂိုဏ်းရဲ့ ဂိုဏ်းချုပ်တွေဆီကို သွားစုံစမ်းပါဦးမယ်"

ယောဂီကြီး၏ရင်ထဲတွင် တစ်ချက်တုန်ခါသွားလေသည်။

"သည်မှာ ကျူပ်ပြောပြမယ်၊ ဘယ်အရာမျိုးမဆို ဆင်ဆင်ခြင်ခြင်လုပ်တာ ပိုပြီးကောင်းပါတယ်"

"ဟုတ်ကဲ့ပါ"

ယောဂီကြီးသည် သူမ၏အိတ်ထဲမှ ပုလဲလုံးတစ်လုံး ထုတ်ပေးလိုက်သည်။

"မင်းဟာ စိတ်နှလုံးကောင်းရှိတဲ့ လူငယ်တစ်ယောက် ဖြစ်တယ်၊ ဒါကြောင့် အဆိပ်ပြီးတဲ့ ပုလဲလုံးလေးကို လက်ဆောင်ပေးလိုက်ပါ့မယ်"

သုထင်းဖုံးက ပုလဲလုံးကို လှမ်းယူလိုက်ပြီး ဂါရဝပြုလိုက်လေသည်။

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို သွားခွင့်ပြုပါ"

သူသည် ပုလဲလုံးကို သိမ်းဆည်းလိုက်၏။

ထို့နောက် သွေးအေးတောင်ကြားမှ ထွက်ခွာသွားလေသည်။

♠ ♠ ♠



## ကူညီတဲ့လူ

သုထင်းဖုံးသည် သွေးအေးတောင်ကြားမှ ထွက်လာပြီး ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားလေသည်။

သူသည် တစ်ဆက်တည်း လီပေါင်းငါးလီခန့် ရောက်ရှိလာသောအခါ လမ်းဘေးရှိ ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်ချလိုက်ပြီး အနားယူနေသည်။

ယခု သူသည် မျှော်လင့်ချက်ကြီးစွာဖြင့် သွေးအေးတောင်ကြားထဲသို့ စွန့်စွန့်စားစား ရောက်ခဲ့လေသည်။

သို့သော်...

သူသိလိုသည့် အချက်များကို တိတိကျကျ မရခဲ့ပါချေ။

ယခု သူက မည်သည့်နေရာသို့ ဆက်သွားရပါမည်နည်း။

သူက တွေးရင်း စိတ်ဓာတ်ကျလာသည်။

ယခု သူ၏ဘဝသည် နားခိုရာနေရာ မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရန်မှာလည်း အိမ်မရှိချေ။

ရေထဲမှာ လွင့်မျောနေသော ဗေဒါနှင့် တူနေသည် မဟုတ်ပါလော။

ယခု သူသည် သူ့ဖခင် သေဆုံးသည့် အကြောင်းကို သိရှိထားသော အမှုးသိုင်းသမားကို အလွန်တွေ့ချင်နေ၏။

သို့သော်...

အမှုးသိုင်းသမားကို မည်သည့်နေရာသွား၍ ရှာဖွေရမည်နည်း။

သူသည် တွေးရင်းတွေးရင်း မိမိ၏ ကံခေသော ဘဝကို စိတ်နာမိလေသည်။

"အခု ငါ ဘာဆက်လုပ်ရမလဲ"

သူက ဤသို့ စဉ်းစားပြီး တစ်စုံတစ်ခုကို စဉ်းစားလိုက်သည်။

"ငါ အခု ခြေဦးတည့်ရာ သွားလို့ မဖြစ်ဘူး။ ထိပ်သီးဂိုဏ်းတစ်ခုရှိရာကို သွားပြီး စုံစမ်းရင်ကောင်းမယ်"

သူက ထိုင်ရာမှ ထလိုက်သည်။

ထို့နောက်...

ခြေဦးတည့်ရာသို့ ထွက်ခွာသွားလေသည်။

♠ ♠ ♠



ယင်နန်မြို့သည် မြို့ကြီးတစ်ခု ဖြစ်သည်။

အလွန်စည်ကားသော မြို့တော်တစ်မြို့လည်း ဖြစ်လေသည်။

မွန်းတည့်ချိန် ဖြစ်သည်။

လမ်းမပေါ်၌ လမ်းသွားလမ်းလာများ စည်ကားလျက် ရှိနေသေး၏။

သုထင်းဖုံးသည် ယင်နန်မြို့ထဲသို့ ရောက်ရှိလာလေတော့သည်။

သူသည် ဝမ်းဗိုက်ဆာလောင်နေသဖြင့် ညနေစာ စားသောက်ရန် စားသောက်ဆိုင်များကို လိုက်လံရှာဖွေနေ၏။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေစားသောက်ဆိုင်...။

မိတ်ဆွေစားသောက်ဆိုင်သည် အလွန်ကြီးကျယ်ခမ်းနားသော စားသောက်ဆိုင်တစ်ဆိုင် ဖြစ်လေသည်။

သုထင်းဖုံးက ထိုဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။

ဆိုင်လုလင်တစ်ယောက်က သူ့အား ဆီးကြိုလိုက်လေသည်။

"ကြွပါ အစ်ကိုလေး၊ အောက်ထပ်မှာ လူပြည့်နေပြီ၊ အပေါ်ထပ်ကို ကြွပါ"

သုထင်းဖုံးသည် ဆိုင်လုလင် ညွှန်ပြရာ လှေကားရှိရာသို့ လျှောက်သွားပြီး အပေါ်သို့ တက်သွားလေသည်။

အပေါ်ထပ်မှာ ကျယ်ဝန်းပြီး အလွန်သန့်ရှင်းနေ၏။

သူက နားနေရင်း အေးအေးဆေးဆေး စားသောက်လိုက်သည်။

ထို့နောက်...

ခရီးဆက်ရန် အောက်သို့ ပြန်ဆင်းလာလေသည်။

သူသည် လှေကားထစ် လေးငါးထစ်ခန့် ဆင်းလာမိသောအခါ အပေါ်တက်လာသော လူတစ်ယောက်နှင့် တိုက်မိရန် သီသီကလေးသာ လိုလေသည်။

ထိုလူမှာ အသက်လေးဆယ်ခန့် ရှိပြီဟု ထင်ရလေသည်။

သူက သုထင်းဖုံးအား ပြုံးပြရင်း လမ်းဖယ်ပေးလိုက်သည်။

သုထင်းဖုံးက အောက်သို့ ဆင်းလာလေသည်။



သူသည် ထမင်းဖိုးပေးရန် ငွေသိမ်းစားပွဲ ရှိရာသို့ ရောက်ရှိလာလေသည်။ သူပေးသောငွေကို ငွေသိမ်းသူက လက်မခံဘဲ ပြုံးပြလိုက်လေသည်။

"အစ်ကိုလေးက စားပွဲအမှတ်သုံးက ဧည့်သည် မဟုတ်လား"

သုထင်းဖုံးက...

"ဟုတ်ပါတယ်၊ ဘယ်လောက်ကျသလဲ"

ငွေသိမ်းသူက...

"ခုနကပဲ အစ်ကိုလေးရဲ့ မိတ်ဆွေတစ်ယောက်က ပေးချေသွားပါပြီ"

သုထင်းဖုံးက အံ့အားသင့်သွားလေသည်။

သူသည် အနည်းငယ် စဉ်းစားပြီး မိမိအတွက် ငွေချေပေးသွားသောလူမှာ လှေကားအတက်အဆင်းတွင် သီသီကလေး တိုက်မိရန် ဖြစ်သွားသောလူပင် ဖြစ်ရမည်ဟု သူက ချက်ချင်းနားလည်လိုက်သည်။

သူသည် အပေါ်ထပ်သို့ ကမန်းကတန်း ပြေးတက်သွားလေသည်။

အခန်းတစ်ခုလုံးကို မျက်လုံးဖြင့် ရှာဖွေကြည့်လိုက်သည်။

ထိုလူ၏ အရိပ်အယောင်ကို မတွေ့ရတော့ချေ။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



သုထင်းဖိုးက အောက်သို့ ပြန်ဆင်းလာ၏။

သူသည် စားသောက်ဆိုင်မှ ထွက်လာပြီး ခြေဦးတည့်ရာ လျှောက်သွားရင်း သူ၏ရင်ထဲတွင် မေးခွန်းများစွာ ဖြစ်လာလေသည်။

"သည်လူက ဘယ်သူလဲ"

"သူက ဘာကြောင့် ငါ့အတွက် ထမင်းဖိုးပေးသွားရတာလဲ"

"သူနဲ့ငါနဲ့ တစ်ခါမှလဲ မတွေ့ခဲ့ဖူးဘူး။ ဘာရည်ရွယ်ချက် ရှိလို့ အခုလို လုပ်ရတာလဲ"

သူသည် မေးခွန်းများစွာထုတ်ပြီး အဖြေရှာ၍မရပါ။

သူက ဆက်လက်လျှောက်သွားရင်း ထိုလူ၏အကြောင်းကို အလွန်စိတ်ဝင်စားနေ၏။

ထိုအချိန်မှာပင်...

မြင်းခွာသံ ထွက်ပေါ်လာသည်ကို ကြား လိုက်ရလေသည်။

သုထင်းဖိုးလည်း လမ်းဘေးသို့ ရှောင်တိမ်းပေးလိုက်လေသည်။

မောင်းနှင်လာသော မြင်းကိုလည်း လှည့်ကြည့်မိလိုက်သည်။

သူက အံ့အားသင့်သွားလေသည်။

အကြောင်းမှာ မြင်းပေါ်မှ မိန်းကလေးတစ်ယောက် ပါရှိလာသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။



သူ့အဖို့ ဝို၍ အံ့ဩသွားသည်မှာ ထိုမြင်းပေါ်မှ မိန်းကလေးသည် ရွှေရောင်ပိတုန်း ဖြစ်နေသောကြောင့် ဖြစ်သည်။

ရွှေရောင်ပိတုန်းက သူ့အား မြင်တွေ့သွားလေသည်။

သူမက ပြုံးပြလိုက်ပြီး မြင်းကို မရပ်ဘဲ ဆက်လက်မောင်းနှင်ထွက်ခွာသွားလေသည်။

♠ ♠ ♠

သုထင်းဖိုးသည် ရွှေရောင်ပိတုန်းက သူ့အား ပြုံးပြသွားသည် ဖြစ်သော်လည်း မြင်းကို ရပ်တန့်ခြင်း မရှိဘဲ ဆက်လက်ထွက်ခွာသွားသည်ကို တွေ့ရသဖြင့် စိတ်မကောင်း ဖြစ်မိလေသည်။

သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး ဆက်လက်လျှောက်သွားရန် ဟန်ပြင်လိုက်ပြီးမှ သူက မိမိ၏ဘယ်ဘက်အိတ်ကို နှိုက်ကြည့်လိုက်သည်။

လျှို့ဝှက်မြေပုံ ကောင်းစွာ ရှိနေသေးသည်ကို တွေ့ရသဖြင့် စိတ်သက်သာရာရသွားလေသည်။

သုထင်းဖိုးသည် ရည်ရွယ်ချက် မရှိဘဲ ဆက်လက်လျှောက်သွားနေ၏။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## မြေပုံပြသူနာ

သုထင်းဖုံးသည် သွေးအေးတောင်ကြားမှ ထွက်ခွာလာခဲ့လေပြီ။

တစ်လနီးပါးခန့်မျှ ကြာခဲ့ပြီ ဖြစ်သည်။

သူသည် နေ့စဉ်နေ့တိုင်း လမ်းပေါ်၌သာ လျှောက်နေလေသည်။

သူ၏စိတ်ထဲတွင် မည်သည့်နေရာ သွားရမည်ကို မဆုံးဖြတ်ခဲ့ပါ။

သူလျှောက်လာသော လမ်းတစ်လျှောက်လုံးတွင် သူ့အား ခြေရာခံလိုက်သောလူ ဟူ၍ တစ်ယောက်မျှ မတွေ့ခဲ့ရပါ။

ယခု သူသည် တာဝန်နှစ်ခုအတွက် စိတ်မောနေရ၏။

တာဝန်တစ်ခုက မိမိ ဖခင်အတွက် လူသတ်ကောင်ကို ဖော်ထုတ်ပြီး လက်စားချေရန် ဖြစ်သည်။



ကျန်တာဝန်တစ်ခုမှာမူ လျို့ဝှက်မြေပုံအား ပြန်လည်ရယူရန်ဖြစ်သည်။

သူက တွေးတောရင်း ဆက်လက်လျှောက်သွားရာ ရုတ်တရက် သူ့ရှေ့ တစ်လံခန့် အကွာသို့ လူရိပ်တစ်ခု ဘွားခနဲ ပေါ်လာသည်ကို မြင်တွေ့လိုက်ရလေသည်။

သုထင်းဖုံးက နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားလေသည်။

ရောက်ရှိလာသူအား ကြည့်လိုက်လေသည်။

အဘိုးအိုတစ်ယောက် ဖြစ်သည်။

လေးပေခန့်သာ အရပ်ရှိသော အဘိုးအိုတစ်ယောက် ဖြစ်သည်။

ထိုအဘိုးအိုသည် ဆံပင်နှင့် မုတ်ဆိတ်မွေးများ ဖြူဖွေးနေသည်။

သူ၏မျက်လုံးအစုံသည် စူးရှတောက်ပနေ၏။

သုထင်းဖုံးက သူ့အား အကဲခတ်ကြည့်လိုက်လေသည်။

အဘိုးအိုက သူ့အား စိုက်ကြည့်နေ၏။

အဘိုးအိုက စတင်မေးလိုက်သည်။

"ဟေ့..မင်းက သိုင်းလောက သူရဲကောင်း ဟုတ်လား"

သုထင်းဖုံးက...

"ဟုတ်တယ်"

အဘိုးအိုက...

www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ လျှို့ဝှက်မြေပုံလေးပိုင်းမှာ တစ်ပိုင်း ရထားတယ်လို့ သိရတယ်၊ ဟုတ်ရဲ့လား"

သုထင်းဖိုးက...

"ဟုတ်တယ်"

ဟု ပြောလိုက်သည်။

အဘိုးအိုက...

"ကောင်းပြီ၊ အဲသည် မြေပုံတစ်ပိုင်းကို ကျုပ်ရဲ့လက်ထဲ အပ်လိုက်ပါ"

ဟု ပြော၏။

သုထင်းဖိုးက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက ဘယ်သူလဲ၊ ဘာကြောင့် မြေပုံပေးရမှာလဲ"

"ဟား..ဟား..ဟား"

ထိုအချိန်မှာပင် ရယ်မောသံများ ထွက်ပေါ်လာလေသည်။

လူငါးယောက်သည် ရှေ့ဆင့်နောက်ဆင့် ပြေးလွှားရောက်ရှိလာကြလေသည်။

ထိုလူငါးယောက်အနက် သုံးယောက်မှာ အဘိုးအိုများ ဖြစ်ကြသည်။

တစ်ယောက်မှာ ဓားကို ကျောပိုးလွယ်ထားသော လူငယ်တစ်ယောက် ဖြစ်သည်။

ကျန်တစ်ယောက်မှာ မိန်းကလေးတစ်ယောက် ဖြစ်သည်။

ရွှေရောင်ပိတုန်းပင် ဖြစ်သည်။



သုထင်းဖိုးသည် နောက်ဆုံးမှ ရောက်လာသောလူအား မြင်တွေ့လိုက်ရသောအခါ အံ့ဩသွားလေသည်။

♠ ♠ ♠

သုထင်းဖိုးသည် မမျှော်လင့်ဘဲ ရွှေရောင်ပိတုန်း ရောက်လာသည်ကို မြင်တွေ့လိုက်ရသောအခါ စိုက်ကြည့်လိုက်လေသည်။

ရွှေရောင်ပိတုန်းမှာမူ သူ့အား လှည့်ပင်မကြည့်ဘဲ လူငယ်ထံသို့ လျှောက်သွားပြီး ပခုံးချင်းယှဉ်၍ ရပ်လိုက်လေသည်။

သူတို့နှစ်ယောက်၏ပုံဟန်မှာ ရင်းရင်းနှီးနှီး ရှိသည်ကို တွေ့ရလေသည်။

သုထင်းဖိုး၏ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားမှုတစ်ခု ဖြစ်ပေါ်လာလေသည်။

သူက စိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်ပြီး ထိုနေရာမှ ထွက်ခွာသွားရန် ခြေလှမ်းလှမ်းလိုက်သည်။

"ခဏနေပါဦးလေ"

ရွှေရောင်ပိတုန်းက ပြောရင်း သုထင်းဖိုး၏သွားရာလမ်းကို ဖြတ်၍ ပိတ်ဆို့ထားလိုက်သည်။

သုထင်းဖိုးက ခြေလှမ်းရပ်တန့်သွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ဝိတုန်းသည် သူ့ရှေ့သို့ ရောက်ရှိလာလေသည်။

"ရှင်က လျှို့ဝှက်မြေပုံကို ထုတ်ပေးလိုက်ရင် ကောင်းမယ် ထင်တယ်"

သုထင်းဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

"သည်မှာ ရွှေရောင်ဝိတုန်း၊ တခြားဟာဆို ကျုပ်နားထောင်မယ်၊ သည်လျှို့ဝှက်မြေပုံကို ကျုပ် ဘယ်သူ့ကိုမှ မပေးနိုင်ဘူး"

ဟု ပြောလိုက်၏။

ရွှေရောင်ဝိတုန်းက ပါးစပ်ပိတ်ထားလိုက်၏။

သုထင်းဖုံးက...

"တစ်ချိန်တုန်းက မင်းနဲ့ငါဟာ ခင်မင်ရင်းနှီးခဲ့ကြတယ်၊ မင်းနဲ့ငါနဲ့ အဆက်ပြတ်သွားမယ်ဆိုရင်တောင် ငါ့ရဲ့စိတ်ထဲမှာ ရင်းရင်းနှီးနှီးစိတ်က ရှိနေသေးတယ်၊ မင်းလဲပဲ ရှိမယ်လို့ ထင်ပါတယ်"

ရွှေရောင်ဝိတုန်းက စကားလုံးဝ မပြောတော့ပါ။

သုထင်းဖုံးက...

"ကျေးဇူးပြုပြီး လမ်းဖယ်ပေးပါ"

ရွှေရောင်ဝိတုန်း၏ရင်ထဲတွင် လှိုက်လှဲစွာ ခံစားလာမိလေသည်။

သူမသည် ခေါင်းငုံ၍ နောက်သို့ ဆုတ်သွားလိုက်လေသည်။

♠ ♠ ♠



## လူထူးဆန်း

သုထင်းဖုံးသည် ကျန်လူများကို တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

"မိတ်ဆွေတို့က လျှို့ဝှက်မြေပုံ လိုချင်လို့ ကျုပ်ဆီကို ရောက်လာကြတာ မဟုတ်လား"

လူပုအဘိုးအိုက...

"ဟုတ်တယ်"

သုထင်းဖုံးက...

"ကျုပ် မပေးနိုင်ပါဘူး၊ ဒါပေမယ့် အကြံတစ်ခုတော့ ပေးချင်တယ်"

လူပုအဘိုးအိုက...

"ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



သုထင်းဖုံးက…

"ခုနစ်လ ဆယ့်ငါးရက်နေ့ ချယ်ရီတောင်ကုန်းကို လာခဲ့ပါ"

လူပုအဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"အပိုစကား မပြောနဲ့ မင်းလက်ထဲက မြေပုံကို ပေးမလား မပေးဘူးလား။ ဒါပဲပြော"

သုထင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

"မပေးဘူး"

လူပုအဘိုးအိုက…

"မင်း မပေးဘူးဆိုရင် ငါ့ရဲ့လက်ဝါးဒဏ်ကို ခံရလိမ့်မယ်"

ဟု ပြော၏။

သုထင်းဖုံးက…

"စမ်းကြည့်ပါလားဗျာ"

လူပုအဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီလေ"

သူသည် လက်ဝါးနှစ်ဖက်သို့ အတွင်းအားကို စုစည်းလိုက်သည်။

ထို့နောက်…

သုထင်းဖုံး ရှေ့သို့ တိုးဝင်သွားပြီး လက်ဝါးနှစ်ဖက်ဖြင့် ခံ ပေးလိုက်သည်။

"ဖုတ်"

လက်ဝါးနှစ်ဖက် ထိမှန်သွားသည်နှင့် လူပုအဘိုးအို၏ခြေ



လှမ်းသည် နောက်သို့ သုံးလှမ်းခန့် ဆုတ်သွားလေသည်။

သူသည် အသက်ဝယ်ရွယ်သူ ဖြစ်သော သုထင်းဖုံးက ဤမျှ အတွင်းအားပြင်းထန်သည်ကို အံ့ဩသွားလေသည်။

သုထင်းဖုံးကလည်း နောက်သို့ သုံးလှမ်းခန့် ဆုတ်သွားရ လေသည်။

ထိုအချိန်တွင် ကျန်ရှိသော အဘိုးအိုနှစ်ယောက်အနက် တစ် ယောက်သည် သုထင်းဖုံးထံ ချဉ်းကပ်လာပြီး လက်ဝါးချက်သုံးချက် ဆင့်၍ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

သုထင်းဖုံးက ရှောင်တိမ်းရန်ပင် အချိန်မရလိုက်တော့ပါ ချေ။

ထိုအချိန်မှာပင် အော်ငေါက်သံတစ်သံ ထွက်ပေါ်လာလေ သည်။

"သည်လို အနိုင်မကျင့်နဲ့"

ထိုအသံနှင့်အတူ လူရိပ်တစ်ခုသည် လျှပ်တစ်ပြက် သုထင်း ဖုံးနှင့် အဘိုးအိုကြားသို့ တိုးဝင်လာပြီး အဘိုးအို၏ရိုက်ချက်များကို ခံပေးလိုက်လေသည်။

အဘိုးအိုက အနောက်သို့ ဆုတ်သွားရလေသည်။

သုထင်းဖုံးနှင့်တကွ အားလုံးသော လူများသည် ရုတ်တ ရက် ရောက်လာသော လူအား ကြည့်မိကြလေသည်။

အသက်လေးဆယ်ကျော်ခန့် ရှိသော လူတစ်ယောက် ဖြစ် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာမှာ လူသေမျက်နှာပမာ ဖြူဖွေးပြီး သွေးရောင်မရှိပါချေ။

သူထင်းဖုံးက ထိုလူအား ကောင်းစွာမှတ်မိလိုက်လေ သည်။

မိတ်ဆွေစားသောက်ဆိုင်တွင် မိမိ၏ထမင်းဖိုးကို ပေးချေသွားသော လူပင် ဖြစ်နေ၏။

ထိုလူသည် မည်သူ ဖြစ်ပါသနည်း။

သူက အဘယ်ကြောင့် မိမိအား ဝင်ရောက်ကူညီနေပါသနည်း။

♠ ♠ ♠



ထိုအချိန်တွင် ရွှေရောင်ဝိတုန်း၏အနီးတွင် ရပ်နေသော လူငယ်က ထိုလူ၏ရှေ့သို့ ရောက်ရှိသွားလေသည်။

"ခင်ဗျားဘယ်သူလဲဗျ"

သူက စတင်မေးလိုက်သည်။

ထိုလူက အေးတိအေးစက်လေ အသံဖြင့်...

"မင်းက ငါးမာန်းကျွန်းရှင်ရဲ့သား ငါးမာန်းလေးလုရီ မဟုတ်လား"

ထိုလူငယ်သည် ငါးမာန်းကျွန်းရှင်၏သား ဖြစ်သူ ငါးမာန်းလေးလုရီပင် ဖြစ်လေသည်။

သူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်နာမည်ကို သိနေမှတော့ သည်နေရာက အမြန်ဆုံး ထွက်သွားတာကောင်းမယ် ထင်တယ်"

ထိုလူက...

"မင်းက တော်တော်လေထွားတဲ့ သူငယ်ပါလား၊ မင်းမပြောနဲ့ မင်းအဖေကိုယ်တိုင် လာရင်တောင် ငါက အရေးမလုပ်ဘူး"

ဟု ပြောလိုက်သည်။

လုရီ ဒေါသထွက်သွားသည်။

"ခွမ်း"

သူက ဓားကို ဆွဲထုတ်လိုက်လေသည်။

ထိုအချိန် ရွှေရောင်ဝိတုန်းက ထိုလူနှင့်လုရီ နှစ်ယောက်ကြားထဲသို့ ဝင်ရောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

ဟု မေးလိုက်သည်။

ထိုလူက...

"မေးစရာ မလိုဘူး"

ဟု ငေါက်လိုက်သည်။

ရွှေရောင်ပိတုန်းက ဒေါသထွက်လာလေသည်။

သူမသည် အဆိပ်သဲပွင့်တစ်ဆုပ်ကို ဆုပ်၍ ထိုလူ၏ခေါင်းပေါ်သို့ မိုး၍ ကြဲချလိုက်လေသည်။

ထိုလူက ရှောင်တိမ်းခြင်း မပြုပါ။

သူ၏လက်ဝါးနှစ်ဖက်သည် ရဟတ်ယပ်တစ်ခုပမာ လှည့်ပတ်ခါထုတ်လိုက်ရာ အဆိပ်သဲပွင့်များသည် ရွှေရောင်ပိတုန်းထံသို့ ပြန်လွင့်သွားလေသည်။

ရွှေရောင်ပိတုန်းက ထိတ်ခနဲ ဖြစ်သွားသည်။

သူမသည် ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်ပြီး နောက်သို့ တစ်လံခန့် ဆုတ်၍ ရှောင်တိမ်းလိုက်သည်။

အခွင့်ကောင်းကို ချောင်းနေသော လူပုအဘိုးအိုသည် သုထင်းဖုံးထံသို့ လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

သုထင်းဖုံးက ကမန်းကတန်း လက်ဝါးဖြင့် တုံ့ပြန်သည်။

လက်ဝါးချင်း ဆုံမိသွားသောအခါ...

"ဖုတ်"

သူတို့နှစ်ယောက်သည် နောက်သို့ ခြေသုံးလှမ်း ပြိုင်တူ



ဆုတ်သွားရလေသည်။

ထိုအချိန်တွင် ရပ်ကြည့်နေသော အဘိုးအိုနှစ်ယောက်က ပြိုင်တူ ရောက်လာပြီး သုထင်းဖုံးအား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်သည်။

"ရပ်လိုက်"

ထိုလူ၏အသံသည် ဟိန်းထွက်သွားလေသည်။

အဘိုးအိုနှစ်ယောက်နှင့် လူပုအဘိုးအိုသည် တိုက်ခိုက်ရာမှ ရပ်တန့်သွားလေသည်။

ထိုအချိန်တွင် လုရီက ထိုလူအား အလစ်ဝင်ရောက် တိုက်ခိုက်လိုက်သည်။

ထိုလူကလည်း ကျောပေါ်မှ ဓားကို ဆွဲထုတ်လိုက်လေသည်။

"မင်းတို့ ငါးမာန်းကျွန်းရဲ့ ဓားပညာ အတော်လေးထက်တယ်လို့ ကြားသိရတယ်၊အခုတော့ စမ်းကြည့်ရဦးမယ်"

စကားဆုံးသွားသည်နှင့် သူသည် လုရီအား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သိုင်းကွက်ခုနစ်ကွက်မျှသာ ယှဉ်ပြိုင်လိုက်ရသည်။

လုရီက နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်သွားရလေသည်။

ထိုလူက ဆက်မတိုက်တော့ဘဲ ဓားကို ပြန်သိမ်းလိုက်သည်။

သူသည် လုရီနှင့် အဘိုးအိုသုံးယောက်တို့အား တစ်ချက်ရှေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်လေသည်။

ပြီးမှ...

"ခင်ဗျားတို့အားလုံး ကျုပ်ကို ဝိုင်းတိုက်ခိုက်ကြတာတောင် အနိုင်ရလိမ့်မယ်လို့ မထင်ကြနဲ့"

သူက ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

"မင်းတို့ကို ကျုပ်က မတိုက်ခိုက်ချင်ဘူး၊ တစ်နေ့နေ့ တစ်ချိန်ချိန် မင်းတို့ရဲ့ ငါးမာန်းကျွန်းက ဓားပညာကို ကျုပ်ကိုယ်တိုင် လာလေ့လာပါ့မယ်၊ ဒါကြောင့် အားလုံး ပြန်ကြပါ"

ဟု ပြောလိုက်သည်။

အဘိုးအိုတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်၏။

ထို့နောက်...

အသီးသီး လျင်မြန်စွာ ထွက်ခွာသွားကြလေသည်။

ထိုလူက သုထင်းဖိုးကိုပင် နှုတ်မဆက်ဘဲ ထွက်ခွာသွားလေတော့သည်။

♠ ♠ ♠



သုထင်းဖိုးသည် ခြေဦးတည့်ရာသို့ လျှောက်သွားလေသည်။

သူ၏တာဝန်များကို တစ်ခုမှ ပြီးမြောက်အောင် မဆောင်ရွက်နိုင်သေးပါ။

ထို့ကြောင့်...

သူ၏စိတ်ထဲ၌ အလွန်ပင် မကြည်မလင် ဖြစ်နေသည်။

သူသည် အတန်ကြာ လျှောက်လာသည့်အခါ ခေါင်းကို မော့၍ ရှေ့သို့ လှမ်းကြည့်လိုက်သည်။

ထိုနေရာသည် အသီးပင်များ စိုက်ပျိုးထားသော ခြံဝင်းတစ်ခု ဖြစ်နေသည်။

သူက လျှောက်ရင်းမှ အနည်းငယ် ညောင်းလာလေသည်။

သူက ထိုအသီးပင် ခြံရှိရာသို့ လျှောက်သွားလေသည်။

ခြံဝင်းထဲ၌ မက်မွန်သီးများ ပြည့်ကျပ်စွာ သီးနေသည်ကို တွေ့ရသည်။

သူက ပတ်ဝန်းကျင်တစ်ခုလုံးကို ဝေ့ကြည့်လိုက်လေသည်။

ခြံစောင့်ဟူ၍ တစ်ယောက်တစ်လေကိုမျှ မတွေ့ရပါ။

သူ၏ဝမ်းဗိုက်ထဲ၌ ဆာလောင်လာသည်။

ထို့နောက်...

သူသည် မနေနိုင်တော့ဘဲ မက်မွန်သီးများကို ခူး၍ အဝစားသောက်လိုက်သည်။

တစ်ဆက်တည်း ခြံဝင်းထဲမှ ပြန်လည်ထွက်ခွာလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက အရိပ်များထူထပ်သော သစ်ပင်တစ်ပင်အောက် တွင် ထိုင်ချလိုက်သည်။

ပင်စည်ကို ကျောမှီ၍ မျက်လွှာချပြီး အနားယူလိုက်လေသည်။

♠ ♠ ♠

သုထင်းဖုံးသည် မျက်လွှာချပြီး အနားယူနေသော်လည်း သူ၏ဦးနှောက်မှာ အနားမယူနိုင်ဘဲ တွေရာလေးပါးကို တွေးတောနေလေသည်။

သူက ယင်းသို့ တွေးရင်းတွေးရင်း ရှေးဦးစွာ မိန်းကလေးတစ်ယောက်၏မျက်နှာကို မြင်ယောင်လာလေသည်။

သူ၏ဇနီးလောင်း ယုကျင်းဝါး၏မျက်နှာ ဖြစ်လေသည်။

သူသည် ယုကျင်းဝါးအား အထင်လွဲမိသည်ကို တွေးရင်း စိတ်မကောင်း ဖြစ်ရလေသည်။

"သူ့ရှင်းပြတာကို ငါလက်မခံတာ ငါ့အမှား။ သူ အခု ဘယ်မှာများ ရောက်နေပါလိမ့်၊ သူ့ကို ငါ ဘယ်လို လိုက်ရှာရမလဲ"

သူက ယင်းသို့ စိတ်မကောင်းစွာ တွေးမိရင်း မျက်ရည်ဝဲလာသည်။

"ငါ့တာဝန် ပြီးသွားရင် သူ့ကို လိုက်ရှာပြီး တောင်းပန်ရမယ်"



သူက ဤသို့ ဆုံးဖြတ်လိုက်သည်။

ထို့နောက်...

သူသည် မရဏာစောင်းသံရှင်ကို သတိရလာလေသည်။

အစတုန်းကဆိုလျှင် မရဏာစောင်းသံရှင်က ရက်ရက်စက်စက် လူသတ်သည်ကို တွေ့ရသဖြင့် သူမအပေါ် အလွန်မုန်းတီးခဲ့မိသည်။

နောင်တွင် သူမ၏ရင်နှင့်ဖွယ်ရာ ကံဆိုးသည့်အကြောင်းကို သိရှိလာသောအခါ ကိုယ်ချင်းစာစိတ် ဖြစ်ပေါ်လာပြီး သူမအား ခွင့်လွှတ်လိုက်လေသည်။

မရဏာစောင်းသံရှင်နှင့် သိရှိပြီး ရင်းရင်းနှီးနှီး ခင်မင်မိလာသည်။

ထိုမှတစ်ဆင့် တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ကြီး သွယ်တန်းလာသည်။

သုထင်းဖုံးသည် တွေးရင်းတွေးရင်း ရွှေရောင်ပိတုန်းကို သတိရလာလေသည်။

ရွှေရောင်ပိတုန်းသည် လူတစ်ယောက်ကို ရက်ရက်စက်စက် သတ်ရဲသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

သူက ရွှေရောင်ပိတုန်းအား အစက အလွန်မုန်းတီးခဲ့သည်။

နောင်တွင် သူမက အကူအညီပေးခဲ့သည်။

သို့သော်...

သူက ရွှေရောင်ပိတုန်း၏ စေနာကို လက်မခံခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမအပေါ် အထင်သေးခဲ့သည်။

သူက ဤအကြောင်းကို ပြန်လည်တွေးမိတိုင်း စိတ်မကောင်း ဖြစ်မိလေသည်။

ယခု ရွှေရောင်ပိတုန်းက မသေပါ။

တစ်စုံတစ်ယောက်က သူမအား ကယ်တင်လိုက်လေသည်။

သူမအား ကယ်တင်လိုက်သူမှာ ငါးမာန်းကျွန်းရှင်၏သားပင် ဖြစ်သည်။

ထို့ကြောင့်...

ရွှေရောင်ပိတုန်းသည် ငါးမာန်းကျွန်းရှင်၏ဂိုဏ်းသို့ ရောက်ရှိသွားခြင်း ဖြစ်မည်ဟု နားလည်လိုက်လေသည်။

သူသည် ယင်းသို့ တွေးတောနေစဉ်မှာပင် လှရိပ်တစ်ခုသည် သူ့ထံသို့ ပြေးလွှားလာနေသည်ကို မြင်တွေ့လိုက်လေသည်။

♠ ♠ ♠



## အမုန်းတရား

သုထင်းဖုံးသည် လှရိပ်တစ်ခု သူ့ထံသို့ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသောအခါ ထကြည့်လိုက်သည်။

ထိုလှရိပ်သည် အနီးသို့ ရောက်ရှိလာသောအခါ အံ့အားသင့်သွားသည်။

ရှပ်ဆိုးမပင် ဖြစ်သည်။

ရှပ်ဆိုးမက သူ၏ရှေ့တွင် ရပ်တန့်လိုက်၏။

သုထင်းဖုံးက ထရပ်လိုက်သည်။

သူနှုတ်ဆက်ရန် ပါးစပ်ဟလိုက်သည်။

ရှပ်ဆိုးမက သူ့အား မုန်းတီးသော မျက်လုံးဖြင့် ကြည့်နေရင်း...

"ရှင့်ကို တွေ့ရတာ အတော်ပဲ"

ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သုထင်းဖုံးက...

"ကိစ္စ ရှိလို့လား"

ဟု မေးလိုက်၏။

ရုပ်ဆိုးမက...

"ဟုတ်တယ်"

သူမ၏အသံသည် အေးစိမ့်ပြီး ပြတ်သားလှပေသည်။

သုထင်းဖုံးက မျက်မှောင်ကုတ်သွားလေသည်။

"ပြောပါဦး၊ ဘာကိစ္စရှိလို့လဲ"

ရုပ်ဆိုးမက...

"လက်စသတ်တော့ ရှင်ဟာ ကျွန်မရဲ့အဖေကို သတ်သွားတဲ့ လူတွေထဲမှာပါတဲ့ လူရဲ့သားကိုး"

သုထင်းဖုံးက ပါးစပ်ဟောင်းလောင်း ဖြစ်သွားလေသည်။

"ဘယ်လို ဆက်ပြောပါဦး"

ရုပ်ဆိုးမက...

"ကျွန်မရဲ့အဖေကို သတ်သွားတဲ့အထဲမှာ ရှင့်အဖေ လူ ယုတ်မာလဲပါတယ်"

သုထင်းဖုံးသည် မမျှော်လင့်သော စကားကြားလိုက်ရသောအခါ အလွန်အံ့ဩသွားသည်။

သူက ခေါင်းတွင်တွင် ခါလိုက်သည်။

"မဟုတ်နိုင်ဘူး၊ ကျုပ်အဖေဟာ သည်လိုလူစားမျိုး မဟုတ်ဘူး"



ရုပ်ဆိုးမက နှာခေါင်းရှုံ့လိုက်သည်။

"သည်ကိစ္စကို ကျွန်မက အားလုံးစုံစမ်းပြီးပါပြီ၊ ရှင်ငြင်းမယ်လို့ မကြံနဲ့"

သုထင်းဖုံးက ဒေါသထောင်းခနဲ ထွက်လာသည်။

"ကျုပ်အဖေကို မစော်ကားနဲ့"

ရုပ်ဆိုးမက တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"စကားမများနဲ့၊ သည်ကနေ့ ကျွန်မရဲ့အဖေအတွက် လက်စားချေရမယ်"

သူမသည် စကားဆုံးသွားသည်နှင့် သုထင်းဖုံးအား တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက်သည် သိုင်းသုံးကွက်ခန့် ယှဉ်ပြိုင်လာသောအခါ...

"ရပ်လိုက်"

ရုတ်တရက် မိန်းကလေး၏အသံတစ်သံ ကြားလိုက်ရလေသည်။

လူရိပ်တစ်ခုသည် လျင်မြန်စွာ ရောက်ရှိလာပြီး သူတို့နှစ်ယောက်ကြားသို့ တိုးဝင်လာ၏။

ထိုလူမှာ မရဏာစောင်းသံရှင်ပင် ဖြစ်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မရဏစောင်းသံရှင်သည် သုထင်းဖုံး၏နံဘေးသို့ ဝင်ရောက်ရပ်တန့်လိုက်သည်။

ရှပ်ဆိုးမက သူတို့နှစ်ယောက်အား စိုက်ကြည့်လိုက်လေသည်။

သူမက သုထင်းဖုံးအား လက်ညှိုးထိုးပြ၍...

"ရှင့်မှာ စစ်ကူရောက်လာလို့ ကျွန်မဆက်ပြီး မတိုက်လိုဘူး။ ဒါပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန် ရှင့်ကို လက်စားချေမယ်ဆိုတာ ကောင်းကောင်းမှတ်ထားပါ"

သူမသည် စကားဆုံးသွားသည်နှင့် ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်ပြီး လွင့်မျောပျောက်ကွယ်သွားလေသည်။

♠ ♠ ♠



မရဏစောင်းသံရှင်သည် ရှပ်ဆိုးမ နောက်သို့ လိုက်မသွားပါ။

ရှပ်ဆိုးမသည် ပြေးလွှားပျောက်ကွယ်သွားပြီ ဖြစ်သည်။

မရဏစောင်းသံရှင်က သုထင်းဖုံးအား လှည့်ကြည့်လိုက်သည်။

ပြီးမှ...

"သူက ဘာကြောင့် ရှင့်ကို တိုက်ခိုက်ရတာလဲရှင့်"

ဟု မေးလိုက်၏။

သို့သော်...

သုထင်းဖုံးက သူမအား အမှန်အတိုင်း ဖွင့်ဟမပြောပါ။

"ကျူပ်ကို အထင်လွဲလို့ပေါ့"

ဟုသာ ပြောလိုက်၏။

မရဏစောင်းသံရှင်သည် သုထင်းဖုံးက မပြောလို၍ ဖုံးကွယ်ထားသည်ကို နားလည်လိုက်၏။

သို့သော် သူမက စောဒက မတက်ပါ။

သူက ယင်းသို့ ပြောရင်း တစ်စုံတစ်ခုကို သတိရလာသည်။

ရှပ်ဆိုးမ ပေးခဲ့သော စာအုပ်ငယ်ကို ထုတ်၍ မရဏစောင်းသံရှင်အား ပေးလိုက်သည်။

မရဏစောင်းသံရှင်သည် စာအုပ်ငယ်ကို လှမ်းယူပြီး ကြည့်လိုက်ရာ အလွန်အံ့သြဝမ်းသာသွားသည်။

"ဟင့်...ငါ့အခိုးခံရတဲ့ သိုင်းကျမ်းပါလား"

www.burmeseclassic.com

www.burmeseclassic.com



သူက သုထင်းဖုံးဘက်သို့ လှည့်၍...

"သည့်သိုင်းကျမ်းက ဘယ်က ပြန်ရလာတာလဲဟင်"

သုထင်းဖုံးက လီဆယ်ပြောလိုက်၏။

"ရုပ်ဆိုးမဆီက ကျခဲ့တာ"

မရဏစောင်းသံရှင်က မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် စာအုပ်ကို သိမ်းလိုက်၏။

သုထင်းဖုံးက...

"ဒါနဲ့ ခင်ဗျား ဘယ်က ဘယ်လိုရောက်လာတာလဲ"

"ကျွန်မ ကိစ္စတစ်ခုရှိလို့ ယင်နန်မြို့သွားမလို့"

"ငါတို့ ဘယ်မှာ ပြန်ဆုံကြမှာလဲ"

"ခုနစ်လ ဆယ့်ငါးရက် ချယ်ရီတောင်ကုန်းမှာ ပြန်တွေ့ကြမှာပေါ့"

သူမ၏စကားဆုံးသွားသည်နှင့် ထိုနေရာမှ ထွက်ခွာသွားလေသည်။

♠ ♠ ♠



မိုးနတ်မင်းခန်းမ...။

သုထင်းဖုံးက ခန်းမရှေ့ တံခါးပေါက်ဝတွင် ရပ်လိုက်သည်။

ကိုရင်လေးတစ်ပါးက သူ့ထံသို့ ချဉ်းကပ်လာလေသည်။

သုထင်းဖုံးက...

"ရှမ်းကျူးဆရာတော်ကို ဖူးချင်လို့ပါ"

ထိုအချိန်တွင် အသက်အရွယ်ကြီးသော ဘုန်းတော်ကြီးတစ်ပါးက အခန်းထဲမှထွက်လာလေသည်။

သူက သုထင်းဖုံးအား အကဲခတ်ကြည့်ပြီး ကိုရင်လေးအား

"သည်ဒကာလေးက ဘာကိစ္စရှိလို့လဲ"

ကိုရင်လေးက အကျိုးအကြောင်း ပြောပြလိုက်သည်။

ဘုန်းတော်ကြီးက သုထင်းဖုံးအား ထပ်မံအကဲခတ်ကြည့်လိုက်သည်။

"ဒကာလေးရဲ့နာမည်က ဘယ်လိုခေါ်လဲ"

သုထင်းဖုံးက...

"သိုင်းလောကသူရဲကောင်း"

ဘုန်းတော်ကြီးသည် ထိုနာမည်ကို ကြားလိုက်ရသောအခါ သိုင်းလောကတွင် သိုင်းပညာအဆင့်မြင့်လူငယ်တစ်ယောက် ပေါ်ထွန်းနေသည်ကို သိရလာလေသည်။

သူက သုထင်းဖုံးအား ပြုံး၍ပြောလိုက်သည်။

"ဒကာလေးက သိုင်းလောကသူရဲကောင်းကိုး"

သုထင်းဖုံးက...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

ဘုန်းတော်ကြီးက...

"ခဏစောင့်ပါ၊ ကျုပ်က ဆရာတော်ကို သွားပြီးလျှောက်ထားပေးပါ့မယ်"

သုထင်းဖုံးက...

"ကောင်းပါပြီ၊ တပည့်တော် သည်မှာပဲစောင့်နေပါ့မယ်"

ဟုဆိုပြီးနောက်...

ဘုန်းတော်ကြီးသည် အထဲသို့ ပြန်လည်ဝင်ရောက်သွားလေသည်။

♠ ♠ ♠

တစ်ခဏအကြာတွင် ရှမ်းကျူးဆရာတော်အား ဘုန်းတော်ကြီးလေးပါးက ခြံရံ၍ထွက်လာလေသည်။

သုထင်းဖုံးသည် ရှမ်းကျူးဆရာတော်အား တွေ့မြင်လိုက်ရသောအခါ လက်အုပ်ချီ၍ ဂါရဝပြုလိုက်လေသည်။

ရှမ်းကျူးဆရာတော်က...

"ကဲ..ဒကာလေး ပြောစရာရှိတာကို အထဲကိုကြွပြီးမှပြောပါ"

သူက ပြောပြီး ခန်းမ၏ဘယ်ဘက်တွင်ရှိသော အခန်းထဲသို့ ဝင်သွားလေသည်။



သုထင်းဖုံးကလည်း လိုက်ဝင်သွားလေသည်။

ကိုရင်လေးနှစ်ပါးက သုထင်းဖုံးအား နေရာထိုင်ခင်းပေး၍ ရေနွေးကြမ်းချပေးပြီး ထွက်သွားလေသည်။

ရှမ်းကျူးဆရာတော်ကာ လက်တစ်ချက် ဝှေ့ယမ်းလိုက်လေသည်။

ထိုအခါ...

သူနှင့်အတူ လိုက်ပါလာသော ဘုန်းတော်ကြီးလေးပါးက လက်အုပ်ချီ၍ အခန်းထဲမှ ထွက်ခွာသွားကြလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ဖြစ်ရပ်မှန်

အခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။

ရှမ်းကျူးဆရာတော်က သုထင်းဖုံးအား အကဲခတ်ကြည့်လိုက်ပြီး...

"ကိစ္စကို ပြောပါ"

သုထင်းဖုံးက...

"တပည့်တော်ရဲ့ဖခင် တိုက်ခိုက်ခံရလို့ သေဆုံးရတဲ့အကြောင်းကို မေးချင်လို့ပါဘုရား"

ရှမ်းကျူးဆရာတော်က...

"ဒကာလေးကို ကြည့်ရတာ ကိုးတောင်ကျားရဲ့သားဖြစ်ရမယ် ဟုတ်လား"

သုထင်းဖုံးက...

"ဟုတ်ပါတယ်"



ရှမ်းကျူးဆရာတော်က...

"ဒကာလေးက ဘာကိုသိချင်လို့လဲ"

သုထင်းဖုံးက...

"တပည့်တော်ရဲ့ဖခင်ကို လူစုလူဝေးနဲ့ တိုက်ခိုက်လို့သေဆုံးရတယ်လို့သိရပါတယ်၊ အဲသည်လူတွေထဲမှာ ဘယ်သူဘယ်ဝါပါတယ်ဆိုတာကို သိချင်လို့ပါ"

ရှမ်းကျူးဆရာတော်က မျက်မှောင်ကြုတ်သွားလေသည်။

"ဒကာလေးက ဒါကိုမေးပြီး လက်စားချေမယ့်သဘောရှိနေတယ် ဟုတ်လား"

သုထင်းဖုံးက...

"မှန်ပါတယ်"

ရှမ်းကျူးဆရာတော်က...

"ဒကာလေးက သူ့ကိုဝိုင်းတိုက်တဲ့ လူတွေထဲမှာ ကျုပ်လည်းပါတယ်လို့ ထင်နေလို့လား"

ဟု မေးလိုက်သည်။

သုထင်းဖုံးက...

"ထင်နေတာ မဟုတ်ပါဘူး၊ သည်သတင်းဟာ အားလုံးသိနေတဲ့သတင်းပါ"

ရှမ်းကျူးဆရာတော်က...

"ကိုးတောင်ကျားကို ဝိုင်းပြီးတိုက်ကြတဲ့လူတွေထဲမှာ ကျုပ်လည်းပါတယ်၊ ဒါပေမယ့် ဒကာလေးရဲ့ဖခင်ကို ကျုပ်သတ်တာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး”

သုထင်းဖုံးက မဲ့ပြုံးပြုံးလိုက်လေသည်။

“ဒါဖြင့် တပည့်တော်ရဲ့အဖေကိုသတ်တာ ဘယ်သူလဲ”

ဟု မေးလိုက်သည်။

ရှမ်းကျူးဆရာတော်က…

“ဒကာလေးရဲ့ဖခင်ကို ဝိုင်းတိုက်လိုက်တဲ့ ဂိုဏ်းချုပ်တွေက ဝိုဏ်းကိုးဂိုဏ်းလုံးပါတယ်၊ ဒါပေမယ့် တကယ် တိုက်ခိုက်တာကတော့ ကျူပ်ရယ်၊ ဝူတန်းဂိုဏ်းချုပ်ရယ်၊ ခွန်လွန်ဂိုဏ်းချုပ်ရယ် သုံးယောက် ပဲပါတယ်”

သူက စကားဆက်လိုက်သည်။

“သူတို့နှစ်ယောက်လည်း ဒကာလေးရဲ့ဖခင်ကို မသတ်ဘူး”

ဟု ပြောလိုက်သည်။

သုထင်းဖုံး မဲ့ပြုံးပြုံးလိုက်လေသည်။

“ဒါနဲ့ တပည့်တော်ရဲ့ဖခင်ကို ဘာကြောင့် ဂိုဏ်းချုပ်ကြီးတွေက စုပေါင်းပြီးတော့ တိုက်ခိုက်ကြတာလဲ”

ရှမ်းကျူးဆရာတော်က…

“လှို့ဝှက်မြေပုံကြောင့်”

“ဗျာ”

သုထင်းဖုံး လွှတ်ခနဲ အသံထွက်သွားလေသည်။

♠ ♠ ♠



သုထင်းဖုံးသည် မိမိဖခင်မှာ လှို့ဝှက်မြေပုံနှင့် ပတ်သက်နေသည်ကို ကြားသိလိုက်ရသောအခါ အမူးသမားထုံထင်းပြောခဲ့သည်နှင့် တစ်ထပ်တည်းဖြစ်နေသည်ကို တွေ့ရသဖြင့် မယုံကြည်ဘဲ မနေနိုင်တော့ပါ။

သူက အတန်ကြာ တိတ်ဆိတ်နေပြီးမှ ရှမ်းကျူးဆရာတော်အား မေးလိုက်လေသည်။

“သည်လိုဆိုရင် ကျွန်တော့်အဖေ သေသွားတော့ သူ့ဆီမှာရှိတဲ့ လှို့ဝှက်မြေပုံကို ဘယ်သူက ယူသွားတာလဲ”

ရှမ်းကျူးဆရာတော်က…

“သူသေဆုံးသွားတဲ့အခါမှာကျူပ်က သူ့ရဲ့ တစ်ကိုယ်လုံးကို ရှာကြည့်ပါတယ်၊ လှို့ဝှက်မြေပုံကို လုံးဝမတွေ့ရတော့ဘူး”

သုထင်းဖုံးက အံကိုတင်းတင်းကြိတ်လိုက်၏။

“တပည့်တော်ရဲ့ဖခင်ကို ဆရာတော်တို့က ဝိုင်းပြီး သတ်ကြတာပေါ့ ဟုတ်လား”

ဟု မေးလိုက်သည်။

ရှမ်းကျူးဆရာတော်က ခေါင်းခါယမ်းလိုက်လေသည်။

“ငါတို့သုံးယောက်ထဲမှာ ဘယ်သူကမှ သူ့ကိုမသတ်ဘူး၊ သူ့ကိုသတ်ဖို့လည်း မရည်ရွယ်ထားပါဘူး”

ဟု ပြောလေသည်။

သုထင်းဖုံးက…

“ကျွန်တော့်အဖေကို သတ်ဖို့ မရည်ရွယ်ဘူးဆိုရင် ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လူစုလူဝေးနဲ့ သွားတိုက်ခိုက်ရတာလဲ"

ဟု မေးလိုက်သည်။

ရှမ်းကျူးဆရာတော်က သက်ပြင်းချကာ...

"သူ့ဆီမှာရှိတဲ့ လျှို့ဝှက်မြေပုံကို လိုချင်လို့ပေါ့"

သုထင်းဖုံးက အထင်သေးသော မျက်လုံးဖြင့် ရှမ်းကျူးဆရာတော်အား ကြည့်လိုက်သည်။

"ရှောင်လင်ဂိုဏ်းဟာ တစ်ချိန်လုံး နာမည်ကောင်းခဲ့တယ်၊ အားလုံးရဲ့ အားကိုးရာဌာနတစ်ခုလည်းဖြစ်တယ်၊ ဘာကြောင့် သည်မြေပုံကိုလောဘတက်ပြီး ယူချင်ရတာလဲ"

ရှမ်းကျူးဆရာတော်က...

"ကျုပ်တို့က လိုချင်လို့မဟုတ်ဘူး၊ သည်မြေပုံသာ မသမာသူရဲ့လက်ထဲ ရောက်သွားရင် သိုင်းလောကတစ်ခုလုံး မရှုမလှသွေးချောင်းစီးလာနိုင်တာကို ဟန့်တားချင်လို့ပါ"

သုထင်းဖုံးက မထီမဲ့မြင် ပြုံးလိုက်သည်။

"သည်မြေပုံထဲမှာ ဘယ်လို လူသတ်တဲ့ပညာပါလို့ သည်လောက်တောင် ရေးကြီးခွင်ကျယ်လုပ်နေရတာလဲ"

ရှမ်းကျူးဆရာတော်က...

"သည်လျှို့ဝှက်မြေပုံဟာ သိုင်းကျမ်းမြှုပ်ထားတဲ့နေရာကို ဖော်ပြတဲ့မြေပုံမဟုတ်ဘူး၊ ရှင်းရှင်းပြောရရင် သူတို့အားလုံးက မြေပုံလို့ ထင်နေကြတာ"

ဟုပြောလေသည်။



ထိုစကားကြောင့် သုထင်းဖုံးက မျက်မှောင်ကြုတ်သွားလေသည်။

"မြေပုံမဟုတ်ရင် ဘာလဲ"

ရှမ်းကျူးဆရာတော်က...

"လူအများစု သေကြေပျက်စီးနိုင်တဲ့ ကိရိယာတစ်ခု ပြုလုပ်တဲ့နည်းပညာပါတဲ့ ပုံစံတစ်ခုဖြစ်ပါတယ်"

သုထင်းဖုံးက စိတ်ဝင်စားလာသည်။

သူ၏လေသံသည် အနည်းငယ် ပျော့ပျောင်းလာလေသည်။

"ဆရာတော်ပြောတော့ တပည့်တော်အဖေကို မသတ်ဘူးဆို၊ ဒါဖြင့် တပည့်တော်ရဲ့အဖေ ဘာကြောင့် သေသွားရတာလဲ"

ရှမ်းကျူးဆရာတော်က...

"ကြားလူတစ်ယောက်က ဝင်ပြီးတော့ သတ်သွားတာ"

ဟု ပြောလေသည်။

သုထင်းဖုံးက မျက်မှောင်ကြုတ်သွားပြန်သည်။

"ကြားလူ ဟုတ်လား"

ရှမ်းကျူးဆရာတော်က...

"ဟုတ်တယ်၊ ကျုပ်တို့သုံးယောက်က ကိုးတောင်ကျားကို ဝိုင်းပြီးတိုက်ခိုက်ရုံ တိုက်ခိုက်တာပါ၊ အရေးကြီးတာက မြေပုံရဖို့ဖ ဟုတ်လား၊ အဲသည်အချိန်မှာပဲ ကိုးတောင်ကျားဟာ ရုတ်တရက်မြေပေါ် လဲကျသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

သုထင်းဖုံးက ရင်တထိတ်ထိတ်ဖြင့် နားထောင်နေလေသည်။

ရှမ်းကျူးဆရာတော်က ဆက်၍…

"သူ့ကို တစ်စုံတစ်ယောက်က လက်နက်ပုန်းနဲ့ပစ်လိုက်တာလို့သိတာနဲ့ လှည့်ကြည့်လိုက်တော့ လူရိပ်တစ်ခု ထွက်ပြေးသွားတာကို မြင်လိုက်ရတယ်'

သုထင်းဖုံးက နားထောင်ရင်း စိတ်လှုပ်ရှားလာလေသည်။

"ကျုပ်တို့သုံးယောက်စလုံး လိုက်သွားတဲ့အခါမှာ အဲသည်လူရိပ်ဟာ တောအုပ်ထဲပြေးဝင်ပြီး ပျောက်သွားတယ်လေ"

ရှမ်းကျူးဆရာတော်က ဆက်၍ရှင်းပြလိုက်လေသည်။

"ကျုပ်တို့ ပြန်ရောက်လာတဲ့အခါမှာ ကိုးတောင်ကျားကို စစ်ဆေးကြည့်တော့ သူ့ရဲ့နဖူးတည့်တည့်မှာ သံမဏိအပ်တစ်ချောင်း စိုက်ဝင်နေတာကို တွေ့လိုက်ရတယ်"

ရှမ်းကျူးဆရာတော်က ပြောရင်း စားပွဲပေါ်ရှိ ယွန်းထည်ဘူးတစ်ခု၏အဖုံးကို ဖွင့်လိုက်လေသည်။

ဘူးထဲတွင် လေးလက်မခန့်ရှည်သော သံမဏိအပ်တစ်ချောင်းကို ထုတ်ယူလိုက်သည်။

ထိုသံမဏိအပ်သည် သာမန်အပ်ထက် အလုံးကြီးသည်။ ပို၍ချွန်သည်။

"အဲသည်သံမဏိအပ်ပေါ့"



ဟု ပြောလေသည်။

သုထင်းဖုံးက အတန်ကြာ စဉ်းစားလိုက်ပြီးမှ—

"သည်လိုဆိုရင် သည်သံမဏိအပ်ပိုင်ရှင်ဟာ တ ညွှ ရဲ့ဖခင်ကို သတ်သွားတဲ့ လူသတ်သမားအစစ် ဟုတ်လား"

ဟု မေးလိုက်သည်။

ရှမ်းကျူးဆရာတော်က ခေါင်းညိတ်ပြလိုက်လေ သည်။

"ဟုတ်တယ်၊ ကျုပ်တို့ သံမဏိအပ်ကိုနတ်ယူလိုက် ပြီး အဖေရဲ့တစ်ကိုယ်လုံးကို ရှာကြည့်လိုက်တော့ လို့ ဒဏ်ရာ မတွေ့ရတော့ဘူး"

သုထင်းဖုံးက…

"သည်သံမဏိအပ်ပိုင်ရှင်က ဘယ်သူလဲဆိုတာ မသိဘူးလား"

သုထင်းဖုံးက မေးသည်ကို ရှမ်းကျူးဆရာတော် က ခေါင်း ခါယမ်းလိုက်သည်။

"ကျုပ်တို့ အဲသည်သံမဏိအပ်ကို ကိုင်ပြီး လျှောက် ကြည့်ပါတယ်၊ ဘယ်သူကမှ မသိဘူးလို့ပြောကြတယ်"

သုထင်းဖုံးသည် ရှမ်းကျူးဆရာတော်၏ စကား စွာလက်ခံသွားသည်။

"ဆရာတော် သည်အပ်ကို တပည့်တော်ကိုပေး ပည့်တော်က တစ်ဘက်တစ်လမ်းကနေ လိုက်စုံစမ်းပါ့မယ်"

ရှမ်းကျူးဆရာတော်က ရှောရှောရှူရှူပင် ပေး

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ယူသွားပါ"

သူက စကားဆက်လိုက်သည်။

"ဒီကာလေးရော့ ခုနှစ်လ ဆယ့်ငါးရက်မှာ ချယ်ရီတောင်ကုန်းကို ရောက်လာမယ် မဟုတ်လား"

သုထင်းဖုံးက...

"ရောက်လာပါ့မယ် ဘုရား"

ရှမ်းကျူးဆရာတော်က...

"ကျုပ်တို့လည်း ရောက်လာမှာပါ၊ မြေပုံလုမလို့ မဟုတ်ပါဘူး။ သည်သံမဏိအပ်ပိုင်ရှင်ကို လက်ရဖမ်းဆီးချင်လို့ပါ"

သုထင်းဖုံးက...

"သည်လူက ချယ်ရီတောင်ကုန်းကို လာမယ်တဲ့လား"

ရှမ်းကျူးဆရာတော်က...

"စိတ်ချ၊ သူလာကိုလာရမယ်"

သုထင်းဖုံးက ဒူးထောက်ရှိခိုး ကန်တော့လိုက်သည်။

"ဆရာတော် လမ်းညွှန်ပေးတာကို ကျေးဇူးတင်ပါတယ်၊ တပည့်တော်ကို သွားခွင့်ပြုပါ"

♠ ♠ ♠



## ချိန်းပွဲ

ချယ်ရီတောင်ကုန်း...။

ချယ်ရီတောင်ကုန်းသည် ဂူထိုင်စန်းတောင်နှင့် လီပေါင်းခြောက်ဆယ်ခန့် ကွာလေသည်။

ထိုနေရာသည် အလွန်ကြမ်းတမ်းသော ဒေသတစ်ခုဖြစ်သည်။

ချယ်ရီတောင်ကုန်းက မြင့်မားခြင်းမရှိသော်လည်း အလွန်မတ်စောက်နေသဖြင့် လူသူအရောက်အပေါက်နည်းသော နေရာတစ်ခုဖြစ်သည်။

သို့သော်...

ယနေ့မှာမူ တောင်ပေါ်တွင် လူသံသူသံ ဆူဆူညံညံ ထွက်ပေါ်နေသည်ကို ကြားရလေသည်။

ယနေ့သည် ခုနစ်လ ဆယ့်ငါးရက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကမှ ထိပ်သီးပုဂ္ဂိုလ်များသည် ဤတောင်ကုန်းပေါ်သို့ တဖွဲဖွဲရောက်ရှိနေသောကြောင့် ဖြစ်လေသည်။

♠ ♠ ♠

သုထင်းဖုံးသည် တစ်ယောက်တည်း တောင်ပေါ်သို့ တက်နေရသည်။

သူ့အဖို့ တောင်တက်လမ်းကို ရှာမတွေ့သဖြင့် တောင်ပေါ်ကိုလှမ်းကြည့်ပြီး စိတ်မှန်းဖြင့် တက်နေရခြင်းဖြစ်လေသည်။

ရုတ်တရက် လူရိပ်တစ်ခုသည် သူ့အားကျော်တက်ပြီး နောက်သို့လှည့်ကာ ရပ်တန့်လိုက်သည်။

သုထင်းဖုံးက ကြည့်လိုက်ရာ လေပွေသိုင်းသမားဖြစ်နေသည်။

သူက အလွန်ဝမ်းသာသွားလေသည်။

"ခင်ဗျားလည်း အခုမှ ရောက်လာတာကိုး"

ဟု ပြောလိုက်သည်။

လေပွေသိုင်းသမားက ပြန်ပြောလေသည်။

"ရှူးပုံထိစန်းလည်း ပါလာတယ်"

သူကပြောနေရင်း ရှူးပုံထိစန်းလည်း ရောက်ရှိလာသည်။

သုထင်းဖုံးက...

"ဒါနဲ့ ဘာဘာလေရဟတ် ဝီရှောက်လည်း မတွေ့ပါလား"



"ကျုပ်လည်း ပါပါတယ်ဗျာ"

ထိုစကားသံနှင့်အတူ လေရဟတ်ဝီရှောက်ကလည်း နောက်မှလိုက်လာနေသည်ကို တွေ့လိုက်ရလေသည်။

♠ ♠ ♠

သုထင်းဖုံးတို့လူစုသည် ချယ်ရီတောင်ပေါ်သို့ရောက်ရှိလာကြလေသည်။

တောင်ထိပ်ပေါ်တွင် အလွန်ကျယ်ပြန့်သောမြေကွက်လပ်တစ်ခုရှိလေသည်။

သို့သော်...

တောင်နှုတ်ခမ်းမှနေ၍ အောက်သို့ငုံ့ကြည့်လိုက်မည်ဆိုလျှင် အလွန်နက်ရှိုင်းသော တောင်ခြေရင်းမှာ အလွန်ရေစီးသန်သောချောင်းငယ်များက အရှိန်အဟုန်ပြင်းစွာဖြင့် စီးဆင်းနေသည်ကို ရင်သိတ်စရာမြင်တွေ့ရသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



တောင်ထိပ်မြေကွက်လပ်ပေါ်တွင် သိုင်းလောကမှထိပ်သီး သိုင်းပညာရှင်တို့သည် ကိုယ့်လူစုနှင့်ကိုယ်စု၍ နေရာယူထားကြသည်။

သုထင်းဖုံးသည် ထိုလူစုထဲ၌ ရွှေရောင်ပိတုန်း ရောက်ရှိနေသည်ကို တွေ့ရသဖြင့် ရင်ထဲ၌ ခံစားလာမိလေသည်။

သူသည် အခြားဘက်သို့ လှည့်ကြည့်လိုက်ရာ ရုပ်ဆိုးမနှင့် မရဏစောင်းသံရှင်တို့ကို တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

သုထင်းဖုံးတို့လေးယောက်သည် လပ်နေသောနေရာတစ်ခုသို့ လျှောက်သွားပြီး ထိုင်ချလိုက်လေသည်။

ထိုအချိန်တွင် ရှမ်းကျူးဆရာတော်တို့က မြေကွက်လပ်အလယ်သို့ လျှောက်လာပြီး အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထို့နောက်...

နှုတ်ဆက်စကား စတင်ပြောလိုက်သည်။

"သည်ကနေ့ ကြွရောက်လာကြတဲ့ ဂိုဏ်းအသီးသီးကခေါင်းဆောင်များကို နှုတ်ခွန်းဆက်လိုက်ပါတယ်"

သူက ဆက်၍...

"သည်ကနေ့ သည်ကိုကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်အားလုံးဟာ လျို့ဝှက်မြေပုံကို သိုင်းပညာနဲ့ယှဉ်ပြိုင်ပြီး အနိုင်ယူရန်ဖြစ်ပါတယ်၊ အခုတော့ လူစုံတက်စုံ ရောက်နေကြပါပြီ၊ ဒါကြောင့် ပြိုင်ပွဲစ



တင်ဖို့ အချိန်တန်ပြီလို့ ပြောချင်ပါတယ်"

လေပွေသိုင်းသမားက...

"ဆရာတော်ပြောတာ မှန်ပါတယ်၊ ထုံးတမ်းအစဉ်အလာအရ သည်ယှဉ်ပြိုင်ပွဲကို ကွပ်ကဲဖို့ ပုဂ္ဂိုလ်နှစ်ယောက်နဲ့ အနိုင်အရှုံးကိုဆုံးဖြတ်ဖို့ ပုဂ္ဂိုလ်တစ်ယောက် လိုပါတယ်၊ ဒါကြောင့် အများက ပုဂ္ဂိုလ်သုံးယောက်ကို ရွေးချယ်ပေးပါလို့ ပြောချင်ပါတယ်"

ထိုအခါ...

မရဏစောင်းသံရှင်က ထရပ်လိုက်သည်။

"ကျွန်မ အကြံပေးချင်တာကတော့ သည်ယှဉ်ပြိုင်ပွဲမှာ မပါဝင်တဲ့ ရောင်လင်ကျောင်းထိုင်ဆရာတော်ရှမ်းကျူးက အကဲဖြတ်ပေးစေချင်ပါတယ်"

သူမ၏အကြံကို အားလုံးက လက်ခံကြလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မရဏာစောင်းသံရှင်က ရှမ်းကျူးဆရာတော်အား လှောက်ထားပြန်လေသည်။

"ကြီးကြပ်ကွပ်ကဲမယ့် ပုဂ္ဂိုလ်များကို ဆရာတော်ကိုယ်တိုင် ရွေးချယ်ပါ"

ရှမ်းကျူးဆရာတော်က...

"ကောင်းပြီ၊ ကျုပ်က ဂူတန်းဂိုဏ်းချုပ်နဲ့ ခွန်လွန်ဂိုဏ်းချုပ်ကို တာဝန်ယူပါလို့ မေတ္တာရပ်ခံပါတယ်"

ထိုအချိန်တွင် လူတစ်ယောက်သည် တောင်ပေါ်သို့ ထပ်မံရောက်ရှိလာလေသည်။

သူထင်းဖုံးသည် ထိုလူအား မြင်တွေ့လိုက်ရသောအခါ ဝမ်းသာသွားလေသည်။

"ဘဘထုံထင်း"

ဟု အားရပါးရ အော်ခေါ်လိုက်သည်။

ထိုလူသည် အမှူးသိုင်းသမားလုံထင်းပင် ဖြစ်လေသည်။

ထုံထင်းသည် သူ့အား တစ်ချက်လှည့်ကြည့်လိုက်လေသည်။

သို့သော်...

နှုတ်လည်းမဆက်၊ ပြုံးလည်းမပြုံဘဲ မြေကွက်လပ်၏အလယ်သို့ လျှောက်သွားလေသည်။

တောင်ပေါ်၌ ရောက်ရှိနေကြသော သိုင်းသမားများသည် ထိုလူအား အကဲခတ်ကြည့်နေကြသည်။



ရှမ်းကျူးဆရာတော်က မျက်မှောင်ကြုတ်သွားလေသည်။

သူသည် ထိုလူအား အကဲခတ်ကြည့်နေသည်။

လေမွှေသိုင်းသမားက ထိတ်လန့်တုန်လှုပ်သွားလေသည်။

ထိုလူသည် အလွန်အရေးကြီးသော အချိန်၌ ရောက်ရှိလာခြင်းမှာ ကိုးတောင်ကျွားအသတ်ခံရသည့်အကြောင်းကို ဖော်ထုတ်ပြောဆိုလိမ့်မည်ဟု ယုံကြည်လေသည်။

လေရဟတ်နှင့် ရှုးပျံတို့ကလည်းစိုးရိမ်နေကြသည်။

ထိုအချိန်မှာပင် အမှူးသိုင်းသမားထုံထင်းက စတင်စကားပြောလိုက်သည်။

"သည်ကနေ့ သည်နေရာမှာ လျှို့ဝှက်မြေပုံကို ရယူနိုင်ဖို့ ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်များဟာ သိုင်းပညာအစွမ်းပြကြမယ်လို့ သိရပါတယ်"

သူသည် အားလုံးသော လူများကို လှည့်ပတ်ကြည့်ရှုလိုက်လေသည်။

"ကျုပ်ကလည်း သည်လျှို့ဝှက်မြေပုံကို ရယူဖို့ပါဝင်ယှဉ်ပြိုင်မယ်လို့ ကြေညာအပ်ပါတယ်"

သူ၏စကားကြောင့် အားလုံး လှုပ်လှုပ်ရွရွဖြစ်လာကြလေသည်။

ရှမ်းကျူးဆရာတော်က...

"ဒကာကြီးလည်း ပါဝင်ယှဉ်ပြိုင်ခွင့် ရှိပါတယ်"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမူးသိုင်းသမားထုံထင်းက ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် တပည့်တော်ယှဉ်ပြိုင်မယ့် နည်းကတော့ ထစ်မျိုးတစ်ဖုံဖြစ်နေပါတယ်"

ရှမ်းကျူးဆရာတော်က...

"ဒကာကြီးက ဘယ်လိုယှဉ်ပြိုင်ချင်လို့လဲ"

ဟု မေးလိုက်သည်။

ထုံထင်းက...

"ကျုပ်က တစ်ဦးချင်းကို ယှဉ်ပြိုင်ဖို့ စိန်ခေါ်ချင်ပါတယ်"

ဟု ပြောသည်။

ရှမ်းကျူးဆရာတော်က သူ့စကားကြောင့် မျက်မှောင်ကြုတ်သွားလေသည်။

"သည်ပြိုင်ပွဲမှာ စိန်ခေါ်လို့တော့ ရပါတယ်၊ ဒါပေမယ့် ကျုပ်ပေးတဲ့စည်းကမ်းကို လိုက်နာရမယ်"

ထိုအခါ...

အမူးသမားထုံထင်းက စကားမပြောတော့ဘဲ ကျောက်ဖြူလိုဏ်ဂူရှင်ထံ လျှောက်သွား၏။

"ခင်ဗျားကို ကျုပ်က စိန်ခေါ်တယ်"

ဟု ပြောလိုက်သည်။

ကျောက်ဖြူလိုဏ်ဂူရှင်က ဒေါသခြောင်းခြောင်း ထွက်သွားသည်။

"မင်းက ဘယ်သူလဲ"



ဟုမေးလိုက်သည်။

ထုံထင်းက...

"အမူးသိုင်းသမားထုံထင်းလို့ ခေါ်တယ်"

ဟု ပြောလိုက်သည်။

ကျောက်ဖြူလိုဏ်ဂူရှင်က အရှေ့ဘက်သို့ လှမ်းထွက်လာသည်။

ထိုအချိန် အမူးသမားထုံထင်းက သူ့ခါးမှာထိုးထားသော တစ်ပေခန့်ရှည်သော သံပြွန်ကို ရုတ်တရက် ဆွဲထုတ်လိုက်ပြီး ကျောက်ဖြူလိုဏ်ဂူရှင်၏ဦးခေါင်းပေါ်သို့ ရိုက်ချလိုက်သည်။

အဖြစ်အပျက်က မြန်ဆန်လွန်းသဖြင့် ကျောက်ဖြူလိုဏ်ဂူရှင် လုံးဝမရှောင်နိုင်ဘဲ မြေပေါ်သို့မှောက်လျက် လဲကျသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းကျူးဆရာတော်နှင့် သိုင်းသမားအားလုံးတို့သည် လုံးဝစကားမပြောနိုင်ကြဘဲ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

သုထင်းဖုံးကလည်း အံ့သြ၍မဆုံးပါချေ။

သူသည် အမူးသိုင်းသမားထုံထင်းက ဤမျှကောက်ကျစ်ပြီး ရက်စက်လိမ့်မည်ဟု မထင်မိပါချေ။

“ယုတ်မာတဲ့လူ”

ငါးမာန်းကျွန်းရှင်၏အသံသည် ဟိန်းထွက်လာလေသည်။

သူက မနေနိုင်တော့ဘဲ အမူးသိုင်းသမားအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

အမူးသိုင်းသမားက နောက်သို့ဆုတ်သွားလေသည်။

ထိုအချိန် ရွှေရောင်ပိတုန်းနှင့် လုရိတို့သည် ပြိုင်တူရှေ့သို့ထွက်လာကြပြီး အမူးသမားထုံထင်းအား တိုက်ခိုက်လိုက်လေသည်။

ရွှေရောင်ပိတုန်းက အဆိပ်သဲပွင့်ဆုပ်၍ပစ်ရန် ဟန်ပြင်လိုက်သည်။

သို့သော်...

သူမက နောက်ကျသွားလေသည်။

ရှတ်တရက် အရှေ့သို့ မှောက်လျက်လဲကျသွားလေသည်။

လုရိက ရွှေရောင်ပိတုန်း လဲကျသွားသည်ကို တွေ့လိုက်ရသောအခါ အလွန်ခံပြင်းလာပြီး ဓားကိုဆွဲထုတ်၍ အမူးသမားထုံထင်းအား တိုက်ခိုက်လိုက်လေသည်။

သို့သော်...



အမူးသမားထုံထင်းက ရှောင်တိမ်းရင်း ဓားတစ်ချက်ဝှေ့ယမ်းလိုက်သည်။

လုရိကလည်း မှောက်လျက်လဲကျသွားလေသည်။

အားလုံးသောလူများသည် ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

ငါးမာန်းကျွန်းရှင်သည် သားဖြစ်သူ သေဆုံးသွားသည်ကိုတွေ့လိုက်ရသောအခါ ဓားကိုဆွဲလျက် တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သူ၏ငယ်သားများက ကမန်းကတန်း ဝိုင်း၍ဆွဲထားလိုက်လေသည်။

ရုပ်ဆိုးမက တဟုန်ထိုးပြေးထွက်လာပြီး ပလွေဖြင့် အမူးသမားထုံထင်းအား တိုက်ခိုက်လိုက်လေသည်။

အမူးသမားထုံထင်းက ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သိုင်းကွက်သုံးကွက်မျှသာ ယှဉ်ပြိုင်လိုက်ရသေးသည်။

ရုပ်ဆိုးမ လဲကျသေဆုံးသွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသောလူများသည် မယုံကြည်နိုင်လောက်အောင် အံ့ဩသွားကြလေသည်။

သုထင်းဖုံးက အမူးသမားထုံထင်းအပေါ် အံ့ဩ၍မဆုံးဘဲ ကြောင်ကြည့်နေသည်။

ကျန်သော သိုင်းသမားအားလုံးတို့သည် ထုံထင်းအား ဝင်ရောက်တိုက်ခိုက်ရန် စိတ်ဆန္ဒတဖွားဖွား ဖြစ်ပေါ်နေကြသော်လည်း မည်သူကမျှ စတင် မတိုက်ခိုက်ကြပါ။

အမူးသမားထုံထင်းမှာမူ ထပ်မံစိန်ခေါ်ရန် အားလုံးကို ကြည့်နေသည်။

♠ ♠ ♠



ရှမ်းကျူးဆရာတော်က သက်ပြင်းတစ်ချက် ချလိုက်သည်။

သူသည် ကိုယ်တိုင်ဝင်ရောက် ယှဉ်ပြိုင်ရန် ထိုင်ရာမှထ လိုက်သည်။

ထိုအချိန်တွင် ကောင်းကင်ပေါ်မှ တိမ်တိုက်တိမ်လိပ်များ လွင့်မြောသွားသည်။

နေရောင်ခြည်သည် တောင်ထိပ်ပေါ်သို့ ထိုးကျလာလေသည်။

ရှမ်းကျူးဆရာတော်က သေဆုံးသူများ၏ ရှိထားသော ဒဏ်ရာများအား စစ်ဆေးရန် ရုပ်ဆိုးမထံသို့ တစ်လှမ်းချင်း လှမ်းသွားလေသည်။

သူသည် မမျှော်လင့်ဘဲ ရုပ်ဆိုးမ၏ရင်ဘတ်ပေါ်တွင် ဝင်းလက်တောက်ပြောင်နေသော အရာတစ်ခုအား တွေ့မြင်လိုက်သည်။

သူက သေသေချာချာကြည့်လိုက်သောအခါ သူ၏မျက်လုံးအစုံသည် အံ့ဩထိတ်လန့်သွားလေသည်။

ထိုတောက်ပြောင်သောအရာသည် သံမဏိအပ်ချောင်း တစ်ချောင်း ဖြစ်သည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

သူက အမူးသမားထုံထင်းအား စိုက်ကြည့်လိုက်လေသည်။

"ကိုးတောင်ကျားကို သတ်သွားတာ မင်းဖြစ်တယ်ဆိုတာ ငါအခုမှ သိရတော့တယ်"

ရှမ်းကျူးဆရာတော်၏ စကားကို ကြားလိုက်ရသောအခါ သုထင်းဖုံးသည် သူ၏ဦးခေါင်းတည့်တည့်သို့ မိုးကြိုးပစ်ချခြင်း ခံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည့်အလား ခံစားလိုက်ရလေသည်။

သုထင်းဖုံး၏ရင်ထဲတွင် နာကြည်းစွာ ခံစားမိလေသည်။

သူ အလွန်အားကိုးနေသော သူ့ဖခင်၏သွေးသောက်တစ်ယောက်သည် သစ္စာဖောက်ပြီး ဖခင်အား ရက်စက်စွာလုပ်ကြံလိုက်သည်ကို မယုံနိုင်အောင် အံ့သြတုန်လှုပ်သွားမိလေသည်။

"လူယုတ်မာ"

သုထင်းဖုံး၏အသံ ဟိန်းသွားလေသည်။

သူသည် အမူးသမားထုံထင်းထံသို့ တိုက်ခိုက်ရန် တစ်လှမ်းချင်းလှမ်းသွားလေသည်။

လေပွေသိုင်းသမားက သူ့အား ဆွဲထားလိုက်လေသည်။

"စိတ်ကို ထိန်းချုပ်ပါ"

သုထင်းဖုံးက ရုန်းထွက်လိုက်သည်။

"ကျွန်တော့်အသက် သေချင်သေပါစေ၊ အဖေ့ကိုသတ်တဲ့ လူယုတ်မာကို လက်စားချေရမှ ကျေနပ်မယ်"

လေပွေသိုင်းသမားက သုထင်းဖုံး၏လက်မောင်းကို ထပ်မံဖမ်းဆုပ်ထားလိုက်သည်။

"စိတ်ကိုထိန်းချုပ်ပါ၊ နို့မဟုတ်ရင် အသက်တစ်ချောင်း အလဟဿ ဆုံးရှုံးသွားနိုင်တယ်"

သုထင်းဖုံးက နားမထောင်ဘဲ အတင်းရုန်းကန်နေ၏။

လေပွေသိုင်းသမားက မတတ်နိုင်တော့ဘဲ သုထင်းဖုံး၏ သွေးကြောကို လျှပ်တပြက် ထောက်လိုက်လေသည်။



ထို့နောက်...

သတိမေ့နေသော သုထင်းဖုံးအား ပခုံးပေါ်ထမ်း၍ **နောက်**ကို ဆုတ်သွားလေသည်။

♠ ♠ ♠

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်၍ နေ၏။

အားလုံးသော လူများသည် မြေကွက်လပ် အလယ်တွင် တိုက်ခိုက်ရန် ဟန်ပြင်နေသော အမူးသမားထုံထင်းအား မျက်တောင်မခတ် စိုက်ကြည့်နေ၏။

အမူးသမားထုံထင်းက အားလုံးတို့ကို ဝေ့ကြည့်လိုက်လေသည်။

ထို့နောက်...

သူသည် ကျယ်လောင်စွာဖြင့် အော်ပြောလိုက်လေတော့သည်။

"ကျုပ်ပြောတာကို အားလုံးနားထောင်ကြပါ"

ရှမ်းကျူးဆရာတော်က...

"ဒကာကြီးက ဘာပြောချင်လို့လဲ ပြောပါ"

အမူးသမားထုံထင်းက..

"ကျုပ်လက်ထဲမှာ မြေပုံရဲ့ လေးပိုင်းနှစ်ပိုင်း ရထားပါပြီ။ ကျန်တဲ့လေးပိုင်းနှစ်ပိုင်း ရှိထားတဲ့လူက အဲသည် မြေပုံကို ကျုပ်

www.burmeseclassic.com



လက်ထဲ အစ်ပါလို့ မဟုတ်ရင်..."

သူ၏စကားမဆုံးမီ...

"ခဏနေပါဦး"

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာလေ၏။

♠ ♠ ♠

အသက်ခုနစ်ဆယ်ခန့် ရှိသော အဘွားအိုတစ်ယောက် မြေကွက်လပ်ထဲသို့ ဝင်ရောက်လာသည်ကို မြင်တွေ့လိုက်ရသည်။

အမူးသမားထုံထင်းက အဘွားအိုအား အကဲခတ်စိုက်ကြည့်လိုက်၏။

အဘွားအိုမှာမူ ရှမ်းကျူးဆရာတော် ရှေ့သို့ အေးဆေးစွာ လျှောက်သွားပြီး လက်အုပ်ချီ၍ လျှောက်ထားသည်။

"သည်လိုဂူ့ဂုဏ်မြေပုံဟာ မြေပုံ မဟုတ်ပါဘူး၊ လူသတ်တဲ့ ကိရိယာပြုလုပ်နိုင်ဖို့ ပုံတူနည်းပညာပုံ ဖြစ်ပါတယ်"

သူမက ဆက်၍...

"အဲသည် လက်နက်ပြုလုပ်တဲ့ ပုံစံဟာ နှစ်ခုရှိပါတယ်၊ တစ်ခုတည်းကိုသာ ကြည့်မယ်ဆိုရင် အသေးစားလက်နက်ကို လုပ်နိုင်ပါတယ်၊ အဲသည် ပုံစံနှစ်ရွက်ကို ပူးပေါင်းလိုက်မယ်ဆိုရင် အလွန်ကြောက်စရာကောင်းတဲ့ လူသတ်လက်နက် လုပ်နိုင်ပါ့မယ်"

အဘွားအို၏စကား ကြားလိုက်ရသော ရှမ်းကျူးဆရာ



တော်နှင့်တကွ သိုင်းသမားအားလုံးတို့သည် တုန်လှုပ်ချောက်ချားသွားကုန်သည်။

အမူးသမားထုံထင်းမှာမူ အဘွားအိုအား စားမတတ် ဝါးမတတ် ကြည့်နေလေသည်။

♠ ♠ ♠

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်၍ နေလေ၏

ထိုအချိန်တွင် သတိမေ့နေသော သူထင်းဖုံးက သတိပြန်ရလာလေသည်။

သူသည် အဘွားအို ပြောသည့် စကားကို ကောင်းစွာ ကြားလိုက်ရသည်။

သူက မည်ကဲ့သို့ လုပ်ရမည်ကို စဉ်းစားနေ၏။

"ဟား...ဟား...ဟား"

အမူးသမားထုံထင်းသည် ခေါင်းမော့၍ အားရပါးရ ရယ်မောလိုက်လေသည်။

"ကဲ...အားလုံး နားရှင်းကြပြီလို့ ထင်ပါတယ်"

သူက လက်ထဲမှ သံပြွန်အား ထောင်ပြလိုက်သည်။

"အဲဒါကို ကြည့်ပါ၊ ကျုပ်တိုထွင်ထားတဲ့ လူသတ်ကိရိယာအသေးစားပါပဲ"

သူက ဝင့်ကြွားစွာဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"သည်သံပြွန်ထဲမှ အဆိပ်ပါတဲ့ သံမဏိအပ်ချောင်း ငါး ဆယ်ပါတယ်၊ သည်က လူအားလုံးကို သတ်ဖို့ အလုံအလောက်ပါ တယ်"

ထိုစကား ကြားလိုက်ရသောအခါ သိုင်းသမားအားလုံးတို့ သည် တုန်လှုပ်ချောက်ချားသွားကုန်၏။

အမှူးသမားထုံထင်း၏ မျက်နှာတစ်ခုလုံး ခက်ထန်သွား လေသည်။

"ကျူပ် နောက်ဆုံး သတိပေးမယ်၊ ကျန်ရှိတဲ့ မြေပုံနှစ်ပိုင်း ကို ကျူပ်ကို အပ်ချင်အပ်၊ နို့မဟုတ်ရင် အားလုံး လူသေတွေ ဖြစ်ကုန် ကြလိမ့်မယ်"

သုထင်းဖုံး မနေနိုင်တော့ပါ။

အိတ်ထဲမှ မြေပုံကို နှိုက်ထုတ်လိုက်သည်။

လေရဟတ်ကလည်း သူရရှိထားသော မြေပုံတစ်ပိုင်းကို ထုတ်ယူလိုက်သည်။

ထိုစဉ်…

"ခဏနေကြပါဦး"

မရဏစောင်းသံရှင်၏အသံ ထွက်ပေါ်လာလေသည်။

မရဏစောင်းသံရှင်က စောင်းကို ကိုင်လိုက်၏။

"အစ်ကိုကြီးရဲ့ အောင်မြင်မှုအတွက် ဂုဏ်ပြုတေးတစ်ပုဒ်နဲ့ ဖျော်ဖြေပါ့မယ်"

သူမသည် စကားဆုံးသွားသည်နှင့် စောင်းကို စတင်တီး



လိုက်သည်။

ထိုအခါ…

မရဏစောင်းသံရှင်၏ စောင်းသံအကြောင်းကို ကြားဖူး ထားကြသော သိုင်းလောကသားများအားလုံးသည် တောင်အောက်သို့ အလုအယက် ပြေးဆင်းသွားကြကုန်၏။

ရှမ်းကျူးဆရာတော်နှင့်အတူ ပါလာသော ဂိုဏ်းချုပ်နှစ် ယောက်တို့လဲ ပြေးဆင်းသွားကြသည်။

လေပွေသိုင်းသမားနှင့် ရှူးပျံတို့လည်း သုထင်းဖုံးအား ဖျက်ရိပ်ပြကာ တောင်အောက်သို့ ပြေးဆင်းသွား၏။

သုထင်းဖုံးကလည်း လျှင်မြန်စွာပင် အဘွားအို၏လက်ကို ဆွဲ၍ လေပွေသိုင်းသမားတို့နှင့်အတူ တောင်အောက်သို့ ပြေးဆင်း သွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားအားလုံးသည် တောင်ခြေရင်း၌ စုဝေးနေကြသည်။

ထိုစဉ်...

တောင်ပေါ်မှ ထွက်ပေါ်လာသော စောင်းသံသဲ့သဲ့ ကြားလိုက်ရ၏။

သူတို့၏ခန္ဓာကိုယ်တွင်းရှိ သွေးများ ပွက်ပွက်ဆူပွက်လာသည့်အလား ခံစားလိုက်ကြရသည်။

လေပွေသိုင်းသမားက အားလုံးကို သတိပေးလိုက်သည်။

"အားလုံးက ကိုယ့်အတွင်းအားနဲ့ ကိုယ့်ကိုယ်ကို ကာကွယ်ကြပါလို့ သတိပေးပါရစေ"

ဟု ပြောလိုက်သည်။

ထို့နောက်...

ရှမ်းကျူးဆရာတော်နှင့်တကွ သိုင်းသမားအားလုံးတို့သည် မြေပေါ်သို့ ထိုင်ချလိုက်ကြသည်။

သူတို့သည် တေးသံလှိုင်းကို ခုခံနိုင်ရန် အတွင်းအားကျင့်စဉ်ကို ကျင့်နေကြလေသည်။

♠ ♠ ♠



စောင်းသံသည် ရုတ်တရက် ရပ်တန့်သွားလေသည်။

မြေပေါ်၌ထိုင်၍ အတွင်းအား ကျင့်စဉ်ကျင့်နေကြသော သိုင်းသမားတို့သည် မျက်လုံးဖွင့်ပြီး နားစွင့်နေကြသည်။

တောင်လေတိုက်ခတ်သံမှ လွဲ၍ မည်သည့်အသံကိုမျှ ကြားရခြင်းမရှိတော့ကြောင်း သိလိုက်၏။

ထိုအခါ...

လေပွေသိုင်းသမားက မတ်တပ်ထရပ်လိုက်လေ၏။

သူသည် စောင်းသံအား သေချာစွာ နားစွင့်လိုက်ပြီးမှ...

"စောင်းသံရပ်သွားပါပြီ"

ဟု အော်ပြောလိုက်လေသည်။

သိုင်းသမားများသည် ထိုစကား ကြားလိုက်ရသောအခါ တောင်ပေါ်သို့ ပြေးတက်သွားကြလေသည်။

သူတို့သည် သတိကြီးစွာဖြင့် တက်သွားကြခြင်း ဖြစ်လေသည်။

စောင်းသံ လုံးဝ မကြားရတော့မှ သူတို့သည် တောင်ပေါ်သို့ စိတ်ချလက်ချ တက်သွားကြလေ၏။

သို့သော်...

သူတို့သည် တောင်ပေါ်သို့ ရောက်ရှိကြသောအခါ အားလုံးသည် လှမ်းနေသော ခြေလှမ်းများ ရုတ်တရက် ရပ်တန့်သွားကြသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



တောင်ထိပ် မြေကွက်လပ်တစ်ခုလုံးမှာ လူတစ်ယောက်တည်းသာ လဲလျောင်းနေသည်ကို တွေ့မြင်လိုက်သည်။

ရှမ်းကျူးဆရာတော်တို့က စတင်၍ ရှေ့သို့ လျှောက်သွားလေသည်။

ကျန်လူများက သတိကြီးစွာဖြင့် လိုက်သွားလေသည်။

ရှမ်းကျူးဆရာတော်သည် လဲလျောင်းနေသော လူနှင့် တစ်လံခန့် အကွာ ရောက်ရှိသောအခါ ခြေလှမ်းရပ်တန့်လိုက်သည်။

မြေပြင်ပေါ်၌ လဲလျောင်းသေဆုံးနေသောသူမှာ အမှုးသမားထုံထင်းပင် ဖြစ်၏။

ထုံထင်း၏နားနှစ်ဖက်၊ မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တို့မှာ သွေးများ စီးဆင်းနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လေပွေသိုင်းသမားက သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

"သည်လူက မရဏတေးသံ ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုတာ မသိလို့ ခံလိုက်ရတာယ်"

ငါးမာန်းကျွန်းရှင်နှင့် သိုင်းသမားတို့သည်လည်း အမှုးသမားထုံထင်း မရှုမလှ သေဆုံးပုံကို ကြည့်ရင်း ကျောပြင်တစ်ခုလုံး အေးစိမ့်သွားလေသည်။

"မရဏစောင်းသံရှင်ကို မတွေ့မိပါလား"

လေပွေသိုင်းသမားက ရုတ်တရက် ပြောလိုက်သောကြောင့် ယခု အားလုံးက မရဏစောင်းသံရှင်တစ်ယောက် မတွေ့



သည်ကို သတိရလိုက်ကြသည်။

သုထင်းဖုံးက စိုးရိမ်လာလေသည်။

"သူ ဘာများ ဖြစ်သွားသလဲ မသိဘူး"

"ဟိုမှာ ကြည့်စမ်း၊ သူ စာရေးထားတယ်ထေ"

ရှူးပျံက တောင်နှုတ်ခမ်း အနီးမှာ စိုက်ထားသော ကျောက်ပြားကို လက်ညှိုးထိုး၍ ပြောလိုက်သည်။

သုထင်းဖုံး ကမန်းကတန်း ပြေးလွှားသွားသည်။

ကျောက်ပြားငယ်ပေါ်၌ ရေးထွင်းထားသော စာများကို ဖတ်ကြည့်လိုက်လေသည်။

သိုင်းလောက သူရဲကောင်း...

"ကျွန်မသွားပြီ၊ ယုတ်မာကောက်ကျစ်တဲ့ အမှုးသမားထုံထင်းကို ကျွန်မရှင်းပေးလိုက်ပါပြီ၊ လျှို့ဝှက်မြေပုံကိုလဲ နောက်ထပ်မြသသနာ မပေါ်ရအောင် မီးရှို့လိုက်ပါပြီ"

မရဏစောင်းသံရှင်

သုထင်းဖုံးသည် ထိုစာကို ဖတ်လိုက်မိသောအခါ ရင်ထဲမှာ လှိုက်လှဲစွာ ခံစားမိလာသည်။

"မရဏစောင်းသံရှင်၊ ကျုပ်လဲ မင်းကို မမေ့ပါဘူး"

သူ့ရင်ထဲ၌ ဖြစ်ပေါ်လာသော စကားသံပင် ဖြစ်ပေသည်။

သူ၏ပခုံးအား တစ်စုံတစ်ယောက်က အသာပုတ်လိုက်၏။

လေပွေသိုင်းသမားပင် ဖြစ်သည်။

လေပွေသိုင်းသမားက...

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး မြန်ကုန်ကြပြီ၊ မင်းရော ဘယ်သွားမှာလဲ"

သုထင်းဖုံးက...

"အမေ့ဆီကို သွားမယ်"

လေပွေသိုင်းသမား ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်"

သူတို့နှစ်ယောက် တောင်ပေါ်မှ ဆင်းသွားကြလေသည်။

♠ ♠ ♠

သီလရှင်ကျောင်း...။

သုထင်းဖုံးသည် သီလရှင်ကျောင်းထဲ ဝင်သွား၏။

သူသည် တရားထိုင်နေသော မိခင်အား မြင်တွေ့လိုက်လျှင်...

"မေမေ"

သူကခေါ်၍ မိခင်ရှေ့တွင် ဒူးထောက်ငိုကြွေးလိုက်လေသည်။

"ကျွန်တော် မှားသွားပါတယ် မေမေ"

သီလရှင်က...

"မငိုပါနဲ့တော့၊ မင်းအဖေကို သတ်သွားတဲ့ တရားခံကို တွေ့ခဲ့လား"

"ဟုတ်ကဲ့"



သူက အကျိုးအကြောင်း အားလုံး ရှင်းပြလိုက်သည်။

"မကောင်းမှုမှန်သမျှ တစ်နေ့ ကိုယ်ပဲ ခံရမှာပဲလေ"

သုထင်းဖုံးက...

"မေမေ အိမ်ပြန်ကြမယ်လေ"

"မေမေက သည်မှာပဲ နေတော့မယ်၊ ယုကျင်းဝါးကိုသာ ခေါ်သွားပါ"

သုထင်းဖုံးက...

"သူ အိမ်က ထွက်သွားပြီ၊ သူ့ကို တောင်းပန်ဖို့ ကျွန်တော် လိုက်ရှာပါ့မယ်"

"သူ မေမေ့ဆီ ရောက်နေတယ်လေ"

ထိုချိန်မှာပင်...

အခန်းထဲမှ မိန်းကလေးတစ်ယောက် ထွက်လာသည်။

သုထင်းဖုံးက မော့ကြည့်လိုက်သည်။

ယုကျင်းဝါး ဖြစ်လေသည်။

"ကျင်းဝါး"

ယုကျင်းဝါး ခေါင်းငုံ့ထားသည်။

သုထင်းဖုံးက သူမထံ လျှောက်သွားပြီး တောင်းပန်စကား ပြောလိုက်သည်။

"အစ်ကို စော်ကားမိတာ တောင်းပန်ပါတယ်"

ယုကျင်းဝါး မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားလေသည်။

"တစ်ခါတစ်လေ ဖြစ်မိတာ တောင်းပန်စရာ မလိုပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာကွယ်"

သုထင်းဖုံးနှင့် ယုကျင်းဝါးတို့ အဆင်ပြေသွားကြပြီ ဖြစ်လေသည်။

သူတို့သည် သီလရှင်ကျောင်းသို့ ရောက်ရှိနေသော မိခင်ကြီးထံသို့ သွားကြလေသည်။

သုထင်းဖုံး၏မိခင်က အိမ်သို့ ပြန်မလိုက်တော့ဘဲ သီလရှင်ဘဝဖြင့် တစ်သက်လုံး အရိုးထုတ်သွားရန် ဆုံးဖြတ်ထားပြီး ဖြစ်ရကား သုထင်းဖုံးတို့ လက်လျှော့ပြီး ပြန်ခဲ့ကြရတော့သည်။

မည်သို့ဆိုစေ။

သုထင်းဖုံးမှာ အထီးကျန်ဘဝ ရောက်မသွားတော့ပါ။

သူ၏နံဘေးတွင် ဘဝလက်တွဲဖော် ယုကျင်းဝါး ရှိနေပြီမဟုတ်လား။

သုထင်းဖုံးက ကြေကွဲစရာများ ဖုံးလွှမ်းထားသည့် သိုင်းလောကၝ ကြုံတွေ့ခဲ့ရသည်များကို မေ့ပစ်ကာ ယုကျင်းဝါးနှင့်အတူ ပျော်ရွှင်သော ဘဝလမ်းခရီးကို လျှောက်လှမ်းသွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

ပြီးပါပြီ။

www.burmeseclassic.com